# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

## ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

### လူမှုဝန်ထမ်းဦးစီးဌာန

# လူမှုဝန်ထမ်းဦးစီးဌာန

# လက်စွဲစာစောင်

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ( ၁၆)ရက်

## စာတမ်းပြုစုရေးအဖွဲ့၏ အမှာစာ

လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာမှုကြောင့် လူမှုရေးဆိုင်ရာ လုပ်ငန်းတာဝန်များ တိုးချဲ့တာဝန်ယူလာရပါသည်။ ထိုသို့ လုပ်ငန်းတာဝန်များ တိုးတက်များပြားလာသည်နှင့်အညီ ဖွဲ့စည်းပုံကိုလည်း တိုးချဲ့ဆောင်ရွက်လာခဲ့ပါသည်။ ထိုအခါ ဖွဲ့စည်းပုံအရ ဝန်ထမ်းများကို ရာထူးများတိုးမြှင့်တာဝန်ပေးအပ်ခြင်း၊ ဖြည့်စွက်ခန့်ထား ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဤစာစောင်သည် တိုးမြှင့်တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းများ၊ ပြင်ပမှ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဝင်ရောက်တာဝန်ထမ်းဆောင်မည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် လုပ်ငန်းအားလုံးကို ပီပီပြင်ပြင် လုပ်ကိုင်နိုင်စေရန်ကို ရည်ရွယ်၍ ပြုစုရေးသားခြင်း ဖြစ်ပါသည်။ ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ အထူးစဉ်းစားအားထုတ်ရန် မလိုဘဲ စာအုပ်ပါ အချက်အလက်များကို ဖတ်ရှုလေ့လာပြီး ဆောင်ရွက်သွားပါက လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဤစာစောင်ပါ အချက်များသည် အခြေအနေနှင့် အချိန်အခါအရ ပြောင်းလဲပြင်ဆင်ရန် လိုအပ်ပါက ပြောင်းလဲပြင်ဆင် ကျင့်သုံးသွားရန် ဖြစ်ပါသည်။

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း(၁) | လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များ (ဖွဲ့စည်းပုံတိုးချဲ့ခြင်းမပြုမီ ၂၀၁၄ မတ်လထိ) | ၁ |
| | | ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေး | ၁-၂ |
| | | ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်း | ၂-၃ |
| | | သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း | ၄-၆ |
| | | မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်း | ၆-၁၀ |
| | | မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင် ရေးလုပ်ငန်း | ၁၀-၁၁ |
| | | ဖွဲ့စည်းပုံတိုးချဲ့ဆောင်ရွက်လာမှုများ | ၁၁-၁၂ |
| | | လူမှုကာကွယ်စောင့်ရှောက်ရေးအခြေခံ သဘောတရား | ၁၂-၁၄ |
| | | လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း | ၁၄-၁၈ |
| ၂။ | အခန်း(၂) | ရှေးဦးအရွယ်ကလေးသူငယ်စောင့်ရှောက်ရေး နှင့်ကလေးသူငယ်စောင့်ရှောက်ရေး | ၁၉ |
| | | နိဒါန်း | ၁၉ |
| | | ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် | ၁၉-၂၁ |
| | | ရည်ရွယ်ချက် | ၂၂ |
| | | မူဝါဒချမှတ်ခြင်း | ၂၂-၂၃ |
| | | လုပ်ငန်းစဉ်များချမှတ်ခြင်း | ၂၃-၂၄ |
| | | ဆောင်ရွက်ရမည့်နည်းလမ်းများ | ၂၄-၂၅ |
| | | ဌာနအခြေပြုကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း | ၂၅-၂၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရပ်ရွာအခြေပြုကလေးသူငယ်ပြုစု | ၂၆-၂၉ |
| | ပျိုးထောင်ရေးလုပ်ငန်း | |
| | မိခင်ဝိုင်းများဖွဲ့စည်းဆောင်ရွက်ခြင်း | ၃၀ |
| | သင်တန်းဖွင့်လှစ်ရန်ဆောင်ရွက်ထားရှိမှု | ၃၀-၃၁ |
| | မိခင်ဝိုင်းများတွင် ရှိသင့်သော အင်္ဂါရပ်များနှင့် | ၃၁ |
| | ဆောင်ရွက်မည့်အစီအစဉ်များ | |
| | ရွေးဦးအရွယ် ကလေးသူငယ်များအား | ၃၂-၃၃ |
| | ပြုစုပျိုးထောင်ပေးလျက်ရှိသည့် နည်းလမ်းများ | |
| | လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးမွေးစား | ၃၃-၃၄ |
| | ခွင့်ပေးရန်လိုအပ်ချက်များ | |
| | ဆယ်ကျော်သက်အရွယ်ကလေးများ | ၃၄ |
| | ပြုစုစောင့်ရှောက်ရေး | |
| | ရည်ရွယ်ချက် | ၃၄ |
| | မူဝါဒချမှတ်ခြင်း | ၃၄-၃၇ |
| | လုပ်ငန်းစဉ်များချမှတ်ခြင်း | ၃၇-၃၈ |
| | ဆောင်ရွက်မည့်နည်းလမ်းများ | ၃၈-၄၁ |
| ၃။ အခန်း(၃) | လူငယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး | ၄၂ |
| | နိဒါန်း | ၄၂-၄၃ |
| | လူငယ်အခွင့်အရေးများနှင့်ကြေငြာစာတမ်း | ၄၄ |
| | လူငယ်တို့၏သဘာဝ | ၄၄-၄၅ |
| | အာဆီယံနိုင်ငံများနှင့်အိမ်နီးချင်းနိုင်ငံများ၏ | ၄၅-၄၉ |
| | လူငယ်အခြေအနေ | |
| | ဖွံ့ဖြိုးပြီးနိုင်ငံများ၏လက်ရှိအခြေအနေ | ၄၉-၅၀ |
| | ရည်ရွယ်ချက် | ၅၀ |
| | မူဝါဒချမှတ်ခြင်း | ၅၀-၅၂ |


$w{1}C:\Users\asus\Desktop\Guide Book\Guide Book .docx\3

| စဥ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | လုပ်ငန်းစဥ်များချမှတ်ခြင်း | ၅၂-၅၃ |
| | | လူငယ်နှင့်ပါဝင်ဆောင်ရွက်သောနယ်ပယ်များ | ၅၃ |
| | | ဆောင်ရွက်မည့်နည်းလမ်းများ | ၅၃-၆၀ |
| | | နိဂုံး | ၆၁ |
| ၄။ | အခန်း(၄) | အလုပ်လုပ်သော အရွယ် | ၆၂ |
| ၅။ | အခန်း(၅) | သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း | ၆၃ |
| | | နိဒါန်း | ၆၃ |
| | | မြန်မာနိုင်ငံနှင့်သက်ကြီးရွယ်အို | ၆၃-၆၅ |
| | | ရည်ရွယ်ချက် | ၆၅ |
| | | မူဝါဒချမှတ်ခြင်း | ၆၅-၆၆ |
| | | လုပ်ငန်းစဥ်ချမှတ်ခြင်း | ၆၆-၆၇ |
| | | အပြည်ပြည်ဆိုင်ရာတွင် ကျင့်သုံးနေသော စောင့်ရှောက်မှုနည်းလမ်းများ | ၆၈ |
| | | အိမ်တိုင်ရာရောက်သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း | ၆၈-၇၁ |
| | | သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ (OPSHGs)များ ဖွဲ့စည်း ဆောင်ရွက်ခြင်း | ၇၁-၇၃ |
| | | သက်ကြီးရွယ်အိုများဦးစီးသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဥ် (Older People Lead Rural Development Programme) | ၇၃-၇၄ |
| | | ဂေဟာငယ်များ တည်ထောင်၍ စောင့်ရှောက်ခြင်း (Group Home ) | ၇၄ |
| | | စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများထူထောင် စောင့်ရှောက်ခြင်း(Volunteer Elderly Home) | ၇၅ |

| စဥ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်မှုဂေဟာ ဖွင့်လှစ်ခြင်း | ၇၅-၇၆ |
| | | အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်မှု အခြေအနေ | ၇၆-၇၇ |
| | | အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပဆောင်ရွက်မှု | ၇၉-၈၀ |
| | | နိဂုံး | ၈၀-၈၁ |
| ၆။ | အခန်း(၆) | အမျိုးသမီးများစောင့်ရှောက်ရေးလုပ်ငန်း | ၈၂ |
| | | နိဒါန်း | ၈၂-၈၃ |
| | | ရည်ရွယ်ချက် | ၈၃ |
| | | မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လာသောအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဥ်အဆင့်ဆင့် | ၈၄ |
| | | မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ | ၈၄-၈၅ |
| | | Convention on the Eliminiation of All forms of Descrimination Against Women (CEDAW) ပေါ်ပေါက်လာပုံ | ၈၆ |
| | | CEDAW ကွန်ဗင်းရှင်းဆိုင်ရာ အကောင်အထည် ဖော်ဆောင်ရွက်မှုများ | ၈၇-၉၀ |
| | | UNCEDAW ကော်မတီသို့ အစီရင်ခံစာတင်သွင်းခြင်း | ၉၀-၉၁ |
| | | လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာဆောင်ရွက်ချက်များ | ၉၂ |
| | | လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်းလုပ်ငန်း | ၉၂-၉၃ |
| | | ပြန်လည်ထူထောင်ခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက် ပေးခြင်း | ၉၃-၉၄ |
| | | ရည်ရွယ်ချက် | ၉၄-၉၅ |
| | | မူဝါဒများချမှတ်ခြင်း | ၉၅-၉၆ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | လုပ်ငန်းစဥ်ချမှတ်ခြင်း | ၉၆-၉၉ |
| | | ဆောင်ရွက်မည့်နည်းလမ်းများ | ၉၉-၁၀၅ |
| | | သင်တန်းကျောင်းအခြေပြုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ | ၁၀၅ |
| | | အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန | ၁၀၅-၁၀၇ |
| | | အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း | ၁၀၇-၁၀၉ |
| | | အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း | ၁၀၉-၁၁၁ |
| | | အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန | ၁၁၁-၁၁၂ |
| | | အထွေထွေ | ၁၁၃ |
| | | အသိပညာပေးလုပ်ငန်းများဆောင်ရွက်မှု | ၁၁၃ |
| | | ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု | ၁၁၃-၁၁၄ |
| | | ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်မှု | ၁၁၄ |
| | | နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍတွင် မြန်မာအမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု အခြေအနေ | ၁၁၄-၁၁၆ |
| | | နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု | ၁၁၆ |
| ၇။ | အခန်း(၇) | မသန်စွမ်းသူများစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး | ၁၁၇ |
| | | နိဒါန်း | ၁၁၇ |
| | | မသန်စွမ်းသူ | ၁၁၇-၁၁၈ |
| | | မြန်မာနိုင်ငံနှင့် မသန်စွမ်းသူများ | ၁၁၈-၁၁၉ |
| | | မသန်စွမ်းသူများ၏အခွင့်အရေးများ | ၁၁၉ |
| | | ရည်ရွယ်ချက် | ၁၁၉ |
| | | မူဝါဒချမှတ်ခြင်း | ၁၂၀-၁၂၁ |
| | | လုပ်ငန်းစဥ်များ ချမှတ်ခြင်း | ၁၂၁-၁၂၂ |
| | | မသန်စွမ်းသူတို့၏ ရပိုင်ခွင့်အခွင့်အရေးများ | ၁၂၂-၁၂၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အပြည့်အဝရရှိရေးဆောင်ရွက်ခြင်း | |
| | အသိပညာပေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း | ၁၂၃-၁၂၄ |
| | အမြင်အာရုံချို့တဲ့သူများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း | ၁၂၄-၁၂၇ |
| | အကြားအာရုံချို့တဲ့သူများဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း | ၁၂၇-၁၃၁ |
| | ကိုယ်အင်္ဂါမသန်စွမ်းသူများဖွံ့ဖြိုးရေးလုပ်ငန်း | ၁၃၁-၁၃၃ |
| | ဉာဏ်ရည်မသန်စွမ်းသူများဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၃၄-၁၃၆ |
| | ကိုယ့်အားကိုယ်ကိုးမသန်စွမ်းအဖွဲ့အစည်းများ တိုးချဲ့ဖွဲ့စည်းရေး ဆောင်ရွက်ခြင်း | ၁၃၆-၁၃၇ |
| | မသန်စွမ်းသူများဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း | ၁၃၇ |
| | မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေအတွက် နည်းဥပဒေ ပြုစုရေးသားခြင်းနှင့် ဥပဒေပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၁၃၇-၁၃၈ |
| | မသန်စွမ်းသူများ၏အလုပ်အကိုင်အခွင့်အလမ်း များတိုးမြင့်စေရေးဆောင်ရွက်ခြင်း | ၁၃၈ |
| | မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သော ပတ်ဝန်းကျင်ဖန်တီးခြင်း | ၁၃၉-၁၄၀ |
| ၈။ အခန်း(၈) | လူမှုရေးအရ အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သူများ | ၁၄၁ |
| | နိဒါန်း | ၁၄၁ |
| | လူမှုရေးအရ အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သူများ | ၁၄၁ |
| | အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ | ၁၄၁-၁၄၃ |

| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ရည်ရွယ်ချက် | ၁၄၃ |
| | မူဝါဒများ | ၁၄၃-၁၄၄ |
| | မဟာဗျူဟာလုပ်ငန်းစဥ်များ | ၁၄၄ |
| | ဆောင်ရွက်မည့်အစီအစဥ်များ | ၁၄၅-၁၄၇ |
| | စွမ်းအားစုလိုအပ်မှု | ၁၄၇ |
| | နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု | ၁၄၇ |
| | ကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်း | ၁၄၇ |
| | ရရှိမည့်အကျိုးကျေးဇူးများ | ၁၄၇-၁၄၈ |
| | နိဂုံး | ၁၄၈ |
| | အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများ | ၁၄၈ |
| | ရည်ရွယ်ချက် | ၁၄၉ |
| | မူဝါဒချမှတ်ခြင်း | ၁၄၉ |
| | လုပ်ငန်းစဥ်ချမှတ်ခြင်း | ၁၄၉ |
| | ဆောင်ရွက်ရမည့်နည်းလမ်းများ | ၁၄၉-၁၅၁ |
| | ပြန်လည်ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်း | ၁၅၁ |
| | ပြန်လည်ထူထောင်ရေးလုပ်ငန်း | ၁၅၂ |
| | ပြန်လည်လက်ခံသည့်နေရာများ | ၁၅၂ |
| | ယာယီစောင့်ရှောက်ရေးဂေဟာများ | ၁၅၃ |
| | အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော သားကောင်ဘဝကျရောက်ခဲ့သူများ | ၁၅၃-၁၅၄ |
| | ရည်ရွယ်ချက် | ၁၅၄ |
| | မူဝါဒချမှတ်ခြင်း | ၁၅၄-၁၅၅ |
| | လုပ်ငန်းစဥ်ချမှတ်ခြင်း | ၁၅၅-၁၅၆ |
| | စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း | ၁၅၆-၁၅၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စခန်းနှင့်ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း | ၁၅၇ |
| | ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း | ၁၅၇ |
| | စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများ မွေးထုတ်ပေးခြင်း | ၁၅၇ |
| | ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ | ၁၅၈ |
| | ဆောင်ရွက်ရမည့် လုပ်ငန်းများ | ၁၅၉-၁၆၀ |
| | နိဂုံး | ၁၆၀ |
| | အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော မသန်စွမ်းသူများ | ၁၆၀ |
| | ရည်ရွယ်ချက် | ၁၆၀ |
| | အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော မသန်စွမ်းသူများ | ၁၆၀ |
| | ခိုကိုးရာမဲ့မသန်စွမ်းသူများ | ၁၆၀-၁၆၁ |
| | မူဝါဒချမှတ်ခြင်း | ၁၆၁ |
| | လုပ်ငန်းစဉ် ချမှတ်ခြင်း | ၁၆၁-၁၆၂ |
| | ဆောင်ရွက်ရမည့် နည်းလမ်းများ | ၁၆၂ |
| | စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ခြင်း | ၁၆၃-၁၆၄ |
| | ထောက်ပံ့ပေးမှုအဆင့် | ၁၆၄ |
| | စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်နှင့် ထောက်ပံ့မှု အခြေအနေ | ၁၆၄-၁၆၅ |
| | ဂေဟာတည်ထောင်ခွင့်ပြုရန်လျှောက်ထားမှုစနစ် | ၁၆၅ |
| | အသိအမှတ်ပြုပေးမှုစနစ် | ၁၆၅-၁၆၇ |
| | ထောက်ပံ့ကြေးအသုံးစရိတ်ငွေစာရင်းခေါင်းစဉ်များနှင့် | ၁၆၇-၁၆၈ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | ထောက်ပံ့ပေးမှုအခြေအနေ | |
| | | လူမှုဂရုဏာစောင့်ရှောက်ရေးလုပ်ငန်း | ၁၆၉ |
| | | မရမ်းချောင်းကျေးရွာ ပရဟိတဂေဟာ | ၁၆၉ |
| | | လူမှုစောင့်ရှောက်ရေးဌာန( ဝါးနက်ချောင်း ) | ၁၆၉ |
| ၉။ | အခန်း(၉) | ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား | ၁၇၀ |
| | | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| | | နိဒါန်း | ၁၇၀ |
| | | ရည်ရွယ်ချက် | ၁၇၀ |
| | | မူဝါဒချမှတ်ခြင်း | ၁၇၁ |
| | | လုပ်ငန်းစဉ်ချမှတ်ခြင်း | ၁၇၁-၁၇၂ |
| | | ဆောင်ရွက်ရမည့်နည်းလမ်းများ | ၁၇၂ |
| ၁၀။ | အခန်း(၁၀) | စီမံကိန်း၊ သုတေသနနှင့် စာရင်းအင်းမှတ်တမ်းပြုစုခြင်း | ၁၇၃ |
| | | နိဒါန်း | ၁၇၃ |
| | | ရည်ရွယ်ချက် | ၁၇၃ |
| | | လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်မှု | ၁၇၃ |
| | | စီမံကိန်းရေးဆွဲခြင်းနည်းလမ်းများ | ၁၇၄ |
| | | သုတေသနပြုလုပ်ခြင်းနည်းလမ်းများ | ၁၇၄ |
| | | စာရင်းအင်းမှတ်တမ်းပြုစုခြင်းနည်းလမ်းများ | ၁၇၄ |
| | | စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း | ၁၇၄-၁၇၅ |
| ၁၁။ | အခန်း(၁၁) | ဦးစီးဌာန ရုံးချုပ်မှ ဆောင်ရွက်ရန်အချက်များ | ၁၇၆ |
| | | စီမံရေးရာဌာနခွဲ | ၁၇၆-၁၈၀ |
| | | ဘဏ္ဍာရေးဌာနခွဲ | ၁၈၀-၁၈၅ |
| ၁၂။ | အခန်း(၁၂) | တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများမှ | ၁၈၆ |
| | | ဆောင်ရွက်ရန်အချက်များ | |

| စဥ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ရန်အချက်များ | ၁၈၆-၁၈၇ |
| | | တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးမှ အဆောက်အဦများနှင့် ရုံးသုံးကိရိယာများ ဆိုင်ရာ ဆောင်ရွက်ရန်အချက်များ | ၁၈၇ |
| | | တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးမှ ယာဉ်နှင့်စက်ကိရိယာများဆိုင်ရာ ဆောင်ရွက်ရန် အချက်များ | ၁၈၈ |
| | | တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းရေးရာကိစ္စရပ်များ နှင့်ပတ်သက်၍ ဆောင်ရွက် ရန်အချက်များ | ၁၈၈-၁၈၉ |
| | | တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးရုံးများမှ မိမိဦးစီးဌာနနှင့် MoUရေးထိုးထားသည့် အဖွဲ့အစည်းများနှင့် ပတ်သက်၍ဆောင်ရွက်ရန်အချက်များ | ၁၉၀ |
| ၁၃။ | အခန်း(၁၃) | အထွေထွေ | ၁၉၁ |
| | | တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများလာရောက်စစ်ဆေးသည့်အခါ၌ တင်ပြရန်အချက်များ | ၁၉၁-၁၉၂ |
| | | တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများတွင် သိသာမြင်သာမှုရှိစေရန်ထားရှိရမည့်အချက်များ | ၁၉၂ |
| | | နိဂုံး | ၁၉၂ |


$w{1}C:\Users\asus\Desktop\Guide Book\Guide Book .docx\11

# အခန်း(၁)

# လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

# (ဖွဲ့စည်းပုံတိုးချဲ့ခြင်းမပြုမီ ၂၀၁၄ မတ်လထိ)

## ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး

၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ဌာနအခြေပြုနှင့် ရပ်ရွာအခြေပြုဟူ၍ နည်းလမ်း(၂)သွယ်ဖြင့် ဆောင်ရွက်လျှက်ရှိရာ ရှေးဦးအရွယ် ကလေးငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ မြို့နယ်များတွင် မူလတန်းကြိုကျောင်းပေါင်း(၇၃)ကျောင်း ဖွင့်လှစ်၍ မူကြိုအရွယ်ကလေးငယ် (၁၀၀၆၁)ဦးအား ပြုစု စောင့်ရှောက်ပေးလျှက်ရှိပြီး စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ဖွင့်လှစ်သောကိုယ့်အားကိုယ်ကိုး မူလန်းကြိုကျောင်း(၈၅၁)ကျောင်းကိုလည်း အသိအမှတ်ပြု ထောက်ပံ့ကြေးပေးလျက်ရှိပြီး ကလေးဦးရေ စုစုပေါင်း(၄၂၅၅၀)ဦးကို ပြုစုစောင့်ရှောက် ပေးလျက်ရှိပါသည်။ ရပ်ရွာအခြေပြု ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းအနေဖြင့် ရပ်ရွာအခြေပြု ECCDလုပ်ငန်းမိသားစုနှင့် ရပ်ရွာလူ့အဖွဲ့အစည်းအား အသိပညာပေး ဖြည့်ဆည်းပေးရန် အတွက် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ် အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းတွင် မိခင်ဝိုင်းပေါင်း(၂၅၀)ဝိုင်းကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ နည်းပညာဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းကဏ္ဍအနေဖြင့် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများရှိ တာဝန်ခံကျောင်းအုပ်နှင့် ဆရာမများအတွက် စွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် ဒေသတွင်းနှီးနှောဖလှယ်ပွဲများကို ကျင်းပ၍ သတင်းအချက်အလက်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ထို့အပြင် ရှေးဦးအရွယ်ကလေးများ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာန (Central Early Childhood Care and Development Resource Center)တစ်ခုကို လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းတွင် (၃.၆.၂၀၁၄)နေ့၌ ဖွင့်လှစ်ထား ရှိပါသည်။ British Council မှ သင်တန်းနည်းပြများဖြင့် ရန်ကုန်မြို့၊ မန္တလေးမြို့ နှင့် နေပြည်တော်တို့တွင် မူကြိုဆရာမများအတွက် အင်္ဂလိပ်ဘာသာစွမ်းရည်မြှင့်သင်တန်း

ဖွင့်လှစ်ပေးခဲ့ပါသည်။ မူဝါဒ၊ ဥပဒေများထုတ်ပြန်ခြင်းတွင် ရှေးဦးအရွယ်ကလေးများ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က (၆.၂.၂၀၁၄)နေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၂၀/၂၀၁၄)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး နည်းဥပဒေကို ဆက်လက်ရေးဆွဲလျက်ရှိပါသည်။ (၈.၇.၂၀၁၄)ရက်နေ့တွင် မြန်မာ့ရှေးဦးအရွယ် ကလေးများပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒစာအုပ်များ ဖြန့်ဝေပေးခဲ့ပြီး မဟာဗျူဟာ လုပ်ငန်းအစီအစဉ်(Strategic Plan)ကိုလည်း ဆက်လက်ရေးဆွဲလျက် ရှိပါသည်။ ၄င်းအပြင် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ကလေးနှင့်လူငယ်စောင့်ရှောက်ရေးလုပ်ငန်း**

၄။ နိုင်ငံတော်သည် ကလေးသူငယ်များအတွက် ကလေးသူငယ်ဥပဒေ(၁၉၉၃)၊ မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ်(၂၀၀၆-၂၀၁၅) တို့ကို မူဝါဒပိုင်းဆိုင်ရာ ချမှတ်အကောင်အထည်ဖော်လျက်ရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာ့လူငယ်ထုအတွက် (Youth Policy) ရေးဆွဲရန် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၏ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စေတနာမူလတန်းညကျောင်းနှင့် လူငယ်ရိပ်သာများအတွက် ဆရာဂုဏ်ပြုစရိတ်၊ ပရိဘောဂကြေး၊ မီတာခ၊ စာရေးကိရိယာ၊ အားကစားပစ္စည်းများအား ထောက်ပံ့ပေးလျက်ရှိပါသည်။

၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်ဥပဒေပုဒ်မ(၃၂)အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအတွက် လူငယ်သင်တန်းကျောင်း (၁၀)ကျောင်းဖွင့်လှစ်၍ အတန်းပညာ၊ သက်မွေးပညာများသင်ကြားပေးခြင်း၊ အလုပ်အကိုင်နေရာချထားပေးခြင်း၊ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဘာသာရေးဆိုင်ရာဟောပြောပွဲများ ကျင်းပပေးခြင်း၊ ကလေးများ၏ ရင်တွင်းခံစားချက်များကို နားထောင်ပေးခြင်း၊ အကြံပြုစာပုံးများထားရှိခြင်း၊ ပြင်ပဗဟုသုတများ ရရှိစေရန်အတွက် ဘုရားဖူး ခရီးစဉ်နှင့် လေ့လာရေးခရီးစဉ်များထွက်ခြင်း၊ ကလေးများ၏ အပြုအမူပြောင်းလဲရေးအတွက် နှစ်သိမ့်ဆွေးနွေးခြင်း၊ မိဘအုပ်ထိန်းသူများနှင့်

ပြန်လည်ဆက်သွယ်၍ ပြန်လည်ပေါင်းစည်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ကလေးသူငယ်များကို သင်တန်းကျောင်း/ဂေဟာများ၌ ပြုစုစောင့်ရှောက်ခြင်းသည် သုတေသနပြုလုပ်ချက်များအရ နောက်ဆုံးအဆင့် စောင့်ရှောက်ခြင်း ဖြစ်သည့်အတွက် ကလေးသူငယ်များနှင့် မိသားစု ကွဲကွာခြင်းဆိုင်ရာ အသိပညာပေး အမျိုးသား အဆင့် အလုပ်ရုံဆွေးနွေးပွဲကို(၂၇.၅.၂၀၁၃)ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ ကလေးတိုင်း မိသားစုနှင့်အတူ နေထိုင်သင့်သည်ဆိုသော အသိပညာပေးခြင်း လုပ်ငန်းအား လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကြော်ငြာသင်ပုန်းများစိုက်ထူခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်တို့မှ သီချင်း၊ ပညာပေးဇာတ်လမ်းများကို အနုပညာရှင်များဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

၇။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းအဖြစ် လူမှုဝန်ထမ်းဦးစီးဌာနသည် မိသားစုနှင့် ပြန်လည် ပေါင်းစည်းရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းပြီး တပ်မတော်မှ နုတ်ထွက် ခွင့်ပြုပြီးသော ကလေးများအား မိသားစုအုပ်ထိန်းသူများနှင့် ပြန်လည်ပေါင်းစည်းပေးခြင်းနှင့် အလုပ်အကိုင်ရှာဖွေပေးခြင်း များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၈။ ရပ်ရွာခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာပေါင်း(၂၂၇)ခုအား အသိအမှတ် ပြုပေးခဲ့ပြီး အဆိုပါပရဟိတဂေဟာများသို့ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးပေးခြင်း၊ ဂေဟာအဆင့် အလိုက် ဆန်ဘိုး ငွေ၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာများကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိပါသည်။

၉။ ရပ်ရွာခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအား UNICEF နှင့် ပူးပေါင်း၍(၂၀၀၈-၂၀၀၉)ခုနှစ်မှစ၍ မြို့နယ်လူမှုဝန်ထမ်းမှူးများကို ခန့်အပ်တာဝန်ပေး၍ ရပ်ရွာ လူထုအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအား မြို့နယ်ပေါင်း (၂၀)တွင် ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်(၅)ခုတွင် တိုးချဲ့သွားရန်ဆောင်ရွက်လျက်ရှိပါသည်။

## သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း

၁၀။ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၉.၁ ရာခိုင်နှုန်းသည် အသက်(၆၀)နှစ်နှင့် အထက် သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူအဖြစ် ချမှတ်ထားသော သက်ကြီးရွယ်အိုများ အမှီအခိုကင်း၍ မိမိကိုယ်တိုင် ရပ်တည်နိုင်ရေး (Independence)၊ ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး (Participation)၊ ကြီးသူငယ်သူ အပြန်အလှန် ကူညီစောင့်ရှောက်မှုပြုရေး(Care)၊ ကိုယ်ပိုင်စွမ်းရည်နှင့် အခွင့်အလမ်းများအား ကိုယ်တိုင်ဖြည့်ဆည်းနိုင်ရေး (Self-fulfilment)၊ ဂုဏ်သိက္ခာရှိရှိနှင့် လုံခြုံမှုရှိစွာရပ်တည်ခွင့် ရရှိရေး (Dignity)ဟူသော အခြေခံမူများနှင့်အညီ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများအနက် ရိပ်သာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို ၁၉၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြု ထောက်ပံ့ပေးလျက်ရှိသော ဘိုးဘွားရိပ်သာ(၇၁)ခုတွင် ဘိုးဘွားပေါင်း (၂၃၈၉)ဦးအား ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး၊ နိုင်ငံတော်အနေဖြင့် အဆိုပါ ဘိုးဘွားရိပ်သာများအား စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာများ ထောက်ပံ့ပေးလျက်ရှိပါသည်။

၁၁။ နှစ်စဉ် တိုးတက်မြင့်မားလာသော သက်ကြီးရွယ်အိုများအတွက် ရိပ်သာအခြေပြုစောင့်ရှောက်မှုလုပ်ငန်းဖြင့် လုံလောက်မှုမရှိပါသဖြင့် ၂၀၀၄ ခုနှစ်မှ စတင်၍ နိုင်ငံတကာ စောင့်ရှောက်မှု နည်းလမ်းတစ်ခုဖြစ်သော စေတနာ့ဝန်ထမ်းအခြေခံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း (Home Care for Older People)ကို Help Age International (HAI) အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့ ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ လက်ရှိမြို့နယ်ပေါင်း(၁၅၄)မြို့နယ်တွင် သက်ကြီးရွယ်အို (၁၆၉၁၉)ဦးအား စေတနာ့ဝန်ထမ်း (၁၆၆၂၄)ဦးက စောင့်ရှောက်မှုပေးလျက် ရှိပါသည်။ ၎င်းအပြင် အသက်အရွယ်ကြီးရင့်သော်လည်း ကိုယ်ပိုင်စွမ်းရည်များကျန်ရှိပြီး ရပ်ရွာကောင်းကျိုး သယ်ပိုးဆောင်ရွက်ကြမည့် သက်ကြီးရွယ်အိုများအတွက် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ ( Older People Self-Help Groups) ကို HAI နှင့်ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်

မွန်ပြည်နယ်ရှိ ကျေးရွာပေါင်း(၈၃)ရွာတွင် သက်ကြီးသူချင်း ကူညီ စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းကာ သက်ကြီးသူများ ဝင်ငွေရရှိရေးနှင့် မိသားစုရပ်ရွာအပေါ် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အကျိုးခံစား ခွင့်ရှိသူ သက်ကြီး ရွယ်အိုပေါင်း (၆၀၀၀)ကျော်ရှိပါသည်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသ ကြီးနှင့် ကရင်ပြည်နယ်တို့တွင် သက်ကြီးရွယ်အိုများဦးစီးသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အစီအစဉ် (Older People Lead Rural Development Programme)ကို ဆောင်ရွက် လျက်ရှိရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် အိမ်ထောင်စုပေါင်း (၁၅၀၀၀)ခန့် အကျိုး ခံစားခွင့် ရရှိခံစားလျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာ အတွင်းရှိ သက်ကြီးရွယ်အိုများနှင့် လူငယ်များပါဝင်သော မျိုးဆက်ပေါင်းစုံစုစည်းပါဝင်၍ ရပ်ရွာစီမံခန့်ခွဲရေးလုပ်ငန်းများကို မိမိရပ်ရွာဓလေ့နှင့် ကိုက်ညီသောပုံစံများဖြင့် အားဖြည့် ဆောင်ရွက်နိုင်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဖြစ်သော ဝင်ငွေအာမခံချက်ရရှိရေး၊ ချေးငွေနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခမဲ့ရရှိရေး၊ သဘာဝဘေးများနှင့် အခြားသော အရေးပေါ်အခြေအနေများအတွင်း စောင့်ရှောက်မှု ခံစား နိုင်ရေး၊ သက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်များရရှိရေး၊ အဟာရပြည့်ဝစွာ ရရှိရေး၊ သက်ကြီးအမျိုးသမီးများ၏ ဦးဆောင်မှု အဆင့်အတန်းညီမျှစွာရရှိနိုင်ရေးနှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးအပြင် ရပ်ရွာအတွင်းရှိ ကလေးသူငယ်များပညာသင်ကြားမှုအား တစ်ဖက်တစ် လမ်းမှ အထောက်အကူပြု နိုင်ခြင်းစသော အကျိုးခံစားခွင့်များ ရရှိပါသည်။

၁၂။ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ် ကို ရပ်ကွက်၊ မြို့နယ်၊ ကျေးရွာအဆင့်မှ တိုင်းဒေသကြီးပြည်နယ်အဆင့်အထိ တိုးချဲ့ဆောင် ရွက်နိုင်ရန်အတွက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော နိုင်ငံ တကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာသက်ကြီး ရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်မှုဂေဟာ (Elderly Day Care Centre)ကို (၂၀-၁၁-၂၀၁၃) နေ့တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။

၁၃။ သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်မှုဂေဟာ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူမှုရေးအရ စောင့်ရှောက်မှုပေးရန်လိုအပ်သော သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှု

ပေးခြင်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများတွင် နေ့ပိုင်းစောင့်ရှောက်ရေး အစီအစဉ်ကို လုပ်ငန်းတစ်ရပ်အနေနှင့် ထည့်သွင်းဆောင်ရွက်နိုင်ရန်နှင့် သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေး လုပ်ငန်းကို ဆောင်ရွက်လိုသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်း များအတွက် စံနမူနာဖြစ်စေရန် ရည်ရွယ်ပါသည်။ စောင့်ရှောက်မှုအစီအစဉ်အနေဖြင့် လူမှုရေး စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးဘဝဖွံ့ဖြိုးရေး လုပ်ငန်းများ မြှင့်တင်ပေးခြင်း၊ အပန်းဖြေ အနားယူနိုင်ရေးဆောင်ရွက်ပေးခြင်း၊ ဘဝတစ်သက် တာ ပညာလေ့လာစေခြင်း၊ သက်ကြီးဘဝ ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခ ပြည့်စုံစွာဖြင့် နေထိုင်နိုင်ရေးဆောင်ရွက်ပေးခြင်း၊ အာဟာရကျွေးမွေးခြင်း အစီအစဉ်များဖြင့် စောင့်ရှောက်မှု ပေးသွားမည် ဖြစ်ပါသည်။ နိုင်ငံတော်၏ သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒ၊ လုပ်ငန်းအစီအစဉ် များ ချမှတ်ရာတွင် အထောက်အကူရရှိစေရန်နှင့် နှစ်စဉ်တိုးပွားလာသော သက်ကြီးရွယ်အို များအား စောင့်ရှောက်ရန်အတွက် သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်း စီမံကိန်းကို အစိုးရအဖွဲ့မှ အတည်ပြုပြီးဖြစ်ပါသဖြင့် အဆိုပါစီမံကိန်းအရ သက်ဆိုင်ရာ အဖွဲ့ အစည်းများ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် သက်ကြီးရွယ်အို အခွင့်အရေးများဆိုင်ရာ ဥပဒေရေးဆွဲရေးအတွက် ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ၊ ရေးသားရေး ကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ရေးသားဆောင်ရွက်လျက်ရှိပါသည်။

**မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်း**

၁၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အခွင့်အရေးကိစ္စများအား လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဗဟိုချက်အဖြစ် တာဝန်ယူဆောင်ရွက်ပြီး ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ လူမှုရေး အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ၊ အများပြည်သူ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၁၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်၃၂(က)တွင် နိုင်ငံ တော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သား များ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်

ရွှက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊အပိုဒ်၃၂(က)အပြင် လူမှုရေးဦးတည်ချက်တို့ကို အဓိက အခြေခံ စည်းမျဥ်းအဖြစ် လိုက်နာကျင့်သုံးသည်။

၁၆။ ၂၀၀၈ နာဂစ်မုန်တိုင်းပြီးနောက် မသန်စွမ်းသူများ ကိုယ်တိုင်ပါဝင်သော ဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါသည်။ ၂၀၀၈ခုနှစ်တွင် မသန်စွမ်းသူများ ဆိုင်ရာ အရေးပေါ် လုပ်ငန်းစီမံချက်အား ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါသည်။ သင်တန်းကျောင်း နှင့် ရပ်ရွာအခြေပြုပုံစံတို့ဖြင့် မသန်စွမ်းသူများအား ပြန်လည်ထူထောင်ခြင်းတို့ကို ပိုမို မြှင့်တင်လုပ်ဆောင်ခဲ့ပါသည်။

၁၇။ ထို့ပြင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား နည်းပညာ အရ အကူအညီပေးနိုင်ရန် ဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းဌာနများမှ ကိုယ်စားလှယ်များ ပါဝင် သည့် မသန်စွမ်းမှုဆိုင်ရာ နည်းပညာ လုပ်ငန်းအဖွဲ့ (Disability Technical Working Group) အား ဖွဲ့စည်း၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၈။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများဆိုင်ရာ ပထမဆုံးသော အခြေခံ မသန်စွမ်းမှုစာရင်း ကောက်ယူခြင်းကို ၂၀၀၈ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် The Leprosy Mission International တို့ ပူးပေါင်း ဆောင်ရွက် ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၃၀အတွင်း ပထမဆုံးအကြိမ်အဖြစ် ကောက်ယူမည့် ပြည်လုံး ကျွတ်သန်းခေါင်စာရင်းကောက်ယူမှုအား ၂၀၁၄ခုနှစ်တွင် ဆောင်ရွက်မည်ဖြစ်ရာ မသန်စွမ်းသူများအတွက် အချက်အလက်များကို နိုင်ငံတကာ အသိအမှတ်ပြု Washington Group ဆိုင်ရာ မေးခွန်းလွှာများအသုံးပြု၍ ထည့်သွင်းကောက်ယူခဲ့ပါသည်။ ထို့ပြင် မသန်စွမ်းသူများနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများအား လူမှုဝန်ထမ်းဦးစီးဌာနနှင့်တို့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါ သည်။

၁၉။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ လူ့အသိုင်းအဝိုင်းအတွင်း အပြည့်အဝ တန်းတူ ပါဝင်ခွင့် ရရှိရန် အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၀-၂၀၁၂) ကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ယခုအခါ ၎င်းစီမံချက်အား သုံးသပ်ပြီး အာရှ- ပစိဖိတ် မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်(၂၀၁၃-၂၀၂၂)ပါ အင်ချွန်းမဟာဗျူဟာ (၁၀)ရပ် အား အခြေခံပြီး နိုင်ငံ တော်အဆင့် မဟာဗျူဟာလုပ်ငန်းစဥ်(၂၀၁၄-၂၀၂၃) ရေးဆွဲလျက်ရှိပြီး ၁၀နှစ်စီမံကိန်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀။ ၂၀၁၁ခုနှစ်တွင် မသန်စွမ်းသူများသည်လည်း လူ့အခွင့်အရေးများ ခံစားခွင့်ရှိကြောင်း အလေးဂရုပြုသောအားဖြင့် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ၎င်းနောက်ပိုင်းတွင် လူ့အခွင့်အရေး အခြေပြုပုံစံဖြင့် မသန်စွမ်းသူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများ အသေအချာရရှိစေရေးကို မသန်စွမ်းအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း ဆောင်ရွက်နေပါသည်။

၂၁။ သဘောတူစာချုပ်ပါ မသန်စွမ်းသူများ၏ အခွင့်အရေးများအားဥပဒေအရ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေ(မူကြမ်း)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းရေးသားပြုစုနေပြီး ဥပဒေအဖြစ် အတည်ပြုပြဌာန်းနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

၂၂။ လက်ရှိ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတော် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရေး၊ စွမ်းရည်မြင့်မားရေးနှင့် ပြည်သူလူထုအကြား မသန်စွမ်းမှုဆိုင်ရာ အသိပညာမြင့်မားရေးစသည့် လုပ်ငန်းစဉ်တို့ကို ထည့်သွင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပါ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းစဉ်များ ပြင်ဆင်ရေးဆွဲရာတွင် ဘာလီကြေငြာချက်နှင့် မသန်စွမ်းသူများဆိုင်ရာ အာဆီယံဆယ်စုနှစ်လုပ်ငန်းစဉ်တို့ ပြည့်မီစေရေးအတွက်လည်း ထည့်သွင်း စဉ်းစားခဲ့ပါသည်။

၂၃။ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းသည် မသန်စွမ်းသူများ၊ ၎င်းတို့၏ မိသားစုများ၊ ရပ်ရွာလူထု၊ ဆက်စပ်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များစသည်ဖြင့် ကဏ္ဍပေါင်းစုံမှ ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး မသန်စွမ်းသူများ၏ ပါဝင်မှုသည် အရေးကြီးသောပါဝင်မှုဖြစ်သဖြင့် ကိုယ့်အားကိုယ်ကိုးမသန်စွမ်းအဖွဲ့များနှင့် မသန်စွမ်းသူများ၏ အသင်းအဖွဲ့များအား အားပေးမြှင့်တင်ခြင်းတို့ကိုလည်းဆောင်ရွက်လျက်ရှိပါသည်။

၂၄။ ထို့အပြင် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးစီမံကိန်း၊ သင်တန်းကျောင်းအခြေပြု လုပ်ငန်းများ တိုးချဲ့ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားမှု၊ လူ့စွမ်းအားအရင်းအမြစ်

ဖွံ့ဖြိုးတိုးတက်ရေးအလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး စသည်တို့ကိုလည်း အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်သွားမည်ဖစ်ပါသည်။ ထို့အပြင် ရှေ့လုပ်ငန်းစဥ်များတွင် အောက်ဖော်ပြပါ တို့ကိုလည်း ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) လူတိုင်းအကျုံးဝင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဥ်အားလုံးတွင် မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး နှင့် အခွင့်အရေးများ အသေအချာရရှိစေရေးတို့အတွက် တစ်ပါတည်း ရော ယှက်ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ပတ်သက်သူ အားလုံးအတွက် အသိပညာပေးမှု မြှင့်တင်ရန်၊

( ခ) မသန်စွမ်းသူများ၏ အခွင့်အရေးများအား ပြည်သူသို့ အသိပညာပေးခြင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုအား အသိအမှတ်ပြုခြင်းအားဖြင့် မသန် စွမ်းသူများ ရပ်ရွာလူထုအသိုင်းအဝိုင်းအတွင်း အပြည့်အဝ ပါဝင်မှု မြှင့်တင်ရန်၊

( ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေပြဌာန်းနိုင်ရေး လိုအပ်သည့် လုပ်ငန်းစဥ်များ ဆက်လက်ဆောင်ရွက်ရန်၊

(ဃ) မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော ပတ်ဝန်းကျင် ဖန်တီးခြင်း အတွက် စည်ပင်သာယာရေးအဖွဲ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စီးပွားရေး လုပ်ငန်းရှင် များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

( င) မသန်စွမ်းသူများအတွက် မူဝါဒနှင့် လုပ်ငန်းစဥ်များချမှတ်ရာတွင် မသန်စွမ်းသူ များ ကိုယ်တိုင် ပါဝင်ခွင့်ရရှိရေးအလေးပေးဆောင်ရွက်ရန်၊

( စ) ခိုကိုးရာမဲ့ မသန်စွမ်းသူများအတွက် အလုပ်ရုံဂေဟာများ ဖွင့်လှစ်နိုင်ရေး ဒေသ အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဆ) မသန်စွမ်းသူများ၏ အားကစားကဏ္ဍမြင့်မားရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

( ဇ) အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အား တိုင်းဒေသကြီးနှင့် ပြည်နယ်များ တွင် စဥ်ဆက်မပြတ် ကျင်းပနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊

( ဈ) မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်ရေးဆိုင်ရာ နည်းပညာသင်တန်းများ တိုးတက်သင်ယူခွင့်ရရှိရေးနှင့် အတွေ့အကြုံကောင်းများ လေ့လာဖလှယ်နိုင် ရေး ညှိနှိုင်းစီစဥ် ဆောင်ရွက်ရန်၊

(ည) မသန်စွမ်းသူများ အလုပ်အကိုင်ရရှိနိုင်ရေး အခွင့်အလမ်းများ တိုးမြှင့်ပေးရေး အတွက် လုပ်ငန်းစဉ်များ ချမှတ်ရန်။

**မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း**

၂၅။ မူးယစ်ဆေးဝါးသုံးစွဲသူသည် ဆေးဖြတ်ရန် ဆေးကုသမှုခံယူပြီးသော်လည်း အများစုမှာ ဆေးပြန်လည်သုံးစွဲသည်ကို တွေ့ရပါသည်။ ထိုသို့ဖြစ်ရသည်မှာ ခိုင်မာသော စိတ်ဆုံးဖြတ်ချက် မရှိခြင်း၊ ပတ်ဝန်းကျင်နှင့် မိသားစု ယုံကြည်အားပေးနွေးထွေးမှုမရှိခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း ကြံ့ခိုင်မှု မရှိသေးခြင်းနှင့် ပတ်ဝန်းကျင်အခြေအနေတို့ကြောင့် ဖြစ်ပါသည်။

၂၆။ ထိုသို့သောပြဿနာများ ဖြေရှင်းကျော်လွှားနိုင်ရန် ဆေးကုသမှုခံယူပြီးနောက် ပြန်လည် ထူထောင်မှုခံယူနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ပြန်လည်ထူထောင်ရေး စခန်းများ ဖွင့်လှစ်၍ ရုပ်ပိုင်း၊ စိတ်ပိုင်းပြန်လည်ထူထောင်ပေးခြင်း၊ လူမှုပတ်ဝန်းကျင်နှင့် မိသားစု အသိုင်းအဝန်းအတွင်း ပြန်လည်ဝန်ဆံ့ရန် ကူညီပေးသည့်အပြင် ပြန်လည်ထူထောင်မှု ခံယူပြီးနောက် သင်တန်းဆင်းသွားသူများအား ရပ်ရွာအခြေပြု စေတနာ့ဝန်ထမ်း ကြီးကြပ်ရေး မှူးများမှတဆင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

၂၇။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ကို ၃-၂-၁၉၇၆တွင် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါအဖွဲ့တွင် လုပ်ငန်းအဖွဲ့ (၁၀)ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကို တာဝန်ခံဆောင်ရွက်ရပြီး ဥက္ကဋ္ဌမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး နှင့် အတွင်းရေးမှူးမှာ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဖြစ်ပါသည်။

၂၈။ ထို့ပြင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ကို ၂၇-၁-၉၃ တွင် ပြဋ္ဌာန်းခဲ့ပြီးဥပဒေ၏ အခန်း(၆)တွင် ဆေးဖြတ်ကုသမှုခံယူပြီးသူများ ပြန်လည် ထူထောင်ရေးလုပ်ငန်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထား ရေးဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည်။

၂၉။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၉၉၉-၂၀၀၀)ခုနှစ်မှ (၂၀၁၃-၂၀၁၄) ခုနှစ်အထိ (၁၅)နှစ် စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းကာလအတွင်း

လူမှုဝန်ထမ်းဦးစီး ဌာနအနေဖြင့် မူးယစ်ပြန်လည်ထူထောင်ရေးစခန်း (၉)ခု၊ မူးယစ်ဗဟိုအဖွဲ့မှ ဖွင့်လှစ်ထားသည့် လူငယ်ပြုစုပျိုးထောင်ရေးစခန်း (၃)ခုတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါ သည်။

၃၀။ အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာသည့် ၂၀၁၂ မှစ၍ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား စခန်းအခြေပြုမှ မူးယစ်ဆေးသုံးစွဲမှုများသည့် ဒေသများတွင် ကျေးရွာအရောက် သွားရောက်၍ ဒေသခံ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်းပြီး ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးအဖြစ်ဖြင့်လည်းကောင်း၊ စခန်းနှင့်ရပ်ရွာ ပူးပေါင်းသည့် ပြန်လည်ထူထောင်ရေးအဖြစ်ဖြင့်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် မူးယစ်ဆေးရုံများတွင် ဆေးဖြတ်ကုသမှုခံယူနေသူများအားလည်း Social Counseling ပြုလုပ်ခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်၊ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုးချဲ့ဖွဲ့စည်း စည်းရုံးဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဖွဲ့စည်းပုံတိုးချဲ့ဆောင်ရွက်လာမှုများ**

၃၁။ မြန်မာနိုင်ငံတွင် ၁၉၄၉ခုနှစ်မှစ၍ အမျိုးသမီးများနှင့် ကလေးများ စောင့်ရှောက်ရေး ဌာနကို ဖွဲ့စည်းခဲ့ပြီး ၁၉၅၃ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်နေ့တွင် လူမှုဝန်ထမ်းဌာနဟု ပြောင်းလဲခေါ်တွင်ခဲ့ပါသည်။

၃၂။ တော်လှန်ရေးကောင်စီခေတ် (၁၉၆၂ - ၁၉၇၄ )တွင် ဖွဲ့စည်းပုံအင်အား အရာထမ်း (၄၈)ဦး၊ အမှုထမ်း( ၉၄၆)ဦး စုစုပေါင်း(၉၉၄)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၃၃။ ၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလတွင် အရာထမ်း(၁၄၆)ဦး၊ အမှုထမ်း(၂၂၃၈)ဦး စုစုပေါင်း ဝန်ထမ်းအင်အား (၂၃၈၄)ဦး ပါဝင်သောအဆင့်(၁) ဦးစီးဌာနဖြစ်လာခဲ့ပါသည်။

၃၄။ ၂၀၀၈ခုနှစ်၊ ဇွန်လတွင် နေပြည်တော်၌ ခရိုင်လူမှုဝန်ထမ်းရုံးနှင့် မူလတန်းကြိုကျောင်း (၃)ကျောင်း ထပ်မံဖွင့်လှစ်ခွင့်ရရှိခဲ့သဖြင့် အရာထမ်း(၁၄၈)ဦး၊ အမှုထမ်း(၂၂၉၄)ဦး စုစုပေါင်း (၂၄၄၂)ဦး ဖြစ်လာပါသည်။

၃၅။ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလတွင် လပွတ္တာလူငယ်အားမာန်သင်တန်းကျောင်းနှင့် ကျိုင်းတုံ မူလတန်းကြိုကျောင်း ထပ်မံဖွင့်လှစ်ခွင့်ရရှိခဲ့သဖြင့် အရာထမ်း(၁၄၉)ဦး၊ အမှုထမ်း (၂၃၂၈)ဦး စုစုပေါင်း (၂၄၇၇)ဦး ဖြစ်လာပါသည်။

၃၆။ ၂၀၁၂ခုနှစ်၊ ဧပြီလတွင် မူဆယ်လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာ နှင့် ရန်ကုန် မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာတို့ ထပ်မံဖွင့်လှစ်ခွင့်ရရှိခဲ့ သဖြင့် အရာထမ်း (၁၅၁)ဦး၊ အမှုထမ်း(၂၃၆၄)ဦး စုစုပေါင်း (၂၅၁၅)ဦး ဖြင့် အဆင့်ဆင့် ပြင်ဆင်တိုးမြှင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။

၃၇။ လူမှုရေးလုပ်ငန်းများကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် အတွက် လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ပြည်နယ် လူမှု ဝန်ထမ်းရုံး (၁၅)ရုံး၊ ခရိုင်လူမှုဝန်ထမ်းရုံး(၇)ရုံး တိုးမြှင့်ပြင်ဆင်ဖွင့်လှစ်ခြင်း၊ ခရိုင်လူမှုဝန်ထမ်း ရုံး (၅)ရုံး အသစ် ဖွင့်လှစ်ခြင်းနှင့် ဌာနငယ်/သင်တန်းကျောင်းများအသစ် ဖွင့်လှစ်နိုင်ရန်အတွက် အရာထမ်း (၂၅၆)ဦး၊ အမှုထမ်း(၃၁၅၀)ဦး စုစုပေါင်း (၃၄၀၆)ဦးဖြင့် အဆိုပြုတင်ပြထား ပါသည်။

**လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသဘောတရား**

၃၈။ နိုင်ငံတိုင်းတွင် အစိုးရ (အုပ်ချုပ်မှုယန္တရား)နှင့် ပြည်သူ(အုပ်ချုပ်မှုခံယူသူ) တို့ရှိကြရာ အစိုးရမှ ပြည်သူကို အုပ်ချုပ်သောအခါ ဆင်းရဲသူ (အခြေခံလူတန်းစား)အများနှင့် ချမ်းသာသူ လူနည်းစုဟူ၍ ရှိနေတတ်ပေသည်။ ထိုအခါ အစိုးရသည် အများစုဖြစ်သော ဆင်းရဲသား လူတန်းစားနှင့် စွမ်းဆောင်ရည်နည်းသူတို့အား ထောက်ပံ့ရေးကို စဥ်းစားလာရပေသည်။ မြန်မာ့သမိုင်းတွင် ကျန်စစ်သားမင်းကြီးသည် **"ချစ်သူနှင့်ကွေကွင်း၍ ဆင်းရဲဒုက္ခရောက်နေ သူတို့၏ မျက်ရည်ကို မေတ္တာတည်းဟူသော လက်ဖြင့်သုတ်လတ္တံ့၊ နှပ်တည်းဟူသော အညစ်အကြေးတို့ကို ဂရုဏာတည်း ဟူသော ရေဖြင့်သုတ်လတ္တံ့။ လက်ယာလက်ဖြင့် ထမင်း၊ မုန့်စသည်တို့ကို ပေးလတ္တံ့၊ လက်ဝဲလက်ဖြင့် အဝတ်ပုဆိုးတို့ကိုပေးလတ္တံ့၊ လူခပင်းကို ရင်ဝယ်သားကဲ့သို့ သနားလတ္တံ့။"** ဟုဆိုခဲ့သော လုပ်ဆောင်ချက်သည် လူမှုကာကွယ် စောင့်ရှောက်ရေး၏ အခြေခံသဘောတရားများ ဖြစ်ပေသည်။

၃၉။ နိုင်ငံတစ်ခုတွင် အစိုးရနှင့် ပြည်သူ (Government Vs Citizens) တို့ ရှိနေမည် ဖြစ်သည်။ အစိုးရနှင့် ပြည်သူလူထုအကြားရှိသော ဆက်ဆံမှု၊ ဆက်နွယ်မှုများကို ဆန်းစစ်

လေ့လာသောအခါ ခေတ်သစ်နိုင်ငံရေးပညာ (Modern Political Science) အနှစ်သာရကို အခြေခံပြီး တင်ပြသွားလိုပါသည်။ ခေတ်သစ်နိုင်ငံရေး သိပ္ပံသဘောတရားအရ အစိုးရနှင့် ပြည်သူအကြား၌ သဘောတူညီထားသော လူမှုရေးသဘောတူညီချက် (Social Contract) ရှိနေကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ အဆိုပါ လူမှုရေးသဘောတူညီချက် (Social Contract) အရ အစိုးရက ပြည်သူလူထု အပေါ်တာဝန်ယူမှုတွေရှိသကဲ့သို့ ပြည်သူလူထုက ပြန်လည်၍ အစိုးရအပေါ် တာဝန်ယူမှုဆိုသော အပိုင်းများလည်း ရှိနေပါသည်။ ထိုသို့အပြန်အလှန် တာဝန်ယူကြရာတွင် ပြည်သူသည် အခြေခံအားဖြင့် အစိုးရကိုပေးရသည်မှာ တရားဝင်ခြင်း (Legitimacy) ဆိုသော အကြောင်းအရာပင် ဖြစ်ပါသည်။ အစိုးရကို ပြည်သူက တရားဝင်မှုကို ပေးရပါသည်။ အစိုးရကို မိမိပြည်သူတို့ရဲ့ အစိုးရ ဖြစ်ကြောင်း တရားဝင်အသိအမှတ်ပြုပေးရပါသည်။ ပြည်သူလူထုမှ အစိုးရကို တရားဝင်သည်ဟု အသိအမှတ်ပြုခြင်းမှာ အခွန်ငွေပေးဆောင်ခြင်းဖြင့် အစိုးရကိုတရားဝင်ကြောင်း ပြည်သူလူထုက အသိအမှတ်ပြုပါသည်။ သဘောတရားအရ ပြည်သူသည် မိမိ၏အစိုးရဟု တရားဝင် အသိအမှတ်ပြုသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်ကိုသာ အခွန်ပေးဆောင်လေ့ရှိကြပါသည်။ အစိုးရအဖြစ် အသိအမှတ်မပြုသော မည်သည့်အဖွဲ့အစည်းကိုမျှ အခွန်ပေးဆောင်လေ့ မရှိကြောင်း တွေ့ရပါသည်။ အစိုးရက ပြည်သူလူထုကို ပြန်ပေးရသောအပိုင်းမှာ ကာကွယ်စောင့်ရှောက်မှု (Protection) ပင် ဖြစ်ပါသည်။ ထိုကဲ့သို့ ကာကွယ်စောင့်ရှောက်မှုပေးသောအခါ လုံခြုံမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးခြင်း (Protection in terms of security) ၊ စီးပွားရေးအရ ကာကွယ်စောင့်ရှောက်မှုပေးခြင်း (Protection in terms of business)၊ လူမှုရေးအရ ကာကွယ်စောင့်ရှောက်မှုပေးခြင်း (Protection in terms of social aspects) တို့ဖြစ်ပါသည်။ ထိုကဲ့သို့ အစိုးရမှ ပြည်သူလူထုအား ကဏ္ဍပေါင်းစုံတွင် ကာကွယ်စောင့်ရှောက်မှု ပေးရပါသည်။ ထိုသို့ ကာကွယ်စောင့်ရှောက်မှု ပေးသောအခါ မူဝါဒများချမှတ်ပြီး ဆောင်ရွက်ရပါသည်။ ဥပမာအားဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အစိုးရသည် တရားဥပဒေ ဆိုသော (Legal Instruments) ချမှတ်ရပါသည်။ စီးပွားရေးဆိုင်ရာ လွတ်လပ်စွာဆောင်ရွက်နိုင်မှုအတွက် စီးပွားရေးမူဝါဒများချမှတ်ပေးရပါသည်။ ထိုကဲ့သို့ပင် ပြည်သူလူထု၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် အစိုးရမှ လူမှုရေးဆိုင်ရာ မူဝါဒများချမှတ်ပြီး အကာအကွယ်ပေး ရပါသည်။ ဤသို့ဖြင့်

အစိုးရနှင့် ပြည်သူအကြား၊ ဆက်ဆံရေးစနစ် ရှိနေရမည် ဖြစ်ပေသည်။ ထိုဆက်ဆံရေးသည် အစိုးရနှင့် ပြည်သူအကြားမှာရှိသော အပြန်အလှန် တာဝန်ယူမှုဆိုင်ရာ လူမှုရေးသဘော တူညီချက် (Social Contract) ပင်ဖြစ်ပါသည်။ အထက်ပါ လူမှုရေးသဘော တူညီချက်သည် ခေတ်သစ်နိုင်ငံရေး သဘောတရား၏ အနှစ်သာရ ဖြစ်ပါသည်။

**လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း**

၄၀။ အခြေခံအားဖြင့် အချို့နိုင်ငံများ၌ လူမှုကာကွယ်စောင့်ရှောက်ရေးပုံစံ (၃)မျိုးရှိကြောင်း တွေ့ရှိရပြီး အချို့နိုင်ငံများတွင်မူ (၄)မျိုးရှိကြောင်း သိရှိရပါသည်။ ပထမဦးဆုံး လူမှုကာကွယ် စောင့်ရှောက်မှုပုံစံမှာ လူမှုရေးအကူအညီ၊ လူမှုရေးအထောက်အပံ့ (Social Assistance) ဖြစ်ပါသည်။ ဒုတိယအချက်မှာ လူမှုရေးအာမခံ (Social Insurance) ဖြစ်ပါသည်။ တတိယ အချက်မှာ လူမှုရေးဝန်ဆောင်မှု (Social Services) ဖြစ်၍၊ နောက်ဆုံးပုံစံမှာ လုပ်သား အင်အားဈေးကွက် ဆောင်ရွက်ချက်များ (Labor market Intervention) ဖြစ်ပါသည်။ ထိုလုပ်သားအင်အား ဈေးကွက်ဆောင်ရွက်ချက်များအား နိုင်ငံအချို့တွင် လူမှုကာကွယ် စောင့်ရှောက်မှုအဖြစ် လက်ခံ၍ နိုင်ငံအချို့တွင်မူ လူမှုရေးကာကွယ်စောင့်ရှောက်မှုအဖြစ် ထည့်သွင်းဆောင်ချက်ခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

၄၁။ ပထမဦးဆုံးပုံစံဖြစ်သော လူမှုရေးအကူအညီ၊ လူမှုရေးအထောက်အပံ့(Social Assistance) ရရှိရေးအတွက် အကူအညီလက်ခံမည့်သူမှ အကူအညီရရှိရေးအတွက် ထည့်ဝင် စရာ မလိုပေ။ ဆိုလိုသည်မှာ Premium ကြေးပေးသွင်းရန် မလိုအပ်ပါ။ မိမိကိုယ်တိုင်ထည့်ဝင် စရာမလိုဘဲနဲ့ ရတဲ့အထောက်အပံ့နှင့် ရရှိသော အကူအညီဖြစ်ပါသည်။ ထိုကဲ့သို့သော အကူ အညီ၊ အထောက်အပံ့များအား (၂)မျိုးထပ်ခွဲရပါသည်။ တစ်ခုမှာ Conditional Social Assistance ခြွင်းချက်ဖြင့်ပေးသော လူမှုရေးအကူအညီ၊ လူမှုရေးအထောက်အပံ့ဖြစ်ပါသည်။ ဥပမာအားဖြင့် ငွေရေးကြေးရေးအကူအညီ(Cash Transfer)ပေးရာတွင် အစိုးရမှအလွတ် အကူအညီပေးခြင်း မဟုတ်ဘဲ ခြွင်းချက်တစ်ခု အခြေအနေတစ်ခုပါဝင်ပါသည်။ ကလေး(၅) ယောက်ရှိသော အိမ်ထောင်စုအား အစိုးရက ထောက်ပံ့ကြေးပေးရာတွင် မိသားစု ကလေး(၅) ယောက်စလုံးအား စာသင်ခန်းထဲ ရောက်အောင် ပို့ပေးရပါမည်ဟု ဆိုလိုပါသည်။ ကလေးများ အားလုံးကို ပညာသင်ကြားပေးရပါမည်။ ထိုကလေး (၅)ယောက်စလုံးအား ပညာသင်ကြား ပေးနေမှသာ အစိုးရကဆက်ပြီး အကူအညီပေးမှာ ဖြစ်ပါသည်။ ထိုအချက်မှာပညာရေးဖြင့်

ခြွင်းချက်ထားသော အကူအညီဖြစ်ပါသည်။ ကျန်းမာရေးနှင့် ခြွင်းချက်ထား အကူအညီ ပေးသော လူမှုရေးအကူအညီ (Social Assistance) များလည်း ရှိပါသည်။ ဥပမာအားဖြင့် ကျန်းမာရေးအဆင့်အတန်းနိမ့်ကျလျက်ရှိသော ရပ်ရွာများတွင် ကျန်းမာရေးအား ခြွင်းချက်ထား၍ အကူအညီပေးပါသည်။ အစိုးရက အဆိုပါ အထောက်အပံ့ အကူအညီကိုပေးမည်။ သို့သော် မိခင်များမှ အာဟာရ ပညာပေးအစီအစဉ်များ၊ သင်တန်းများအား မဖြစ်မနေ တက်ရောက်ရမည် ဖြစ်ပါသည်။ သို့မဟုတ် ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံနိုင်မှု နိမ့်ကျသော ရပ်ရွာများတွင် ထိုအချက်ဖြင့် ခြွင်းချက်ထား၍ အကူအညီပေးလေ့ရှိပါသည်။ ကလေးများအား ပုံမှန်ကာကွယ်ဆေးအကြိမ်ပြည့်အောင်ထိုးမှသာ အကူအညီပေးမည် ဖြစ်ပါသည်။ ရပ်ရွာ အခြေအနေပေါ်မူတည်ပြီး ဆွဲတင်ချင်သည့် အကြောင်းအရာကို ခြွင်းချက်ထား၍ အကူအညီ ပေးတာဖြစ်ပါသည်။ Conditional ဖြစ်ပါသည်။ ခြွင်းချက်ဖြင့် အကူအညီပေးခြင်းဖြစ်ပါသည်။ နောက်တစ်ချက်မှာ Unconditional ခြွင်းချက်မပါဘဲနှင့် ခြွင်းချက်မဲ့ အကူအညီပေးခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့သောပုံစံအား အစိုးရက သဘာဝဘေးအန္တရာယ် သို့မဟုတ်အခြားသော ဘေးအန္တရာယ် တစ်ခုခုကြုံပြီးနောက် ဘေးအန္တရာယ် ခံစားခဲ့ရသော ပြည်သူလူထုအား အကူအညီပေးလေ့ရှိပါသည်။ ထိုသို့အကူအညီပေးရာတွင် အစိုးရမှ မည်သည့်ခြွင်းချက်မှ ထားရှိခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် နာဂစ်ဆိုင်ကလုန်းအပြီး ဆိုင်ကလုန်းဒဏ်ခံခဲ့ရသော ပြည်သူတွေအား အကူအညီပေးခြင်းမျိုး ဖြစ်ပါသည်။ ထိုအကူအညီမျိုးမှာ Unconditional Assistanceတွေ ဖြစ်ပါသည်။ ခြွင်းချက်ဖြင့် အကူအညီပေးခြင်း (Conditional) နှင့် (unconditional) ဟူ၍ ခြွင်းချက်ပေါ်မူတည် ၍ ခွဲဝေခြင်းဖြစ်ပါသည်။

၄၂။ အခြားခွဲခြားနည်းတစ်ခုမှာ targeted နှင့် Universal ဖြစ်ပြီး Targeted မှာ လူတိုင်းကို ပေးခြင်းမဟုတ်ဘဲ ဦးတည်အုပ်စု ရွေးချယ်၍ ပေးခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် ဝင်ငွေတစ်ရက် (၃၀၀၀) အောက်ရှိသော အိမ်ထောင်စုတွေကိုသာ ပေးမည့်အစီအစဉ်မျိုး၊ ကလေး (၃)ယောက်နှင့် အထက်ရှိသော အိမ်ထောင်စုကိုသာပေးမည့် အစီအစဉ်မျိုး၊ ကျောင်းမနေနိုင်သော ကလေးများကိုသာပေးသော အစီအစဉ်မျိုးများ ဖြစ်ပါသည်။ ထိုကဲ့သို့ရွေးချယ်၍ ပေးသောကြောင့် Targeted ဟုခေါ်ပါ သည်။ အခြားတစ်မျိုးမှာ Universal ဖြစ်ပြီး လူတိုင်းအားမည်သည့်ခြွင်းချက်မှ မထားဘဲ မည်သည့် စည်းကမ်းချက်မှ မထားဘဲ ပေးခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော ပုံစံမျိုးအား အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံပညာရေး

ဝန်ဆောင်မှုများ တွင် အစိုးရက Target မရွေးဘဲ နှင့် Universal ပေးလေ့ရှိခြင်းဖြစ်ပါသည်။ အနှစ်သာရအားဖြင့် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည် ဖြစ်စေ လူတိုင်းကလေးတိုင်း အခြေခံ ပညာပြီးဆုံးရမည် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူတိုင်းအခြေခံ ကျန်းမာရေး စောင့်ရှောက်မှုရရမည် စသည်တို့ ဖြစ်ပါသည်။ အထက်ဖော်ပြပါ တင်ပြချက်များသည် Social Assistance လူမှုရေးအကူအညီ၊ လူမှုရေးအထောက်အပံ့ ဖြစ်ပါ သည်။

၄၃။ အခြားအချက်မှာ လူမှုရေးအာမခံ (Social Insurance) ဖြစ်ပါသည်။ အာမခံဆိုရာ တွင် ဥပမာအားဖြင့် ကျန်းမာရေးအာမခံဆိုပါက ကျန်းမာရေးအာမခံအစီအစဉ်ကို Contribute လုပ်ရပါသည်။ Premium ကြေးပေးသွင်း၍ ဝယ်ရခြင်းဖြစ်ပါသည်။ ကျန်းမာ စဉ် Premium ကြေး ပေးသွင်း၍ ဝယ်ထားသည့် Scheme မှ မကျန်းမာသောအခါ အကျိုး အမြတ် ပြန်ရခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ထည့်ဝင်ရသော အစီအစဉ်ဖြစ်ပါသည်။ Premium ပေးပြီး၍ဝယ်ရသော အစီအစဉ် ဖြစ်ပါသည်။ ထိုကဲ့သို့သော အစီအစဉ်များအား အစိုးရမှ ဆောင်ရွက်လေ့ရှိသလို အခြားသော Private အကျိုးအမြတ်ရှာဖွေသည့် အဖွဲ့အ စည်းများမှလည်း လုပ်လေ့ရှိပါသည်။ ဥပမာအားဖြင့် လူမှုဖူလုံရေးအဖွဲ့သည် အစိုးရမှ တာဝန် ယူဆောင် ရွက်ခြင်းဖြစ်ပါသည်။

၄၄။ တတိယပိုစံမှာ လူမှုရေးလုပ်ငန်းများ (Social Services) ဖြစ်ပါသည်။ ထိုအထဲတွင် လူမှုဝန်ထမ်းလုပ်ငန်းအားလုံး အကျုံးဝင်ပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူငယ်စောင့်ရှောက်ရေး၊ အမျိုးသမီးကာကွယ်စောင့်ရှောက်ရေး၊ မသန်စွမ်းသူများ ကာကွယ် စောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုကာကွယ်စောင့်ရှောက်ရေး၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန် လည်ထူထောင်ရေး၊ လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေး၊ လူမှုကရုဏာ စောင့် ရှောက်ရေး စသောဝန်ဆောင်မှုများ အားလုံးသည် လူမှုရေးဝန်ဆောင်မှုထဲတွင် ပါဝင်ပါသည်။

၄၅။ နောက်ဆုံးပိုစံမှာ လုပ်သားအင်အားဈေးကွက်ကြား ဝင်ဆောင်ရွက်ခြင်း (labor market intervention) ဖြစ်ပါသည်။ ဆိုလိုသည်မှာ လုပ်သားအင်အားဈေးကွက်ကို ကြားဝင်ဆောင် ရွက်ခြင်း ဖြစ်ပါသည်။ ထိုအကြောင်းအရာတွင် လုပ်သားများ၏ ကျွမ်းကျင်မှုမြှင့်တင်ပေးခြင်း၊ လုပ်သားအခွင့်အရေး အပြည့်အဝ ရရှိရေးဆောင်ရွက်ခြင်း စသည်များပါဝင်ပါသည်။

၄၆။ နောက်ဆုံးအချက်မှာ မတူညီသည့် လူမှုကာကွယ်စောင့်ရှောက်ရေး ပုံစံများအား ပြည်သူလူထုထံသို့ မည်ကဲ့သို့ အရောက်ပို့သနည်းဆိုသည့် အချက်ဖြစ်ပါသည်။ ပြည်သူလူထုထံသို့ ဝန်ဆောင်မှုများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဥ်များ အရောက်ပို့သည့်အခါ အသုံးများသည့် ပုံစံ(၃)ခုရှိပါသည်။ ပထမအချက်မှာ Life Cycle Approach ဖြစ်ပါသည်။ ထိုအချက်မှာ လူ့ဘဝအား Developemental Process အရ အပိုင်းလိုက်ပိုင်းပြီး ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် Early Childhood ရှေးဦးအရွယ် ကလေးသူငယ်များအတွက် မည်ကဲ့သို့သော ဝန်ဆောင်မှုမျိုးပေးမည်ဆိုခြင်း ဖြစ်ပါသည်။ ဆယ်ကျော်သက်အရွယ် (Adolescent)အတွက် ဆိုပါက မည်သည့်ဝန်ဆောင်မှုမျိုးတွေပေးမည်။ ထို့အပြင် အလုပ်လုပ်သော အသက်အရွယ်အပိုင်းအခြားမှာရှိသူများအား Working Age အတွက် ရည်ရွယ်ပြီးပေးတာရှိမည်ဆိုသည့် အချက်များဖြစ်ပါသည်။ ထို့အပြင် သက်ကြီးရွယ်အိုအတွက် ရည်ရွယ်ပြီးပေးတာ ဖြစ်ပါသည်။ လူ့ဘဝကို အပိုင်းလိုက် အပိုင်းလိုက် ခွဲခြားပြီး ပေးရမည့်ဝန်ဆောင်မှုများပေးခြင်း ဖြစ်ပါသည်။ ထိုအချက်မှာ Life Cycle Approach ဖြစ်ပါသည်။

၄၇။ ဒုတိယနည်းလမ်းမှာ Category Approach ဖြစ်ပါသည်။ ထိုအချက်မှာ Issue ပေါ်အခြေခံပြီးပေးခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပေါ်နေကလေးပြဿနာ၊ လူကုန်ကူးပြဿနာ၊ စာပေတတ်မြောက်မှုနိမ့်ကျခြင်း၊ မသန်စွမ်းမှုပြဿနာစသည့် ပြဿနာများအား အခြေခံပြီး မိမိလူ့အဖွဲ့အစည်းရှိ ဖြေရှင်းရန် လိုအပ်သော ပြဿနာအားဖြေရှင်းရန် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

၄၈။ တတိယနည်းလမ်းသည် Poverty Profile ဆင်းရဲနွမ်းပါးမှု အခြေအနေကို အခြေခံ၍ ပထဝီ ဒေသအလိုက်ပေးခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ ရန်ကုန်မြို့ရှိ Urban Poverty ဆင်းရဲနွမ်းပါးမှု ဆိုသည်မှာ နေ့စဥ်လစဥ် ဝင်ငွေရရှိမှုအပေါ်တွင် ရာနှုန်းပြည့်အခြေခံသည်။ ဝင်ငွေရရှိမှုနည်းပါက ရပ်တည်ရန် ခက်ခဲသဖြင့် ၎င်းမိသားစုအား ဆင်းရဲသည်ဟု သတ်မှတ်ပါမည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်ကဲ့သို့ တောင်ပေါ်ဒေသရှိ မြို့နယ်/ကျေးရွာများတွင် ရှိသော မိသားစုများသည် နေ့စဥ် လစဥ် ဝင်ငွေပေါ် အခြေခံခြင်း မရှိဘဲ တစ်နှစ်စာ စားနပ်ရိက္ခာ သိုလှောင်ထားခြင်း၊ သွားလာလှုပ်ရှားမှုတွင်လည်း ငွေကြေးမသုံးစွဲဘဲ သွားလာနိုင်ခြင်း စသည့်တို့ကြောင့် ထိုဒေသတွင် ပုံမှန် ဝင်ငွေ မရှိသော မိသားစုများသည် ရပ်တည်ရန်ခက်ခဲ

သော ဆင်းရဲနွမ်းပါးသူ မိသားစုအဖြစ် သတ်မှတ်၍ မရနိုင်ပေ။ ထို့ကြောင့် လူမှုစီးပွားဘဝ ရပ်တည်ရန် ခက်ခဲသူများဟု သတ်မှတ်ရာတွင် ပထဝီအနေအထားအရ ကွာခြားနေမည် ဖြစ်ပါသည်။

**စာညွှန်း**။ ။အထက်ပါ လူမှုကာကွယ်စောင့်ရှောက်ရေး သဘောတရားနှင့်လုပ်ငန်းစဥ်သည် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လင်းထင်၏ တင်ပြချက်စာစောင်မှ ထုတ်နုတ်ထားခြင်း ဖြစ်ပါသည်။

# အခန်း(၂)

## ရှေးဦးအရွယ်ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ကလေးသူငယ်စောင့်ရှောက်ရေး

**နိဒါန်း**

၁။ ကလေးသူငယ်ဟုဆိုရာတွင် မွေးစမှအသက်(၈)နှစ်အထိအရွယ်ကို ရှေးဦးအရွယ်ကလေးသူငယ်နှင့် အသက်(၈)နှစ်မှ (၁၈)နှစ်အထိအရွယ်ကို ဆယ်ကျော်သက် ကလေးသူငယ်ဟူ၍ ပိုင်းခြားထားရှိပါသည်။ မွေးစမှအသက်(၈)နှစ်အရွယ် ကလေးများအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို နိုင်ငံတော်၏အမျိုးသားရေးဦးစားပေး ရည်မှန်းချက် တစ်ရပ်အဖြစ်ထားရှိသည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကလေးသူငယ်ဆိုင်ရာဦးစားပေးတာဝန်ယူ ဆောင်ရွက်သည့် ဌာနဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းကိုတာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရှေးဦးကလေးဘဝအရွယ်သည်ရပ်တန့်နေခြင်းမရှိဘဲ အသက်အရွယ် တဖြည်းဖြည်း ကြီးပြင်းလာမည်ဖြစ်သည့်အတွက် ရှေးဦးကလေးဘဝအရွယ်ကတည်းက ကလေးများ၏ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းကို စတင်၍ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်**

၂။ လူသားတိုင်းသည် တူညီသော အခွင့်အရေးများကို အပြည့်အဝခံစားရမည်ဟု ယုံကြည်ကြရာတွင် ကလေးသူငယ်များသည်လည်း လူသားများဖြစ်သည့်အားလျော်စွာ အခြားသူများနှင့်တန်းတူအခွင့်အရေးများ ရရှိသင့်သည်ဟု နားလည်အသိအမှတ်ပြုမှုဖြင့် ကလေးသူငယ်များကိုယင်းတို့အတွက် သီးခြားအခွင့်အရေးများကို အာမခံချက်ပေးသည့် အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ရပ် ရရှိပိုင်ဆိုင်စေခဲ့ပါသည်။ ယင်းမှာကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(Convention on the Rights of the Child-CRC) ပင်ဖြစ်ပါ သည်။

၃။ CRC ပေါ်ပေါက်လာပုံမှာ ၁၉၂၄ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးက ပထမအကြိမ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်းတစ်စောင် ပထမဦးဆုံးအတည်ပြုခဲ့သည်။ ၁၉၄၈ခုနှစ်၊ ကုလသမဂ္ဂအထွေထွေညီလာခံက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေငြာစာတမ်းကို အတည်ပြုခဲ့သည်။ ၁၉၅၉ခုနှစ်တွင် ဒုတိယအကြိမ်ကလေးသူငယ်အခွင့်အရေး ကြေငြာစာတမ်းကို ရေးဆွဲထုတ်ပြန်ခဲ့သည်။ အဆိုပါစာတမ်းတွင်

ကလေးသူငယ်အခွင့်အရေး(၁၀)ချက် ပါဝင်ပါသည်။ သို့ရာတွင် နိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ စည်းနှောင်မှု မရှိ။ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ၁၉၇၉ခုနှစ် အပြည်ပြည်ဆိုင်ရာ ကလေးများနှစ်တွင် ကမ္ဘာ့နိုင်ငံများက တင်သွင်းသော ကွန်ပင်းရှင်းမူကြမ်းများအပေါ် စိစစ်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ထိုအဖွဲ့၏(၁၀)နှစ်တာ ကြိုးပမ်းဆောင်ရွက်ချက်အရ (၂၀.၁၁.၁၉၈၉)နေ့တွင် (၄၄)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက CRCကို အတည်ပြုခဲ့သည်။ (၂.၉.၁၉၉၀)တွင် နိုင်ငံ(၂၀)က အတည်ပြုပြီးသည်နှင့် တစ်ပြိုင်နက် အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် တရားဝင်အတည်ဖြစ်လာခဲ့သည်။

၄။ CRCတွင် ကလေးသူငယ်အခွင့်အရေးများကို အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အကာအကွယ်ရရှိခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ဟူ၍ အုပ်စု(၄)ရပ်ခွဲခြားနိုင်ပါသည်။ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ (၁၉၃)နိုင်ငံရှိသည့်အနက် (၁၉၁)နိုင်ငံသည် CRCအဖွဲ့ဝင်အဖြစ် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ကလေးသူငယ်များနှင့် ပတ်သက်၍ ကဏ္ဍစုံမှ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အပိုဒ် (၄၄)နှင့်အညီ အမျိုးသားအဆင့် အစီရင်ခံစာတင်သွင်းရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာအား ၁၉၉၅ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာအား ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ တတိယနှင့်စတုတ္ထအကြိမ် နိုင်ငံအဆင့် အစီရင်ခံစာအား ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ ကုလသမဂ္ဂ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ (UNCRC)သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ တတိယနှင့် စတုတ္ထအကြိမ် နိုင်ငံအဆင့် အစီရင်ခံစာနှင့် ပတ်သက်၍ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် (၁၉.၁.၂၀၁၂) ရက်နေ့၌ ကျင်းပခဲ့သည့် UNCRC (၅၉)ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးမောင်ဝေခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့မှ တက်ရောက်ခဲ့ပါသည်။

၆။ ကလေးသူငယ်ဆိုင်ရာ အဓိကအခွင့်အရေး(၄)မျိုးအတွက် နိုင်ငံတော်တွင် သက်ဆိုင်ရာ အစိုးရဌာနအသီးသီးနှင့် အစိုးရမဟုတ်သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စီစဥ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကလေးသူငယ်များ၏ အသက်ရှင်

သန်ရေးနှင့် ကလေးသူငယ်ဖွံ့ဖြိုးမှု အခွင့်အရေးများအတွက် အဓိကအားဖြင့် ကျန်းမာရေး ဝန်ကြီးဌာနက လည်းကောင်း၊ ကလေးသူငယ်များ၏ ဉာဏဖွံ့ဖြိုးမှုအပါအဝင် ဘက်စုံဖွံ့ဖြိုးမှု အခွင့်အရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတို့ကလည်းကောင်း၊ ကလေးသူငယ်များအပေါ် ကာကွယ်စောင့် ရှောက်ခွင့်အတွက် အဓိကအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနတို့က လည်းကောင်း၊ ကလေးသူငယ်များ၏ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ခွင့် အတွက် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အစိုးရ မဟုတ်သော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင် ရွက်မှုဖြင့်လည်းကောင်း တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၃ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည့် ကလေးသူငယ် ဥပဒေတွင်လည်း ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို သက်ဆိုင်ရာ အမျိုးသား ကော်မတီ၊ အစိုးရဌာနအသီးသီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များမှ တာဝန်ယူရမည့်အခန်းကဏ္ဍနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို တိကျစွာ ဖော်ပြ ပြဋ္ဌာန်းထားပါသည်။

၇။ မြန်မာနိုင်ငံသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူ စာချုပ်ပါ အဓိကအခွင့်အရေး(၄)ရပ်ဖြစ်သည့် အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ခွင့်ရရှိရေးနှင့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးလုပ်ငန်းများကို "မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ် ၂၀၀၆-၂၀၁၅ (Myanmar National Plan of Action for Children-NPA)"ရေးဆွဲပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့အ စည်း များမှ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါ သည်။

၈။ NPA အား အကောင်အထည်ဖော်ဆောင်ရွက်မည့် ကဏ္ဍ(၄)ရပ်မှာ ကျန်းမာရေးနှင့် အာဟာရ (Health and Nutritution)၊ ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး (Water and Sanitation)၊ ပညာရေးနှင့် ကလေးသူငယ်ဖွံ့ဖြိုးရေး(Education and Early Childhood Care and Development)နှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး(Child Protection)တို့ ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၉။ နိုင်ငံတော်ရှိ မွေးကင်းစအရွယ်မှ(၈)နှစ်အရွယ်အထိ ကလေးများအားလုံး ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်လှုပ်ရှားခံစားမှု၊ ပေါင်းသင်းဆက်ဆံရေးစသည့် ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်နှင့် အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသော ပြုစုစောင့်ရှောက်မှုများကို ရရှိခြင်းအားဖြင့် ကလေးသူငယ်တို့၏ဘဝလုံခြုံမှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန် ရည်ရွယ်၍ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

## မူဝါဒချမှတ်ခြင်း

၁၀။ အောက်ပါအတိုင်း မူဝါဒများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်-

(က) မွေးကင်းစအရွယ်မှ အသက်(၈)နှစ်အထိ ရှေးဦးအရွယ် ကလေးသူငယ်ဟု သတ်မှတ်ပါမည်။

(ခ) အသက်(၈)နှစ်မှ (၁၈)နှစ်အထိကို ဆယ်ကျော်သက်ကလေးသူငယ်အရွယ်ဟု သတ်မှတ်ပါမည်။

(ဂ) အပြည်ပြည်ဆိုင်ရာနယ်ပယ်မှ သတ်မှတ်သော ကလေးသူငယ်အခွင့်အရေး (၄)မျိုး အနက် ဖွံ့ဖြိုးတိုးတက်ခွင့်အတွက် ကလေးများ၏ဘက်စုံဖွံ့ဖြိုးရေးကို အဓိကထား၍ ဦးစားပေးဆောင်ရွက်ပြီး ကျန်ကလေးသူငယ်အခွင့်အရေးများကိုလည်း လက်ခံဆောင်ရွက်ပါမည်။

(ဃ) ကလေးသူငယ်စောင့်ရှောက်ရေးသည် မိသားစုနှင့် လူမှုရေးနယ်ပယ်အတွင်း ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအခြေပြုဆောင်ရွက်ခြင်းအား လက်ခံကျင့်သုံးပါမည်။ မိသားစုနှင့် လူမှုရေးနယ်ပယ်အတွင်း စောင့်ရှောက်မှု မရနိုင်သောအခါမှသာ ဂေဟာစောင့်ရှောက်ရေးစနစ်ကို စည်းကမ်းစနစ်ကျစွာဖြင့် ထားရှိဆောင်ရွက်မည်။

(င) ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပါမည်။

(စ) ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ တိုက်ရိုက်ဦးဆောင်၍လည်းကောင်း၊ ကုလသမဂ္ဂ

အဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူလူထု ကိုယ်တိုင် ပါဝင်လာစေရမည်။

(ဆ) ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရေး ကြပ်မတ်ရမည်။

(ဇ) ငွေကြေးချိုးခြံချွေတာရေးကို ဦးစားမပေးဘဲ၊ ကောင်းမွန်သော ရုပ်ပတ်ဝန်းကျင်၊ စိတ်နေပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်ပေးရမည်။

(ဈ) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာများ အသုံးချဆောင်ရွက်စေ မည်။

(ည) ကလေးသူငယ်များအား ကုန်ပစ္စည်းသဖွယ်သဘောထားပြီး စီးပွားရေးလုပ်ငန်း သဖွယ်ဆောင်ရွက်တတ်သော ဂေဟာစောင့်ရှောက်ရေးစနစ်၏ အန္တရာယ်ကို သတိ ကြီးစွာဖြင့် တားဆီးသွားမည်။

**လုပ်ငန်းစဉ်များချမှတ်ခြင်း**

၁၁။ အောက်ပါအတိုင်းလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပါမည်-

(က) ၂၀၁၅ခုနှစ်တွင်ရရှိမည့် ကမ္ဘာ့ပညာရေးညီလာခံမှ ချမှတ်သော ရည်မှန်းချက်များနှင့် ထောင်စုနှစ်ရည်မှန်းချက်တို့အား အကောင်အထည် ဖော်ခြင်း၊

(ခ) အချိန်အခါအလိုက် သတ်မှတ်လာမည့် ရည်မှန်းချက် လုပ်ငန်းစဉ်များအား အောင်မြင်အောင် အကောင်အထည်ဖော်ခြင်း၊

(ဂ) ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အား တစ်နိုင်ငံလုံး ဌာနအခြေပြု (Centre-based) ဖြစ်လာအောင် နှစ်စဉ်တိုးမြှင့် ဆောင်ရွက်စေခြင်း၊

(ဃ) မိဘပြည်သူများ နားလည်တတ်သိပြီး ပါဝင်ဆောင်ရွက်လာအောင် ဆောင်ရွက်ခြင်း၊

(င) အနာဂတ်နိုင်ငံတော်နှင့် လူသားအရင်းအမြစ်အတွက် လုပ်သင့်သော ရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်၍ အရှိန်လျော့ကျမသွားစေဘဲ တစ်စိုက်မတ်မတ်အားပြု ဆောင်ရွက်စေခြင်း၊

( စ) ဆင်းရဲသော မိသားစုများအတွက် ကုန်ကျစရိတ်များကို ကျခံပေးရန် ရန်ပုံငွေများ ထူထောင်ခြင်း၊

(ဆ) အရည်အချင်းပြည့်ဝသော ဆရာ၊ဆရာမများ မွေးထုတ်ပေးခြင်း

( ဇ) အရည်အသွေးပြည့်ဝသော ရပ်ရွာအခြေပြုမူကြိုကျောင်းများ တည်ဆောက်ပေးခြင်း၊

( ဈ) ဗဟိုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ သဘောထားတစ်ခုထဲ ဖြစ်အောင် ဆောင်ရွက်ခြင်း

(ည) နိုင်ငံတော်၏ငွေကြေးမြှုပ်နှံမှု အားနည်းချိန်တွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အရပ် ဖက်အဖွဲ့အစည်းများ၏ ပေါင်းစည်းအားကို ရယူတည်ဆောက်ခြင်း၊

( ဋ) အချိန်အခါနှင့်အညီ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ခြင်း၊ ပြောင်းလဲကျင့်သုံး ခြင်းများ ဆောင်ရွက်ခြင်း၊

( ဌ) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ အန္တရာယ်လျော့ချရေး လုပ်ငန်းစဉ်ကို သိရှိပြီး တည်ဆောက်ပေးခြင်းနှင့် အန္တရာယ်ရင်ဆိုင်ကြုံတွေ့ပြီးကမဖြစ်မနေ ဆောင်ရွက်ရသော ယာယီကလေးပျော်နေရာများ (Child Friendly Space) များဖန်တီးနိုင်ရေး စီမံထားခြင်း၊

( ဍ) အခွင့်အရေး(၄)ရပ်တွင် အားနည်းသော အချက်အား ပို၍ ကာကွယ်စောင့်ရှောက်မှု ပေးခြင်းဖြင့် ပြည့်စုံစေခြင်း၊

( ဎ) ရေတို၊ ရေရှည်လုပ်ငန်း စီမံချက်များ ချမှတ်အကောင်အထည် ဖော်စေခြင်း၊

(ဏ) အဆင့်ဆင့်သောကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်စေခြင်း၊

**ဆောင်ရွက်ရမည့်နည်းလမ်းများ**

၁၂။ အထက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်မည့်လုပ်ငန်းစဉ်အလိုက် အောက်ပါနည်းလမ်း များကို ကျင့်သုံးဆောင်ရွက်ပါမည်-

(က) ဌာနအခြေပြုကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း

(ခ ) ရပ်ရွာအခြေပြုကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း

(ဂ ) ကလေးပြုစုပျိုးထောင်သည့် နည်းလမ်းများ

၁၃။ အသက်(၃)နှစ်မှ(၅)နှစ်အရွယ် ကလေးများအား ပြုစုပျိုးထောင်ရာတွင် ဌာနအခြေပြု ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်း(Center-based on ECCD)နှင့် ရပ်ရွာအခြေပြု ကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်း(Community-based on ECCD)ဟူ၍ နည်းလမ်း နှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၁၄။ **ဌာနအခြေပြုကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း။** ဌာနအခြေပြု ကလေးသူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်း (Center-based on ECCD)ကို ဆောင်ရွက်ရာတွင် ကလေးများအား ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန်အတွက် သင်ယူမှုနေရာ များကို စနစ်တကျ ဖွဲ့စည်းထားရှိ၍ ကလေးများသင်ယူမှုအခွင့်အလမ်းများရရှိစေရန် ဖန်တီးထားရှိပေးရမည် ဖြစ်ပါသည်။ အခန်းဖွဲ့စည်းပုံအရ ကလေးများကို အသက်(၃) နှစ်မှ (၄)နှစ်အရွယ်ကို အငယ်ဆင့်၊ အသက်(၄)နှစ်မှ(၅)နှစ်ကို အကြီးဆင့်ဟူ၍ အသက်အရွယ်အလိုက် ပိုင်းခြားကာ အခန်းများကို ကျောင်းအကျယ်အဝန်းပေါ်တွင် မူတည်၍ ခွဲထားရမည်ဖြစ်ပါသည်။ သင်ယူမှုနေရာများ ထားရှိရာတွင် အတွင်း သင်ယူမှုနေရာ (Indoor corner)နှင့် အပြင်သင်ယူမှု နေရာ( Outdoor Corner) ဟူ၍ ထားရှိပေးရမည်ဖြစ်ပါသည်။

၁၅။ အတွင်းသင်ယူမှုနေရာ(Indoor corner)ကို အောက်ပါအတိုင်း (၆)မျိုးခွဲခြား၍ ထားရှိရ မည်ဖြစ်ပါသည်-

(က) တည်ဆောက်ကစားရန်နေရာ

(ခ ) အတုယူကစားရန်နေရာ

(ဂ ) ရုပ်ပြစာအုပ်များကြည့်ရှုလေ့လာရန်နေရာ

(ဃ) တူရိယာပစ္စည်းများဖြင့် ကစားရန်နေရာ

(င ) တီထွင်ဖန်တီး ကစားရန်နေရာ

(စ ) ဉာဏ်ရည်ဖွံ့ဖြိုးမှု ကစားရန်နေရာ

၁၆။ အပြင်သင်ယူမှုနေရာ(Outdoor corner)ကို အောက်ပါအတိုင်း (၄)မျိုးခွဲခြား၍ ထားရှိရ မည်ဖြစ်ပါသည်-

(က) ရေ နှင့်သဲကစားရန်နေရာ (ရေနှင့်သဲကိုသီးခြား ကန်ဖြင့်ထားရှိရမည်)

(ခ ) လှုပ်လှုပ်ရှားရှား ပြေးလွှားကစားရန်နေရာ

(ဂ ) ရွှေ့ပြောင်း၍မရနိုင်သောပစ္စည်းများဖြင့်ကစားရန်နေရာ(လျှော၊ဒန်း၊ဆီးဆော)

(ဃ) ရွှေ့ပြောင်း၍ ရနိုင်သောပစ္စည်းများဖြင့် ကစားရန်နေရာ (ကား၊လှုပ်မြင်း၊ ဘောလုံး)

၁၇။ **ရပ်ရွာအခြေပြုကလေးသူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်း။** ရပ်ရွာအခြေပြု ကလေး သူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပြည်သူလူထုက မိမိတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းတွင် ဆောင်ရွက်သော ကလေးသူငယ် ပြုစု ပျိုးထာင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကိုဆိုသည်။ အဆိုပါ ရပ်ရွာအခြေပြု လုပ်ငန်းတွင် ကိုယ့်အားကိုယ်ကိုးကျောင်းများဖွင့်လှစ်ခြင်း၊ မိခင်ဝိုင်းများဖွဲ့စည်းခြင်းတို့ ပါဝင်ပါသည်။ ရပ်ရွာအခြေပြုလုပ်ငန်းကို ဆောင်ရွက်မည်ဆိုပါက အောက်ပါလုပ်ငန်း စဉ်အတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) **ရပ်ရွာလူထုအားစည်းရုံးအသိပညာပေးဟောပြောခြင်း။** ရပ်ရွာလူထုအား ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအကြောင်းကို နားလည်သဘောပေါက်စေရန် ပညာပေးစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေး ဗွီဒီယိုများပြသခြင်း၊ မိဘများနှင့်တွေ့ဆုံ၍ အချိန်တိုအတွင်း ထိရောက်သော သတင်းအချက်အလက်များပေးခြင်း၊ အသိပညာဖလှယ် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ပေးခြင်းဖြင့် ရပ်ရွာလူထုအတွင်း ပျံ့နှံ့စိမ့်ဝင်စေပါသည်။ ရပ်ရွာလူထုအတွင်း သဘောပေါက် လက်ခံပါက လုပ်ငန်းပိုမို အောင်မြင်နိုင်ပါသည်။

( ခ) **ရပ်ရွာအခြေအနေဆန်းစစ်လေ့လာခြင်း။** ရပ်ကွက်၊ကျေးရွာများ ရွေးချယ်နိုင်ရန် အတွက် ရပ်ရွာလူထု ပူးပေါင်းပါဝင် ဆန်းစစ်သောနည်းဖြင့် ဆန်းစစ်လေ့လာရပါမည်။ ရပ်ရွာမှရရှိသော အရင်းအမြစ်များ၊ လူအင်အား၊ မြေနေရာနှင့် လုပ်ငန်း ဆောင်ရွက်ရန်အတွက် နည်းပညာများရယူနိုင်မှု၊ စုစည်းညီညွတ်မှု အလေ့အထများ၊ စီးပွားရေးအခြေအနေ၊ ရပ်ရွာအတွင်းရှိ ကလေးပြုစုစောင့်ရှောက်ရေး အလေ့အကျင့်များစသည့် အခြေအနေများကို ဆန်းစစ် လေ့လာရပါမည်။

(ဂ) **မြို့နယ်(သို့မဟုတ်)ရပ်ကွက်(သို့မဟုတ်)ကျေးရွာများရွေးချယ်ခြင်း။** အခြေ အနေကို ဆန်းစစ်လေ့လာပြီးပါက မိခင်ဝိုင်း(သို့မဟုတ်) မူလတန်းကြိုကျောင်း များ ဖွင့်လှစ်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ် (သို့မဟုတ်) ရပ်ကွက် (သို့မဟုတ်) ကျေးရွာများသို့ သွားရောက်ကွင်းဆင်း၍ အိမ်ထောင်စုအရေအတွက်၊ အသက်(၃)နှစ်မှ(၅)နှစ်အရွယ် ကလေးအရေ အတွက်၊ ရပ်မိရပ်ဖတို့မှဦးဆောင်မှု ကောင်းခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း၊ စိတ်ပါဝင်စားမှုရှိ၍ လုပ်ငန်းအတွက် အချိန်ပေးနိုင်မှု၊ စီးပွားရေးလုပ်ငန်း အခြေအနေစသည့် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကျေးရွာများကို ဦးစားပေး ရွေးချယ်ရမည် ဖြစ်ပါသည်။

(ဃ) **ကော်မတီ ရွေးချယ်ဖွဲ့စည်းခြင်း။** ရပ်ကွက်၊ ကျေးရွာများ ရွေးချယ်ပြီးစီး ပါကရပ်ရွာလူထုနှင့် လုပ်ငန်းဆောင်ရွက်သူတို့အကြား ဆက်သွယ် ဆောင်ရွက် နိုင်သောရပ်ရွာကိုယ်စားပြုသည့်ရပ်ရွာလူထုကလေးစားရသည့် ကိုယ်စားလှယ် များအား ရွေးချယ်၍ ဖွဲ့စည်းရမည်ဖြစ်ပါသည်။ ကော်မတီတွင် အမျိုးသမီး များ၊ မိခင်များ ပါဝင် ဆောင်ရွက်ခြင်းဖြင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ပါ သည်။ ကော်မတီ၏ အဓိကလုပ်ငန်းမှာ ရပ်ရွာလူထုကိုစည်းရုံးခြင်း၊ မွေးစမှ အသက်၅နှစ် အရွယ်ကလေးများကို အသက်အုပ်စုအလိုက် စာရင်းပြုစုထား ခြင်း၊ ပံ့ပိုးမှန်အစည်းအဝေးများ ကျင်းပခြင်း၊ ရန်ပုံငွေရှာဖွေခြင်း၊ အဆောက်အဦ ဆောက်လုပ်ခြင်းတို့ဖြစ်ပါသည်။

(င) **မူကြိုအဆောက်အဦး ဆောက်လုပ်ရန်အတွက် ပြင်ဆင်ညှိနှိုင်းခြင်း။** မြို့နယ် (သို့မဟုတ်) ရပ်ကွက်(သို့မဟုတ်)ကျေးရွာများ ရွေးချယ်ပြီးပါက ဒေသဖွံ့ဖြိုးရေး အတွက် သုံးစွဲရန်ချထားသတ်မှတ်ငွေနှင့် မူကြိုဖွင့်လှစ်လိုသည့် ရပ်ကွက်၊ ကျေးရွာတို့မှ ထည့်ဝင်နိုင်မည့်ငွေကြေးတို့အပေါ်တွင် မူတည်၍ အဆောက်အဦ ကို ရွေးချယ်သတ်မှတ်ကာ အဆောက်အဦ ဆောက်လုပ်ရန် ပြင်ဆင်ဆောင်ရွက် ရမည်ဖြစ်ပါသည်။

(စ) **ပြုစုစောင့်ရှောက်သူဆရာမများရွေးချယ်ခြင်း။** ကလေးပြုစုစောင့်ရှောက် သူများကို ရွေးချယ်ရာတွင် စေတနာ၊ဝါသနာ၊ အနစ်နာခံပြီး လူမှုရေးစိတ်ရှိသူ

ဒေသခံဖြစ်၍ အနည်းဆုံးအခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီးသူ၊ အသက်(၁၈)နှစ်ပြည့်ပြီး ရင့်ကျက်သူဖြစ်ရပါမည်။ ကလေးများအား ကြင်နာတတ်သူ၊ အလေးထား ဆက်ဆံတတ်သူ၊ အချိန်ပေးနိုင်သူကို ဦးစားပေးရွေးချယ်ရပါမည်။

(ဆ) **စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပေးခြင်း။** ကော်မတီဝင်များ၊ ပြုစုစောင့်ရှောက်သူများနှင့် မိဘများ၏ စွမ်းဆောင်ရည် မြင့်မားစေရန် စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများ ပေးခြင်းသည်လည်း လုပ်ငန်းတည်တံ့ရန်အတွက် အရေးကြီးပါသည်။ ကော်မတီဝင်များအတွက် စီမံခန့်ခွဲရေးသင်တန်းများ၊ လုပ်ငန်းစဥ် ရေးဆွဲခြင်းသင်တန်းများ၊ ကစားစရာ ပြုလုပ်ခြင်းသင်တန်းများ၊ ကလေးပြုစုစောင့်ရှောက်ရေးသင်တန်းများ၊ မွမ်းမံ သင်တန်းများ ပေးခြင်းတို့သည် အရေးပါသော သင်တန်းများဖြစ်ပါသည်။

( ဇ) **မတည်ရန်ပုံငွေထူထောင်ခြင်း။** လုပ်ငန်းဆောင်ရွက်ရန်အတွက် ရန်ပုံငွေမတည် ဆောင်ရွက်ခြင်းသည် အလွန်အရေးပါသော လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ရန်ပုံငွေအား စတင်မတည်ရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် ချထားရရှိသည့်ရန်ပုံငွေမှ ထည့်ဝင်နိုင်သည့် ငွေပမာဏနှင့် အချိုးညီစွာ ရပ်ရွာက ထည့်သွင်း၍ (Matching Fund)ထူထောင်ရမည် ဖြစ်ပါသည်။ ရရှိသည့် ရန်ပုံငွေ ပမာဏပေါ်တွင် မူတည်၍ ရပ်ရွာအတွင်း လည်ပတ် ဆောင်ရွက်နိုင်မည့်ဒေသနှင့်ကိုက်ညီသင့်လျော်သည့် လုပ်ငန်းတစ်ခုကို ထူထောင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ရရှိသည့် အကျိုးအမြတ်ငွေထဲမှ ကလေးပြုစုစောင့်ရှောက်သူဆရာမများ၏ လစာကို ပေးရ မည် ဖြစ်ပါသည်။ အဆိုပါ မတည်ရန်ပုံငွေကို တိုးပွားအောင် ရပ်ရွာကော်မတီဝင်များက စည်းရုံးရှာဖွေ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဈ) **လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။** ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းစဥ်များ ပြီးဆုံးပါက မိမိရပ်ရွာအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသည်။ မူကြိုအဆောက်အဦးဖွင့်ပွဲကို ရပ်ရွာက ဦးဆောင်၍ ကျင်းပပြီး ကလေးများကို လက်ခံ၍ စတင်ပြုစုစောင့်ရှောက်ရမည်ဖြစ်ပါသည်။

ယင်းသို့အကောင်အ ထည်ဖော် ဆောင်ရွက်ရာတွင် မိမိရပ်ရွာနှင့်ကိုက်ညီသော နည်းလမ်းမျိုးဖြင့် ဆောင် ရွက်ရန် အရေးကြီးပါသည်။

(ည) **လုပ်ငန်းများအားကြီးကြပ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အကြံဥာဏ်ပေးခြင်း။** လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် လုပ်ငန်းစဥ်ချောမွေ့စေရန် စဥ်ဆက်မပြတ် ကြီးကြပ်ခြင်း၊ အကြံဉာဏ်ပေးခြင်း၊ လုပ်ငန်းသုံးသပ် ဆွေးနွေးခြင်းတို့ကိုပုံမှန်ဆောင်ရွက်ရမည်ဖြစ်ပါသည်။မိမိလုပ်ငန်းမှရရှိသောအခက်အခဲများ၊ အားသာ ချက်၊ အားနည်းချက်များနှင့် အခွင့်အလမ်းများကို ဖော်ထုတ်၍ လုပ်ငန်းစဥ် တစ်ခုလုံးကို တည့်မတ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဋ) **လေ့လာရေးခရီးထွက်ခြင်း။** ရပ်ရွာအတွင်းကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့် နောက်တွင် ရပ်ရွာအတွင်းကော်မတီဝင်များသည် ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းကို ဆောင်ရွက်သည့် ရပ်ရွာများ၏ အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် အခြေအနေများကို လေ့လာ၍ မိမိတို့ ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေ၏ အားသားချက်၊ အားနည်းချက်များကို လေ့လာသုံးသပ်ရမည် လုပ်ငန်းဆောင်ရွက်သည့် ရပ်ရွာများသို့ ကော်မတီဝင်များ အချင်းချင်း လေ့လာရေးခရီးသွားရောက်၍ ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ရပ်ရွာကော်မတီဝင်များ၏ ပံ့ပိုးမှုအခြေအနေ၊ ကလေးဖွံ့ဖြိုးမှုဆိုင်ရာအသိပညာပေးများကို မိဘများနှင့် ရပ်ရွာပြည်သူများက လက်ခံကျင့်သုံးဆောင်ရွက်မှုအခြေအနေတို့ကို သတင်းအချက်အလက် အပြန်အလှန် မျှဝေဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဌ) **လုပ်ငန်းများသုံးသပ်ဆွေးနွေးခြင်းနှင့်ရှေ့လုပ်ငန်းစဥ်များရေးဆွဲခြင်း။** နီးစပ်ရာ ရပ်ရွာအတွင်း စုပေါင်း၍လည်း လုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲများကို နှစ်စဥ်ကျင်းပခြင်းဖြင့် လုပ်ငန်း၏ အောင်မြင်မှုများ၊ အားသာချက်၊ အားနည်းချက်များကို သိရှိ၍ အချိန်မီပြုပြင်နိုင်ပြီး ပိုမိုကောင်းမွန်သော ရှေ့လုပ်ငန်းစဥ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

၁၈။ **မိခင်ဝိုင်းများဖွဲ့စည်းဆောင်ရွက်ခြင်း။** မိခင်ဝိုင်းများ ဖွဲ့စည်းဆောင်ရွက်မည့် လုပ်ငန်းစဥ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) ပထမဦးစွာ မိခင်ဝိုင်းများဆောင်ရွက်ရန် ကြိုတင်ညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ ရပ်ကွက်(၅)ခုရွေးချယ်ခြင်း၊

(ခ) ရပ်ကွက်များမှ ပံ့ပိုးမှုကော်မတီများ၊ အုပ်စုအကျိုးဆောင်များ၊ မိခင်ဝိုင်း ခေါင်းဆောင်များနှင့် ပံ့ပိုးကူညီသူများကို ရွေးချယ်ခြင်း၊

(ဂ) မိဘအသိပညာပေးခြင်း၊ ကလေးပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဆွေးနွေးပွဲများ (Parenting Education Section) ကျင်းပခြင်း။

(ဃ) ပံ့ပိုးမှုကော်မတီဝင်များအားသင်တန်းပေးခြင်း (Support Group Member Training)

(င) မိခင်ဝိုင်းခေါင်းဆောင်နှင့် ပံ့ပိုးကူညီသူများအား သင်တန်းပေးခြင်း။ (Mother Circle Leaders and Facilitators Training)

(စ) မိခင်ဝိုင်းအဖွဲ့ဝင် မိဘများအား သင်တန်းပေးခြင်း။ (Parent Teacher Association Training)

(ဆ) (၁)ရပ်ကွက်လျှင် မိခင်ဝိုင်း(၂)ဝိုင်းစီဖြင့် (၅)ရပ်ကွက်တွင် စုစုပေါင်း မိခင်ဝိုင်း (၁၀)ဝိုင်းဖွဲ့စည်း၍မိခင်ဝိုင်းလုပ်ငန်းစဥ်များစတင်ဆောင်ရွက်ခြင်းနှင့်ကွင်းဆင်း ကြည့်ရှု စစ်ဆေးခြင်း။

၁၉။ **သင်တန်းဖွင့်လှစ်ရန်ဆောင်ရွက်ထားရှိမှု။** သင်တန်းဖွင့်လှစ်မည့် နေရာကိုဦးစွာ ရွေးချယ်ရမည်ဖြစ်ပါသည်။ ထို့နောက်သင်တန်းအလိုက် သင်တန်းသားဦးရေကို အောက်ပါ အတိုင်း သတ်မှတ်ရပါမည်-

(က) မိဘအသိပညာပေး ဆွေးနွေးပွဲ (ရပ်ရွာအတွင်းရှိကလေးများ၏မိဘများ)

| | | |
|---|---|---|
| သင်တန်းသား | - | (၁၀၀)ဦး |
| သင်တန်းကာလ | - | (၂)ရက် |

(ခ) ပံ့ပိုးမှုကော်မတီဝင်သင်တန်း (ရပ်ရွာခေါင်းဆောင်များ)

| | | |
|---|---|---|
| သင်တန်းသား | - | (၅၀)ဦး |
| သင်တန်းကာလ | - | (၅)ရက် |

(ဂ) မိခင်ဝိုင်းခေါင်းဆောင်နှင့်ပံ့ပိုးကူညီသူသင်တန်း(ဝိုင်းခေါင်းဆောင်များနှင့်ပံ့ပိုးသူများ)

သင်တန်းသား - (၁၅)ဦး

သင်တန်းကာလ - (၅)ရက်

(ဃ) မိခင်ဝိုင်းအဖွဲ့ဝင်မိဘများသင်တန်း(မိခင်ဝိုင်းများမှမိဘများ)

သင်တန်းသား - (၂၅)ဦး

သင်တန်းကာလ - (၃)ရက်

၂၀။ **မိခင်ဝိုင်းများတွင် ရှိသင့်သော အင်္ဂါရပ်များနှင့် ဆောင်ရွက်မည့်အစီအစဉ်များ။** မိခင်ဝိုင်း တစ်ဝိုင်းတွင် ဝိုင်းခေါင်းဆောင်တစ်ဦးရှိရပါမည်။ ဝိုင်းခေါင်းဆောင်အဖြစ် ဝိုင်းထဲမှ မိခင်များမှ အလှည့်ကျ တာဝန်ယူဆောင်ရွက်ရပါမည်။ ကလေးဦးရေ အနည်းဆုံး(၁၀)ဦးခန့် ရှိ၍ (၁၀)ဦးစာ အိုးခွက်ပန်းကန်များ၊ စုရပ်နေရာ၊ မှတ်တမ်းနှင့် စာရင်းစာအုပ်များ၊ အာဟာရနှင့်မုန့်၊ ကစားစရာ၊ ပုံပြင်စာအုပ်များ ရှိရပါမည်။

၂၁။ မိခင်ဝိုင်းတစ်ဝိုင်းစီတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအနေဖြင့် အာဟာရချက်ပြုတ်ကျွေးမွေးခြင်း၊ အားဆေးနှင့်သန်ချဆေး တိုက်ကျွေးခြင်း၊ ကာကွယ်ဆေးထိုးရန် ဆက်သွယ် ဆောင်ရွက်ပေးခြင်း၊ အလေးချိန်မှတ်တမ်းထားရှိ၍ ကြီးထွားမှုကို စောင့်ကြည့်လေ့လာခြင်းနှင့် မြှင့်တင်ခြင်း၊ ဖွံ့ဖြိုးမှုကိုလှုံ့ဆော်ပေးခြင်းနှင့် သင်ယူရန်နေရာများ ဆောင်ရွက်ထားရှိ၍ သင်ယူစေခြင်း၊ မိခင်ဝိုင်းများမှတစ်ဆင့် ရပ်ရွာလူထုအား ရှေးဦးကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာများ ဖြန့်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၂။ မိခင်ဝိုင်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့နယ်များတွင် တိုးချဲ့ဆောင်ရွက်သွားခြင်းဖြင့် ရပ်ရွာအခြေပြုလုပ်ငန်းအဖြစ် ရပ်ရွာအတွင်း ကလေးပြုစု ပျိုးထောင်ရေးလုပ်ငန်းကို သာမက မိဘအသိပညာပေးခြင်းလုပ်ငန်းကိုပါ တိုးချဲ့ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို ရပ်ရွာလူထုကိုယ်တိုင် ဆောင်ရွက်နိုင်မည် ဖြစ်သဖြင့် များစွာအကျိုးရှိမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

၂၃။ **ရှေးဦးအရွယ် ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးလျက်ရှိသည့် နည်းလမ်းများ။**

ကလေးပြုစုရေးဌာနများနှင့် မူလတန်းကြိုကျောင်းများရှိ ကလေးများအား ဘက်စုံဖွံ့ဖြိုးမှု ရရှိစေရန် အောက်ပါသင်ကြားမှုနည်းလမ်းများဖြင့် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်-

(က) ကစားခြင်းဖြင့်သင်ကြားခြင်း

( ခ) လက်မှုဖြင့်သင်ကြားခြင်း

( ဂ) တေးဂီတဖြင့်သင်ကြားခြင်း

(ဃ) အခြေခံပန်းချီဖြင့်သင်ကြားခြင်း

၂၄။ ရှေးဦးအရွယ် ကလေးသူငယ်များအတွက် ဆောင်ရွက်ပေးရမည့် ဘက်စုံဖွံ့ဖြိုးမှု(၅)ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကာယဖွံ့ဖြိုးမှု(ကြွက်သားကြီး/ကြွက်သားငယ်)(Physical Development)

( ခ) ဉာဏဖွံ့ဖြိုးမှု (Mental/ Intellectual Development)

( ဂ) လူမှုဆက်ဆံရေးဖွံ့ဖြိုးမှု (Social Development)

(ဃ) စိတ်ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု(Emotional Development)

( င) စာရိတ္တဖွံ့ဖြိုးမှု(Moral Development)

၂၅။ ရှေးဦးအရွယ်ဖြစ်သည့် မွေးစမှ(၈)နှစ်အရွယ်ကို မွေးစမှ(၃)နှစ်၊ (၃)နှစ်မှ(၅)နှစ်၊ (၅)နှစ်မှ (၈)နှစ်ဟူ၍ ပိုင်းခြားထားရာ အသက်အရွယ်၊ဖွံ့ဖြိုးမှုအဆင့်အလိုက် အောက်ပါအတိုင်း ခွဲခြား ထားပါသည်-

(က) **မွေးစမှ(၃)နှစ် ကလေးများအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများ။** အောက်ပါ အတိုင်း ဖြစ်ပါသည်-

(၁) မိဘအသိပညာပေးခြင်း၊

(၂) ကျန်းမာရေးနှင့် အာဟာရ

(၃) ကလေးပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ

(၄) မိသားစုအခြေပြု ကလေးပြုစုစောင့်ရှောက်ရေး လုပ်ငန်းများ (နေ့စဉ်အိမ်မှု ကိစ္စလုပ်ငန်းများ၊ ကလေး၏ ပတ်ဝန်းကျင်မှအရာများအား အသုံးပြု သင်ကြားခြင်း)

(ခ) **(၃)နှစ်မှ(၅)နှစ်ကလေးများအတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ။** အောက်ပါ အတိုင်း ဖြစ်ပါသည်-

(၁) ကလေးပြုစုပျိုးထောင်ရေးနှင့်ပညာရေး

(၂) မိဘအသိပညာပေးခြင်း

(၃) မူကြိုပညာသင်ကြားပေးခြင်း

(၄) အိမ်မှကျောင်းသို့အကူးအပြောင်းကာလ

(၅) ကျန်းမာရေးနှင့် အာဟာရ

(ဂ) **(၅)နှစ်မှ(၈)နှစ်ကလေးများအတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ။** အောက်ပါ အတိုင်း ဖြစ်ပါသည်-

(၁) အိမ်မှကျောင်းသို့ အကူးအပြောင်းကာလ

(၂) ကျန်းမာရေးနှင့် အာဟာရ

(၃) မိဘများနှင့်တွေ့ဆုံခြင်း

(၄) စာရေးစာဖတ်သင်ကြားခြင်း

(၅) သင်္ချာသင်ကြားခြင်း

(၆) ဆက်ဆံရေးအပြုအမူ

**လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးမွေးစားခွင့်ပေးရန်လိုအပ်ချက်များ**

၂၆။ မိမဲ့၊ဘမဲ့၊ မိဘမဲ့နှင့် စွန့်ပစ်ကလေး၊ မွေးစမှ(၈)နှစ်အထိ ကလေးသူငယ်များအား ကလေး ပြုစုရေးဌာန(၆)ခုကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ ကျိုင်းတုံ၊ မော်လမြိုင်မြို့နှင့် ပုသိမ်မြို့ တို့တွင်ဖွင့်လှစ်၍ ကလေးသူငယ်(၂၀၃)ဦး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုစောင့် ရှောက်လျက်ရှိရာ ကလေးမွေးစားခြင်းအတွက် ဆောင်ရွက်ပေးနိုင်ရန် အောက်ပါအချက်များ လိုအပ်ပါသည်-

(က) မွေးစားမည့်ကလေး၏ အသက်အရွယ်သည် အသက်(၅)နှစ် အောက် ကလေးဖြစ်ရမည်။ မိဘ(သို့မဟုတ်)အုပ်ထိန်းသူလုံးဝမရှိသူဖြစ်ရမည်။

(ခ) မွေးစားမိဘများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား၊ ဗုဒ္ဓဘာသာဇနီး မောင်နှံ ဖြစ်ရမည်။

(ဂ) အိမ်ထောင်သက်အနည်းဆုံး(၅)နှစ်ရှိရမည်။

(ဃ) မွေးစားမိဘများသည်အသက်(၃၀)နှစ်ထက်မငယ်၊(၅၀)နှစ်ထက်မကြီးစေရ။

( င) မွေးစားမိဘများသည် သာမာန်စိတ်ဓါတ်ကျန်းမာမှု ရှိသူများဖြစ်ရမည်။

( စ) သားသမီးလုံးဝမရှိသောသူများ(သို့မဟုတ်)သားကြီးရှိ၍သမီးငယ်မရှိသူများ (သို့မဟုတ်) သမီးကြီးရှိ၍ သားငယ်မရှိသူများဖြစ်ရမည်။

(ဆ) ကလေးမွေးစားခြင်းကိုမွေးစားမည့်မိဘအပြင်အတူနေမိသားစုအားလုံးက သဘောတူရမည်။

( ဇ) အိမ်ထောင်ရေး အခြေအနေသာယာမှု ရှိရမည်။

( ဈ) မွေးစားမိဘနှစ်ဦးစလုံးစီးပွားရေးကောင်းမွန်၍ ကလေး၏ဘဝအာမခံချက် ပေးနိုင်သူဖြစ်ရမည်။

(ည) မွေးစားမည့်ကလေးငယ်အပေါ် မေတ္တာ၊ စေတနာထားရှိသူများဖြစ်ပြီး ကလေး၏ ကာယ၊ ဉာဏဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ဖြည့်စွမ်းပေးနိုင်သူ ဖြစ်ရမည်။

**ဆယ်ကျော်သက်အရွယ်ကလေးများပြုစုစောင့်ရှောက်ရေး**

၂၇။ အသက်(၈)နှစ်မှ (၁၈)နှစ်အတွင်းရှိ ဆယ်ကျော်သက်အရွယ် ကလေးသူငယ်များသည် နောင်အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်လာမည့် သားကောင်းရတနာ၊ သမီးကောင်း ရတနာများ ဖြစ်သောကြောင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန် ဖွံ့ဖြိုး တိုးတက်စေရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သဖြင့် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းသည်လည်း အရေးကြီးသောလုပ်ငန်း ဖြစ်ပေသည်။

**ရည်ရွယ်ချက်**

၂၈။ ရှေးဦးအရွယ်ကလေးသူငယ်ဘဝမှ ဆယ်ကျော်သက်အရွယ်သို့ ကူးပြောင်းချိန်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကိုအဆက်မပြတ်မြှင့်တင်ခြင်းဖြင့်ကောင်းမွန်သောလူသားအရင်းအမြစ် လူငယ် အဆင့်သို့ ရောက်ရှိရေးဆောင်ရွက်ပေးရန်။

**မူဝါဒချမှတ်ခြင်း**

၂၉။ အောက်ပါအတိုင်းဆောင်ရွက်ပါမည်-

(က) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ပညာရေး၊ ကျန်းမာရေး၊ အားကစားကဏ္ဍတို့နှင့် အတူ မြှင့်တင်ဆောင်ရွက်ပေးရန်၊

( ခ) အသက်(၈)နှစ်မှ(၁၈)နှစ်အထိသတ်မှတ်သည်။ (လူငယ်သတ်မှတ်မှု ပြောင်းလဲပါကလိုက်ပါပြောင်းလဲရမည်။)

( ဂ) အပြည်ပြည်ဆိုင်ရာမှ သတ်မှတ်ထားသော ကလေးသူငယ်အခွင့်အရေး(၄)မျိုးအား အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

(ဃ) ကလေးသူငယ်စောင့်ရှောက်ရေးသည် မိသားစုနှင့်လူမှုရေးနယ်ပယ် အတွင်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်း/ဌာနအခြေပြုဆောင်ရွက်ခြင်းအား လက်ခံကျင့် သုံးပါမည်။ မိသားစုနှင့်လူမှုရေးနယ်ပယ်အတွင်း စောင့်ရှောက်မှု မရနိုင်သောအခါမှသာဂေဟာစောင့်ရှောက်ရေးစနစ်ကိုစည်းကမ်းစနစ် ကျနစွာဖြင့် ထားရှိဆောင် ရွက်မည်။

( င) ကလေးသူငယ်များအား ကုန်ပစ္စည်းသဖွယ်သဘောထားပြီး စီးပွားရေးလုပ်ငန်းသဖွယ် ဆောင်ရွက်တတ်သော ဂေဟာစောင့်ရှောက်ရေးစနစ်၏ အန္တရာယ်ကို သတိ ကြီးစွာဖြင့်တားဆီးသွားရမည်။

( စ) ခေတ်မီနည်းပညာကို အခြေခံတတ်မြောက်မှုစတင်ပေးရမည်။

(ဆ) ပညာရေးနယ်ပယ်မှ ဘေးရောက်သွားပြီးကလေးအလုပ်သမား ဘဝတွင်ရှိနေသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးရမည်။

( ဇ) ဆင်းရဲမှုနှင့်အတူပါလာသော လမ်းပေါ်နေကလေးဘဝကို ရောက်ရှိနေမည်ဖြစ်၍ လမ်းပေါ်နေကလေးများပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို ဖော်ဆောင်ပေးရမည်။

( ဈ) လူကုန်ကူးခံရပြီးသားကောင်ဘဝရောက်ရှိသွားတတ်သည်ကို အထူးအလေးပေးစောင့်ကြည့်ကြပ်မတ်နေရမည်။

(ည) ကြိုးစားအားထုတ်ခြင်း၊ ဝီရိယရှိခြင်း အကျိုးများကို နားလည်ပြီးလိုက်နာဆောင် ရွက် စေရမည်။

( ဋ) ခံစားမှုကို ဦးစားပေးတတ်လာသဖြင့် မှန်ကန်သောလူ့ကျင့်ဝတ်ကို အသိပညာပေး နိုင်ရမည်။

( ဌ) ဘဝပုံတူကူးချမှုစတင်ချိန်ဖြစ်၍ ကောင်းမွန်သော စာပေနှင့်သတင်းမီဒီယာမှ ရရှိ မည့် ကောင်းမွန်သောပုံရိပ်များကိုစွဲမက်စေရမည်။

( ၃) ပူးပေါင်းဆောင်ရွက်ခြင်းစိတ်ဓါတ် Group Morale ကိုဖော်ပြစေပြီးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်ကို သာယာလှပစေသည့် အလုပ်များဖော်ဆောင် ပေးရမည်။(ဥပမာ-စုပေါင်းသန့်ရှင်းရေး)

( ဎ) မေတ္တာတရား၏ကြည်နူးဖွယ်ရာများကို သိရှိခံစားစေရမည်။

(ဏ) မိသားစုစောင့်ရှောက်ခံဘဝနှင့် ပြင်ပလူမှုဆက်ဆံရေးကြား ဆက်စပ်နေထိုင်တတ်အောင် ဆောင်ရွက်ပေးရမည်။

(တ) မိမိလျှောက်လှမ်းရမည့် ဘဝလမ်းကြောင်းစတင်ရွေးချယ်ရမည်ဖြစ်၍ အခွင့်အရေး ရရှိစေခြင်းနှင့်မှန်ကန်စွာရွေးချယ်နိုင်ခွင့်ပေးရမည်။

(ထ) ဖွံ့လုံ့လဝီရိယနှင့် အောင်မြင်မှုများအပေါ် ဂုဏ်ပြုအစီအစဥ်များ ပြုလုပ်ပေးရမည်။ (လူရည်ချွန်နှင့် အပန်းဖြေလုပ်ငန်းစဥ်)

( ဒ) ဘာသာတရား၏ အခြေခံ၊ ပြည်သူ့နီတိ၏ အခြေခံဘဝဖြစ်သည်ကိုသိရှိပြီး စည်းကမ်းတကျ လိုက်ပါစေရမည်။

( ဓ) စည်းကမ်းစနစ်ကျခြင်းသည် လူ့ဘဝ၏ တန်ဘိုးမဖြတ်နိုင်သော အရင်းအနှီးဆိုသည်ကိုသိရှိစေရမည်။

( န) မိဘအုပ်ထိန်းမှု ရှိနေဦးမည်ကို သတိပြုရမည်။

( ပ) NGO၊ UNအဖွဲ့အစည်း၊ INGOတို့၏ စွမ်းအားကို ရယူဆောင်ရွက်ရမည်။

( ဖ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးများသည် ရပ်ရွာအတွင်း အကျိုးပြု လူငယ်များ ဖြစ်ပေါ်လာစေရမည်။

( ဗ) ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်။

(ဘ) သင်တန်းကျောင်းများမှမိဘနှင့်အုပ်ထိန်းသူရှိသည့် ကလေးသူငယ်များအား စာရင်း ကောက်ယူလေ့လာဆန်းစစ်ရမည်။

( မ) မိသားစုနှင့်ပြန်လည်ပေါင်းစည်းပေးရမည်။

(ယ) ပြန်လည်ပေါင်းစည်းပြီးသော မိသားစုများအား ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်ငွေကြေး ထောက်ပံ့ပေးရမည်။

(ရ) မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး လုပ် ငန်းများကို တိုးမြှင့်အကောင်အထည်ဖေါ်ရမည်။

**လုပ်ငန်းစဉ်များချမှတ်ခြင်း**

၃၀။ အောက်ပါအတိုင်းဆောင်ရွက်ပါမည်-

(က) ပညာရေးနယ်ပယ်တွင် မူလတန်းမှအလယ်တန်းသို့ ကူးပြောင်းစဉ်ဘေးရောက်သွားသောအရေအတွက်ကိုအမြဲအကဲဖြတ်ခြင်း၊

(ခ) လမ်းပေါ်နေကလေးတိုးပွားနေမှု ရှိ/မရှိ၊ ကလေးအလုပ်သမားတိုးပွားနေမှု ရှိ/မရှိ အကဲဖြတ်နေခြင်း၊

(ဂ) ပညာရေးအောင်မြင်မှုအတွက်ဂုဏ်ပြုပွဲများ ပြုလုပ်ပေးခြင်း၊

(ဃ) အားကစားထူးချွန်မှုအတွက်ဂုဏ်ပြုပွဲများ ပြုလုပ်ပေးခြင်း၊

(င) လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) ကင်းထောက်လူငယ်လုပ်ငန်းများ စီမံပေးခြင်း၊

(ဆ) နွေရာသီကျောင်းပိတ်ရက်ဖွံ့ဖြိုးရေးသင်တန်းအစီအစဉ်များဖော်ဆောင်ပေးခြင်း၊

(ဇ) အားကစားပြိုင်ပွဲများ စီစဉ်ပေးခြင်း၊

(ဈ) IT နည်းပညာသင်တန်းနှင့်ဆန်းစစ်မှုများ ပြုလုပ်ပေးခြင်း၊

(ည) ကျန်းမာရေးဆိုင်ရာလေ့ကျင့်မှုများ အသိပညာပေးခြင်း၊

(ဋ) ခံစားမှုကိုဖော်ထုတ်သော စာပေရေးသားမှုပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊

(ဌ) လမ်းပေါ်နေကလေးများအားစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအကောင်အထည်ဖော်ခြင်း၊

(ဍ) ကလေးအလုပ်သမားများ၏ ဘဝလုံခြုံရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများစီမံပေးခြင်း၊

(ဎ) အခွင့်အရေး(၄)ရပ်၊ ရပိုင်ခွင့်မှအားနည်းသည့်အပိုင်းအား ပို၍စောင့်ရှောက်ပေးခြင်းဖြင့် ပြည့်စုံစေခြင်း၊

(ဏ) မိသားစုဝင်ငွေတိုးလုပ်ငန်းကို ဆောင်ရွက်ပေးခြင်း မပြုနိုင်ပါက ထောက်ပံ့ပေးရန် ဆောင်ရွက်ခြင်း၊ ကလေးများအတွက် ယာယီစောင့်ရှောက်နိုင်သော အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊

(တ) မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မှုအစီအစဉ်အရ (၂၅)မြို့နယ်တွင် ဆောင်ရွက်ပြီး ဖြစ်၍ (၁၀) မြို့နယ်၌ တိုးချဲ့ဆောင်ရွက်ပေးခြင်း၊

(ထ) မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍အသိပညာပေးလုပ်ငန်းကိုကျယ်ပြန့်စွာဆောင်ရွက်ခြင်း။

**ဆောင်ရွက်မည့်နည်းလမ်းများ**

၃၁။ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် အောက်ပါနည်းလမ်းများ အတိုင်းဆောင်ရွက်သွားပါမည်-

**(က) ကြိုတင်ကာကွယ်ရေးလုပ်ငန်း။** ကလေးသူငယ်များ အားလပ်ချိန်များတွင် အချိန်ကိုအကျိုးရှိစွာဆောင်ရွက်နိုင်စေရန်အတွက် ရပ်ရွာအတွင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၊စာဖတ်ဝိုင်းများ၊လူငယ်ရိပ်သာများကို တည်ထောင်ပေးခြင်း၊ နေ့ပိုင်းတွင်အကြောင်း အမျိုးမျိုးကြောင့် စာမသင်ကြားနိုင်သော ကလေးများအတွက် စေတနာမူလတန်းညကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်း နှင့် ကျောင်းပြင်ပ ပညာရေး သင်ကြားနိုင်ရန်လည်း ဆောင်ရွက်သွားပါမည်။ ကလေးသူငယ်များ လိမ္မာယဉ်ကျေးစေရန်နှင့် ဘာသာရေးဆိုင်ရာ အဆုံးအမများအား သိရှိ လိုက်နာနိုင်စေရန် ဓမ္မကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားသွားပါမည်။

**(ခ) ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း။** ကလေးသူငယ်များသည်ဆယ်ကျော်သက်ကလေးသူငယ်များဖြစ်၍ မိဘ၊ အုပ်ထိန်းသူများ၏ စေတနာဖြင့် ပြုပြင်စောင့်ရှောက်မှုနည်းလမ်းမမှန်ကန်ပါက ကလေးသူငယ်များသည် မိဘများ၏ ဆိုဆုံးမမှုကို အကောင်းမထင်ဘဲနှင့် ရွယ်တူအုပ်စုကို အထင်ကြီး အတုယူဆောင်ရွက်ပြီးလွှမ်းမိုးမှုကိုခံရနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကလေးသူငယ်များအား အသိဥာဏ် မြင့်မားစေရန်အတွက် ကျောင်းပညာရေးကို ဦးစားပေး သင်ကြား

ပေးပြီး၊ အတန်း ပညာသင်ကြားလိုစိတ်မရှိသူ အတန်းပညာအား စိတ်မဝင်စားသော ကလေးသူငယ်များအား လက်တွေ့ဘဝတွင် ပြန်လည်အသုံးချနိုင်သော သက်မွေးဝမ်းကျောင်း ပညာများကိုသင်ကြားပေးခြင်း၊ လိမ္မာသောကလေးသူငယ်များအား ချီးမွမ်းပေးခြင်း၊ ထူးချွန်သောကလေးများအား ချီးမြှင့်မြှောက်စားခြင်း များအား ဆောင်ရွက်ပေး ပါမည်။ ကလေးများ၏ ကိုယ်ကာယကျန်းမာသန်စွမ်းစေရန်အတွက် အားကစားနည်း အမျိုးမျိုးကို ကစားစေပါမည်။ ပြင်ပဗဟုသုတများ ရရှိစေရန်အတွက် လေ့လာ ရေးခရီးစဉ်များ၊ ဘုရားဖူးခရီးစဉ်များကို ဆောင်ရွက်ပေးပါမည်။ ကလေးသူငယ်များသည် ထိန်းကျောင်းကိုင်တွယ်ရန် ခက်ခဲသောကြောင့် ကလေးသူငယ်များနှင့် ထိတွေ့နေသောမိဘ/အုပ်ထိန်းသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်အပါအဝင် ဝန်ထမ်းများအနေဖြင့် ဆယ်ကျော်သက် စိတ်ပညာ၊ နှစ်သိမ့်ဆွေးနွေးခြင်း (တစ်ဦးချင်း၊အုပ်စုအလိုက်) ပညာရပ်များကို လေ့လာသိရှိထားရန် လိုအပ်ပါသည်။ ကလေးသူငယ်များ လမ်းမှားမရောက်စေရေးအတွက် မိဘအုပ်ထိန်းသူများအနေဖြင့် စံနမူနာပြ နေထိုင်ပြီး ကလေးသူငယ် အခွင့်အရေးများဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်ခံပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်စသော ကလေးသူငယ်များ၏ အခွင့်အရေးများကို ပြည့်ဝစွာရရှိစေရန်အတွက် ဖြည့်ဆည်းပေးရန် လိုအပ်ပါ သည်။ မိဘအုပ်ထိန်းသူ အများစုသည် ကလေးများအပေါ် စည်းကမ်း၊ လမ်းညွှန် ချက်များ ချမှတ်ရုံသာမက ကလေးသူငယ်များ၏ အကြံဉာဏ်နှင့် ပါဝင်ဆောင် ရွက်ခွင့်များကို အထူးအလေးထား လက်ခံဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရာတွင် ပထမဦးစွာ မိသားစု၊ ရပ်ရွာ အသိုင်းအဝိုင်းအတွင်း စောင့်ရှောက်ခြင်းသည် အကောင်းဆုံးဖြစ်ပြီး နောက်ဆုံး အဆင့် အနေဖြင့်သာ သင်တန်းကျောင်း၊ ဂေဟာများသို့ ပို့အပ်စောင့်ရှောက်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရပ်ရွာအတွင်း ဖွဲ့စည်းဖွင့်လှစ်ထားသော ဂေဟာ အချို့သည် ကလေးသူငယ်များကို ကုန်ပစ္စည်းသဖွယ် ဗန်းပြပြီးစီးပွားရေး လုပ်ငန်းအဖြစ် လုပ်ကိုင်နေကြသဖြင့် ကာကွယ်တားဆီးသွားရန်လိုအပ်ပါသည်။

(ဂ) **လမ်းပေါ်နေကလေးများပြုစုစောင့်ရှောက်မှု။** ကလေးများလမ်းပေါ်သို့ ရောက်ရှိရခြင်း လူမှုရေးပြဿနာအခြေခံသည် မိသားစုမှ စတင်ကြောင်းတွေ့ရှိရပါသည်။ မိသားစုစည်းလုံးမှု အားကောင်းလျှင် လူမှုရေးပြဿနာများ ဖြစ်နိုင်ချေနည်းပါသည်။ မိသားစုစည်းလုံးမှု အားနည်းလျှင် တစ်ယောက်နှင့် တစ်ယောက် ယုံကြည် အားကိုးမှု ကင်းမဲ့လာပြီးကိုယ်ထင်ရာကိုယ်စိုင်း လုပ်ကိုင်လာကြသည်။ တစ်ဦးနှင့် တစ်ဦးကြား ဆက်ဆံရေးအဆင်မပြေမှုများ ဖြစ်လာသည်။ အထူးသဖြင့် မိခင်၊ ဖခင် များ၏ အဆင်မပြေမှုကြောင့် ကွဲကွာကြခြင်း၊ မိသားစုတာဝန်ကို မိခင်၊ ဖခင်များမှ နိုင်အောင်မထမ်းနိုင်ခြင်းများကြောင့် ကလေးများ၏ ဘဝဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက် လာကြသည်။ ကလေးဘဝသည် ပညာသင်ယူရန်နှင့် ကလေးဘဝဖွံ့ဖြိုး တိုးတက်မှု အတွက်လည်း အကောင်းဆုံးအချိန်ဖြစ်သည်။အသက်(၁၈)နှစ်အောက်ကလေးသူငယ်များသည်ပညာသင်ယူရမည်သာဖြစ်ပါသည်။ ကလေးများ ပညာမသင်နိုင်ခြင်း၊ မိသားစုစားဝတ်နေရေးအတွက် ပါဝင်လုပ်ကိုင်ပေးကြရခြင်းသည် ကလေး၏ဘဝကို အဆိုးဆုံးသို့တွန်းပို့စေပါသည်။ သို့ဖြစ်၍ ကလေးသည် အိမ်မှာမပျော်တော့ဘဲ လမ်းပေါ်နေကလေးဘဝကို စတင်ကူးပြောင်းလာပါသည်။ လမ်းပေါ်တွင် ပျော်နေ၍ တခါတရံမှသာ အိမ်ကိုပြန်ကြသည်။ သို့သော် အိမ်တွင်ရှိသော ပြဿနာ များကို မဖြေရှင်းနိုင်သဖြင့် လမ်းပေါ်သို့ ပြန်ရောက်ကာ အိမ်ကိုအဆက်အသွယ်ဖြတ်လိုက်ပြီး လမ်းပေါ်နေကလေးဘဝသို့ ရောက်ရှိလာကြခြင်းဖြစ်ပါသည်။ လမ်းပေါ်နေကလေးများသည် မိမိနှင့်ဘဝတူ၊ စိတ်တူ၊ ကိုယ်တူ ကလေးအများစုနှင့် နေထိုင်နေကြခြင်းဖြစ်လေသည်။ သူတို့အတွက် ဘဝသည် လွတ်လပ်မှုအရှိဆုံး ဖြစ်လေသည်။ နေစရာမပူရ၊ စားစရာမပူရဘဝဖြစ်သည်။ စားစရာလိုရင် တောင်းစားမည်။ မရလျှင် ခိုးမည်။ လူရှင်းရာ အမှောင်ရိပ်တွင်ညအိပ်မည်။ အုပ်စုလိုက် အလုပ်လုပ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကြသည်။ ကောင်းသည်မကောင်းသည် မစဉ်းစား၊ မှန်သည်မှားသည်မရှိ၊ ကိုယ်ရှိမှ ကိုယ်စားရမည်ဟု ခံယူထား ကြသည်။ မြန်မာနိုင်ငံတွင်ကလေးများ၏ အခွင့်အရေးကို ဖြည့်ဆည်းပေးရန် ကုလသမဂ္ဂ ကလေး သူငယ်အခွင့်အရေး

များဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၁ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ အကောင်အထည်ဖော်ရန်အတွက် ကလေးသူငယ် ဥပဒေကို ၁၉၉၃ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ကလေးသူငယ်နည်း ဥပဒေ များကို ၂၀၀၁ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ ယခုအခါတွင် ကလေးသူငယ် ဥပဒေအား ခေတ်နှင့် လျော်ညီစွာ ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။ ကလေးသူငယ် ဥပဒေအပိုဒ်(၃၂)မှာ နိုင်ငံတော်ကကာကွယ်စောင့်ရှောက်ရမည့်ကလေးများကိုသတ်မှတ်ပေးခဲ့သည်။ လမ်းပေါ်နေကလေးများသည် ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးများ ဖြစ်ကြသည်။

(ဃ) **ပြန်လည်ထူထောင်ရေးလုပ်ငန်း။** ကလေးသူငယ်ဥပဒေပုဒ်မ (၃၂)နှင့် နည်းဥပဒေအပိုဒ်(၂၆)အရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးများ၊ လမ်းပေါ်နေကလေးများ ၊ လူကုန်ကူးခံရသော ကလေးသူငယ်များအား လက်ခံစောင့်ရှောက်ပြီး ကလေးသူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ အပြုအမူများ ပြောင်းလဲပေးခြင်း၊ မိမိကိုယ် မိမိယုံကြည်မှုရှိပြီး၊ မိမိခြေထောက်ပေါ် ရပ်တည်နိုင်ရေးအတွက် အတန်းပညာ၊ သက်မွေးပညာရပ်များကို သင်ကြားပေးခြင်း၊ မိသားစု/ အုပ်ထိန်းသူများနှင့် ပြန်လည်အပ်နှံပေးခြင်း၊ အလုပ်အကိုင် နေရာချထားပေးပြီး လူမှုအသိုင်းအဝိုင်း အတွင်း ပြန်လည်ဝင်ဆန့်နိုင်အောင် ဆောင်ရွက်ပေးရမည်။

## အခန်း(၃)

## လူငယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်များ၊ လူငယ် များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ရေးအတွက် ကြိုတင် ကာကွယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်များ ချမှတ်ကာ လူမှုဝန်ထမ်းလုပ်ငန်းများကိုအထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းပြည်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးသည် လူငယ်ထု၏အနာဂတ်အပေါ်မူတည်နေသဖြင့် လူငယ်ထု၏ အနာဂတ်ပျောက်ခြင်းသည် တိုင်းပြည်၏ အနာဂတ် ပျောက်ခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ လူငယ်များအား ခေတ်အလိုက် ပြန်လည် လေ့လာကြည့်ပါက မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလ ပါလီမန်ဒီမိုကရေစီခေတ်(၁၉၄၈-၆၂) အထိ ကျောင်းသားသမဂ္ဂများ၊ လူငယ်သမဂ္ဂများ၊ အလွှာပေါင်းစုံမှ လူငယ်များပါဝင်သော ကင်းထောက် လူငယ်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ခြင်း၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် (၁၉၆၂-၁၉၈၈)ခုနှစ်ကာလအထိ လမ်းစဉ်ပါတီ၏ ဦးဆောင်မှုအောက်တွင် လူငယ်များအား လမ်းစဉ်လူငယ်၊ ရှေ့ဆောင်လူငယ်၊ တေဇလူငယ်များ အဖြစ် အသက်အရွယ်အလိုက် ဖွဲ့စည်းပေးပြီး လူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ၁၉၈၈ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေအရ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ပေးနိုင်မှု မရှိခဲ့သော်လည်း ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဦးဆောင်၍ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံများတွင် အဆိုပါ ပါတီလမ်းညွှန်မှုအောက်တွင် လူငယ်များကို ဖွဲ့စည်းဆောင်ရွက်ထားရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၁ခုနှစ်၊ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းလာချိန်၌ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လူငယ်ထုကို ဦးဆောင်ဦးရွက်ပြုမည့် ဝန်ကြီးဌာနတစ်ခုလိုအပ်လာပါသည်။ သို့ပါ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ

ချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် လူငယ်စောင့်ရှောက်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခဲ့ရာ၌ ၁၉၅၅ခုနှစ်၊ ကလေးသူငယ် အက်ဥပဒေ (၄၄)နှင့် ၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေအရ လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်၍ အန္တရာယ်ကျရောက် လွယ်သော ကလေးသူငယ်များဖြစ်သည့် ခေါင်းပုံဖြတ်ခြင်း၊ လွဲမှားစွာ ပြုခံရခြင်း၊ လျစ်လျူရှုခံ ရခြင်း၊ အကြမ်းဖက်ခြင်းခံရသောကလေးသူငယ်များကိုလက်ခံစောင့်ရှောက်ပေးခြင်း၊ တရားရုံး များသို့ မရောက်ရှိစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဟူ၍ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လူငယ်၏ အသက်အရွယ်ကို သတ်မှတ်ရာ၌ ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် ကလေး သူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ အသက် (၁၆)နှစ်မှ (၁၈)နှစ်အထိ သတ်မှတ် ထားသော်လည်း အဆိုပါသတ်မှတ်ချက်သည် ကလေးသူငယ်များ၏ အခွင့်အရေးအတွက် အကာအကွယ်ပေးထားသော အသက်သတ်မှတ်ချက်ဖြစ်ပြီး ယခုဆောင်ရွက်မည့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် အပြည်ပြည်ဆိုင်ရာ၌ လူငယ်၏အသက်အား အသက်(၁၅)နှစ် မှ (၂၄)နှစ်အထိ သတ်မှတ်ထားခြင်းနှင့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသက် (၂၅)နှစ် ပြည့်ပြီးသူ နိုင်ငံသားတိုင်းအား အရွယ်ရောက်ပြီးသူဟု ယူဆသဖြင့် လွှတ်တော် ကိုယ်စားလှယ် အဖြစ် ဝင်ရောက် ရွေးချယ်ခံနိုင်ခွင့်ရှိသောကြောင့် လူငယ်၏အသက်သည် အသက်(၁၅)နှစ်မှ (၂၄)နှစ်အထိ သတ်မှတ်သင့်ကြောင်း အခိုင်အမာပြောဆိုနိုင်ပါသည်။ လူသားအရင်းအမြစ်များကို အကောင်အထည်ဖော်ရာတွင် အုပ်ချုပ်မှုယန္တရား၌ တစ်ပါတီ စနစ်တွင် လူငယ်များအား အဆိုပါ ပါတီမှ ဦးဆောင်မှုပေး၍ ပါတီစုံဒီမိုကရေစီခေတ်တွင် လူငယ်များအား နိုင်ငံတော်မှ ဦးဆောင်၍ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လူငယ်၏သဘာဝမှာ အများ အကျိုးကို သယ်ပိုးဆောင်ရွက်လိုသောစိတ်ရှိပြီး မှန်ကန်စွာထိန်းကျောင်းမှုမပေးပါက ယုတ်ညံ့သော ပတ်ဝန်းကျင် (လူကုန်ကူးမှုပတ်ဝန်းကျင်) ဘက်သို့ရောက်ရှိသွားနိုင်ပါသည်။ လူငယ်များ၏ ရုပ်ပတ်ဝန်းကျင်သည် စိတ်ပတ်ဝန်းကျင်ကို ဦးဆောင်ပေးသည်။ ယခုအခါတိုးတက် ပြောင်းလဲလာ သော နိုင်ငံတော်တည်ဆောက်ရေး ယန္တရားအရ လူငယ်ထုအင်အား၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်သဖြင့် မြန်မာနိုင်ငံလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲတင်ပြရခြင်းဖြစ်ပါသည်။

**လူငယ်အခွင့်အရေးများနှင့်ကြေငြာစာတမ်း**

၃။ ယနေ့ခေတ် လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များဖြစ်သောကြောင့် နိုင်ငံရေး၊ စီပွားရေး၊ လူမှုရေးကဏ္ဍများတွင် မှန်ကန်သောအမြင်၊ အယူအဆ၊ အတွေးအခေါ်များဖြင့် လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့အပြင် လူငယ်များသည် အသက်ရှင်သန်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် ဟူသော လူငယ်အခွင့်အရေးများကိုလည်း ရရှိရန်လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်လူငယ်များအားစုစည်းပြီး မှန်ကန်သော ဦးဆောင်မှုပေးရန်လိုအပ်ပါသည်။ ၂၀၁၂ ခုနှစ်ဒီဇင်ဘာလ(၁၂)ရက်နေ့မှ(၁၄)ရက်နေ့အထိမှော်ဘီမြို့နယ်၊ဓမ္မဒူတကျောင်း၌မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ တွေ့ဆုံပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခုမှ တိုင်းရင်းသားပေါင်းစုံပါဝင်သော လူငယ်ကိုယ်စားလှယ်(၁၅၇)ဦးတက်ရောက်ခဲ့ပြီးလူငယ်ဆိုင်ရာကဏ္ဍ(၉)ခုအားဆွေးနွေးခဲ့ကြပါသည်။ ကဏ္ဍအသီးသီးရှိ ပြဿနာများ၊ အစိုးရသို့ တောင်းဆိုချက်/ အကြံပြုချက်များ၊ လူငယ်များ၏ တာဝန်ယူမှုနှင့် ကတိကဝတ်ပြုမှုများစသော အပိုင်း(၃)ပိုင်းပါဝင်သည့် မြန်မာလူငယ်ကြေငြာစာတမ်း(၂၀၁၂)ခုနှစ်ကိုလူငယ်ကိုယ်စားလှယ်များ၏သဘောတူညီချက်ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

**လူငယ်တို့၏သဘာဝ**

၄။ အောက်ပါအတိုင်းဖော်ထုတ်ရရှိပါသည်-

(က) ရိုးသားပွင့်လင်းသူ

( ခ) မဟုတ်မခံစိတ်ရှိသူ

( ဂ) အမှန်တရားကိုမြတ်နိုးသူ

(ဃ) အများအတွက်အနစ်နာခံလိုစိတ်ရှိသူ

( င) ရဲရင့်ပြတ်သားသူ

( စ) ခေတ်မီတိုးတက်မှုကိုလိုလားသူ

(ဆ) စူစမ်းလိုစိတ်ရှိသူ

( ဇ) တုန့်ပြန်မှုလျင်မြန်သူ

( ဈ) အောင်မြင်မှုနှင့်အတူဝင့်ကြွားလိုသူ

(ည) ထင်ပေါ်ကျော်ကြားလိုသူ

( ၄) အများပြည်သူအကျိုးကိုထမ်းရွက်လိုသူ

( ၅) ရဲဝံ့စွန့်စားလိုသူ

**အာဆီယံနိုင်ငံများနှင့်အိမ်နီးချင်းနိုင်ငံများ၏လူငယ်အခြေအနေ**

၅။ အာဆီယံနိုင်ငံတစ်ခုဖြစ်သည့် မလေးရှားနိုင်ငံ၏ လူငယ်ဖွံ့ဖြိုးမှုပေါ်လစီတွင် လူငယ်ထု၏ အသက်ကန့်သတ်ချက်အား (၁၅-၄၀)နှစ်အထိယူဆထားသော်လည်း လူငယ်ဖွံ့ဖြိုးမှု အစီအစဉ်များ နှင့် လှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားသော လူငယ်အသက်အား (၁၈-၂၅)နှစ် အထိ သတ်မှတ်ထားပါသည်။ မလေးရှားနိုင်ငံတွင် လူငယ်နှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်၍ လူငယ်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုယန္တရားများနှင့်လူငယ်ဆိုင်ရာမူဝါဒကိစ္စများကိုဆောင်ရွက်ပါသည်။ မလေးရှားနိုင်ငံ၏အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးမှုပေါ်လစီ၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်အတွက် ပခုံးပြောင်းတာဝန်ယူတတ်သော၊ လွတ်လပ်သော၊ မျိုးချစ်စိတ်ဓါတ်ရှိသော လူငယ်ထု၏အင်အားကိုရယူ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြီးပွားတိုးတက်ရေး အတွက် လူငယ်ထုအား စဉ်ဆက် မပြတ် ပြုစုပျိုးထောင်သွားရန်ဖြစ်ပါသည်။ မလေးရှားနိုင်ငံ၏ အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးမှုပေါ်လစီ၏ နည်းဗျူဟာများမှာ လူငယ်များ၏ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်၊ ခံယူချက်ကောင်း များရရှိစေရန်၊ သက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာဆောင်ရွက်နိုင်စေရန်တို့အတွက်လူငယ်များ၏ဘဝနေထိုင်မှု ပုံစံများကျန်းမာကြံ့ခိုင်စေရန်၊ လူမှုဆက်သွယ်မှုများ တိုးတက်ကောင်းမွန်စေရန်၊ ပေါင်းစပ်ညှိနှိုင်းမှုများ တိုးတက်စေရန်၊ အပြည်ပြည် ဆိုင်ရာဆက်သွယ်ရေးနှင့် ကွန်ယက်များတိုးတက်စေရန် ချမှတ်ဆောင်ရွက်ထားပါသည်။ လုပ်ငန်းအစီအစဉ်(၈)ရပ် ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

၆။ ထိုင်းနိုင်ငံတွင် ကလေးနှင့်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့် ကော်မရှင်သည် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပေးခြင်း၊ အကောင်အထည်ဖော်မှုနှင့် နောက်ဆက်တွဲဆောင်ရွက် မှုများပြုလုပ်ပေးခြင်း၊ ကလေးနှင့်လူငယ်ကောင်စီကို အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင် အဆင့်များ အဆင့်လိုက်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။ ထိုင်းနိုင်ငံ လူမှုရေးဖွံ့ဖြိုး တိုးတက်မှုနှင့် လူသားဘဝလုံခြုံမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လူငယ်မျိုးဆက်များ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်အရ လူငယ်၏အသက်အား (၁၈-၂၅)နှစ်အထိ သတ်မှတ်ထားပါသည်။ ကလေးနှင့် လူငယ်ဖွံ့ဖြိုးဘဝလုံခြုံမှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် တိုးတက်ရေးအစီအစဉ်တွင်

အစိုးရအဖွဲ့ အစည်းများ၊ ကလေးနှင့်လူငယ်ကောင်စီ၊ လူငယ်ဖွံ့ဖြိုးရေးကွန်ယက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်း များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးကဏ္ဍများနှင့် ပုဂ္ဂလိကကဏ္ဍများမှ တာဝန်ရှိ သူများပူးပေါင်းဆောင်ရွက်ပါသည်။ အဆိုပါလုပ်ငန်း အစီအစဥ်တွင် မွေးစကလေးဦးရေ လျော့နည်းမှုနှင့် သက်ကြီးလူဦးရေတိုးပွားမှု၊ ကလေးနှင့် လူငယ်များ၏မသင့်လျော်သောလူနေမှုပုံစံများ၊ ပညာရေးအရည်အသွေး၊ လူငယ်ထုအကြား မူးယစ်ဆေးဝါး သုံးစွဲမှုပြဿနာများ၊ ဆယ်ကျော်သက်များ၏ မသင့်လျော်သော လိင်ပိုင်းဆိုင်ရာ အပြုအမူများနှင့် ကိုယ်ဝန်ဆောင်မှုများအား အဓိက ထား၍ လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၊ အမျိုးသားအဆင့်ကလေးနှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဥ်ကို (၂၀၁၂-၂၀၁၆)အထိ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄ခုနှစ်၊ ၂၀၁၆ ခုနှစ်တို့တွင် ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုင်းနိုင်ငံ၊ အမျိုးသားအဆင့် ကလေးနှင့်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဥ်တွင် ပြည်သူ့ကျန်းမာရေး၊ ပြည်ထဲရေး၊ ပညာရေး၊ အလုပ်သမား၊ ယဥ်ကျေးမှု၊ စက်မှု၊ စိုက်ပျိုးရေးနှင့် သမဝါယမ၊ သိပ္ပံနှင့်နည်းပညာ၊ လူမှုဖွံ့ဖြိုးမှုနှင့် လူသားဘဝလုံခြုံမှု၊ ဟိုတယ်နှင့်အားကစား၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ တရားရေး၊ သယ်ယူပို့ဆောင်ရေးစသော ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အမျိုးသားအဆင့်ကလေးနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်မှုကောင်စီနှင့် ထိုင်းနိုင်ငံ ကလေးနှင့် လူငယ်ကောင်စီတို့ဖြင့်ဖွဲ့စည်း ဆောင်ရွက်ပါသည်။

၇။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၉ခုနှစ်ဥပဒေအမှတ် (၄၀)အရ လူငယ်ပေါ်လစီကို ရေးဆွဲခဲ့ပြီး၊ လူငယ်များပင်ကိုယ်အရည်အသွေးမြင့်မားရေးနှင့် လူငယ်များဘက်စုံကဏ္ဍစုံ၌ ယှဥ်ပြိုင်လိုစိတ်များရှိစေရန် ရည်မှန်းချက်များ ထားရှိဆောင်ရွက်ပါသည်။ လူငယ်၏ အသက်အရွယ်အား (၁၆-၃၀)နှစ် အထိသတ်မှတ်ထားပါသည်။ လူငယ်ပေါ်လစီ၏ ရည်ရွယ်ချက်မှာ လူငယ်များ၏ကိုယ်ရည်ကိုယ်သွေးတိုးတက်စေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ လူငယ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဥ်တွင် လူငယ်များ၏ ဦးဆောင်မှုနှင့် ပင်ကိုယ်အရည်အသွေး၊ ဒေသနှင့်ပြည်နယ်များအတွင်း လူငယ်အတွေ့အကြုံဖလှယ်မှု အစီအစဥ်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအစီအစဥ်၊ HIV/AIDS အသိပညာ ပေးခြင်းနှင့်ကာကွယ်ရေးအစီအစဥ် စသည့်ကဏ္ဍ(၁၃)ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အင်ဒို

နီရှားနိုင်ငံတွင်အင်ဒိုနီးရှားလူငယ်အလုပ်သမားကွန်ယက်(IndonesianYouth Employment Network IYEN)ကို စီပွားရေးရာဝန်ကြီးဌာနမှ ဦးဆောင်၍ လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး ၂၀၀၃ခုနှစ်၊ မေလတွင် စတင်တည်ထောင်ခဲ့ပါသည်။ အဆိုပါ အင်ဒိုနီးရှား လူငယ်အလုပ်သမားကွန်ယက်သည် လူငယ်များ၏ အလုပ်အကိုင်များ တိုးတက်ရရှိစေရန်၊ လူငယ်ရေးရာ အသိပညာများ မြင့်မားစေရန်နှင့် လူငယ်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများတွင် ပါဝင်နိုင်စေရန် လုပ်ငန်းအစီအစဥ်များချမှတ် ဆောင်ရွက်ထားပါသည်။

၈။ ဖိလစ်ပိုင်နိုင်ငံတွင် Republic Act 8044 အရ လူငယ်ထုအသက်ကို(၁၅-၃၀) နှစ် အထိသတ်မှတ်ထားပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဒေသဆိုင်ရာ လူငယ်ဖွံ့ဖြိုးတိုးတက်မှု ကောင်စီများ Local Youth Development Council)(LYDCs) ကို ၂၀၀၃ခုနှစ်၊ Youth Development Act အရ နိုင်ငံနှင့်တစ်ဝန်းမြို့ကြီးများ၌ ဖွဲ့စည်းဆောင်ရွက်ထားပြီး လူငယ်ဆိုင်ရာမူဝါဒများ၊ အစီအစဥ်များ၊ စီမံချက်များ၊ လှုပ်ရှားမှုများအား လူငယ်နှင့် သက်ဆိုင်သော အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ဖိလစ်ပိုင်နိုင်ငံ ဒေသဆိုင်ရာ လူငယ်ဖွံ့ဖြိုးရေးကောင်စီများကို မြို့ကြီးတိုင်း နှင့်စည်ပင်သာယာနယ်မြေတိုင်းတွင် ဖွဲ့စည်းထားပြီး မြို့တော်ဝန်မှဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ပါသည်။

၉။ စင်္ကာပူနိုင်ငံတွင် အမျိုးသားအဆင့်လူငယ်ကောင်စီ(NYC)သည် စင်္ကာပူနိုင်ငံအစိုးရ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးများတွင်ဖွဲ့စည်းထားသည့် ပြည်သူ့အဖွဲ့အစည်း တစ်ခု ဖြစ်ပါသည်။ စင်္ကာပူနိုင်ငံတွင်လူငယ်၏ အသက်ကို(၁၅-၂၉)နှစ်အထိသတ်မှတ်ထားပါသည်။ ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင်စုစည်းထားသောလူငယ်ထုကြီးဖြင့်အမျိုးသားအဆင့် လူငယ်ကောင်စီကို ဖွဲ့စည်းခဲ့ပြီး လူငယ်ရေးရာကိစ္စများကို ဆောင်ရွက်ပါသည်။ အနာဂတ်လူသားအရင်းအနှီးများအတွက် လူငယ်များ၏ ဗဟုသုတ၊ ပင်ကိုယ်စွမ်းရည်၊ ကျွမ်းကျင်မှု၊ ကိုယ်ရည်ကိုယ်သွေးနှင့်လူမှုစီးပွါးဘဝမြင့်မား တိုးတက်ရေးများဆောင်ရွက်သွားရန်နှင့် လူမှုရေး အရင်းအနှီးများအတွက် လူမှုရေးဆိုင်ရာကွန်ယက်များ၊ စံသတ်မှတ်ချက်များနှင့် တန်ဖိုးထားမှုများအား လူမှုရေးဆိုင်ရာ အထောက်အပံ့များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခွင့်ပေးခြင်းများဖြင့် လူငယ်များ၏တန်ဖိုးမြင့်မားစေရန်နှင့်ခံယူချက်ကောင်းများရရှိစေရန် ဆောင်ရွက်သွားပါမည်။ စင်္ကာပူနိုင်ငံတွင် လူငယ်ဆိုင်ရာ မူဝါဒအား လူငယ်များ ဆုံးဖြတ်ပိုင်ခွင့်ရရှိရေး၊ လူငယ်များ

ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံသားလူငယ်တိုင်း တက်ကြွစွာပါဝင်ရေး၊ လူငယ်ကဏ္ဍ နှီးနှော ဖလှယ်မှုများ ဆောင်ရွက်နိုင်ရေး အတွက် အဓိကထား ရေးဆွဲထားပါသည်။

၁၀။ ဘရူနိုင်းနိုင်ငံတွင် လူငယ်များ၏ အသက်ကို (၁၅-၂၅)နှစ်အထိ သတ်မှတ်ထား ရှိပါသည်။ ဘရူနိုင်းနိုင်ငံတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏ ခံယူချက်၊ ရည်မှန်းချက်၊ ဦးတည်ချက်များ မှန်ကန်စေရန်အတွက် ပင်ကိုယ်စွမ်းရည်နှင့် ဗဟုသုတများ တိုးတက်မြင့်မားစေရန် ပြုစုပျိုးထောင်ပေးခြင်း၊ တာဝန်ယူတတ်သော၊ စည်းကမ်းရှိသော၊ မိမိကိုယ်ကိုကာကွယ် စောင့်ရှောက်တတ်ပြီး အရည်အသွေးရှိသော လူငယ်ထုကိုစုစည်းပြီး နိုင်ငံတော်အတွက်ကြံ့ခိုင်ပြီးပေါင်းစည်းညီညွတ်စွာဆောင်ရွက်တတ်သောလူငယ်များ ဖြစ်ထွန်းလာစေရန်အတွက် လူငယ်ဆိုင်ရာမူဝါဒများကို ရေးဆွဲထားပါသည်။ ဘရူနိုင်းနိုင်ငံတွင် လူငယ်ရေးရာဝန်ကြီးဌာနမှ ဦးဆောင်၍ အခြားသော လုပ်ငန်းအဖွဲ့များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ပူးပေါင်း၍ လူငယ်ဆိုင်ရာမူဝါဒများ၊ လုပ်ငန်းအစီအစဉ်များကို ချမှတ်ခြင်းနှင့်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ပါသည်။ အဆိုပါ လူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်တွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံ စွမ်းရည်ကျွမ်းကျင်မှု၊ ပင်ကိုယ်စွမ်းရည်တိုးတက်မှု၊ အလုပ်အကိုင်နေရာချထားပေးမှု အစီအစဉ်များ ပါဝင်ခြင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Youth Development Cooperatives)များ တည်ထောင်ထားခြင်းတို့ကို လည်းဆောင်ရွက်ထားရှိပါသည်။

၁၁။ ကမ္ဘောဒီးယားနိုင်ငံတွင်လူငယ်၏အသက်ကို(၁၅-၂၄)နှစ်အထိသတ်မှတ်ထားပါသည်။ လူငယ်ရေးရာကိစ္စများကို နိုင်ငံတော်ဝန်ကြီးချုပ်၏ အစိုးရအဖွဲ့မှ တာဝန် ပေးအပ်ထားသော လူငယ်ရေးရာဦးစီးဌာနသည် အမျိုးသားအဆင့်မဟာဗျူဟာ ဖွံ့ဖြိုးမှု စီမံကိန်း (၂၀၀၆-၂၀၁၅) ကိုရေးဆွဲပြီး သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမားနှင့် သက်မွေးပညာသင်တန်းများဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ လူမှုရေး၊ စစ်မှုထမ်းများနှင့် လူငယ်များ ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာန၊ ခရီးသွား လာရေးဝန်ကြီးဌာန၊ အမျိုးသမီးရေးရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ပါသည်။ ထို့အပြင် အမျိုးသားအဆင့် လူငယ်ရေးရာမူဝါဒကို ၂၀၁၉ခုနှစ်တွင် ရေးဆွဲခဲ့ပြီး လူငယ်များသည် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရေးအတွက် လူငယ်ကို ဗဟိုပြုသော နိုင်ငံတော်အဆင့် လမ်းညွှန်ချက်

များချမှတ်ခြင်း၊ အမျိုးသားအဆင့် လူငယ်ရေးရာကောင်စီများ ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက် ပေးပါသည်။

**ဖွံ့ဖြိုးပြီးနိုင်ငံများ၏လက်ရှိအခြေအနေ**

၁၂။ အိန္ဒိယနိုင်ငံတွင် လူငယ်ထု၏အသက်အား (၁၃-၃၅)နှစ်အထိ သတ်မှတ်ထားပါသည်။ လူငယ်ဆိုင်ရာလုပ်ငန်းယန္တရားနှင့် လူငယ်ဆိုင်ရာမူဝါဒများကို လူငယ်ရေးရာနှင့် အားကစား ဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်ပါသည်။ လူငယ်ရေးရာကိစ္စများနှင့်ပတ်သက်၍ ပညာရေး၊ သင်တန်းတက်ရောက်မှုနှင့် အလုပ်အကိုင်ရရှိမှု၊ ကျန်းမာရေးနှင့်မိသားစုရေးရာ၊ သိပ္ပံနှင့် နည်းပညာ၊ အားကစားနှင့်အပန်းဖြေအနားယူမှု၊ ပြည်သူ့ကျင့်ဝတ်နှင့် ကောင်းမွန်သော နိုင်ငံသားဖြစ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဂေဟစနစ်နှင့် တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်း စောင့်ရှောက်မှု စသည့် လုပ်ငန်များကိုဆောင်ရွက်ပါသည်။ အိန္ဒိယနိုင်ငံတွင် ပထမအကြိမ် လူငယ်ဆိုင်ရာမူဝါဒကို ၁၉၈၈ခုနှစ်တွင် ပြဌာန်းခဲ့ပါသည်။ ၂၀၀၃ခုနှစ်တွင် လူငယ်ဆိုင်ရာ မူဝါဒကို ထပ်မံပြဌာန်းပါသည်။ အိန္ဒိယနိုင်ငံတွင် လူငယ်ရေးရာမူဝါဒအတွက် လုပ်ငန်း ဆောင်ရွက်မှု လုပ်ငန်းယန္တရားအဖွဲ့တွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရများနှင့် လူငယ် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေသော ဝန်ကြီးဌာနများ၊ ဦးစီးဌာနများဖြင့် ဖွဲ့စည်း ဆောင်ရွက် ပါသည်။ ထို့အပြင် အမျိုးသားအဆင့်လူငယ် ဖွံ့ဖြိုးမှု ရန်ပုံငွေကို အစိုးရအဖွဲ့အစည်းများအပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြင့် တည်ထောင် ဖွဲ့စည်း ထား ပါသည်။

၁၃။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူငယ်၏ အသက်အား(၁၅-၃၀)နှစ်အထိ သတ်မှတ်ထားပါ သည်။ ၂၀၀၃ခုနှစ်တွင် လူငယ်ဆိုင်ရာမူဝါဒကို ပြဌာန်းခဲ့ပြီး လူငယ်ရေးရာကိစ္စများကို လူငယ် နှင့် အားကစားဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူငယ်ရေးရာ ကိစ္စများ ဆောင်ရွက်ရာ၌ လူငယ်များစိတ်ဓါတ်နှင့် ခံယူချက်မြင့်မားစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်စေရန်၊ လူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လာစေရန်နှင့် လူငယ်များအား ဆုံးဖြတ်ချက် ချနိုင်ရန်အတွက် အခွင့်အလမ်းပေးရန်စသည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးပါသည်။

၁၄။ ပါကစ္စတန်နိုင်ငံတွင် လူငယ်၏ အသက်အား(၁၅-၂၉)နှစ်အထိ သတ်မှတ်ထားပါသည်။ ပါကစ္စတန်နိုင်ငံတွင် အမျိုးသားအဆင့်လူငယ်ဆိုင်ရာမူဝါဒကို ပါကစ္စတန်အစိုးရနှင့် လူငယ်

ရေးရာ ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ၁၉၈၉ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး လူငယ်ရေးရာကိစ္စရပ်များ ဖြစ်သော လူငယ်များ၏ ရည်မှန်းချက်/ ရည်ရွယ်ချက်ထားရှိမှု၊ ပင်ကိုယ်စွမ်းရည်တိုးတက်မှု၊ လူမှုရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ လူငယ်ဆိုင်ရာပြဿနာများ၊ စိန်ခေါ်မှုများ၊ အန္တရာယ်ကျရောက်လွယ်မှုများနှင့် အခြားသောဆက်နွယ်နေသည့် ပြဿနာရပ်များစသည့် အခြေအနေများအပေါ်တွင် သတ်မှတ်ထားပါသည်။

၁၅။ သီရိလင်္ကာနိုင်ငံတွင် လူငယ်၏အသက်အား(၁၅-၂၉)နှစ်အထိ သတ်မှတ်ထားပါသည်။ အခြေခံဥပဒေအား အသိပညာပေးခြင်း၊ လူငယ်ဆိုင်ရာ အခွင့်အရေးများအား တာဝန်ယူမှု၊ တာဝန်ခံမှု၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရန်၊ နိုင်ငံတော် စည်းလုံး ညီညွတ်မှုနှင့် ဒီမိုကရေစီစနစ်၏ စည်းမျဉ်းဥပဒေများအား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် အတွက် အမျိုးသားအဆင့် လူငယ်ဆိုင်ရာမူဝါဒ (မူကြမ်း)ကို ၂၀၀၅ခုနှစ်တွင် ရေးဆွဲခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံတွင် အမျိုးသားအဆင့် လူငယ်ရေးရာကောင်စီကို ၁၉၆၇ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ပါသည်။ လူငယ်ဆိုင်ရာဖွံ့ဖြိုးမှု ကဏ္ဍများအတွက်လူငယ် အဖွဲ့အစည်း များ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လူငယ်များ၏ခေါင်းဆောင်မှု၊ ယဉ်ကျေးမှုဆိုင်ရာများ ဖွံ့ဖြိုး တိုးတက် မှု၊ စီးပွားရေးဖွံ့ဖြိုးမှု အစီအစဉ်များ၊ သက်မွေးမှုဆိုင်ရာ လမ်းညွှန်မှုများနှင့် သက်မွေးမှု သင်တန်းများ၊ ကျန်းမာရေးနှင့် နှစ်သိမ့်ဆွေးနွေးခြင်းများ၊ ဆက်သွယ်ရေးတိုးတက်မှုများကို ဆောင်ရွက်သွားရမည်။

**ရည်ရွယ်ချက်**

၁၆။ အနာဂတ်နိုင်ငံတော်အတွက်ပခုံးပြောင်းတာဝန်ယူမည့်လူငယ်လူရွယ်များအတွက် ဖွံ့ဖြိုး တိုးတက်ရန် အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်ကောင်းများ ဖြစ်ပေါ်လာစေရန်။

**မူဝါဒချမှတ်ခြင်း**

၁၇။ အောက်ပါအတိုင်းမူဝါဒချမှတ်ဆောင်ရွက်ပါမည်-

(က) အသက်(၁၈)နှစ်မှ(၂၄)နှစ်အထိလူငယ်ဟုသတ်မှတ်ပါမည်။
(ပြောင်းလဲသတ်မှတ် နိုင်ပါသည်)

(ခ) လူငယ်တို့၏သဘာဝကို အခြေခံ၍ ဖွံ့ဖြိုးရေးကို ဦးတည်ပြီးရင်းနှီးမြှပ်နှံမှုကို ပြုလုပ် ပါမည်။

(ဂ) ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားနိုင်ငံရေး ခံယူချက်အဖြစ် ထားရှိပြီး ဆောင်ရွက်ရမည်။

(ဃ) အများအကျိုးကို ဆောင်ရွက်ရသော လူမှုရေးလုပ်ငန်းတစ်ခုခုတွင် ပါဝင်လာအောင် စီမံပေးရမည်။

(င) အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ ဖွင့်လှစ်ပြီး တက်ရောက်နိုင်ရေး စီမံ ပေးရမည်။

(စ) ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအတတ်ပညာများ သင်ယူနိုင်ရေးနှင့် ဦးစီး ဦးဆောင် လုပ်ခွင့်များ စီမံပေးရမည်။

(ဆ) ရပ်ရွာဒေသ အကျိုးပြုလူငယ်အဖွဲ့များတွင် ပါဝင်စေရန် ဆောင်ရွက်ပေးရမည်။

(ဇ) ကျန်းမာရေးစောင့်ရှောက်မှု အသိပညာနှင့် ပညာရေးဝန်ဆောင်မှု အသိပညာကို လည်း လေ့လာနိုင်စေရမည်။

(ဈ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲလာမှုကြောင့် ဖြစ်ပေါ်စေတတ်သော သဘာဝဘေးအန္တရာယ်၏ ဆိုးကျိုးများနှင့် အန္တရာယ် လျှော့ချရေးလုပ်ငန်း စဉ်များတွင် တက်ကြွစွာပါဝင်စေရမည်။

(ည) ဆောင်ရန်၊ ရှောင်ရန်လုပ်ငန်းစဉ်များကို နားလည်ပြီး မိမိအားသန်သော ဆောင်ရန် ကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရေး စီမံပေးရမည်။

(ဋ) အပြည်ပြည်ဆိုင်ရာ လူငယ်စောင့်ရှောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အမြဲနှိုင်းယှဉ် လေ့လာသုံးသပ် ဖေါ်ထုတ်ပေးနေရမည်။

(ဌ) အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီပွားရေး၊ လူမှုရေး လုပ်ငန်းများ အတွက် ကြိုတင်ပြင်ဆင်ပေးရမည်။

(ဍ) အခွင့်အရေး(၄)ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင် ဆောင်ရွက်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်တို့ကို ရရှိခံစားစေပြီး မရသေးသော အခွင့်အရေး ရှိနေသူများအား ဖော်ထုတ်ပြီး ခံစားနိုင်အောင် ဆောင်ရွက်ပေး ရမည်။

(ပ) နိုင်ငံခြားပညာတော်သင်သွားရောက်ခွင့်ကို အထူးဦးစားပေး ခံစားရရှိစေပြီး၊ မကောင်းသော အကျိုးသက်ရောက်မှု၊ ဆိုးကျိုးများ မဖြစ်ပေါ်စေရေးအတွက် အမြဲ စောင့်ကြည့်သုံးသပ်ပေးနေရမည်။

(ဏ) လူငယ်အဆင့်တွင်ပြုစုပျိုးထောင်ခြင်းအဆင့်ကိုကျော်လွန်လာပြီဖြစ်၍လေ့ကျင့်သင်ကြားခြင်းအဆင့်တွင် ကျွမ်းကျင်မှုရရှိအောင် တည်ငြိမ်စွာ ဆောင်ရွက်တတ်အောင် ဆောင်ရွက်ပေးရမည်။

(တ) ကိုယ်ကျင့်တရားကောင်းသူ၊ ဂုဏ်သိက္ခာရှိခြင်းကို တန်ဘိုးထားတတ်သူများ ဖြစ်စေရန် စည်းကမ်းစနစ်ကျခြင်း ရှိစေရန်လေ့ကျင့်ပေးရမည်။

**လုပ်ငန်းစဉ်များချမှတ်ခြင်း**

၁၈။ အောက်ပါလုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ပါမည်-

(က) လေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးခြင်း

( ခ) အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ အသိပညာပေးခြင်း

( ဂ) လေ့လာရေးခရီးစဉ်များစီစဉ်ပေးခြင်း

(ဃ) နည်းပညာဖြင့် ကွန်ယက်တစ်ခုဖွင့်၍ထိန်းကြောင်းပေးခြင်း

( င) တွေ့ဆုံပွဲများစီမံပေးခြင်း

( စ) ထူးချွန်လူငယ်များ ပေါ်ပေါက်ရေးအစီအစဉ်ဖြင့် ဘဝမြှင့်တင်ရေးဆောင်ရွက်ပေးခြင်း

(ဆ) လမ်းကြောင်းလွဲနေသူများကို ပြုပြင်ပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း

( ဇ) အချိန်ကာလအလိုက် ဦးစားပေးနယ်ပယ်ရွေးချယ်၍ ဆောင်ရွက်ခြင်း

( ဈ) နိုင်ငံခြားပညာတော်သင် သွားရောက်နိုင်ရေး စီမံပေးခြင်း

(ည) အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ အံဝင်ခွင်ကျ တာဝန်ထမ်းဆောင်စေခြင်း၊ အလုပ်ခွင်ဝင်စေခြင်း

( ဋ) ဦးစီးဦးဆောင်လုပ်၍ စီမံခန့်ခွဲရသော လုပ်ငန်းများကို ဖော်ဆောင်ပေးပြီး ခေါင်းဆောင်မှုကို ရရှိစေခြင်း

( ဌ) ကိုယ်ကျင့်တရားကောင်းသောသူများဖြစ်စေရန် စည်းကမ်းစနစ်တကျ နေထိုင်သူများ ဖြစ်စေရန် ဆောင်ရွက်ခြင်း

(ဍ) လက်အောက်သို့ စောင့်ရှောက်ခွင့်နှင့် ဝမ်းသာပီတိဖြစ်ခြင်းတို့ အပေါ် ကျေနပ်နိုင် စေခြင်း

(ပ) ရာဇဝတ်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လူကုန်ကူးမှုတို့သည် ဘဝတစ်ခုလုံး ပျက်စီးသွားတတ်သည်ကို သိရှိပြီးရှောင်ရှားနိုင်စေရန် အသိပညာပေးဆောင်ရွက်ခြင်း။

**လူငယ်နှင့်ပါဝင်ဆောင်ရွက်သောနယ်ပယ်များ**

၁၉။ အောက်ပါအတိုင်းသတ်မှတ်ဆောင်ရွက်ပါမည်-

(က) လူငယ်နှင့်ကျန်းမာရေး

(ခ) လူငယ်နှင့်ပညာရေး

(ဂ) လူငယ်နှင့်အားကစား

(ဃ) လူငယ်နှင့်အလုပ်အကိုင်

(င) လူငယ်နှင့်သဘာဝပတ်ဝန်းကျင်

(စ) လူငယ်နှင့်သတင်းအချက်အလက်နည်းပညာ၊ခေတ်မီနည်းပညာ

(ဆ) လူငယ်နှင့်ပြည်သူ့နီတိကဏ္ဍ

(ဇ) လူငယ်နှင့်ရပ်ရွာလူမှုရေးလုပ်ငန်းများ

(ဈ) လူငယ်နှင့်ငြိမ်းချမ်းရေး

(ည) လူငယ်နှင့်ဆင်းရဲနွမ်းပါးမှု

(ဋ) လူငယ်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု

(ဌ) လူငယ်နှင့်ရာဇဝတ်မှုကျူးလွန်ခြင်း

(ဍ) လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ်

(ဎ) လူငယ်နှင့် ကျားမခွဲခြားမှုပပျောက်ရေး

(ဏ) လူငယ်နှင့်ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ မျိုးချစ်စိတ်ဓါတ်ခံယူမှု

**ဆောင်ရွက်မည့်နည်းလမ်းများ**

၂၀။ အောက်ပါနည်းလမ်းများအတိုင်းဆောင်ရွက်ပါမည်-

(က) **လူငယ်နှင့်ကျန်းမာရေး။** နိုင်ငံတော်၏ အဖိုးတန် အရင်းအမြစ်များ ဖြစ်သော လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှုသည် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်မဒေါက်တိုင်တစ်ခုဖြစ်ပါသည်။ လူငယ်များကို ကျန်းမာ

ကြံ့ခိုင်သော နိုင်ငံသားကောင်းရတနာများ ဖြစ်လာစေရေးအတွက် လူငယ်အဖွဲ့အစည်းများမှ ကျန်းမာရေးအသိပညာများမျှဝေခြင်း၊ မျိုးဆက်ပွားကျန်းမာရေး ပညာပေးခြင်း၊ ရောဂါပိုးကူးစက်ပြန့်ပွားမှုနှင့် ခုခံအားကျဆင်းမှုရောဂါအကြောင်းအသိပညာဖြန့်ဝေခြင်း၊တကိုယ်ရည်သန့်ရှင်းမှု အလေ့အကျင့်များအားနည်းခြင်းကြောင့် ရောဂါဖြစ်ပွားခြင်းမှကာကွယ်ရန် အသိပညာ ဖြန့်ဝေခြင်း အစီအစဉ်များကို လေ့ကျင့်သင်ကြားပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်၍ အသိပညာပေး ဆောင်ရွက် သွားပါမည်။

(ခ) **လူငယ်နှင့်ပညာရေး**။ ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာရေးစနစ်များ၌ မိဘများမှ ငွေကြေးမတတ်နိုင်၍ မိမိတို့၏ ကလေးများကို စာသင်ကျောင်းသို့ မပို့လွှတ်နိုင်ခြင်း၊ ပညာသင်ယူနိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း စသောပြဿနာ များကို ရင်ဆိုင်နေရသဖြင့် ၎င်းပြဿနာများကို ဖြေရှင်းရန် လိုအပ်ပါသည်။ ၄င်းအပြင် ဘက်စုံထူးချွန်ထက်မြက်သော လူငယ်လူရွယ်များကို မွေးထုတ် ပေးရန်အတွက် လူငယ်စခန်းသွင်း လေ့ကျင့်ရေးအစီအစဉ်များနှင့် နိုင်ငံတကာလူငယ်ပူးပေါင်းဖလှယ်ရေးအစီအစဉ်များဆောင်ရွက်ပြီး လူငယ်များအချင်းချင်း အခြေခံပညာရပ်များ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ပြန်လည်မျှဝေသော နိုင်ငံခြားပညာတော်သင် သွားရောက်နိုင်ရေးစီမံပေးခြင်း အစီအစဉ်များကို ဆောင်ရွက်သွားရမည်။ လူငယ်တွေ့ဆုံပွဲ အစီအစဉ်များမှတဆင့် လူငယ်များအကြား အပြန်အလှန်လေးစားမှုနှင့် နားလည်မှုစိတ်ဓါတ်များ၊ ရိုင်းပင်းကူညီမှုနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်ပေး သွားရပါမည်။ ထူးချွန်လူငယ်များ ပေါ်ပေါက်ရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ၏ဘဝကို မြှင့်တင်ပေးရမည်။

(ဂ) **လူငယ်နှင့်အားကစား**။ အားကစားကဏ္ဍသည်ပညာရေးနှင့် ကျန်းမာရေးအစီအစဉ်များတွင် လူငယ်များပါဝင်လာစေရန် ဆွဲဆောင်နိုင်သော လှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။ အားကစား အစီအစဉ်များသည် လူငယ်လူရွယ်များကို ကျောင်းတက် မှန်စေရန် တွန်းအားပေးနိုင်ပြီး သင်ယူမှုစွမ်းရည်ကို တိုးတက်စေပါသည်။ ယှဉ်ပြိုင်မှုများကို မည်သို့ရင်ဆိုင်ရမည်။ အောင်နိုင်ခြင်းနှင့် ရှုံးနိမ့်

ခြင်းအပေါ် မည်သို့ရဲဝံ့စွာရင်ဆိုင်ရမည်ဆိုသည့်နည်းလမ်းများကိုလည်းတိုးတက်စေရန်လည်း များစွာ အထောက်အကူပြုပါသည်။ ခေါင်းဆောင်မှုစွမ်းရည်နှင့်ကိုယ်ရည်ကိုယ်သွေး တိုးတက်စေရန်လည်း များစွာအထောက်အကူပြုပါသည်။ ရပ်ကွက်/ကျေးရွာအဆင့် အားကစားအစီအစဥ်များကလည်း လူ့အဖွဲ့အစည်းအတွင်း လူငယ်လူရွယ်များနှင့် အရွယ်ရောက်ပြီးသူများအကြား ပေါင်းစည်းညီညွတ်မှုနှင့် လူမှုရေးအရင်းအနှီးများကို တည်ဆောက်ပေးနိုင်ပါသည်။ ထိုသို့လူငယ်တစ်ဦး၏ ကာယစွမ်းရည်ဖွံ့ဖြိုးမှု သာမက လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ များစွာထိရောက်မှု ရှိသဖြင့် လူငယ်လူရွယ်များအားလုံးကို အားကစားဖြင့် လေ့ကျင့်ပျိုးထောင်မည့် အားကစားလုပ်ငန်းအစီအစဥ်များရေးဆွဲ၍ နည်းပြကောင်းများဖြင့် အချိန်ယူ လေ့ကျင့်သင်တန်းပေးခြင်း၊ အာဆီယံနိုင်ငံနှင့် နိုင်ငံတကာမှ အားကစားနည်း၊ အတွေ့အကြုံများရရှိစေရန်အတွက် ဖိတ်ခေါ်ပြိုင်ပွဲများ၊ နိုင်ငံတကာသို့ သွားရောက် ယှဥ်ပြိုင်စေခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

(ဃ) **လူငယ်နှင့်အလုပ်အကိုင်**။ ယနေ့ကမ္ဘာအနှံ့တွင် လူငယ်များသည် အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် မိမိနှင့်ထိုက်တန်သော အလုပ်အကိုင်များရရှိစေရန် ခက်ခဲခြင်း ပြဿနာများကို ရင်ဆိုင်နေရပါသည်။ ထိုပြဿနာများသည် လူငယ်များ၏ မိမိကိုယ်ကိုအားကိုး၍ရပ်တည်နေနိုင်မှုကို အတားအဆီးဖြစ်နိုင်ရုံမျှမက လူငယ်များကို စိတ်လေလွင့်မှုများဖြစ်စေပြီး မလိုလားအပ်သော အမူအကျင့်ဆိုးများရရှိစေနိုင်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရာဇဝတ်မှုများကျူးလွန်ခြင်း စသည့်လမ်းလွဲများသို့ တွန်းပို့နိုင်ပါသည်။ ယနေ့မြန်မာနိုင်ငံတွင် ဖြစ်ထွန်း ပေါ်ပေါက်လာသော စီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို မြန်မာလူငယ်များ ထိုက်ထိုက် တန်တန် ရရှိခံစားနိုင်စေရန် လိုအပ်သောကျွမ်းကျင်မှုသင်တန်းများပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ သတင်းအချက်များပေးခြင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင် လုပ်ကိုင်စေရန် ငွေကြေးနှင့်နည်းပညာ အကူအညီများပံ့ပိုးပေးခြင်း၊ လူငယ်များအတွက် အလုပ်အကိုင်

များကို ဖေါ်ဆောင်ပေးပြီး မိမိ၏အတတ်ပညာနှင့် အံဝင်ဂွင်ကျသော လုပ်ငန်းကို ထမ်းဆောင်စေခြင်းတို့ကိုဆောင်ရွက်သွားပါမည်။

(င) **လူငယ်နှင့်သဘာဝပတ်ဝန်းကျင်။** သဘာဝပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှုသည် လူငယ်များ၏ လက်ရှိကာလတွင် သာမက အနာဂတ် ကာလတွင်ပါ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် စိတ်ချမ်းသာ ပျော်ရွှင်စေရေးတို့ အပေါ် တိုက်ရိုက်သက်ရောက်မှု ရှိသည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသည် လူငယ်များ မဖြစ်မနေ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ် ဖြစ်ပါသည်။ ကျောင်းသင်ရိုး ညွှန်းတမ်းများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာများ ထည့်သွင်းသင်ကြားခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီစွာနေထိုင်သည့်အလေ့အကျင့်များ ပျိုးထောင်ပေးခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်၍ အသိပညာ ပေးသွားပါမည်။

(စ) **လူငယ်နှင့်သတင်းအချက်အလက်နည်းပညာ၊ခေတ်မီနည်းပညာ။** မျက်မှောက်ခေတ်အခါကာလတွင် သတင်းနှင့်နည်းပညာ ကွန်ယက်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည်နှင့်အမျှ လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များတွင် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍသည် များစွာ အထောက်အပံ့ ဖြစ်စေပြီး နည်းလမ်းမှန်ကန်စွာ အသုံးချနိုင်စေရန်နှင့် အဆိုပါ သတင်းအချက်နှင့် နည်းပညာများမှ ရရှိလာနိုင်မည့် ဆိုးကျိုးများကိုလည်း လူငယ်များမှ မိမိကိုယ်ကို ကာကွယ်တတ်စေရန် အသိပညာပေးမြှင့်တင်မှုများဆောင်ရွက်ရန် သတင်းအချက် အလက်ဆိုင်ရာ သင်တန်းများအား ပြည်တွင်းပြည်ပမှပညာရှင်များဖိတ်ခေါ်၍ဖွင့်လှစ်ပေးသွားပါမည်။ITနည်းပညာဖြင့် ကွန်ယက်တစ်ခုဖွင့်၍ လူငယ်များဘဝ လမ်းကြောင်း မှန်ကန်အောင် ထိန်းကြောင်း ပေးသွားပါမည်။

(ဆ) **လူငယ်နှင့်ပြည်သူ့နီတိကဏ္ဍ။** နိုင်ငံတော်သည် လူငယ်များ ထူးချွန်ထက်မြက်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ ဗလ

ငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စိတ်ဓါတ်မြင့်မားသော အဖိုးတန်နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်များ၊ ဓလေ့ထုံးစံများ၊ စည်းမျဥ်းစည်းကမ်းများနှင့် နိုင်ငံသားတစ်ဦး၏ တာဝန်နှင့် အခွင့်အရေးများကို ငယ်ရွယ်စဥ်ကပင် စာသင်ကျောင်းများ၌ ပြည်သူ့နီတိ သင်ခန်းစာများ သင်ကြားပေးခြင်း၊ ရပ်ကွက်ကျေးရွာ ဘာသာရေးကျောင်းများတွင် ယဥ်ကျေးလိမ္မာ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ရပ်ရွာစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်သောသူများ ဖြစ်လာစေရန်နှင့် စည်းကမ်းစနစ်တကျ နေထိုင်သူများ ဖြစ်စေရန် ဆောင်ရွက်ပေးပါမည်။

(၉) **လူငယ်နှင့်ရပ်ရွာလူမှုရေးလုပ်ငန်းများ**။ လူငယ်များကို မိမိရပ်ရွာအဖွဲ့အစည်းများအတွင်း ခေါင်းဆောင်နိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အရည်အသွေးများ ရရှိစေရန် စာနာကူညီတတ်သော စိတ်ဓာတ်များ ဖြစ်ထွန်းစေရန် လူမှုအဖွဲ့အစည်းများအတွင်း ရင်းနှီးချစ်ကြည်မှုခိုင်မာစေရန် ရပ်ရွာလူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်း၊ လူငယ်များကို မိမိတို့ရပ်ရွာများအတွင်း လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသော လူငယ် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စေတနာ့ဝန်ထမ်းလုပ်ငန်းရပ်များတွင် ပါဝင်နိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါမည်။ ယခုဖွင့်လှစ် ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်း လူမှုစောင့်ရှောက်ရေးလူငယ်နှင့် သဘာဝဘေးလျော့ပါးရေး စေတနာဝန်ထမ်း လူငယ်နည်းပြသင်တန်းနှင့် ဆင့်ပွားသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆက်လက် ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် လူငယ်များကိုယ်တိုင် ဦးစီးဦးဆောင်ပြုလုပ်၍ စီမံခန့်ခွဲရသော လုပ်ငန်းများကို ဖေါ်ဆောင်ပေးပြီး ခေါင်းဆောင်မှုစိတ်ဓါတ်ရရှိအောင် ဆောင်ရွက်သွားပါမည်။

(၁၂) **လူငယ်နှင့်ငြိမ်းချမ်းရေး**။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းစီမံချက် (Plan of Action) အရ ကြိုတင် ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ရပ်ရွာအဖွဲ့အစည်းများအတွင်း လူထုအသိပညာ ပေးလုပ်ငန်းများ

ဆောင်ရွက်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများအတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား နှုတ်ထွက်ခွင့်ပြုပြီး အဆင်ပြေချောမွေ့စွာ မိသားစုနှင့်ပြန်လည် ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။ ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ (UNCRC)သို့ တင်သွင်းခဲ့သည့် မြန်မာနိုင်ငံ၏ တတိယနှင့် စတုတ္ထအကြိမ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အစီရင်ခံစာ အပေါ်က ကော်မတီမှပေးပို့လာသော Concluding Observation များအရ လက်နက်ကိုင်ပဋိပက္ခအတွင်းရှိ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရန် မိုင်းအန္တရာယ်အသိပညာ ပေးရေးလုပ်ငန်းများ (Mine Risk Education)အား ရပ်ရွာအဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း၊ မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာ၊ ခံယူချက်နှင့်လက်တွေ့ဆောင်ရွက်မှုများကို စစ်တမ်း ကောက်ယူမှု( KAP Survey) ရလဒ်အရ ဒေသနှင့်ကိုက်ညီသော အသိပညာပေးရေး လုပ်ငန်းများ၊ နိုင်ငံတကာစံများနှင့်အညီ မိုင်းအန္တရာယ်အသိပညာပေးရေးစာစောင်၊ စာအုပ်၊ သင်ရိုးညွှန်းတမ်းနှင့် အခြားသော အထောက်အကူပြုပစ္စည်းများအား ထုတ်ဝေနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားပါမည်။ လက်နက်ကိုင် အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ လမ်းကြောင်းလွဲနေသော လူငယ် များကို ပြုပြင်ပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေး သွားပါမည်။

(ည) **လူငယ်နှင့်ဆင်းရဲနွမ်းပါးမှု**။ လူငယ်များ ဆင်းရဲချို့တဲ့မှုကြောင့် အာဟာရ မပြည့်ဝခြင်း၊ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းနည်းပါးခြင်းကြောင့် လူမှုပတ်ဝန်းကျင်အတွင်း ခွဲခြားဆက်ဆံခြင်းများကို လွတ်မြောက်စေနိုင်ရန်အတွက် သက်မွေး ပညာသင်ကြားနိုင်မှုနှင့် ဝင်ငွေရအလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လူငယ်များအတွက် လက်တွေ့ထိရောက်သော သက်မွေးသင်တန်းများကို ဖွင့်လှစ်ပေးပြီး လုပ်ငန်းခွင်သင်တန်းများ(on job training) ၊

အချိန်ပိုင်းအလုပ်များ (Part time Job) ရရှိနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

(၄) **လူငယ်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု**။ ယနေ့ခေတ် လူငယ်များအတွက် အဓိကခြိမ်းခြောက်နေသည့်ပြဿနာမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအား အလွဲသုံးမှုဖြစ်ပေရာ လူငယ်များအကြား မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် အသိပညာပေးခြင်း၊ အားလပ်ချိန်များ၌ လူငယ်များ မိမိဝါသနာပါသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအား လူငယ်အချင်းချင်းတွေ့ဆုံ၍ ဆွေးနွေးပွဲငယ်များကို ပြုလုပ်ကျင်းပသွားပါမည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရာဇဝတ်မှု၊ လူကုန်ကူးမှုစသော နောက်ဆက်တွဲ ပြဿနာများ ဖြစ်ပေါ်ပြီး လူငယ်တို့၏ဘဝတစ်ခုလုံး ပျက်စီးသွားတတ်သည်ကို သိရှိပြီး ရှောင်ရှားနိုင်စေရန်အသိပညာပေးဆောင်ရွက်သွားပါမည်။

(၅) **လူငယ်နှင့်ရာဇဝတ်မှုကျူးလွန်ခြင်း**။ ယနေ့လူငယ်များတွင် ဆင်းရဲနွမ်းပါးမှု၊ မိသားစုပြဿနာများကြောင့် မျှော်လင့်ချက်ကင်းမဲ့မှု၊ လူငယ်အချင်းချင်း အားပြိုင်မှုများနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ အလွန်အကျွံ သုံးစွဲမှုများကြောင့် ရာဇဝတ်မှုများကျူးလွန်ခြင်း၊ အကြမ်းဖက်ခြင်းများကို တွေ့ရှိရသဖြင့် လူငယ်များအား ပြစ်မှုဆိုင်ရာဥပဒေများနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ လူငယ်များအား စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးပေးခြင်း၊ ၄င်းတို့၏ခံစားချက်များကို နားထောင်ပေးခြင်း၊ ဆန္ဒများဖော်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်သွားပါမည်။ လူငယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်၍ စည်းကမ်းတကျနေထိုင်တတ်သူများဖြစ်လာစေရန် ဆောင်ရွက်သွားရမည်။

(၃) **လူငယ်နှင့်လူကုန်ကူးမှုအန္တရာယ်။** ယနေ့ခေတ်လူငယ်များအကြားတွင် စီးပွားရေး ကျပ်တည်းမှု၊ အသိပညာနည်းပါးမှု၊ စွန့်စားလိုမှု၊ တိုင်းတစ်ပါးအား

အထင်ကြီးမှုများကြောင့် လူကုန်ကူးမှုပြဿနာများ ကြုံတွေ့ခံစားနေရသဖြင့် လူကုန်ကူးမှု အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် လူကုန်ကူးခံရသူ လူငယ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆန့်အောင် ဆောင်ရွက်ပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ် သွားပါမည်။

(ဃ) **လူငယ်နှင့် ကျားမခွဲခြားမှုပပျောက်ရေး။** လူငယ်များအကြားတွင် ကျားမခွဲခြားမှု ပပျောက်ရေးနှင့် ကဏ္ဍစုံတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်စေရန်အတွက် ကျားမတန်းတူညီမျှမှုဆိုင်ရာ(Gender and UNCEDAW Perspective Training) အမြင်ဖွင့်သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်ဆောင်ရွက် သွားပါမည်။

(ဏ) **လူငယ်နှင့်ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှု၊ မျိုးချစ်စိတ်ဓါတ်ခံယူမှု။** ယနေ့ခေတ် လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို လက်ခံယူမည့် ခေါင်းဆောင်များဖြစ်သည့်အတွက် လူငယ်များအား ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ၊ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်တက်ရောက်စေခြင်း၊ နိုင်ငံအတွင်း လူငယ်များ မျိုးချစ်စိတ်ဓါတ် ခိုင်မာစေရေးအတွက် ငယ်စဉ်ကပင် နိုင်ငံတော်ကိုဦးဆောင်ခဲ့သော အမျိုးသားခေါင်းဆောင်ကြီးများအကြောင်းအား မိဘများမှ ပုံပြင်ဆန်ဆန်ပြောပြခြင်း၊ ကျောင်းပညာရေးတွင် သင်ခန်းစာများအဖြစ် ထည့်သွင်းသင်ကြားစေခြင်းဖြင့် မိမိနိုင်ငံနှင့် လူမျိုးအပေါ် ချစ်ခင်မြတ်နိုးသောစိတ်၊ အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်လိုသောစိတ်၊ မိမိနိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးလိုသော စိတ်ဓါတ်များ ကိန်းအောင်းလာစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဇာတ်လမ်း၊ ရုပ်ရှင်များ ထုတ်လွှင့်ပေးခြင်း၊ စာပေဟောပြောပွဲများကျင်းပခြင်း၊ လူငယ်များအား မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်စေရေးအတွက် စကားရည်လုပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်သွား ပါမည်။

**နိဂုံး**

၂၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မျိုးဆက်သစ်လူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းမွန်မှု လူမှုဆက်ဆံရေးကောင်းမွန်မှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှုစသည့် အခြေခံကောင်းများ ပြည့်စုံရန်လိုအပ်ပြီး အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကိုလည်း ပခုံးပြောင်းတာဝန်ယူ ထမ်းဆောင်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် လူငယ်များသည် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်အောင်ကြီးမားသော အင်အားစု အရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါလူငယ်များအားလုံးကို ဗလငါးတန်ပြည့်ဝစေပြီး ဘက်စုံအရည်အသွေးမြင့်မားစေသည့် လူငယ်များဖြစ်လာစေရန် အထူးအလေးထား ပြုစုပျိုးထောင်သွားရမည် ဖြစ်သောကြောင့် ဤလူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန် စာအုပ်ပြုစုရခြင်းဖြစ်ပါသည်။

## အခန်း(၄)

## အလုပ်လုပ်သော အရွယ်

၁။ လူမှုကာကွယ်စောင့်ရှောက်ရေး၏ အခြားအရေးပါသော အကြောင်းအရာ(၂)ခု ဖြစ်သည့် လူမှုဖူလုံရေးလုပ်ငန်းများ (Social Security)နှင့် လုပ်သားဈေးကွက်ကြားဝင် ဆောင်ရွက်ခြင်း (Labour Market Intervention)တို့သည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသောလုပ်ငန်းများဖြစ်ပါသည်။

၂။ ဤလုပ်ငန်းလမ်းညွှန်စာအုပ်တွင် အလုပ်လုပ်သော အသက်အရွယ်အပိုင်းအခြားအား (၁၈)နှစ်မှ (၆၀)နှစ်အထိ သက်မှတ်ထားရှိပါသည်။ အလုပ်လုပ်သော အသက်အရွယ် အပိုင်းအခြားတွင်ရှိသောသူများသည် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသူများဖြစ်သည့်အတွက် ၎င်းတို့အား ကာကွယ်စောင့်ရှောက်မှုပေးခြင်းသည် လွန်စွာမှ အရေးကြီးပါသည်။ ထိုအလုပ်လုပ်သော အသက်အရွယ်အပိုင်းအခြားတွင် ရှိသူများအတွက် ဆောင်ရွက်ပေးရန် လိုအပ်သော လုပ်ငန်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးခြင်း၊

(ခ ) လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိသူများအတွက် ကျွမ်းကျင်မှု မြှင့်တင်ပေးခြင်း၊

(ဂ ) လုပ်ငန်းခွင်လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ပေးခြင်း၊

(ဃ) လုပ်သားအင်အားနှင့် လုပ်အားဈေးကွက် ချိတ်ဆက်ပေးခြင်း၊

၃။ ထိုအသက်အရွယ် အပိုင်းအခြားအရ အလုပ်လုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော်လည်း မိသားစုအလိုက် လူမှုစီးပွားဘဝ ချို့တဲ့သောအခါ၌ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုဝန်ထမ်းနည်းစနစ်များဖြင့် ကာကွယ်စောင့်ရှောက်မှု ပေးသွားရမည် ဖြစ်ပါသည်။

# အခန်း(၅)

# သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း

## နိဒါန်း

၁။ ကမ္ဘာပေါ်တွင် ခေတ်သစ်နည်းပညာများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိဖြင့် နေထိုင်လာခြင်းကြောင့် လူ့သက်တမ်းသည် တိုးမြင့်လာခဲ့သဖြင့် သက်ရှည်ကျန်းမာသူဦးရေ တိုးတက်များပြားလာပါသည်။ လူဦးရေတိုးပွားမှုများသကဲ့သို့ သက်ကြီးရွယ်အို အရေအတွက်လည်း များပြားလာသည်။ နှစ်စဉ်တိုးတက်များပြားလာသော သက်ကြီးရွယ်အိုများတွင် ရပ်တည်ရန် ခက်ခဲသူများ၊ စောင့်ရှောက်မှုပေးရန် လိုအပ်သူ များပြား လာခြင်းသည် နိုင်ငံတော်အစိုးရနှင့် လူမှုအသိုင်းအဝိုင်းအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ပေါ်ပေါက်လာရပေသည်။

## မြန်မာနိုင်ငံနှင့်သက်ကြီးရွယ်အို

၂။ မြန်မာနိုင်ငံတွင် လူအများစုသည် ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်ပြီး အဘိုးအဘွား၊ အဖေအမေ၊ သားသမီး၊ မြေးမြစ် အတူတကွနေထိုင်သော လူနေမှုစနစ်ရှိကြပါသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ မိဘ၊ သက်ကြီးရွယ်အိုများအား ဘုရားနှင့်တစ်ဂိုဏ်းတည်း တန်ဖိုးထားသဖြင့် အဘိုးအဘွားရှိသော အိမ်ထောင်စုသည် ကျက်သရေမင်္ဂလာရှိခြင်း၊ လုံခြုံမှုရှိခြင်း၊ အမှားအယွင်းနည်းသော လူနေမှုဘဝကိုရခြင်း၊ အစဉ်အလာကိုထိန်းသိမ်းနိုင်ခြင်းစသည့် အခွင့်အရေးများ ရရှိနိုင်ပါသည်။ သက်ကြီးရွယ်အိုတို့၏ တန်ဘိုးသည် အလွန်ကြီးမားသဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးသည် လက်ရှိတွင် ပြဿနာတစ်ရပ်၊ စိန်ခေါ်မှုတစ်ရပ်အဖြစ်သို့ မရောက်ရှိနိုင်သေးပေ။ မြို့ပြနှင့် ကျေးလက်ဒေသလူနေမှုစနစ် မတူညီမှုကလည်း သက်ကြီးရွယ်အိုပြဿနာကို ဖြေရှင်းပုံ မတူညီကြပေ။ ကျေးလက်ဒေသတွင် မှီခိုရန်ဆွေမျိုးသားချင်းမရှိသောအခါ ယောကျ်ားဖြစ်ပါက ဘုန်းကြီးကျောင်း၊ မိန်းမဖြစ်ပါက ဖွားသီလရှင်ကျောင်းတို့တွင် အသက်ထက်ဆုံး နေထိုင်သွားကြပေသည်။ ထိုဖြစ်စဉ်မျိုးကလည်း ရွာတိုင်းတွင် ရှိသည်တော့မဟုတ်ပေ။ ဆွေမျိုးသားချင်း ရှိပါက နေ့ပိုင်းတွင် လူငယ်များအလုပ်သွားချိန် စောင့်ရှောက်မှုကို ဘေးအိမ်မှ တာဝန်ယူတတ်ကြပေသည်။ မြို့ပြတွင်ရှိသော သက်ကြီးရွယ်အိုများအတွက် ယခုကာလ၌ အဓိကလိုအပ်ချက်မှာ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ ဖြစ်ပေသည်။ ငယ်ရွယ်သူများအလုပ်သွားချိန် တစ်ဦးတည်း ကျန်ရှိခဲ့မည်ဖြစ်၍ နေ့ခင်းပိုင်း စောင့်

ရှောက်မှုလိုအပ်မည် ဖြစ်ပေသည်။ မိသားစု၊ ဆွေမျိုးသားချင်း စောင့်ရှောက်မှု မရနိုင်ခြင်းနှင့် မခံယူလိုသော သက်ကြီးရွယ်အိုများအတွက် ဘိုးဘွားရိပ်သာဖြင့် စောင့်ရှောက်မှုပေးရာ တစ်နိုင်ငံလုံးရှိ ဘိုးဘွားရိပ်သာ (၇၁)ခုတွင် ဘိုးဘွားပေါင်း(၂၃၈၉)ဦးအား စောင့်ရှောက်မှု ပေးလျက်ရှိပါသည်။ ပြောင်းလဲလာသော ယဉ်ကျေးမှု၊ စီးပွားရေးဘဝနှင့် လူနေမှုစနစ်များကြောင့် ရပ်တည်ရန် ခက်ခဲသော သက်ကြီးရွယ်အို အရေအတွက် များပြားလာမှုနှင့် နောင်ဆယ်စုနှစ်များတွင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးသည် စိန်ခေါ်မှုပြဿနာတစ်ရပ် ဖြစ်လာမည်ဟု ခန့်မှန်းရပေသည်။ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရာတွင် လူမှုဘဝနယ်ပယ်တွင် စောင့်ရှောက်ခြင်းသည် အကောင်းဆုံးဖြစ်ပြီး ရိပ်သာစောင့်ရှောက်ရေးစနစ်မှာ မဖြစ်မနေလိုအပ်မှ သာ ဆောင်ရွက်ပေးရသောလုပ်ငန်း ဖြစ်သည်ကို သတိပြုဆောင်ရွက်ကြရပေမည်။

၃။ လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဌာနအခြေပြုလုပ်ငန်း၊ ရိပ်သာအခြေပြုလုပ်ငန်းနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဌာနအခြေပြုလုပ်ငန်းအဖြစ် လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာတစ်ခုအား ဖွင့်လှစ်၍ အသက် ၇၀ နှစ်အထက် သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးလျက် ရှိပါသည်။ ရိပ်သာအခြေပြုလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာများဖွင့်လှစ်၍ စောင့်ရှောက်သူမရှိသော သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှု ပေးလျက်ရှိပါသည်။ နိုင်ငံတော်မှ အဆိုပါဘိုးဘွားရိပ်သာများအတွက် နှစ်စဉ်ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိပါသည်။ ရပ်ရွာအခြေပြုလုပ်ငန်းအဖြစ် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ ( Help Age International ) မှဦးဆောင်၍ မိတ်ဖက်အဖွဲ့အစည်း (၁၀)ခုဖြင့် စောင့်ရှောက်မှုပေးလျက်ရှိပါသည်။ အသက်အရွယ်ကြီးရင့်သော်လည်း အလုပ်လုပ်နိုင်စွမ်းရှိသော သက်ကြီးရွယ်အိုများအတွက် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ကို HAI မှ ဦးဆောင်ဖွဲ့စည်းလျက် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် သက်ကြီးရွယ်အိုများနှင့် ၎င်းတို့၏မိသားစုများ၊ ရပ်ရွာလူထုအတွက် အကျိုးပြုမည့် သက်ကြီးရွယ်အိုများ ဦးစီးသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အစီအစဉ်ကို တိုင်းဒေသကြီး/ပြည်နယ် (၃)ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်

ရှိပါသည်။ ထိုသို့ ရပ်ရွာအခြေပြုလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် သက်ကြီးရွယ်အိုများသာမက မိသားစုဝင်များနှင့် ရပ်ရွာပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့်အပြင် သက်ကြီးရွယ်အိုတို့၏ စွမ်းရည်ကို မြှင့်တင်ပေးနိုင်ပြီး သက်ကြီးရွယ်အိုများမှ မိသားစု ရပ်ရွာအပေါ် မှီခိုလိုစိတ် လျော့ပါးစေပြီး မိသားစုရပ်ရွာအပေါ်ကျရောက်မည့် ဝန်ထုတ်ဝန်ပိုးကို လျော့ချစေနိုင်မည် ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နေထိုင်ကြသော သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရေးလုပ်ငန်းသည် ပြီးပြည့်စုံမှုရှိသော မှန်ကန်သည့်စောင့်ရှောက်ရေးစနစ် ဖြစ်နေစေရန်။

## မူဝါဒချမှတ်ခြင်း

၅။ အောက်ပါအတိုင်းမူဝါဒချမှတ်ပါမည် -

(က) အသက် ၆၀ ပြည့်ပြီးသော ပုဂ္ဂိုလ်အားလုံးအား သက်ကြီးရွယ်အိုဟု သတ်မှတ်ပါမည်။ အစိုးရ၏ အငြိမ်းစားပေးသောစနစ်အရ အသက်ကန့်သတ်ချက်များ ပြောင်းလဲသွားနိုင်ပါသည်။

(ခ) သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းသည် မိသားစုအတွင်း စောင့်ရှောက်ရေးသည် မှန်ကန်သောနည်းလမ်းအဖြစ် ခံယူထားပြီး မဖြစ်နိုင်သောအခါမှသာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကို ခံယူစေရမည်။

(ဂ) ရိုးရာအစဥ်အလာအရ သက်ကြီးရွယ်အိုတို့၏တန်ဖိုးကို နားလည်သိတတ်၍ တန်ဖိုး ထားတတ်ရမည်။

(ဃ) သက်ကြီးရွယ်အိုတို့၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံနှင့် သင်ခန်းစာများကို ဖော်ထုတ်ရယူနိုင်ရမည်။

(င) သက်ကြီးရွယ်အိုထောက်ပံ့ရေးဆောင်ရွက်ရာတွင် မြို့ပြ၊ကျေးလက်၊ မြေပြန့်၊ တောင်ပေါ်စသည်ဖြင့် မတူညီသောသဘာဝများအပေါ် အခြေခံပြီး ဆောင်ရွက်ပေးရမည်။

(စ) စောင့်ရှောက်ရေးလုပ်ငန်းများကို တာဝန်ပေးဆောင်ရွက်ရာတွင် ဝန်ထမ်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဝါသနာအရစောင့်ရှောက်သူများနှင့် ပူးပေါင်းဖွဲ့စည်း စောင့်ရှောက်မှုပေးပါမည်။

(ဆ) အသက်(၇၀)နှစ်အထက် သက်ကြီးရွယ်အိုများအား သင့်တော်သော ငွေကြေး ထောက်ပံ့မှုလုပ်ငန်းကို စည်းမျဥ်း၊စည်းကမ်းချက်များ သတ်မှတ်ပြီး ဆောင်ရွက် ပေးရမည်။

(ဇ) အခမဲ့၊ အခပေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးရမည်။

(ဈ) နိုင်ငံတော်မှ ငွေကြေးကုန်ကျခံနိုင်မှုအပေါ်အခြေခံပြီး တိုးချဲ့လုပ်ဆောင်သွား ရမည်။

(ည) နိုင်ငံခြားအကူအညီရယူရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီ ဖြစ်၍ တိုက်ရိုက်ပံ့ပိုးကူညီခွင့်ပြုရသော်လည်း တာဝန်ရှိသူမှ လိုက်ပါကြီးကြပ် ပေးခြင်းဖြင့် မှန်ကန်သောစောင့်ရှောက်မှုကို ဖြစ်ပေါ်စေရမည်။

(ဋ) သက်ကြီးရွယ်အိုများအား ပျော်ရွှင်ကျေနပ်ခြင်း၊ ဘဝလုံခြုံခြင်းနှင့် စိတ်ပိုင်း ဆိုင်ရာ သမာဓိတည်ဆောက်ရေးလုပ်ငန်းစဥ်များ ဦးစားပေးဆောင်ရွက်ပေးရ မည်။

**လုပ်ငန်းစဥ်ချမှတ်ခြင်း**

၆။ အောက်ပါအတိုင်း မိသားစုအတွင်း စောင့်ရှောက်မှု၊ ရပ်ရွာလူမှုဘဝအတွင်းနှင့် ဂေဟာ စောင့်ရှောက်ရေးလုပ်ငန်းစဥ်များကို ချမှတ်ဆောင်ရွက်သွားပါမည်-

(က) ဘိုးဘွားများ၏ အရေအတွက်၊ ကျား/မစာရင်းများ ကောက်ယူအတည်ပြုခြင်း၊

(ခ) အသက်(၇၀)နှင့်အထက် ထောက်ပံ့ပေးရန် စာရင်းပြုစုခြင်း၊

(ဂ) ငွေကြေးထောက်ပံ့ရေးစနစ်များ ရေးဆွဲအတည်ပြုခြင်း၊ ငွေကြေးတောင်းခံခြင်း၊ ထောက်ပံ့ခြင်း၊

(ဃ) မိသားစုနှင့် ရပ်ရွာအခြေပြုလုပ်ငန်းအတွက် စောင့်ရှောက်ရေး အဖွဲ့များ ဖွဲ့စည်းပေးခြင်း၊

(င) ကျန်းမာရေးစောင့်ရှောက်မှုအတွက် စီမံဆောင်ရွက်ခြင်း

(စ) ဘိုးဘွားများအတွက် ဥပဒေပေါ်ပေါက်ရေး ဆောင်ရွက်ခြင်း၊

(ဆ) ဘိုးဘွားရိပ်သာများအား ပြည့်စုံသော ထောက်ပံ့မှု၊ စောင့်ရှောက်မှုများ ဖြစ်ပေါ်နေစေရန် ကြိုးကြပ်ခြင်း၊

(ဇ) ဘိုးဘွားတို့လုပ်အားဖြင့် ထုတ်လုပ်မှု၊ ဖျော်ဖြေရေး၊ အစီအစဉ်(ကိုယ်တိုင်) အတွေ့အကြုံကောင်းများ ဖော်ထုတ်ခြင်း၊

(ဈ) နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊

(ည) ဘိုးဘွားများအတွက် ဆေးရုံနှင့် ကျန်းမာရေး စစ်ဆေးခံနိုင်စေရန် စီမံ ဆောင်ရွက်ပေးခြင်း၊

(ဋ) ပျော်ပွဲရွှင်ပွဲ၊ တွေ့ဆုံပွဲများ စီမံပေးခြင်းနှင့် အလှူဒါနပွဲ၊ တရားပွဲငယ်များ စီမံပေးခြင်း၊

(ဌ) ငွေကြေးတတ်နိုင်ပြီး ပြုစုစောင့်ရှောက်ရန် လိုအပ်နေသော ဘိုးဘွားများအတွက် အခကြေးငွေဖြင့် စောင့်ရှောက်သောဂေဟာများ (Paid Home) ဆောင်ရွက်ပေးခြင်း၊

(ဍ) ဘိုးဘွားများ၏ ကျွမ်းကျင်သော အတတ်ပညာများဖြင့် ဖျော်ဖြေတင်ဆက်သည့် အစီအစဉ်များအား နိုင်ငံတော်အဆင့် ပြပွဲ၊ ပြိုင်ပွဲများတွင် ပါဝင်ဆောင်ရွက်ပေးခြင်း၊

(ဎ) ဘိုးဘွားများအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (IT) များ အကျွမ်းတဝင်ရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဏ) ဘိုးဘွားများအတွက် ဇရာဗေဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင် ညှိနှိုင်းရေး ဆောင်ရွက်ပေးခြင်း၊

(တ) ဘိုးဘွားများအတွက် ပို၍ အသက်ရှည် ကျန်းမာနေစေရန် ငယ်စဉ်ဘဝမှစ၍ ကျန်းမာရေး အလေ့အထကောင်းများဖြင့် နေထိုင်ခဲ့သည့်အတိုင်း ဆက်လက်နေထိုင်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊

(ထ) ဘိုးဘွားများအတွက် သင့်တော်သော ကြံ့ခိုင်ရေး အထောက်အကူပြု ပစ္စည်းများဖြင့် လေ့ကျင့်နိုင်ရေး စီစဉ်ပေးခြင်း၊

**အပြည်ပြည်ဆိုင်ရာတွင် ကျင့်သုံးနေသော စောင့်ရှောက်မှုနည်းလမ်းများ**

၇။ နိုင်ငံတကာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို လေ့လာကြည့်ပါက နည်းလမ်း (၆)သွယ်ဖြင့် စောင့်ရှောက်နေကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည်-

(က) အိမ်တိုင်ရာရောက်စောင့်ရှောက်ခြင်း (Home Care for Older People) တနည်းအားဖြင့် စေတနာ့ဝန်ထမ်းအခြေပြု စောင့်ရှောက်ရေးလုပ်ငန်း (Volunteer-Based Care Service)

( ခ) မိသားစုအခြေပြုစောင့်ရှောက်ခြင်း (Home - Based Care Service)

( ဂ) ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း (Community - Based Service)

(ဃ) ဂေဟာငယ်များတည်ထောင်၍ စောင့်ရှောက်ခြင်း (Group Home - Based Service)

( င) စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်စောင့်ရှောက်ခြင်း (Volunteer Elderly Home)

( စ) နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း(Day Care Centre)

**အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း**

၈။ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ရွာအခြေပြု လုပ်ငန်းအဖြစ် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါလုပ်ငန်းမှာ နိုင်ငံတကာစောင့်ရှောက်မှုလုပ်ငန်းတစ်ခု ဖြစ်သည့်အပြင် ဘိုးဘွားများအား မိမိရပ်ရွာအတွင်း၌ပင် ကုန်ကျစရိတ်သက်သာစွာဖြင့် စောင့်ရှောက်မှုပေးခြင်း ဖြစ်ပါသည်။

၉။ အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေး (Home Care for Older People)စနစ် စတင်ဆောင်ရွက်နိုင်စေရန် ကျေးရွာ ရပ်ကွက်အတွင်းရှိ ဘိုးဘွားများ၏ အခြေအနေ အချက်အလက်များအား သိရှိနိုင်စေရန် ရှေးဦးစွာ စာရင်းဇယားများ တိကျစွာ ကောက်ယူရန် ဆောင်ရွက်ရပါမည်။ ရရှိလာသော ဘိုးဘွားများ၏ အချက်အလက်များပေါ်မူတည်၍ မည်သည့် နည်းစနစ်ဖြင့် စောင့်ရှောက်ရန် လိုအပ်သည်၊ မည်သည့်အရေးအတွက်ကို စောင့်ရှောက်ပေးရန် လိုအပ်သည်ကို တိတိကျကျ ရှာဖွေဖော်ထုတ်သွားရပါမည်။ ထို့နောက်

စောင့်ရှောက်ရန် လိုအပ်သော ဘိုးဘွားများရှိရာသို့ လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်း (Volunteer)များက အိမ်တိုင်ရာရောက် သွားရောက်စောင့်ရှောက်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဘိုးဘွားတစ်ဦးကို စေတနာ့ဝန်ထမ်းတစ်ဦးက အိမ်တိုင်ရာ ရောက် စောင့်ရှောက်မှုပေးခြင်း ဖြစ်ပါသည်။

၁၀။ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးကာ အားနည်း၍အထီးကျန်ဆန်နေသော ဘိုးဘွားများ၏ ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် စေတနာ့ ဝန်ထမ်းများကို ရွေးချယ်၍ အသိပညာနှင့် ကျွမ်းကျင်မှုအတွက် သင်တန်းများပို့ချခြင်းကို အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်သည့် NGO/INGO အဖွဲ့များမှ ဆောင်ရွက်ပေးလျက် ရှိပါသည်။ အိမ်တိုင်ရာရောက်စောင့်ရှောက်မှုအစီအစဉ်တွင် စေတနာ့ဝန်ထမ်းများမှ စောင့်ရှောက်ခံ ဘိုးဘွားများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး ကူညီ ပေးခြင်း၊ အိမ်မှုကိစ္စများ ကူညီပေးခြင်း၊ အဖော်ပြုပေးခြင်းနှင့် ကျန်းမာရေးနှင့်ဆိုင်သော စောင့်ရှောက်မှုပေးခြင်းများကို ဆောင်ရွက်ပေးပါသည်။ ပြုစုစောင့်ရှောက်ခံရမည့် သက်ကြီး ရွယ်အိုအဖြစ် ရွေးချယ်ခြင်းတွင် အထူးသဖြင့် သက်ကြီးရွယ်အိုများအား ရွေးချယ်မှုပြုရာတွင် အသက်(၆၀)နှစ်အထက်ရှိသူ၊ အားအင်ချိနဲ့၊ မသန်စွမ်းဖြစ်နေသူ မည်သူတစ်ဦးတစ်ယောက်၏ ထောက်ပံ့ကူညီမှုမရဘဲ နေထိုင်ရသူ၊ မိမိဘဝ ရပ်တည်ရေးအတွက် ဝင်ငွေအလုံအလောက် မရှိသူနှင့် အထီးကျန်ဆန်သူတို့ကို ဦးစားပေးရွေးချယ်၍ စောင့်ရှောက်မှုပေးပါသည်။ အိမ်တိုင် ရာရောက်သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးလုပ်ငန်းသည် စောင့်ရှောက်သူမရှိ၍ သော် လည်းကောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်မှုရှိနေသော နေ့စဉ် ပုံမှန်လှုပ်ရှားမှုများတွင် အခက်အခဲများရှိသည့် သက်ကြီးရွယ်အိုများအား လိုအပ်ချက်ပေါ် မူတည်၍ စောင့်ရှောက်မှု ပေးသောလုပ်ငန်း ဖြစ်ပါသည်။ အိမ်တိုင်ရာရောက် စောင့်ရှောက်မှု ပေးခြင်းကြောင့် သက်ကြီး ရွယ်အိုများသည် တစ်ဦးတည်းနေထိုင်ကာ အထီးကျန်ဆန်မှု မရှိတော့ဘဲ ရပ်ရွာနှင့် ရင်းနှီး သော ဆက်ဆံမှုရှိစေမည် ဖြစ်ပါသည်။ အဆိုပါ စောင့်ရှောက်မှု ကျယ်ပြန့်လာ သည်နှင့်အမျှ သက်ကြီးရွယ်အိုများသည် စောင့်ရှောက်မှုအပြည့်အဝ ခံစားနိုင်မည် ဖြစ်ပါသည်။

၁၁။ နှစ်စဉ် တိုးတက်မြင့်မားလာသော သက်ကြီးရွယ်အိုများအတွက် ရိပ်သာအခြေပြု စောင့်ရှောက်မှုလုပ်ငန်းဖြင့် လုံလောက်မှုမရှိပါသဖြင့် ၂၀၀၄ ခုနှစ်မှ စတင်၍ နိုင်ငံတကာ စောင့်ရှောက်မှု နည်းလမ်းတစ်ခုဖြစ်သော စေတနာ့ဝန်ထမ်းအခြေခံ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့် ရှောက်ရေးလုပ်ငန်း (Home Care for Older People)ကို Help Age International (HAI) အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း အဖွဲ့ ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်း များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနနှင့် National YMCA တို့ ပူးပေါင်း၍ အာဆီယံ-ကိုးရီးယားသက်ကြီးရွယ်အိုအိမ်တိုင်ရာရောက်စောင့်ရှောက်ရေး ရှေ့ပြေး စီမံကိန်းအဆင့်(၁) ASEAN-ROK Home Care for Older People Pilot Phase- I (၂၀၀၄-၂၀၀၆) ကို ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် သက်ကြီးရွယ်အို(၆၀)ဦးအား စောင့်ရှောက်ပေးနိုင်ခဲ့ပါသည်။

၁၂။ စီမံကိန်းအဆင့်(၂) (၂၀၀၆-၂၀၀၉)တွင် ပြည်နယ်/တိုင်းဒေသကြီး (၇)ခုရှိ စီမံကိန်းဝင် မြို့နယ်(၂၁)မြို့နယ်မှဘိုးဘွား(၆၉၀)ဦးအား လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ မိတ်ဖက်အဖွဲ့ အစည်းများဖြစ်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ National YMCA နှင့် World Vision တို့မှ စောင့်ရှောက်ပေး နိုင်ခဲ့ပါသည်။

၁၃။ စီမံကိန်းအဆင့်(၃) (၂၀၀၉-၂၀၁၂)အား ပြည်နယ်/တိုင်းဒေသကြီး(၇)ခုရှိ စီမံကိန်းဝင် မြို့နယ်(၃၀)ကျော်တွင် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း၊ National YWCA၊ National YMCA ၊ World Vision ၊ Global Vision ၊ Help Age International (HAI)၊ Myanmar Baptist Churches Union(MBCU) နှင့် Caritas Thailand တို့မှ စောင့်ရှောက်ပေးလျက်ရှိပါသည်။

၁၄။ အိမ်တိုင်ရာရောက်သက်ကြီးရွယ်အို စောင့်ရှောက်ရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းအကြံပေးကော်မတီ (Project Advisory Committee) ဖွဲ့စည်း၍ ယင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆက်လက် ဆောင်ရွက်

လျက်ရှိပါသည်။ လက်ရှိမြို့နယ်ပေါင်း(၁၅၄)မြို့နယ်တွင် သက်ကြီးရွယ်အို (၁၆၉၁၉)ဦးအား စေတနာ့ဝန်ထမ်း (၁၆၆၂၄)ဦးက စောင့်ရှောက်မှုပေးလျက် ရှိပါသည်။

၁၅။ **စေတနာလုပ္ပဝန်ထမ်း လူငယ်/လူရွယ်များ ဖွဲ့စည်းခြင်း။** စေတနာလုပ္ပဝန်ထမ်း လူငယ်/လူရွယ်များ ဖွဲ့စည်းနိုင်ရန် ရပ်ရွာအတွင်း နေထိုင်ကြသူများထဲမှ အသက်(၁၈)နှစ်ပြည့်ပြီး စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ကျန်းမာသန်စွမ်းသူ၊ အချိန်ပေးလုပ်ကိုင်နိုင်သူများကို ရွေးချယ်၍ ဘိုးဘွားများကို ပြုစုစောင့်ရှောက်မှု ပေးရမည့် နည်းစနစ်များအား မှန်ကန်စွာ သိရှိနားလည်စေရန် သင်တန်းများ တက်ရောက်စေပြီး အမှန်တကယ် လက်တွေ့ဆောင်ရွက်တတ်စေရန် ကွင်းဆင်း လေ့ကျင့်မှုများကို သင်ကြားပေးရပါမည်။ သင်တန်းဆင်းပြီး လူငယ်/လူရွယ်များအား စောင့်ရှောက်ခံ ဘိုးဘွားများအတွက် သင့်တော်မည့်သူကို ရွေးချယ်၍ တာဝန်ပေးအပ်ပါမည်။

၁၆။ **သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ (OPSHGs)များ ဖွဲ့စည်း ဆောင်ရွက်ခြင်း။** သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းတွင် ဘိုးဘွားရိပ်သာများ ဖွင့်လှစ်၍ စောင့်ရှောက်မှု ပေးလျက်ရှိရာ လက်ရှိတွင် သက်ကြီးရွယ်အိုဦးရေနှင့် ဘိုးဘွားရိပ်သာများမှာ လုံလောက်မှု မရှိခြင်း၊ ဘိုးဘွားများကိုယ်တိုင် ရိပ်သာများတွင် နေထိုင်လိုမှု မရှိခြင်းနှင့် မိမိရပ်ရွာတွင် ဆက်လက် နေထိုင်၍ ၎င်းတို့ကျန်ရှိနေသော စွမ်းအားစုများနှင့် ရပ်ရွာကောင်းကျိုး သယ်ပိုးလိုစိတ်များကြောင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်း၍ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ဝင်ငွေရလုပ်ငန်းများနှင့် ရပ်ရွာအကျိုး သယ်ပိုးဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

၁၇။ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ သက်ကြီးရွယ်အိုများ ကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဝင်ငွေရလုပ်ငန်းများရရှိစေနိုင်ခြင်း၊ သက်ကြီးရွယ်အိုများကိုယ်တိုင် မိမိကိုယ်ကိုယုံကြည်မှုရရှိစေနိုင်ရန်နှင့် ရပ်ရွာအတွင်းကျန်းမာရွှင်လန်း၍ တက်ကြွသော သက်ကြီးရွယ်အိုဘဝကို ရရှိစေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

၁၈။ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့် ဆင့်အား အောက်ပါအတိုင်း အဆင့်လိုက် ဆောင်ရွက်ရမည် ဖြစ်ပါသည် -

(က) **လုပ်ငန်းဆောင်ရွက်မည့်ကျေးရွာရွေးချယ်ခြင်း**

(၁) ဒေသဆိုင်ရာအာဏာပိုင်များနှင့်တွေ့ဆုံပြီး ကျေးရွာရွေးချယ်ခြင်း

(၂) အခြေခံလူမှုစီးပွားရေးအခြေအနေကို စာရင်းပြုစုကောက်ယူခြင်း

(၃) စာရင်းကောက်ယူမှုအရ ကျေးရွာရွေးချယ်ခြင်း

( ခ) **ရပ်ရွာလူထုအားစည်းရုံးလှုံ့ဆော်ခြင်း**

(၁) သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ (OPSHGs) ဆောင်ရွက်မှုအား စည်းရုံး ဆော်ဩခြင်း

(၂) သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ (OPSHGs) လုပ်ငန်းအကောင် အထည်ဖော်မည့် မြို့နယ်အာဏာပိုင်၊ ဌာနဆိုင်ရာ များ၊ သက်ဆိုင်ရာလူထု ခေါင်းဆောင်များသိရှိရန် ဆွေးနွေးပွဲ ကျင်းပ ပြုလုပ်ခြင်း

(ဂ) **ဆွေးနွေးပွဲများကျင်းပပြုလုပ်ခြင်း**

(၁) လုပ်ငန်းအကောင်အထည်ဖော်မည့်ကျေးရွာများတွင် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့(OPSHGs)လုပ်ငန်းများကို သိရှိလုပ်ဆောင် နိုင်ရန်နှင့် လူထုနှင့်ရင်းနှီးမှုရရှိစေရန် ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း

(၂) သက်ကြီးရွယ်အိုများကိုယ်တိုင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်း၍ပြောကြားခြင်း၊ အသိပညာပေးခြင်း အစီအစဉ်များကို ဘိုးဘွားများ ကိုယ်တိုင်ဆွေးနွေးဆောင်ရွက်ခြင်း

(ဃ) **ကော်မတီများ ဖွဲ့စည်းခြင်း** ။ အောက်ပါအတိုင်း ကော်မတီများ ဖွဲ့စည်း ဆောင်ရွက် သွားပါမည်-

(၁) ရန်ပုံငွေရှာဖွေရေးကော်မတီ

(၂) အသက်မွေးဝမ်းကျောင်းထောက်ပံ့ရေးလုပ်ငန်းကော်မတီ

(၃) ဝင်ငွေတိုးလုပ်ငန်းကော်မတီ

(၄) ကျန်းမာရေးစောင့်ရှောက်မှု (အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီ)

(၅) သဘာဝဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းကော်မတီ

(၆) စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ခြင်းကော်မတီ

၁၉။ အထက်ပါအတိုင်း လုပ်ငန်းစဥ်အဆင့်ဆင့် ဆောင်ရွက်ပြီးနောက် OPSHG အဖွဲ့များ ဖွဲ့စည်းပါသည်။ တစ်ဖွဲ့လျှင် ဆပ်ကော်မတီဝင်(၃)ဦးနှင့် အဖွဲ့ခေါင်းဆောင်တစ်ဦး ပါဝင်ပါသည်။ အများ ဆုံးလူဦးရေ (၅၀)ထိ ပါဝင်ဖွဲ့စည်းထားပါသည်။ ရန်ပုံငွေရှာဖွေရေးကော်မတီမှ အသင်းဝင်ကြေးနှင့်လစဥ်ကြေးများကောက်ခံ၍ရန်ပုံငွေလည်ပတ်နိုင်ရန် ဆောင်ရွက်ပါသည်။

၂၀။ လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်နိုင်စေရန် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ ခေါင်းဆောင်များအား လိုအပ်သောသင်တန်းများ ဖွင့်လှစ်လျက် စွမ်းဆောင်ရည်မြှင့်တင် ပေးပါသည်။ ဖွင့်လှစ်ပို့ချသည့်သင်တန်းများမှာ ခေါင်းဆောင်မှုနှင့် အဖွဲ့အစည်း စီမံ ခန့်ခွဲမှုသင်တန်း၊ စောင့်ကြည့်လေ့လာ အကဲဖြတ် သုံးသပ်ခြင်းသင်တန်း၊ OPSHG အဖွဲ့၏ တစ်နှစ်တာလုပ်ငန်း အစီအစဥ်နှင့်ရန်ပုံငွေလျာထားချက်အစီအစဥ်များ ရေးဆွဲခြင်းသင်တန်း၊ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ၊ စာရင်းအင်းမှတ်တမ်း ထိန်းသိမ်းခြင်းသင်တန်း၊ လှည့်ပတ်ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းများအား တက်ရောက်စေ၍ လုပ်ငန်းများကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးပါသည်။

၂၁။ OPSHG အဖွဲ့များ ရေရှည်တည်တံ့နိုင်စေရန်နှင့် ကျွမ်းကျင်စွာစီမံခန့်ခွဲနိုင်စေရန် အဖွဲ့များ အား လစဥ်အစည်းအဝေးကျင်းပပြုလုပ်၍ အများဆန္ဒဖြင့် ဆွေးနွေးဆုံးဖြတ် တတ်သော အလေ့အကျင့်ရရှိစေရန် ဆောင်ရွက်ပေးပါသည်။ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှုကို တိုင်းတာသုံးသပ် တတ်ရန်နှင့် နောင်နှစ်အတွက် Action Plan ရေးဆွဲလျာထားတတ်စေရန် လေ့ကျင့်ပေးပါသည်။

၂၂။ **သက်ကြီးရွယ်အိုများဦးစီးသည့် ကျေးလက် ဒေသဖွံ့ဖြိုးရေးအစီအစဥ် (Older People Lead Rural Development Programme)။** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် သက်ကြီးရွယ်အိုများဦးစီးသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဥ် (Older People Lead Rural Development Programme)ကို ဆောင်ရွက်လျက်ရှိရာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်အိမ်ထောင်စုပေါင်း(၁၅၀၀၀)ခန့် အကျိုး

ခံစားခွင့်ရရှိခံစားလျက်ရှိပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများနှင့် လူငယ်များပါဝင်သော မျိုးဆက်ပေါင်းစုံ စုစည်းပါဝင်၍ ရပ်ရွာစီမံခန့်ခွဲရေး လုပ်ငန်းများကို မိမိရပ်ရွာဓလေ့နှင့် ကိုက်ညီသောပုံစံများဖြင့် အားဖြည့်ဆောင်ရွက်နိုင်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများဖြစ်သော ဝင်ငွေအာမခံချက် ရရှိရေး၊ ဈေးငွေနှင့်ကျန်းမာရေး စောင့်ရှောက်မှု အခမဲ့ရရှိရေး၊ သဘာဝဘေးများနှင့် အခြားသော အရေးပေါ် အခြေအနေများ အတွင်း စောင့်ရှောက်မှုခံစားနိုင်ရေး၊ သက်မွေးဝမ်းကျောင်းဆိုင်ရာအလုပ်အကိုင်များ ရရှိရေး၊ အဟာရပြည့်ဝစွာရရှိရေး၊ သက်ကြီးအမျိုးသမီးများ၏ ဦးဆောင်မှု အဆင့်အတန်း ညီမျှစွာ ရရှိနိုင်ရေးနှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးအပြင် ရပ်ရွာအတွင်းရှိ ကလေးသူငယ်များ ပညာသင်ကြားမှုအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ခြင်း စသော အကျိုးခံစားခွင့်များ ရရှိပါသည်။

၂၃။ အပြည်ပြည်ဆိုင်ရာ စောင့်ရှောက်ရေးလုပ်ငန်းစဥ်တွင် စောင့်ရှောက်ရန် နည်းလမ်း (၆)သွယ် ဖော်ပြထားသော်လည်း နည်းလမ်း(က၊ခ၊ဂ)တို့အား တပြိုင်တည်း ဆောင်ရွက်ရသော လုပ်ငန်းစဥ် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရပ်/ကျေးဧရိယာတစ်ခု၌ နည်းလမ်း(၃)ခု စလုံးတပြိုင်တည်း အသုံးပြုခြင်းရှိသကဲ့သို့ နည်းလမ်းတစ်ခုတည်း အသုံးပြုခြင်းနှင့် နည်းလမ်း (၂)ခု အသုံးပြုခြင်းတို့လည်း ရှိနိုင်ပါသည်။

**ဂေဟာငယ်များ တည်ထောင်၍ စောင့်ရှောက်ခြင်း(Group Home )**

၂၄။ ဤနည်းစနစ်သည် မြန်မာနိုင်ငံ၌ ကျင့်သုံးခြင်းမရှိသေးသော်လည်း အချို့သော နိုင်ငံများတွင် အသုံးပြုသည်ကို တွေ့ရှိရပါသည်။ ဘိုးဘွားရိပ်သာထူထောင်၍ စောင့်ရှောက်နိုင်ခြင်းမရှိသောအခါ ယာယီစောင့်ရှောက်ရေးအနေဖြင့် ဘိုးဘွားအရေအတွက် အနည်းငယ် စုစည်းပြီး စောင့်ရှောက်ရေး ဂေဟာကဲ့သို့ အိမ်(သို့မဟုတ်)တိုက်ခန်းတစ်ခုခုတွင် စောင့်ရှောက်ပေးသော စနစ်ဖြစ်ပါ သည်။ ဂေဟာတစ်ခုတွင် ရှိရမည့် စံသတ်မှတ်ချက်များအတိုင်း မဟုတ်ဘဲ ယာယီဖွဲ့စည်း စောင့်ရှောက်ပေးသော စနစ်ဖြစ်၍ ဘိုးဘွားများအနေဖြင့်လည်း ဆန္ဒအရ မနေလိုသောအခါ လွတ်လပ်စွာ ထွက်ခွာသွားနိုင်ပါသည်။ ကိုယ့်အားကိုယ်ကိုး စနစ်ဖြစ်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သော စနစ်ဖြစ်ပါသည်။

**စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်စောင့်ရှောက်ခြင်း(Volunteer Elderly Home)**

၂၅။ ရိပ်သာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာများအား ဦးစီးဌာနမှ အသိအမှတ်ပြု၍ နှစ်စဉ် ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိပါသည်။လက်ရှိအသိအမှတ်ပြု ဘိုးဘွားရိပ်သာ(၇၁)ခုတွင် ဘိုးဘွားပေါင်း (၂၃၈၉)ဦးအား ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး၊ နိုင်ငံတော်အနေဖြင့် အဆိုပါ ဘိုးဘွားရိပ်သာများအား စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှုုး လစာများ ထောက်ပံ့ပေး လျက်ရှိပါသည်။ နိုင်ငံတော်တွင် ဘိုးဘွားရိပ်သာများ အရေအတွက် သိသိသာသာတိုးမြင့်ခြင်း၊ ရိပ်သာနေဘိုးဘွားအရေအတွက် သိသိသာသာ တိုးတက်များပြား လာပါက ထူးခြားဖြစ်စဉ်အဖြစ် သတ်မှတ်ပြီး ပြောင်းလဲလာသည့် လူနေမှုစနစ်အား လေ့လာ သုံးသပ်ရမည်။ လေ့လာသုံးသပ်ချက်အရ ဖော်ထုတ်ရရှိသော အချက်ပေါ် အခြေခံ၍ စောင့်ရှောက်ရေး မူဝါဒကို ပြောင်းလဲကျင့်သုံးသင့် ပါက ကျင့်သုံးရမည်။

**သက်ကြီးရွယ်အိုနေ့ပိုင်းစောင့် ရှောက်မှုဂေဟာဖွင့်လှစ်ခြင်း**

၂၆။ နိုင်ငံတကာသက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းတစ်ခုဖြစ်သည့် သက်ကြီး ရွယ်အိုနေ့ပိုင်းစောင့်ရှောက်မှုဂေဟာ (Day Care Centre for the Aged) ကို (၂၀.၁၁.၂၀၁၃)ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီ လမ်းထောင့်၌ ဖွင့်လှစ်ပြီးသက်ကြီးရွယ်အိုများအားစောင့်ရှောက်ပေးလျက်ရှိပါသည်။ သက်ကြီး ရွယ်အို နေ့ပိုင်းစောင့်ရှောက်မှုဂေဟာ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ လူမှုရေးအရစောင့် ရှောက်မှုပေးရန် လိုအပ်သော သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီး ရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများတွင် နေ့ပိုင်းစောင့်ရှောက်ရေး အစီအစဉ်ကို လုပ်ငန်း တစ်ရပ်အနေနှင့် ထည့်သွင်းဆောင်ရွက်နိုင်ရန်နှင့် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက် ရေးလုပ်ငန်းကို ဆောင်ရွက်လိုသော စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများအတွက် စံနမူနာဖြစ် စေရန် ရည်ရွယ်ပါသည်။ စောင့်ရှောက်မှုအစီအစဉ် အနေဖြင့် လူမှုရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးဘဝ ဖွံ့ဖြိုးရေး လုပ်ငန်းများ မြှင့်တင်ပေးခြင်း၊ အပန်းဖြေအနားယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ ဘဝ တစ်သက်တာ ပညာလေ့လာစေခြင်း၊

သက်ကြီးဘဝကိုယ်စိတ်နှစ်ပါး ချမ်းသာသုခပြည့်စုံစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ အာဟာရကျွေးမွေးခြင်း အစီအစဥ်များဖြင့် စောင့်ရှောက်မှု ပေးလျက်ရှိပါသည်။

**အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်မှု အခြေအနေ**

၂၇။ ၁၉၈၂ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးမှကြီးမှူး၍ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ပထမအကြိမ် သက်ကြီးရွယ်အိုဆိုင်ရာညီလာခံတစ်ခု ကျင်းပနိုင်ခဲ့သည်။ ယင်းညီလာခံမှချမှတ်လိုက်သည့် လုပ်ငန်းအစီအစဥ်ကို (Vienna International Plan of Action on Ageing)ဟု ခေါ်တွင်ခဲ့ပါသည်။ လုပ်ငန်းဖော်ဆောင်ရာတွင် အောက်ပါလုပ်ငန်းများကို သုတေသနပြုခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ စိစစ်သုံးသပ်ခြင်းများ ပြုလုပ်ရန် အကြံပြုထားပါသည် -

(က) ကျန်းမာရေးနှင့် အာဟာရဆိုင်ရာလုပ်ငန်း

(ခ) အကာအကွယ်ပေးခြင်း

(ဂ) နေထိုင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာရေးရာ ကိစ္စရပ်များ

(ဃ) မိသားစုရေးရာကိစ္စရပ်များ

(င) လူမှုရေးရာကိစ္စရပ်များ

(စ) ဝင်ငွေလုံလောက်မှုရရှိရေးနှင့် အလုပ်အကိုင်ရရှိရေး

(ဆ) ပညာရေး

၂၈။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၁ ခုနှစ်တွင် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ အောက်ပါအခြေခံမူ(၅)ရပ်ကို ချမှတ်ခဲ့ပါသည် -

(က) အခြေခံလိုအပ်ချက်များပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင် ရပ်တည်နိုင်ရေး (Independence)

(ခ) လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး (Participation)

(ဂ) ကြီးသူငယ်သူအပြန်အလှန်ကူညီစောင့်ရှောက်မှုပြုရေး(Care)

(ဃ) ၎င်းတို့၏စွမ်းရည်နှင့် အခွင့်အလမ်းများအား ၎င်းတို့ကိုယ်တိုင်ဖြည့်ဆည်း နိုင်ရေး (Self-Fulfilment)

(င) ဂုဏ်သိက္ခာရှိရှိနှင့် လုံခြုံမှုရှိစွာ ရပ်တည်ခွင့်ရရှိရေး(Dignity)

၂၉။ သက်ကြီးရွယ်အိုများ၏အရေးကိုပိုမိုမြင့်တင်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ အတည်ပြုဆုံးဖြတ်ချက်နှင့် (၃၅)ကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကော်မရှင်၏ ထောက်ခံချက်အရ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီက ၁၉၉၇ခုနှစ်၊ ဇူလိုင်လ(၂၁)ရက်နေ့တွင်ဆုံးဖြတ်ချက်အမှတ် (၁၉၉၇/၁၈)ကို ချမှတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်မှာ ၁၉၉၇ခုနှစ်ကို " အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ် "( International Year of Older Persons) နှင့် နှစ်စဉ်အောက်တိုဘာလ(၁)ရက်နေ့ကို"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့" (International Day of Older Persons)ဟု ဂုဏ်ပြုသတ်မှတ်ပေးခြင်း ဖြစ်ပါသည်။

၃၀။ ၂၀၀၂ခုနှစ်တွင် ဒုတိယအကြိမ်မြောက် သက်ကြီးရွယ်အိုဆိုင်ရာညီလာခံကို စပိန်နိုင်ငံ၊ မဒရစ်မြို့တွင် ကျင်းပခဲ့ပါသည်။ ယင်းညီလာခံက "မဒရစ်အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ် (Madrid International Plan of Action on Ageing,MIPAA)ကိုချမှတ်ခဲ့ပါသည်။ယင်းမဒရစ်လုပ်ငန်းအစီအစဉ်တွင်သက်ကြီးရွယ်အိုများ ဘဝသာယာချမ်းမြေ့ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် နယ်ပယ်(၃)ခုကို ဖော်ပြထားပါသည်။ ယင်းတို့မှာ -

(က) သက်ကြီးရွယ်အိုများနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Older Persons and Development)

( ခ) သက်ကြီးရွယ်အိုများ ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာရေး (Advancing health and well-being into old age)

( ဂ) သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်ပေးမည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေး (Ensuring enabling and supportive environment)

၃၁။ ၁၉၉၈ခုနှစ်တွင် အာရှနှင့်ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် (Econiomic and Social Commission for Asia and Pacific- ESCAP) မှ ကြီးမှူး၍ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ သက်ကြီးရွယ်အိုညီလာခံတစ်ရပ်ကို မကာအို(တရုတ်)တွင် ကျင်းပခဲ့ပြီး Macao Plan of Action on Ageing for Asia and Pacific (MPA)(1999)ကို ချမှတ်နိုင်ခဲ့ပါသည်။ ယင်း MPA တွင် သက်ကြီးရွယ်အိုများအတွက် အဓိကနယ်ပယ်(၄)ရပ် ချမှတ်ထားပါသည်။ ယင်းတို့မှာ -

(က) သက်ကြီးရွယ်အိုဆိုင်ရာ ပြဿနာများကို သိရှိနားလည်သဘောပေါက်စေရေး (Understanding of the issues and implication of the population ageing for society)

(ခ) သက်ကြီးရွယ်အိုများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရေး (Preparation of the population for an ageing process that is productive and fulfilling)

(ဂ) ရိုးရာယဉ်ကျေးမှုနှင့် ခေတ်မီနည်းပညာရပ်များအပေါ် အခြေခံပြီး သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရေး (Development of a service infrastructure and environment based on traditional and modern institutions)

(ဃ) သက်ကြီးရွယ်အိုများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးရေး (Delivery of essential services needed by the growing number of older persons)

၃၂။ တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် ၂၀၀၂ခုနှစ်၌ ကျင်းပခဲ့သည့် သက်ကြီးရွယ်အိုဆိုင်ရာ အာရှနှင့်ပစိဖိတ်ဒေသအဆင့် အစည်းအဝေးတွင် Shanghai Implementation Strategy (SIS)ကို ချမှတ်ခဲ့ပါသည်။ ယင်းနည်းဗျူဟာ(၄)ရပ်မှာ-

(က) သက်ကြီးရွယ်အိုများနှင့် ဖွံ့ဖြိုးရေး (Older Persons and Development)

(ခ) သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးနှင့် ကိုယ်စိတ်နှစ်ပါးချမ်းမြေ့နိုင်ရန် တိုးမြှင့်ဆောင်ရွက်ပေးရေး (Advancing health and well-being into old age)

(ဂ) သက်ကြီးရွယ်အိုများကို အထောက်အကူပြုနိုင်မည့် ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေး (Ensuring Enabling and Supportive Environment)

(ဃ) သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းများကို ဖော်ဆောင်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ရေး (Implementation and Follow up)

**အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပဆောင်ရွက်မှု**

၃၃။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အတွက် ၁၉၉၉ ခုနှစ်မှစ၍ "အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့'' အခမ်းအနားကို "သက်ရွယ်စုံညီလူ့ဘောင်ဆီသို့" (Towards a Society for All Ages) ဟူသော ဆောင်ပုဒ်ဖြင့် စတင်၍ နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၁၃ခုနှစ်တွင် "သက်ကြီးရွယ်အိုပြောစကား၊ တို့လိုချင်တဲ့ အနာဂတ်များ" (The Future We Want – What Older Persons Are Saying) ဟူသော ဆောင်ပုဒ်ဖြင့် တစ်နိုင်ငံလုံး ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားအထိမ်းအမှတ်အဖြစ် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အသိအမှတ်ပြုပြီး ဘိုးဘွားရိပ်သာများသို့ငွေကြေးထောက်ပံ့ခြင်း၊ မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံးအဘိုး(၁)ဦး နှင့် အဘွား(၁)ဦးအား ဂုဏ်ပြုချီးမြှင့်ငွေများ ထောက်ပံ့ပေးခြင်းနှင့် အခမ်းအနားသို့ တက်ရောက်လာသောသက်ကြီးရွယ်အိုများအား အလှူငွေနှင့် ဆေးဝါး ပစ္စည်းများ ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက် ပေးပါသည်။

၃၄။ နိုင်ငံတော်၏ သက်ကြီးရွယ်အိုဆိုင်ရာမူဝါဒ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ရာတွင် အထောက်အကူရရှိစေရန်နှင့် နှစ်စဉ်တိုးပွားလာသော သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရန်အတွက်အမျိုးသားအဆင့်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းစီမံကိန်းကို အတည်ပြုပြီး ဖြစ်ပါသဖြင့် အဆိုပါစီမံကိန်းအရ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လုပ်ငန်းစဉ်များ ချမှတ်ကာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင်သက်ကြီးရွယ်အိုအခွင့်အရေးများဆိုင်ရာ ဥပဒေရေးဆွဲရေးအတွက် ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီများ ဖွဲ့စည်းလျက်ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၃၅။ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနေဖြင့် သက်ကြီးရွယ်အိုဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းအားအတည်ပြုပြီးဖြစ်ပါသဖြင့်ဆက်လက်အကောင်အထည်ဖော်နိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း၊ သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့် ကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ သက်ကြီးရွယ်အိုဆိုင်ရာမူဝါဒရေးဆွဲခြင်း၊ သက်ကြီးရွယ်အိုများအရေးအတွက် အစိုးရ၊ ရပ်ရွာလူ့အဖွဲ့အစည်း၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းအောင် ဆောင်ရွက်ခြင်း၊ သက်ကြီးရွယ်အိုဆိုင်ရာ နိုင်ငံတကာလုပ်ငန်း အစီအစဉ်အားထိရောက်စွာ အကောင်

အထည်ဖော်ခြင်း၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေး ပင်စင်တစ်ရပ် အကောင်အထည်ဖော်ခြင်းစသော လုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး စီစဥ်ဆောင်ရွက်လျက်ရှိပါသည်။

၃၆။ သက်ကြီးရွယ်အိုများအတွက် စီမံဆောင်ရွက်မှုများပြုလုပ်ရာတွင် စိန်ခေါ်မှုနှင့် အခက်အခဲများကို ကြုံတွေ့ကြရစမြဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း သက်ကြီးရွယ်အို ဦးရေ များပြားလာခြင်း၊ ၎င်းတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းနှင့် ကျန်းမာရေး အသိအမြင် နည်းပါးခြင်းစသည့် စိန်ခေါ်မှုများကို ကြုံတွေ့နေရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန်ကြိုးပမ်းဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံ၏ အတွေ့အကြုံများ ကိုအခြေခံ၍ သက်ကြီးရွယ်အိုများ၏ ဘဝအရည်အသွေး ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန်နှင့် ခိုင်မာစေရန်တို့အတွက် သက်ကြီးရွယ်အိုများ၏ မူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးစားပေး ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။

**နိဂုံး**

၃၇။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေအချိုးအစား ပြောင်းလဲလာမှုကို ဦးစားပေးဖြေရှင်းဆောင်ရွက်ရန်အတွက် လုံလောက်သည့်ပညာရေးနှင့် စီးပွားရေးဆိုင်ရာအစီအစဥ်များကို ဖန်တီးပြုလုပ်ပေးရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရမည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် လူငယ်များအတွက် သာမက အငြိမ်းစားယူပြီးသည့် သက်ကြီးရွယ်အိုများအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများပို၍ စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

၃၈။ သက်ကြီးရွယ်အိုများအတွက် အသေးစားစီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ မြှင့်တင်ဆောင်ရွက်ရန်အတွက် စီးပွားရေးအသိုက်အဝန်းနှင့် မိတ်ဖက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အပြင် အလယ်အလတ်နှင့် အကြီးစားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ မျိုးဆက်ပေါင်းစုံပါဝင်သော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ် ပေါ်လာစေရေးအတွက် အစိုးရနှင့်ရပ်ရွာ ပြည်သူလူထုအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ခြင်းသည် ဘိုးဘွားများ၏ ဘဝအရည်အသွေးကို အထောက်အကူပြုစေရန် အသုံးဝင်သော နည်းလမ်းတစ်ရပ် ဖြစ်သည့်အတွက် အားပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃၉။ သက်ကြီးရွယ်အိုဦးရေ တိုးပွားလာသည်နှင့်အမျှ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးအာမခံစနစ်များ မလုံလောက်မှုကို ကြုံတွေ့နေရပါသည်။

အများပြည်သူနှင့်ဆိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းများတွင် ဘိုးဘွားများ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာဖွံ့ဖြိုးမှုကို ကောင်းမွန်စွာရရှိစေရန်နှင့် ၎င်းတို့၏ ကောင်းကျိုးချမ်းသာ မြှင့်တင်ရန်တို့ကို ထည့်သွင်းဆောင်ရွက်ရပါမည်။ အသက်အရွယ် အိုမင်းရင့်ရော်ခြင်းတို့နှင့် ဆက်စပ်သည့် ကျန်းမာရေးဆိုင်ရာ သုတေသနပြုခြင်းများကိုလည်း ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။ နာတာရှည်ရောဂါ၏ ဖိစီးမှုဒဏ်ကို ခံစားသောဘိုးဘွားများအတွက် ၎င်းတို့၏ ကျန်းမာရေး တိုးတက်ကောင်းမွန်လာရန် လုပ်ငန်းအစီအစဉ်များ အရေးတကြီး ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဘိုးဘွားများအတွက် လူမှုရေး၊ စီးပွားရေး နှင့်ကျန်းမာရေးတို့အတွက် သင့်လျော်သော ဖြေရှင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရန် ထိရောက်အသုံးဝင်သည့် သတင်းအချက်အလက်များ၊ နည်းလမ်းများကို အသုံးပြု၍ ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားသော သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူများနှင့်အညီ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရမှ အတည်ပြုပြီးသော သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံကိန်းအရ သက်ကြီးရွယ်အိုများအတွက် ပိုမိုထိရောက်ပြီး အောင်မြင်မှုရရှိစေမည့် လုပ်ငန်းအစီအစဉ်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## အခန်း(၆)

## အမျိုးသမီးများစောင့်ရှောက်ရေးလုပ်ငန်း

**နိဒါန်း**

၁။ မြန်မာနိုင်ငံ၏ လူဦးရေမှာ ခန့်မှန်းခြေစာရင်းအရသန်း (၆၀)ခန့်ရှိပြီး အမျိုးသား(၄၉) ရာခိုင်နှုန်းနှင့် အမျိုးသမီး(၅၁)ရာခိုင်နှုန်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏လူဦးရေထက်ဝက်ကျော်ကို ကိုယ်စားပြုသော အမျိုးသမီးများသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အင်အားစုတစ်ရပ်အဖြစ် ပါဝင်ပါသည်။ ထို့ကြောင့် ကျား၊မတန်းတူညီမျှမှုရှိရေး၊ ခွဲခြားဆက်ဆံမှု ပပျောက်ရေးကို နိုင်ငံတော်၏ တာဝန်ဝတ္တရားအဖြစ် သတ်မှတ်ပြီး မြန်မာအမျိုးသမီးများ ကဏ္ဍစုံနှင့် အဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကိုယ်စားပြုခြင်း၊ ဦးဆောင်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို CEDAW ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်များ အပါအဝင် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစဉ် မူဝါဒများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံ မဖြစ်မီကပင် အမျိုးသမီးများဘဝနှင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုများအား ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အမျိုးသမီးနှင့် ကလေးများအား နိုင်ငံတော်မှ ပြုစု စောင့်ရှောက်ရန် ဖော်ပြပါရှိပါသည်။

၃။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘေဂျင်းလုပ်ငန်းစီမံချက်နှင့်အညီ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို အမျိုးသားအဆင့် ကော်မတီတစ်ရပ်အဖြစ် ဖွဲ့စည်းထားရှိပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးရေးရာကိစ္စ အဝဝကို မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

၄။ မြန်မာနိုင်ငံတွင် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)အား ကုလသမဂ္ဂအမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention)၊ ထောင်စုနှစ်

ဖွံ့ဖြိုးရေးစီမံချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်များ အပေါ်အခြေခံ၍ ရေးဆွဲခဲ့ပြီး ဌာနပေါင်းစုံ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ကုလသမဂ္ဂအမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် လိုက်လျောညီထွေမှု ဖြစ်စေမည့် အမျိုးသမီးများ၏ အခွင့်အရေးများ အပြည့်အဝ ရရှိရန်နှင့် အကာအကွယ်ပေးရန်အတွက် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီး ဥပဒေမူကြမ်းတစ်ရပ်အား ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တိုင်းတွင် အမျိုးသမီးများ ပါဝင်ရေးအတွက် ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာများနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများတွင် အသိပညာပေးခြင်း၊ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပခြင်း၊ မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၇။ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ရွာဒေသအတွင်းရှိ အမျိုးသမီးများ၏ စွမ်းအားမြှင့်တင်ခြင်းနှင့် စွမ်းရည်တိုးတက်ရေးလုပ်ငန်းစဉ်များအား ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ ရပ်ရွာအခြေပြု ကိုယ့်အားကိုယ်ကိုး အမျိုးသမီး အဖွဲ့ငယ်များသည် ရပ်ရွာအတွင်းရှိအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၈။ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် အာဆီယံ အမျိုးသမီးများနှင့် ကလေးသူငယ် အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်မှုရေးကော်မရှင်နှင့် အာဆီယံ အမျိုးသမီးရေးရာကော်မတီတွင် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။ ဘေဂျင်းရှေ့လုပ်ငန်းစဉ်ပါ ဧရိယာ(၁၂)ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံနှင့် ဒေသတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

**ရည်ရွယ်ချက်**

၉။ မြန်မာနိုင်ငံ၌ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံသတ်မှတ်ချက်များနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

**မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လာသောအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဥ် အဆင့်ဆင့်**

၁၀။ ၁၉၉၅ခုနှစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း(၁၈၉)နိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါညီလာခံ တက်ရောက်ပြီးနောက် မြန်မာအမျိုးသမီး များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ အနေဖြင့် ၁၉၉၆ ခုနှစ်တွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းယန္တယားတစ်ရပ် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထို့အပြင် ၁၉၉၇ခုနှစ်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ**

၁၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ်၊ ဇူလိုင်လ (၃)ရက် နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့ဝင်(၂၄)ဦးရှိပြီး ဥက္ကဌမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဖြစ်ပြီး အတွင်းရေးမှူးမှာ လူမှု ဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီသည် နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားတစ်ခု ဖြစ်ပါသည်။ ကော်မတီသည် အမျိုးသမီးရေးရာ ကိစ္စ အဝဝဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ပေးပါသည်။ ထို့အပြင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်း ရှင်းနှင့် ဘေဂျင်းလုပ်ငန်း အစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်မှုတွင်လည်း ကောင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း အမျိုးသမီးရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်သွယ် ဆောင်ရွက်ရာတွင်လည်းကောင်း နိုင်ငံတော်အစိုးရကိုယ်စား အဓိကတာဝန်ယူ ဆောင်ရွက် လျက် ရှိပါသည်။ ထို့ကြောင့် နှစ်စဉ် ဇူလိုင်လ (၃)ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပလျက်ရှိ ပါသည်။

၁၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီကို ၁၉၉၆ခုနှစ်၊ အောက်တိုဘာလ (၇)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့ဝင်(၂၂)ဦးရှိပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဌနှင့်

လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူးအဖြစ် ပါဝင်ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၏ အမိန့်ကြော်ငြာစာ(၁/၉၇)၊ (၂/၉၇)တို့အရ တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ လုပ်ငန်းများကို ဆပ်ကော်မတီ(၆)ခု ဖွဲ့စည်းပြီး ဆောင်ရွက်ပါသည်။ ဆောင်ရွက်သည့် အဓိကလုပ်ငန်းများမှာ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ ယဉ်ကျေးမှုလုပ်ငန်း၊ အမျိုးသမီးငယ်/ရွယ်များ ဘဝဖွံ့ဖြိုးရေးလုပ်ငန်းတို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်း၍ လုပ်ငန်းရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ လစဉ်ပုံမှန်ဆောင်ရွက်ချက် အစီရင်ခံစာများလည်း ပေးပို့စေပြီး အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီ ပုံမှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တင်ပြအစီရင်ခံပါသည်။

၁၃။ လက်ရှိကာလ နိုင်ငံတော်၏ မူဝါဒများနှင့်အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ၂၀၁၁ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီ၏ ဥက္ကဋ္ဌမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူပါသည်။ အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ် အဖွဲ့ဝင်(၂၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လုပ်ငန်းကော်မတီ၏ ဥက္ကဋ္ဌမှာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူပါသည်။ အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်အဖွဲ့ဝင်(၂၀)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် အမျိုးသမီးရေးရာကော်မတီများကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ခရိုင်/ မြို့နယ်အဆင့် အမျိုးသမီးရေးရာကော်မတီများကိုလည်း ဖွဲ့စည်းရန် ဆောင်ရွက် လျက်ရှိပါသည်။

၁၄။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် တစ်နှစ်လျှင်(၂)ကြိမ် အစည်းအဝေးကျင်းပပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## Convention on the Eliminiation of All forms of Descrimination Against Women (CEDAW) ပေါ်ပေါက်လာပုံ

၁၅။ ၁၉၄၈ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို လည်းကောင်း၊ ၁၉၆၆ခုနှစ်တွင် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်နှင့် နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်တို့ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းစာချုပ်များတွင် လူတစ်ဦးချင်းစီသည် တူညီသောအခွင့်အရေးနှင့် ရပိုင်ခွင့်များရှိကြောင်း၊ စာချုပ်ပါအခွင့်အရေးများကို အမျိုးသမီးများအပါအဝင် လူသားအားလုံးတန်းတူခံစားခွင့်ရှိကြောင်း အတိအလင်း ပြဌာန်းထားပါသည်။ သို့ရာတွင် ယင်းလူ့အခွင့်အရေးစာချုပ်ပါ အခွင့်အရေးများကို အမျိုးသမီးများအနေဖြင့် အမျိုးသားများကဲ့သို့ တန်းတူရရှိခံစားနိုင်ခြင်း မရှိကြောင်းကို ပညာရှင်များအနေဖြင့် တွေ့ရှိလာခဲ့ပါသည်။ ထို့ကြောင့် ၁၉၆၇ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အမျိုးသမီးများအား ခွဲခြားမှု ပပျောက်ရေးဆိုင်ရာကြေညာစာတမ်းကို အတည်ပြုပြဌာန်းခဲ့ပါသည်။

၁၆။ ၁၉၇၂ ခုနှစ်တွင် Commission on the Status of Women မှ ကြေညာစာတမ်းပါ ပြဌာန်းချက်များအား ကမ္ဘာ့နိုင်ငံများမှ စံအဖြစ် လိုက်နာကျင့်သုံးလာစေရေးအတွက် ဥပဒေအရ စည်းနှောင်မှုရှိသည့် ကွန်ဗင်းရှင်းတစ်ခုရေးဆွဲရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်သို့ အဆိုပြုတင်ပြခဲ့ပါသည်။ ထို့အပြင် ၁၉၇၅ခုနှစ်၊ မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်ဆိုင်ရာညီလာခံမှလည်း အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းတစ်ခု ပေါ်ပေါက်ရေးအတွက် တောင်းဆိုခဲ့ကြပါသည်။ ထို့ကြောင့် ၁၉၇၉ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ရပိုင်ခွင့်များအတွက် လိုက်နာဖြည့်ဆည်းရမည့် လူ့အခွင့်အရေးဥပဒေသများ၊ သဘော တရားများ၊ လုပ်ဆောင်မှုနှင့်တာဝန်ဝတ္တရားများအတွက် စံနှုန်းများကို သတ်မှတ်ပြဌာန်းထားသည့် အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုချမှတ်ခဲ့ပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင် (၁၈၇)နိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ CEDAW ကွန်ဗင်းရှင်းသည် နိုင်ငံအများစုမှ သဘောတူထောက်ခံသည့် လူ့အခွင့်အရေး စာချုပ်များအနက် တစ်ခုဖြစ်ပါသည်။

**CEDAW ကွန်ဗင်းရှင်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ**

၁၇။ မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသို့ ၁၉၉၇ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။ အဆိုပါ ကုလသမဂ္ဂကွန်ဗင်းရှင်းအရ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

(က) **နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားထူထောင်ထားရှိခြင်း။** မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

(ခ) **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)။** အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးနှင့် အမျိုးသမီးအခွင့်အရေးများ ဖော်ဆောင်နိုင်ရေးအတွက် ကွန်ဗင်းရှင်းတွင် မပါဝင်သည့် နယ်ပယ်ရပ်များအပြင် နယ်ပယ်ရပ်အားလုံးတွင် မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျားမရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြု နားလည်လက်ခံနိုင်စေမည့် စနစ်များ၊ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)ကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကျားမရေးရာ တန်းတူညီမျှရေးကွန်ရက်၊ ကုလသမဂ္ဂဆိုင်ရာ ကျားမတန်းတူညီမျှရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေးဆွဲခဲ့ပြီး ၂၀၁၃ခုနှစ်၊ အောက်တိုဘာလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံကိန်းကို အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်များ၊ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များအပေါ် အခြေခံ၍ အဓိကလုပ်ငန်းနယ်ပယ်(၁၂)ရပ်ဖြင့် (၅)နှစ်လုပ်ငန်းစီမံချက်နှင့် နှစ်အလိုက် လုပ်ငန်းစီမံချက်များဖြင့် ရေးဆွဲအကောင်အထည်ဖော် သွား

မည် ဖြစ်ပါသည်။ အဓိကလုပ်ငန်းနည်ပယ်(၁၂)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု

(၂) အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး

(၃) အမျိုးသမီးများနှင့် ကျန်းမာရေး

(၄) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

(၅) အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေ

(၆) အမျိုးသမီးများနှင့် စီးပွားရေး

(၇) အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး

(၈) အမျိုးသမီးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တယားများ

(၉) အမျိုးသမီးနှင့် လူ့အခွင့်အရေး

(၁၀) အမျိုးသမီးနှင့် မီဒီယာ

(၁၁) အမျိုးသမီးနှင့် သဘာဝပတ်ဝန်းကျင်

(၁၂) အမျိုးသမီးငယ်ရွယ် စီမံကိန်းအား သုတေသနပြုခြင်း(သို့မဟုတ်) စစ်တမ်း ကောက်ယူခြင်း၊ အသိပညာပေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဘတ်ဂျက်နှင့် မူဝါဒချမှတ်ခြင်းဟူသည့် မဟာဗျူဟာ (၄)ရပ်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့အပြင် အဓိကလုပ်ငန်းနယ်ပယ် (၁၂)ရပ်ဆိုင်ရာ နှစ်အလိုက် လိုအပ် သော ဘဏ္ဍာငွေ၊ လူအင်အားနှင့် ပစ္စည်း အရင်းအမြစ်တို့ကို ပူးပေါင်း ဆောင်ရွက်မည့် အစိုးရ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကျခံသုံးစွဲမည် ဖြစ်ပါသည်။

(ဂ) **ဥပဒေပြဋ္ဌာန်းခြင်း။** မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေ တို့တွင် အမျိုးသမီးဖြစ်ခြင်းအပေါ် အခြေပြု၍ ခွဲခြားနှိမ့်ချဆက်ဆံခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းလုပ်ရပ်များအား ပြစ်မှုတစ်ရပ်အဖြစ် မှတ်ယူ၍ အရေးယူခြင်းများ ရှိသော်လည်း အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍

သီးခြားဥပဒေပြဋ္ဌာန်းထားခြင်း မရှိသေးပါ။ ထို့ကြောင့် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ စံနှုန်းများနှင့် ကိုက်ညီမှုရှိသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာဦးစီးဌာနများ ကျား၊မရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network)၊ ကုလသမဂ္ဂဆိုင်ရာ ကျား၊ မရေးရာ တန်းတူညီမျှရေးအဖွဲ့ (United Nations Gender Theme Group)နှင့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရေးဆွဲလျက် ရှိပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်း ရေးဆွဲရေးအတွက် လုပ်ငန်းကော်မတီ၊ အကြံပေးကော်မတီနှင့် ဦးဆောင်ကော်မတီ(၃)ရပ် ဖွဲ့စည်းထားရှိပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **ဥပဒေကြောင်းအရတိုင်ကြားနိုင်သည့်ယန္တရား။** ကုလသမဂ္ဂအမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကော်မတီ၏ အကြံပြုချက် (၂၀၀၈)အပေါ် ထိရောက်သော တုံ့ပြန်မှုအဖြစ် ၂၀၁၁ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့် အရေးကော်မရှင်နှင့် ၂၀၁၃ခုနှစ်တွင် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီတို့ကို ထပ်မံဖွဲ့စည်းပြီး အမျိုးသမီးအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ပေးလျက် ရှိပါသည်။ အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများအား မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့အပြင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီ တို့မှလည်း စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

( င) **ကျား၊မဆိုင်ရာကိန်းဂဏန်းများကောက်ယူခြင်း။** မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် ၁၉၉၇ခုနှစ်တွင် Gender Statistics in

Myanmar အားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ အမျိုးသမီးနှင့် အမျိုးသားများ၏ အခြေအနေကို ကျားမရေးရာ အမြင်ဖြင့် လေ့လာဆန်းစစ်မှုစစ်တမ်းတစ်ရပ်(၂၀၁၃-၂၀၁၄)ကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ မိတ်ဖက်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ ကျားမရေးရာတန်းတူညီမျှရေးအဖွဲ့ (ကုလသမဂ္ဂ ညှိနှိုင်းရေးမှုးရုံး၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၊ ကုလသမဂ္ဂအမျိုးသမီးအဖွဲ့)နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်း၍ ကောက်ယူဆောင်ရွက်လျက် ရှိပါသည်။ ယင်းစစ်တမ်းတွင် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့် ဟူသောကဏ္ဍ(၄)ရပ်အား ဦးစားပေး ကဏ္ဍများအဖြစ် လေ့လာဆန်းစစ်မှုများ ပြုလုပ် လျက်ရှိပါသည်။

(စ) **အသိပညာပေးမှုများဆောင်ရွက်ခြင်း။** ကွန်ဗင်းရှင်းပါအမျိုးသမီးအခွင့်အရေးများအား အစိုးရအဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိသူများ၊ ကျေးလက်ဒေသနှင့် ဝေးလံခေါင်းပါးဒေသမှ အမျိုးသမီးများ သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဖြန့်ဖြူးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ကုလသမဂ္ဂအမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာကော်မတီ၏ အကြံပြုချက်များ၊ ကျားမဆိုင်ရာ သဘောတရားများနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲများအား မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

## UNCEDAW ကော်မတီသို့ အစီရင်ခံစာတင်သွင်းခြင်း

၁၈။ သဘောတူစာချုပ်၏ အပိုဒ်(၁၈)အရအမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု ပပျောက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်သည့် အစီအစဉ်များကို (၄)နှစ်တစ်ကြိမ် ကုလသမဂ္ဂကော်မတီသို့ အစီရင်ခံတင်ပြရသည်ဖြစ်ရာ ယင်းအစီရင်ခံစာကို မြန်မာ

နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ အတွင်းရေးမှူးတာဝန်ယူထားသည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆက်စပ်ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပေါင်းစပ်စုစည်း၍ ဖြေဆိုတင်ပြလေ့ ရှိပါသည်။

၁၉။ မြန်မာနိုင်ငံသည် ၁၉၉၉ခုနှစ်တွင် ပထမအကြိမ်အစီရင်ခံစာ၊ ၂၀၀၇ခုနှစ်တွင် ဒုတိယနှင့် တတိယအကြိမ် ပူးတွဲအစီရင်ခံစာများကို တင်သွင်းပြီးဖြစ်ပါသည်။ ယင်းအစီရင် ခံစာကို ၂၀၀၈ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် UNCEDAW ကော်မတီ၏ (၄၃) ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သွားရောက်ပြီး အပြန်အလှန်ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာရေးသားရေးအဖွဲ့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ Local Non-governmental Organization များဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာ ရှင်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂၀။ မြန်မာနိုင်ငံ၏ ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာအပေါ် UNCEDAW ကော်မတီက အကြံပြုချက်(၅၇)ချက်ပေးပို့လာခဲ့ပါသည်။ ယင်းအကြံပြုချက်များအနက် အပိုဒ်(၅၁)တွင် **နောင် အစီရင်ခံစာရေးသားရာတွင် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထုအဖွဲ့ အစည်းအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သည့် ရေးသားရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ရန်** အကြံပြုထားပါသည်။ ယင်းအကြံပြုချက်နှင့်အညီ မြန်မာနိုင်ငံသည် စတုတ္ထနှင့် ပဉ္စမအကြိမ် ရေးသားရေးအဖွဲ့ကို ဝန်ကြီးဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သည့် ရေးသားရေးအဖွဲ့ကို ကိုယ်စားလှယ် (၃၄)ဦး၊ တာဝန်ခံ ရေးသားရေးအဖွဲ့ (Core Group)ကို အဖွဲ့ဝင်(၁၉)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ စတုတ္ထနှင့် ပဉ္စမအကြိမ် ပူးတွဲအစီရင်ခံစာကို ၂၀၁၄ခုနှစ် ဩဂုတ်လတွင် တင်သွင်းမည် ဖြစ်ပါသည်။

**လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာဆောင်ရွက်ချက်များ**

၂၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆောင်ရွက်ချက်များ

(ခ ) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်းလုပ်ငန်း

( ဂ) ပြန်လည်ထူထောင်ခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ပေးခြင်း

၂၂။ အိမ်နီးချင်းနိုင်ငံများဖြစ်သော မြန်မာ-ထိုင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၉ခုနှစ်၊ ဧပြီလ(၂၄)ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မြန်မာ-တရုတ်လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာကို ၂၀၀၉ခုနှစ် ၊ နိုဝင်ဘာလ၌ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

၂၃။ မြန်မာ-ထိုင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ MoU Plan of Actionအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ-ထိုင်းနှစ်နိုင်ငံ MoU Plan of Actionအရ မြန်မာ-ထိုင်း လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ရေး၊ မိဘရပ်ထံ ပြန်လည်အပ်နှံရေးနှင့် မိသားစု ပေါင်းစည်းရေးဆိုင်ရာ အစည်းအဝေးများကို ၂၀၀၈ခုနှစ်မှ ၂၀၁၄ခုနှစ်၊ မေလအထိ(၁၄)ကြိမ်တိုင်တိုင် ကျင်းပ ဆောင်ရွက်ခဲ့ပါသည်။

၂၄။ ထို့ပြင် ထိုင်းနိုင်ငံမှ ပြန်လည်ပို့အပ်လာသည့် လူကုန်ကူးခံရသူများနှင့်ပတ်သက်၍ ထင်ရှား သိသာသည့် တာဝန်ခွဲဝေမှုနှင့်လုပ်ထုံးလုပ်နည်းများပေါ်ထွက်လာရေးအတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးဆိုင်ရာ စံလုပ်ငန်း ဆောင်ရွက်မှု အစီအစဉ်များကို ရေးဆွဲပြီး ၂၀၁၃ခုနှစ်၊ မတ်လ(၁၆)ရက်နေ့တွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ အတည်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

**လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်းလုပ်ငန်း**

၂၅။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေ (၂၀၀၅)ခုနှစ်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

ဗဟိုအဖွဲ့အောက်တွင် လုပ်ငန်းအဖွဲ့(၃)ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းအဖွဲ့သုံးဖွဲ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ထုတ်ပြန်ခဲ့သည့် စက်တင်ဘာလ (၁၃)ရက်နေ့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့ ကျင်းပပြုလုပ်ချက်ရှိပါသည်။

၂၆။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၆ခုနှစ်မှ ၂၀၁၃ခုနှစ်အတွင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှား၊ မလေးရှား၊ တီမောလက်စ်၊ ဂျမေကာနိုင်ငံများသို့ နည်းမျိုးစုံဖြင့် လူကုန်ကူးခံရသူ စုစုပေါင်း(၂၁၂၀)ဦးအား ပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။

၂၇။ လူကုန်ကူးခံရသူများအား အများဆုံး ပြန်လည်လက်ခံရသည့် နိုင်ငံများမှာ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ပါသည်။ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရာတွင် အဆင်ပြေစေရေးအတွက် လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာများအား မန္တလေး၊ မူဆယ်၊ ကော့သောင်းတို့ ဖွင့်လှစ်ထားရှိပြီး မြဝတီမြို့တွင်လည်း ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။လူကုန်ကူးခံရသူ အမျိုးသားများအတွက် ရန်ကုန်မြို့ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် ယာယီစောင့်ရှောက်ရေးဂေဟာကိုလည်း ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။

**ပြန်လည်ထူထောင်ခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ပေးခြင်း**

၂၈။ ပြန်လည်လက်ခံခဲ့သော လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ပေးခြင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ခြင်း လုပ်ငန်းများအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEFတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Support Services on Repatriation, Reintegration and Follow-up for Trafficking of Victims အရ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသော လူကုန်ကူးခံရသူများအား အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ ရင်းနှီးမတည်ငွေများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးလိုအပ်ချက်များအား ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ထိုင်းနိုင်ငံမှပြန်လာသူအချို့ အင်ဒိုနီးရှား

နိုင်ငံ နှင့် အခြားနိုင်ငံမှ ပြန်လာသူအမျိုးသားများအား IOMမှ ဒေါ်လာ(၁၀၀)နှင့် ညီမျှသော မြန်မာကျပ်ငွေ ထောက်ပံ့ပေးပြီး World Vision,Save the Children မှ ၎င်းတို့၏ စီမံချက်နယ်မြေအတွင်းရှိ လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ခြင်းနှင့်နောက်ဆက်တွဲစောင့်ရှောက်ခြင်းလုပ်ငန်း များကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၉။ ထို့အပြင် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ လူကုန်ကူးခံရသူအမျိုးသမီးများအား ထိရောက်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် သဲလိုမေတ္တာရိပ်မြုံဂေဟာကို မှော်ဘီ၊ ဝါးနက်ချောင်းကျေးရွာတွင် ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြား ပေးလျက် ရှိပါသည်။

၃၀။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတစ်ရပ်အဖြစ်လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက်မျှဝေရာစင်တာ ( Information Center ) တစ်ခုကို JICA Myanmar နှင့်ပူးပေါင်း၍ ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းတွင် ထူထောင်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါ Information Center မှလူကုန်ကူးခံရသူများ လိုအပ်သည့်သတင်းအချက်အလက်များအား ဖြန့်ဖြူးပေးခြင်း၊ စိတ်လူမှုရေးဆိုင်ရာအထောက်အပံ့များပေးခြင်း၊ လူကုန်ကူးခံရသူများအတွက် ထောက်ပံ့မှုပေးနေသည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပေးခြင်း၊ လူကုန်ကူးခံရသူများ အလုပ်အကိုင်ရရှိနိုင်မည့် အခွင့်အလမ်းများရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ရည်ရွယ်ချက်

၃၁။ အောက်ပါအတိုင်း ကဏ္ဍအလိုက် ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်ပါမည်-

(က) မြန်မာနိုင်ငံရှိအမျိုးသမီးများအားလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၏ ပံ့ပိုးမှုဖြင့် စွမ်းဆောင်ရည်မြင့်မားလာပြီး ၎င်းတို့၏အခွင့်အရေးများကို အပြည့်အဝခံစားရရှိနိုင်စေရန်၊

( ခ) အမျိုးသမီးတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား၊မရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ရပ်တည်ရန် ခက်ခဲသော အမျိုးသမီးများအတွက် သင်တန်းကျောင်းအခြေပြု ကာကွယ် စောင့်ရှောက်ရန်၊

(ဃ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊

**မူဝါဒများချမှတ်ခြင်း**

၃၂။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ အောက်ပါ မူဝါဒ များကို ချမှတ်ထားပါသည်-

(က) အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေး လုပ်ငန်းများ ဆောင်ရွက်ရမည်။

(ခ) အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် လုပ်ငန်းအစီအစဉ်များ တိုးမြှင့် ဆောင်ရွက်ရမည်။

(ဂ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေး၊ လူကုန်ကူးမှု လျော့နည်းပပျောက်ရေး အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ရမည်။

(ဃ) အမျိုးသားများနှင့် အမျိုးသမီးများကြား ခွဲခြားမှုမရှိဘဲ လူ့အဖွဲ့အစည်းအတွင်း တန်းတူ ရည်တူ ပါဝင်ဆောင်ရွက်ခွင့် ရရှိရေးကို ဆောင်ရွက်ပေးရမည်။

(င) အမျိုးသမီးများကို ကာကွယ်ရေးအတွက် ခေတ်နှင့်လျော်ညီသော အက်ဥပဒေ ၊ နည်းဥပဒေ များထုတ်ပြန်ရမည်။

(စ) အကျင့်စာရိတ္တပျက်ပြားသူ အမျိုးသမီးများနှင့် အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာ မဲ့ဖြစ်သော အမျိုးသမီးများအတွက် သင်တန်းကျောင်းများကို သီးခြား ဖွင့်လှစ်ပြီး ယာယီစောင့်ရှောက်ပေးရမည်။

(ဆ) အမျိုးသမီးသင်တန်းကျောင်းများသည် ပြည်သူတို့အား အကျိုးပြုသည့် ကုန်ထုတ်လုပ်ငန်းဆိုင်ရာနည်းပညာများ သင်ကြားပေးသည့် ဌာနများ ဖြစ်စေရ မည်။

(ဇ) လုပ်ငန်းမှရရှိသောဝင်ငွေများကို သင်တန်းကျောင်းဖွံ့ဖြိုးရေးနှင့် ကိုယ်ပိုင် အကျိုး ခံစားခွင့်ရှိရေးအတွက် ဖြစ်စေရမည်။

(ဈ) စေတနာ့ဝန်ထမ်းဝေဟာများကို ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းမျဉ်းများချမှတ် ပေးခြင်းစသည် တို့ကိုပြုလုပ်ရမည်။

(ည) HIV/AIDS ကူးစက်ခံရသော၊ ထိခိုက်ခံရသော အမျိုးသမီးများအား လူမှုရေးအရ ကာကွယ်စောင့်ရှောက်မှုပြုပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရမည်။

( ဋ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

( ဌ) အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအား ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

( ဍ) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ဦးဆောင်မှု မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးထု တစ်ရပ်လုံး ပါဝင်လာအောင် ဆောင်ရွက်ရမည်။

( ဎ) လက်ရှိစိန်ခေါ်မှုများဖြစ်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီးငယ်ရွယ်များနှင့် အရေးပေါ်အခြေအနေတွင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဦးစားပေးအကောင်အထည် ဖော် ဆောင်ရွက်ရမည်။

(ဏ) အသိပညာပေးလုပ်ငန်းများကို လျာထားရန်ပုံငွေအပေါ် မူတည်၍ မီဒီယာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဆောင်ရွက်သွားရမည်။

**လုပ်ငန်းစဥ်ချမှတ်ခြင်း**

၃၃။ အဆိုပါမူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ပါလုပ်ငန်းအစီအစဥ်များကို ချမှတ်ဆောင်ရွက်သွားပါမည်-

(က) အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်းများကို အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)နှင့်အညီ ဆောင်ရွက်မည့်အစီအစဥ် ချမှတ် ခြင်း၊

( ခ) အမျိုးသမီးများပိုမိုပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် ရပ်ရွာအခြေပြုလုပ်ငန်း အစီအစဉ်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ် ချမှတ်ခြင်း၊

( ဂ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေး၊ လူကုန်ကူးမှု လျော့နည်းပပျောက်ရေး အသိပညာပေးအစီအစဉ်များကို တိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်များတွင် ဆောင်ရွက်မည့်အစီအစဉ်ချမှတ်ခြင်း၊

(ဃ) အမျိုးသားများနှင့် အမျိုးသမီးများကြား ခွဲခြားမှုမရှိဘဲ လူ့အဖွဲ့အစည်းအတွင်း တန်းတူရည်တူ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး အသိပညာပေး အစီအစဉ်များကို တိုင်းဒေသကြီး / ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်များတွင် ဆောင်ရွက်မည့် အစီအစဉ် ချမှတ်ခြင်း၊

( င) အမျိုးသမီးများကို ကာကွယ်ရေးအတွက် ခေတ်နှင့်လျော်ညီသော ဥပဒေ ၊ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေး ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( စ) အကျင့်စာရိတ္တပျက်ပြားသူ အမျိုးသမီးများနှင့် အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့ ဖြစ်သော အမျိုးသမီးများအတွက် သင်တန်းကျောင်းများကို သီးခြားဖွင့်လှစ်ပေးထားပြီး ဖြစ်သဖြင့် သင်တန်းကျောင်းများ၏ လုပ်ငန်းများအား စဉ်ဆက်မပြတ် ကြီးကြပ် ကွပ်ကဲခြင်း၊

(ဆ) အမျိုးသမီးသင်တန်းကျောင်းများသည် ပြည်သူတို့အား အကျိုးပြုသည့် စုပေါင်းကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ် မွေးထုတ်ပေးသည့် ဌာနများအဖြစ် ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန် သင်တန်းကျောင်းအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း၊

( ဇ) လုပ်ငန်းမှရရှိသော ဝင်ငွေများကို သင်တန်းကျောင်းဖွံ့ဖြိုးရေးနှင့် ကိုယ်ပိုင်အကျိုးခံစားခွင့်ရှိရေးအတွက် သင်တန်းသူများအား လုပ်အားခချီးမြှင့်ပြီး ငွေစုဘဏ်တွင် ငွေစုဆောင်းပေးခြင်း၊ ကျောင်းတွင်းဝင်ငွေ တိုးမြှင့်ရရှိရေး ဆောင်ရွက်ခြင်း၊

( ဈ) စေတနာ့ဝန်ထမ်းဝေဟာများကို ကြီးကြပ်ကွပ်ကဲမည့် အဖွဲ့ဖွဲ့စည်းခြင်း၊ စည်းမျဉ်းများ ချမှတ်နိုင်ရေး အချက်အလက်စုဆောင်းခြင်း၊

(ည) HIV/AIDS ကူးစက်ခံရသော၊ ထိခိုက်ခံရလွယ်သည့် အမျိုးသမီးများအား လူမှုရေးအရ ကာကွယ်စောင့်ရှောက်မှု ပြုပေးမည့် အစီအစဉ်များနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးမည့် အစီအစဉ်များ ချမှတ်ခြင်း၊

( ဋ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအား နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင် အထည် ဖော်ဆောင်ရွက်မည့် အစီအစဉ်များရေးဆွဲခြင်း၊

( ဌ) အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအား ဌာနဆိုင်ရာအဖွဲ့ အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသမီးများ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) နှင့်အညီ ဆောင်ရွက်မည့် အစီအစဉ် ချမှတ်ခြင်း၊

( ဍ) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှု ဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးထု တစ်ရပ် လုံး ပါဝင်လာအောင် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဎ) လက်ရှိစိန်ခေါ်မှုများဖြစ်သည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် လူကုန် ကူးခံရသူများအား ပြန်လည်ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ် သော အမျိုးသမီး ငယ်ရွယ်များနှင့် အရေးပေါ်အခြေအနေတွင် အမျိုးသမီး များအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အစီအစဉ် အတိုင်း ဆောင်ရွက်ခြင်း၊

(ဏ) အသိပညာပေးလုပ်ငန်းများကို လျာထားရန်ပုံငွေအပေါ် မူတည်၍ မီဒီယာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဆောင်ရွက်သွားရန် အစီအစဉ်များ ချမှတ်ခြင်း၊

**ဆောင်ရွက်မည့်နည်းလမ်းများ**

၃၄။ ယင်းလုပ်ငန်းအစီအစဉ်များကိုအောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်-

(က) အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ရှိကာလ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူညီမျှဖြစ်ရေးဆိုင်ရာ သဘောတရားများအား နိုင်ငံတော်အဆင့်နှင့် ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်များမှာ ထည့်သွင်းရေးဆွဲ ဆောင်ရွက်စေခြင်း၊ အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်ရေးဆိုင်ရာ အရည်အသွေးများ တိုးတက်စေရေး ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်ခွင့် ရရှိရေးအတွက် လုပ်ငန်းအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည် တိုးမြှင့်စေရေး ဆောင်ရွက်ပေးခြင်း၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများ ပါဝင်ခွင့်ရရှိရန် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်အဆင့် ဖွံ့ဖြိုးတိုးတက်မှုမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူညီမျှဖြစ်ရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေး ဆောင်ရွက်ရာတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများ၊ အိမ်တွင်းအကြမ်းဖက်ခံရသူများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းများ ရှိပါက အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းများတွင် လည်းကောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းများ မရှိသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ရပ်ရွာအခြေပြုအမျိုးသမီးများ စောင့်ရှောက်ရေးဌာနများ ဖွင့်လှစ်၍ (One Stop Crisis Center) ယာယီစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေး ဝန်ဆောင်မှုပေးခြင်း၊ ပြစ်မှုဆိုင်ရာ

အရေးယူဆောင်ရွက်ခြင်း၊ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း၊ ဥပဒေရေးရာ ဝန်ဆောင်မှုပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လိုအပ်ပါက အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ပေးသည့် သင်တန်းကျောင်းများနှင့် ချိတ်ဆက် ပေးခြင်း၊ သုံးသပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း တို့ကိုဆောင်ရွက်သွားပါမည်။

(ဃ) လူကုန်ကူးမှု လျှော့နည်းပပျောက်ရေး အသိပညာပေး အစီအစဉ်များနှင့် လူကုန်ကူးခံရသူများအတွက် နောက်ဆက်တွဲစောင့်ရှောက်မှု အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများတွင် လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသူများနှင့် ရပ်ရွာအတွင်း ရှိပြည်သူများကို လူကုန်ကူးမှုလျှော့နည်းပပျောက်ရေး အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊ လူကုန်ကူးခံရပြီး ပြန်လည်ရောက်ရှိလာသူများက မိမိတို့ကြုံတွေ့ရသော အတွေ့အကြုံမျှဝေခြင်းများ ဆက်လက် ဆောင်ရွက်သွားပါမည်။ မိဘရပ်ထံပြန်လည် အပ်နှံခဲ့သည့် အမျိုးသမီးများ၏ နေအိမ်များသို့ သွားရောက်ကာ (accessment) သွားရောက် ဆောင်ရွက်ပြီး အမျိုးသမီးများ၏ လိုအပ်ချက်ပေါ် မူတည်၍ ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း၊ အသေးစားစီးပွားရေး ဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးမတည်ပေးခြင်းဖြင့် လူမှုအသိုက်အဝန်းအတွင်းသို့ ပြန်လည်ဝင်ဆံ့နိုင်ပြီးထပ်မံ လူကုန်ကူးခံရမှု မဖြစ်ပွားစေရန် ဒေသအာဏာပိုင်များ အကူအညီဖြင့် စနစ်တကျ စိစစ်လေ့လာသုံးသပ် ဆောင်ရွက်သွားပါမည်။

( င) အမျိုးသမီးများကို ကာကွယ်ရေးအတွက် ခေတ်နှင့်လျော်ညီသော ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်နိုင်ရန် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းတစ်ရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၁၄ခုနှစ် အပြီးသတ်ရေးဆွဲ ဆောင်ရွက်သွားပါမည်။

(စ) အကျင့်စာရိတ္တ ပျက်ပြားသူအမျိုးသမီးများနှင့် အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့ဖြစ်သော အမျိုးသမီးများအတွက် သင်တန်းကျောင်းများကို သီးခြား ဖွင့်လှစ်ပေးရာတွင် ယခုလူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးကလေးများ သင် တန်းကျောင်း(၃)ကျောင်း၊ အသက်(၁၈)နှစ်အထက် အမျိုးသမီးများအား စောင့် ရှောက်ထားသော အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန (၂)ခု၊ HIV/AIDS ရောဂါ ခံစားနေရသော ပြစ်ဒဏ်ကျ အမျိုးသမီးများအတွက် အမျိုးသမီးများပြုစု စောင့် ရှောက်ရေးဌာန(၂)ခု၊ ကလေးသူငယ် ဥပဒေအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောအသက်(၁၈)အောက် အမျိုးသမီးငယ်များအတွက် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း(၄)ကျောင်း၊ လူကုန်ကူးခံရသူများ ယာယီ လက်ခံ စောင့်ရှောက်ရေးဂေဟာ(၃)ခုကို ဖွင့်လှစ်ထားပါသည်။ ယင်းသင်တန်း ကျောင်းများတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသော လူကုန်ကူးခံရသူများ၊ HIVရောဂါဝေဒနာသည် ပြစ်မှုကျူးလွန်သူများ၊ ပြည်တန်ဆာပုဒ်မဖြင့် ရောက်ရှိ လာသော အမျိုးသမီးများအား တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက် သော်လည်းကောင်း ကျန်းမာရေးနှစ်သိမ့်ဆွေးနွေးပေးခြင်း၊ ကိုယ့်ခွန်ကိုယ့်အား ဖြင့် တရားသဖြင့် လုပ်ကိုင်စားသောက်လိုစိတ်နှင့် အလုပ်အပေါ် ဂုဏ်ယူတတ် သောစိတ်များ ဖြစ်ပေါ်လာအောင် အားပေးနှစ်သိမ့်ခြင်းများ ဆက်လက်ပြုလုပ် ပေးပါမည်။

(ဆ) အမျိုးသမီးသင်တန်းကျောင်းများသည် ပြည်သူတို့အား အကျိုးပြုသည့် စုပေါင်း ကုန်ထုတ်လုပ်ငန်းဌာနများအဖြစ် ရောက်ရှိအောင် ဆောင်ရွက်ရန်နှင့် အမျိုး သမီးများသင်တန်းကျောင်းမှ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အမျိုးသမီးများ သင်တန်းကျောင်းသို့ ရောက်ရှိနေသော အမျိုးသမီးများ မိဘ ရပ်ထံ မပြန်မီ အခြေခံ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်ပြီး မိမိ ခြေထောက်ပေါ် မိမိရပ်တည်ကာ မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ ရှာဖွေ ပံ့ပိုးနိုင်ရေး ဆောင်ရွက်သွားပါမည်။ ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဦးချင်း လိုအပ်ချက်များအပေါ် မူတည်၍ ပညာဆက်လက် မသင်ကြားနိုင်သော

အမျိုးသမီးကလေးများအား ဝါသနာပါရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ ရှာဖွေဖော်ထုတ်ခြင်း၊ လိုအပ်သည့်နည်းပြများ၊ သင်တန်းအခကြေးငွေများ၊ သင်ထောက်ကူပစ္စည်းများစုဆောင်းခြင်း၊ သင်တန်းကျောင်း(သို့မဟုတ်)ပြင်ပသင်တန်းများတွင် သင်ကြားပေးခြင်း၊ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများပေးခြင်း၊ အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေရရှိရေးအတွက် ဆက်စပ်အစိုးရဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်သွားပါမည်။

(ဇ) လုပ်ငန်းမှရရှိသော ဝင်ငွေများကို သင်တန်းကျောင်းဖွံ့ဖြိုးရေးနှင့် ကိုယ်ပိုင်အကျိုးခံစားခွင့်ရှိရေးအတွက် ဆောင်ရွက်ရာတွင် အမျိုးသမီးများ သင်တန်းကျောင်းမှအမျိုးသမီးများအားဌာနတွင်းနှင့် ဌာနပြင်ပ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်စေပြီး အစိုးရဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ကာ လခစားဝန်ထမ်းများအဖြစ် ခန့်အပ်ပြီး အလုပ်လုပ်ရင်း ကုန်ထုပ်လုပ်ပါသည်။ သို့ပါ၍ ဌာနတွင်း ဝင်ငွေရရှိသကဲ့သို့ အမျိုးသမီးများ ဝင်ငွေရရှိကာ၍ ငွေစုဘဏ်များတွင် ကိုယ်ပိုင်ငွေများ စုဆောင်းထားခြင်းဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားပါမည်။

(ဈ) စေတနာဝန်ထမ်းဂေဟာများကို ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းမျဉ်းများချမှတ်ပေးခြင်းစသည်တို့ကို ပြုလုပ်ရန်အတွက် စေတနာဝန်ထမ်းဂေဟာများတွင် စည်းမျဉ်းများ ချမှတ်ပေးပြီး သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ(၁)နှစ် လျှင် (၁)ကြိမ်ဌာနမှ ကြီးကြပ်ကွပ်ကဲပါမည်။

(ည) HIV/AIDS ကူးစက်ခံရသော၊ ထိခိုက်ခံရသောအမျိုးသမီးများအား လူမှုရေးအရ ကာကွယ်စောင့်ရှောက်မှုပြုပေးရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရာတွင် အမျိုးသမီးများ မိဘရပ်ထံ မပြန်မီ HIV/AIDS အသိပညာပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်တတ်ရန် အသိပညာပေးခြင်း၊ အခြေခံအသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခဲ့သည့် အမျိုးသမီးများ၏ နေအိမ်များသို့သွားရောက်ကာ

(accessment) သွားရောက် ဆောင်ရွက်ပြီး အမျိုးသမီးများ၏ လိုအပ်ချက်ပေါ် မူတည်၍ ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ အသေးစား စီးပွားရေး ဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးမတည်ပေးခြင်းဖြင့် လူမှု အသိုက်အဝန်းအတွင်းသို့ ပြန်လည်ဝင်ဆံ့နိုင်အောင် ဆောင်ရွက်သွားပါမည်။

( ၄) အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားအဖြစ် ဖွဲ့စည်းထားရှိခြင်း၊ အမျိုးသမီးအခွင့်အရေးများ ကာကွယ်ပေးရေး ဥပဒေမူကြမ်းတစ်ရပ်အား ရေးဆွဲခြင်း၊ အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍တိုင်ကြားစာများအား မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့အပြင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီတို့မှလည်း စိစစ်ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ကျားမဆိုင်ရာ ကိန်းဂဏန်းများ ကောက်ယူခြင်း၊ အသိပညာပေးမှုများ ဆောင်ရွက်ခြင်း တို့ကို ဆက်လက်ဆောင်ရွက် သွားပါမည်။

( ၅) အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအား ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ယခုလက်ရှိ ပူးပေါင်းဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်းများ ဖြစ်သော Unicef,UNDP, UNFPA, UN Women, နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သော World vision, Save the Children, IOM, JICA, KOICA, အရပ်ဘက် လူ့အဖွဲ့အစည်းများဖြစ်သော Gender Equality Network တို့နှင့် စနစ်တကျ လုပ်ငန်းစဥ်များ ချမှတ်ကာ ပူးပေါင်းဆောင်ရွက်ပါမည်။ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂)အား လုပ်ငန်းစီမံချက်နှစ်အလိုက် ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွင် ဘေဂျင်းလုပ်ငန်းစီမံချက်ပါ

လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကိုသက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ထည့်ဝင်သော ငွေကြေး၊ နည်းပညာ အကူအညီ၊ ပစ္စည်းအကူအညီများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ အမျိုးသမီးများအားအကြမ်းဖက်မှုဆိုင်ရာ သုတေသနစာတမ်း အချက်အလက်များ ကောက်ယူခြင်းကို Gender Equality Network (GEN) , UNFPA တို့နှင့် ပူးပေါင်း၍ အချက်အလက်များ ကောက်ယူဆောင်ရွက် သွားပါမည်။

( ဍ) မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပူးပေါင်းပါဝင်မှုဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးထု တစ်ရပ်လုံး ပါဝင်လာအောင် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ အစည်းအဝေးကို တစ်နှစ်လျှင် (၂)ကြိမ်ကျင်းပ၍ ဆွေးနွေးပူးပေါင်းဆောင်ရွက် သွားပါမည်။

( ဎ) လက်ရှိစိန်ခေါ်မှုများဖြစ်သည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ထူထောင်ရေး၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီးငယ်ရွယ်များနှင့် အရေးပေါ် အခြေအနေတွင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများကို ရပ်ရွာအတွင်းရှိ အမျိုးသမီးများအားသင်ကြား ပေးပါမည်။ ပဋိပက္ခနှင့် သဘာဝ ဘေးအန္တရာယ် ကျရောက်သည့် ဒေသရှိ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ပါမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကယ်ဆယ်ရေးစခန်းများရှိ အမျိုးသမီးနှင့်

အမျိုးသမီးငယ်ရွယ်များ အသက်အရွယ်အလိုက်၊ မသန်စွမ်းမှု အမျိုးအစား အလိုက် စာရင်းအချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေး အသိပညာ ပေးခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်း၊ရုပ်ပိုင်းလိုအပ်ချက်ရှိသူ များအား ဝန်ဆောင်မှုပေးခြင်း၊ အကြမ်းဖက်မှုမခံရအောင် အသိပညာပေးခြင်း၊ အစီအမံ များဆောင်ရွက်ပေးခြင်း၊ အတန်းပညာရပ်များ၊ အသုံးလုံးပညာရပ်များ၊ အသက် မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ ဝင်ငွေရလုပ်ငန်းများအား ဖန်တီးပေးခြင်း၊ အကြမ်းဖက်ခံရသော အမျိုးသမီးများအတွက် လိုအပ်သည့် ကူညီ ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်သွားပါမည်။

(ဏ) အသိပညာပေးလုပ်ငန်းများကို လျာထားရန်ပုံငွေအပေါ် မူတည်၍ မီဒီယာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဆောင်ရွက်သွားရာတွင် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု အမျိုးမျိုးနှင့် လူကုန်ကူးခံရမှုများအား ရုပ်မြင်သံကြား ဇာတ်လမ်း၊ ဗီဒီယိုဇာတ်လမ်း၊ နံရံကပ်စာစောင်၊ လက်ကမ်းစာစောင် အစရှိ သော မီဒီယာဖြင့် ကျယ်ကျယ် ပြန့်ပြန့်ထိရောက်စွာ ဆောင်ရွက်သွားပါမည်။

**သင်တန်းကျောင်းအခြေပြုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ**

၃၅။ သင်တန်းကျောင်းအခြေပြု အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအနေ ဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၊အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း တို့ကို အောက်ပါအတိုင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

(က) **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန။** အမျိုးသမီးများ ဖွံ့ဖြိုးတိုး တက်ရေးဌာနကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဖွင့်လှစ်ထားရှိပါသည်။ အသက်(၁၈)နှစ် ပြည့်ပြီး အမျိုးသမီးများအား ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း၊ အလုပ်အကိုင်နေရာချထား ပေးခြင်း လူမှုအသိုင်းအဝိုင်း အတွင်းသို့ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းပေးခြင်း များကို ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။

(၁) **အသက်အပိုင်းအခြားနှင့် ကလေးအမျိုးအစားများ**

(ကက)အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ မူလတန်းပညာအား အသက်(၁၂)နှစ်ပြည့်အချိန်တွင် မအောင်မြင်သူများ။

( ခခ) အလယ်တန်း၊ အထက်တန်းပညာ သင်ကြားနေသူများ အနက် အတန်း (၁)ခုတွင် (၂)နှစ်ဆက်တိုက်ကျသူများ။

( ဂဂ) အသက်(၁၈)နှစ်ပြည့်ပြီးသော အမျိုးသမီးများ။

(ဃဃ)လူမှုရေး အခက်အခဲကြောင့် စောင့်ရှောက်ရန် လိုအပ်သော အသက် (၁၈)နှစ်အထက် အမျိုးသမီးများ။

(၂) **ပညာသင်ကြားရေးစနစ်**။ အထက်တန်းပညာ အောင်မြင်ပြီးသော အမျိုးသမီးများအား တက္ကသိုလ်ပညာကို တက်ရောက်သင်ကြားနိုင်ရန် စီစဥ် ဆောင်ရွက်ပေးပါသည်။ စာမတတ်သည့် အမျိုးသမီးများအား ကျောင်းပြင်ပ ပညာသင်ကြားရေးစနစ်ဖြင့် သင်ကြားပေးပါသည်။

(၃) **အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း။** အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရှိ အမျိုးသမီးများအား အောက်ပါ အသက်မွေး ဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးပြီး လေ့ကျင့်ရင်းကုန်ထုတ်၊ ကုန်ထုတ်ရင်း လေ့ကျင့်စနစ်ကို ကျင့်သုံး၍ကုန်ချောများကို ထုတ်လုပ် ပေးလျက်ရှိပါသည်။ ထုတ်ပြီးကုန်ချောများကို ဈေးကွက်ဝင်ရန် အရောင်းဆိုင်၌ ရောင်းချလျက် ရှိပါသည် -

(ကက)စက်ချုပ်လုပ်ငန်း

( ခ ခ )ပန်းထိုးလုပ်ငန်း

(ဂ ဂ ) သိုးမွှေးထိုးလုပ်ငန်း

(ဃဃ) ရွှေချည်ထိုးလုပ်ငန်း

( င င )ယက္ကန်းလုပ်ငန်း

( စ စ )အဝတ်လျှော်လုပ်ငန်း

(ဆဆ) လက်မှုလုပ်ငန်း

(၄) **အလုပ်အကိုင်နေရာချထားပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့နိုင်ရေးဆောင်ရွက်ပေးခြင်း။** အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ် တက်ရောက်နေသူ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူများကို ပြင်ပပုဂ္ဂလိက လုပ်ငန်း များ၊ ဦဇက်ရည်နိမ့် အမျိုးသမီးများအတွက် ဌာနတွင်းဝင်ငွေရလုပ်ငန်း၊ ဌာန ဆိုင်ရာလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ မိဘအုပ်ထိန်းသူရှိသူများကို မိဘရပ်ထံပြန်လည်အပ်နှံပေးခြင်း၊ သင့်လျော်သော အိမ်ထောင်ဖက်နှင့်တွေ့ရှိ သော အမျိုးသမီးများအား ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လက်ထပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ထို့အပြင် ငွေစုဘဏ်တွင် ငွေစုဆောင်းလိုသော အမျိုးသမီးများအား မိမိတို့၏ ကိုယ်ပိုင်ငွေစုဆောင်းပေးပါသည်။

(၅) **နောက်ဆက်တွဲစောင့်ရှောက်မှုပေးခြင်း။** ပြင်ပရပ်တည်နေထိုင်သူများ၊ ကင်ဆာရောဂါ၊ သွေးအားနည်းရောဂါ၊ စိတ်ကျန်းမာရေးချို့တဲ့သူ စသည့်ရောဂါဖြစ်ပွား၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေရသူများကို နောက်ဆက်တွဲစောင့်ရှောက်မှု ကာလမှာ(၂)နှစ် အနည်းဆုံးဖြစ်ပြီး ကျောင်းမှ ကျောင်းအုပ်၊ ဆရာမများကိုယ်တိုင် (၁)လတစ်ကြိမ် အခါအားလျော်စွာ သွားရောက် မေးမြန်းအားပေးလျက်ရှိပါသည်။

( ခ) **အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း။** အမျိုးသမီးသက်မွေးအတတ်ပညာ သင်ကျောင်းများကို ရန်ကုန်၊ မန္တလေး၊ မြိတ်နှင့် ကျိုင်းတုံမြို့များ၌ ဖွင့်လှစ်ထား ရှိပါသည်။ အကျင့်စာရိတ္တ ပြုပြင်ရန် လိုအပ်သောအမျိုးသမီးငယ်များ၊ လူကုန်ကူးခြင်းခံရသောအမျိုးသမီးများကို ထိရောက်သော အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လေ့ကျင့်သင်ကြားပေးနိုင်ရန် အောက်ပါအတိုင်း ဦးတည်ဆောင်ရွက်လျက် ရှိပါသည်-

(၁) **အသက်အပိုင်းအခြားနှင့် ကလေးအမျိုးအစားများ**

(ကက) ကလေးသူငယ်တရားရုံးမှ ကလေးသူငယ်ဥပဒေပုဒ်မ-၃၃(က) ဖြင့်ပို့အပ်သည့်အသက်(၁၂)နှစ်မှ(၁၈)နှစ်ကြားအမျိုးသမီးများ။

( ခ ခ ) တရားရုံးမှ အမိန့်ချပြီး ပုဒ်မ၄၇(ဃ)ဖြင့် အကျင့်စာရိတ္တ ပြုပြင်ရန်လိုအပ်သော အမျိုးသမီးများ။

(ဂ ဂ ) ၁၉၅၆ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေးပုဒ်မ-၆(ဃ)ဖြင့် ရောက်ရှိသော အသက်(၁၆)နှစ်မှ(၁၈)နှစ်အောက် အမျိုးသမီးများ။

(ဃဃ) လူကုန်ကူးခြင်းခံရသော အမျိုးသမီးနှင့် ကလေးသူငယ်များ။

(၂) **ပညာသင်ကြားရေးစနစ်**။ စာမတတ်သည့် အမျိုးသမီးများအား **အ**သုံးလုံး ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိပါသည်။ ကျိုင်းတုံအမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းတွင် ပညာ သင်ကြားရန် ခက်ခဲသော အမျိုးသမီးကလေးများကို အတန်းပညာ သင်ကြား ပေးလျက်ရှိပါသည်။

(၃) **အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးခြင်း**

(ကက) အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းများ၌ အမျိုးသမီးများအား အောက်ပါအသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်-

- စက်ချုပ်လုပ်ငန်း
- လက်ပန်းထိုးလုပ်ငန်း
- သိုးမွှေးထိုးလုပ်ငန်း
- အဝတ်လျှော်လုပ်ငန်း
- ယက္ကန်းလုပ်ငန်း

(ခ ခ ) ရန်ကုန်မြို့ရှိ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းတွင် အရောင်းဆိုင် ဖွင့်လှစ်၍ အဝတ်အထည်ထုတ်ကုန်များကို ရောင်းချ လျက်ရှိပါသည်။

(၄) **အလုပ်အကိုင်နေရာချထားပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့နိုင်ရေးဆောင်ရွက်ပေးခြင်း။** အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူများကို ပြင်ပပုဂ္ဂလိက လုပ်ငန်းများ၌ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ လွတ်ရက်စေ့ပါက မိဘ အုပ်ထိန်းသူထံပြန်လည်အပ်နှံပေးခြင်း၊ သင့်တော်သော အိမ်ထောင်ဖက် နှင့်တွေ့ရှိသော အမျိုးသမီးများအား ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လက်ထပ် ပေးခြင်းများကို ဆောင်ရွက်ပေးပါသည်။

( ဂ) **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း။** လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းကြီး(၈)ရပ်အနက် အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်းသည် အဓိက အခန်းကဏ္ဍမှ ပါဝင်သော လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူ့စွမ်းအား အရင်းအမြစ် များဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာဒေသအတွင်း ဆင်းရဲမှုလျော့ချရေး၊ အလုပ် အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် အမျိုးသမီးများ ဝင်ငွေရလုပ်ငန်း အဖြစ် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို ရန်ကုန်မြို့၊ မန္တလေး မြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့၊ တောင်ငူမြို့၊ မြစ်ကြီးနားမြို့နှင့် ဖျာပုံမြို့များတွင် ဖွင့်လှစ်ထားရှိပြီး အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်း အမျိုးသား၊ အမျိုးသမီး များကို သင်ကြားပို့ချလျက်ရှိပါသည်။ အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင် ကျောင်းများအနေဖြင့် သက်မွေးပညာရပ်များ သင်ကြားပေးရာတွင် သင်တန်း ကျောင်းအခြေပြုသင်တန်းနှင့် ရပ်ရွာအခြေပြု သင်တန်းဟူ၍ နည်းစနစ် (၂)မျိုးဖြင့် အကောင်အထည်ဖော် သင်ကြားပို့ချပေးလျှက် ရှိပါသည်-

(၁) **သင်တန်းကျောင်းအခြေပြုသင်တန်း။** အိမ်တွင်းမှုကျောင်းများသို့ တက်ရောက်သင်ကြားလိုသူများအတွက် ပုံမှန်သင်တန်းများကို (၁)နှစ် လျှင် (၈)ကြိမ်ဖွင့်လှစ်ပို့ချလျက်ရှိပြီး၊ သင်တန်း(၁)ပတ်စဉ်လျှင် (၁)လခွဲ ကြာ သင်ကြား ပို့ချပေးလျှက်ရှိပါသည်။ ထို့အပြင် ရုံးဖွင့်ရက်ညနေပိုင်း အချိန်ပို သင်တန်းနှင့် ရုံးချိန်အတွင်း မတက်ရောက်နိုင်သူများအတွက်

စနေ၊တနင်္ဂနွေ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။ စနေ၊ တနင်္ဂနွေသင်တန်းများကို သင်တန်းအပတ်စဉ်(၁)ခုလျှင် သင်တန်းကာလ(၈)ပတ်(၂)လကြာဖွင့် လှစ်သင်ကြားပေးပါသည်။ ဧပြီလတွင်လည်း နွေရာသီသင်တန်း ကို ဖွင့်လှစ်သင်ကြားပေးလျှက် ရှိပါသည်။

(၂) **ရပ်ရွာအခြေပြုသင်တန်း။** အကြောင်းအမျိုးမျိုးကြောင့်အိမ်တွင်းမှုကျောင်းများသို့ လာရောက်မသင်ကြားနိုင်သူများ၊ အိမ်တွင်းမှုကျောင်းမရှိသောဒေသတွင် နေထိုင်သူများအတွက် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များသို့ ကွင်းဆင်း၍ ရပ်ရွာအခြေပြုသင်တန်းများကိုလည်း (၁)နှစ်လျှင် အနည်းဆုံး (၈)ကြိမ် ဖွင့်လှစ်ပို့ချပေးလျှက် ရှိပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် (၂၀၁၃-၁၄)ဘဏ္ဍာရေးနှစ် အတွင်း၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင်(၂၀၁၅-၁၆) ဘဏ္ဍာရေးနှစ်၌လည်းကောင်း အိမ်တွင်းမှုကျောင်းများ ထပ်မံဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိ ပါသည်။

(၃) **သင်တန်းသားခေါ်ယူခြင်း။** သင်တန်းကျောင်းအခြေပြုသင်တန်းအတွက် သင်တန်းသားများကို ကျောင်းရှေ့ ကြော်ငြာဆိုင်းဘုတ်များ၊ သတင်းစာများမှတဆင့် သင်တန်းသားသစ်များ ခေါ်ယူပါသည်။ ရပ်ရွာအခြေပြုသင်တန်းများအတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များမှ မေတ္တာရပ်ခံချက်များအရ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၄) **သင်တန်းကြေး။** အထွေထွေကြေးအဖြစ် ပုံမှန်သင်တန်းများတွင် သင်တန်းကြေး(၄၀၀၀ိ/-)ဖြင့်လည်းကောင်း၊ အဆင့်မြင့်သင်တန်းများတွင် သင်တန်းကြေး (၅၀၀၀ိ/)(၁၀၀၀၀ိ/-)ဖြင့်လည်းကောင်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးပါသည်။ ပို့ချပေးသည့် သင်တန်းများမှာ မိန်းမဝတ်(လက်မ)၊ မိန်းမဝတ်(စင်တီ)၊ ကလေးဝတ်၊ ကျားရှပ်၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ မြန်မာအစားအစာ၊ ဘော်လီ/ဘရာစီယာ၊

ဇာထိုး/ပန်းထိုး၊ သီးယို/ဆီစိမ်၊ မုန့်မျိုးစုံ၊ တရုတ်အစားအစာ၊ စက်ကြီးပန်းထိုး၊ စက်ကလေးပန်းထိုး၊ ပန်းအလှပြင်၊ ပန်းပွင့်/ပန်းခိုင်၊ သစ်သီးအလှပြင်တို့ ဖြစ်ပါသည်။

(ဃ) **အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန။** အကျဉ်းထောင်အတွင်းတွင်(HIV/AIDS) ရောဂါဖြစ်ပွားနေသည့် အမျိုးသမီးများအား စနစ်တကျပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ၂၀၀၀ပြည့်နှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ကျင်းခဲ့သည့် အမျိုးသားကျန်းမာရေးကော်မတီ အထူးအစည်းအဝေးမှ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ရန် လမ်းညွှန်ချက်အရ အကျဉ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနများကို တွံတေးမြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ထားရှိပြီး အောက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါသည်-

(၁) **လူမှုရေးဆိုင်ရာစောင့်ရှောက်ပေးခြင်း။** လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အကျဉ်းဦးစီးဌာနမှ လွှဲပြောင်းပို့အပ်သည့် (HIV/AIDS)ရောဂါခံစားနေရသောအမျိုးသမီးများအား လူမှုရေးနှစ်သိမ့် ဆွေးနွေးပညာပေးခြင်းလုပ်ငန်းတွင် တစ်ဦးချင်း/ အုပ်စုလိုက် နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း၊ လူမှုအသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးခြင်း၊ စိတ်အေးချမ်းမှုရရှိစေရန် တရားထိုင်၊ တရားနာစေခြင်းများ ဆောင်ရွက်ပေးပါသည်။

(၂) **ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုပေးခြင်း။** ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်နှင့်သူနာပြုဆရာမများမှအနီးကပ်ပြုစုစောင့်ရှောက်မှုများပေးလျက်ရှိပါသည်။ ဌာနတွင်လက်ခံစောင့်ရှောက်ထားစဉ်အတွင်း လိုအပ်ပါကဗဟိုအကျဉ်းထောင်ဆေးရုံသို့တင်ပို့ကုသမှုများဆောင်ရွက်

ပေးပါသည်။ ထို့အပြင် မိဘရပ်ထံ ပြန်လည်အပ်နှံပြီးသော သင်တန်းသူများအား ရပ်ရွာဒေသအတွင်း နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းနှင့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့်တကွ ကျန်းမာရေးဦးစီးဌာနသို့ဆက်လက်ပေးပို့ပြီး ကျန်းမာရေးဦးစီးဌာနမှလည်း ပြန်လည်အပ်နှံပြီးသည့် သင်တန်းသူများအား နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အကြောင်းကြား ဆောင်ရွက် ပေးလျက်ရှိပါသည်။

(၃) **အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးခြင်း။** လွတ်ရက်စေ့သင်တန်းသူများပြင်ပတွင်ရပ်တည်နေထိုင်နိုင်ရန်အသက်မွေးဝမ်းကျောင်းပညာရပ်များအဖြစ် စိုက်ပျိုးရေး၊ စက်ချုပ်၊ ဇာထိုး/ ပန်းထိုး၊ ကြိုးကျစ်၊ တက်တင်းပညာများကို အသက်မွေးဝမ်းကျောင်း ပြုနိုင်သည်အထိ သင်ကြားပေးလျက်ရှိပါသည်။

(၄) **ပညာသင်ကြားရေးဆောင်ရွက်ပေးခြင်း။** ပညာရေးအနေဖြင့်စာမတတ်သူများအားအခြေခံအသုံးလုံးသင်ကြားပေးပါသည်။

(၅) **မိဘအုပ်ထိမ်းသူထံပြန်လည်အပ်နှံပေးခြင်း။** လွတ်ရက်စေ့သူများအား လွတ်ရက်မစေ့မီ (၃)လအလိုတွင် မိဘ/အုပ်ထိန်းသူထံစာဖြင့် အကြောင်းကြားခြင်း၊ ဖုန်းဖြင့်ဆက်သွယ် စုံစမ်းပေးခြင်းများ ဆောင်ရွက်ပေးပြီး မိဘ/အုပ်ထိန်းသူ လာရောက်ခေါ်ဆောင်ပါက သင်တန်းသူ၏ ကျန်းမာရေး၊ လူမှုရေး စောင့်ရှောက်ရန် လိုအပ်ချက်များအား ဆွေးနွေးညှိနှိုင်း၍ ပြန်လည်အပ်နှံခြင်းနှင့် လာရောက်တွေ့ဆုံနိုင်မှု မရှိသူများအား မိဘရပ်ထံသို့အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင် ပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**အထွေထွေ**

၃၆။ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) အသိပညာပေးလုပ်ငန်းများဆောင်ရွက်မှု

(ခ ) ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု

(ဂ ) ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှု

(ဃ) နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍတွင် မြန်မာအမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု အခြေအနေ

(င) နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု

**အသိပညာပေးလုပ်ငန်းများဆောင်ရွက်မှု**

၃၇။ အမျိုးသမီးများ၏ အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေး သဘောတူစာချုပ်နှင့် အမျိုးသားနှင့် အမျိုးသမီးများအကြား လူမှုရေးအရ ခွဲခြားဆက်မှုများ (Gender)ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများကို တိုင်းဒေသကြီး ၊ ပြည်နယ်များတွင် ကျင်းပဆောင်ရွက်ခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းဆက်လက် ဆောင်ရွက်သွားရန်လုပ်ငန်းစီမံချက်များရေးဆွဲ ချမှတ်ပြီးဖြစ်ပါသည်။ ထို့အပြင်အထက်မြန်မာပြည် နှင့် အောက်မြန်မာပြည် ဗဟိုဝန်ထမ်း တက္ကသိုလ်များတွင်လည်း အမျိုးသမီးအခွင့်အရေးများကို ဘာသာ ရပ်တစ်ခုအဖြစ် ထည့်သွင်းပို့ချလျက်ရှိပါသည်။ ထိုသို့ အသိပညာပေးခြင်းနှင့် သင်တန်းပို့ချခြင်းများ တွင် စနစ်တကျရှိစေရေးနှင့် ထိရောက်စေရေးအတွက် အမျိုးသားနှင့် အမျိုးသမီးများအကြား လူမှုရေးအရ ခွဲခြားဆက်မှုများ(Gender)ဆိုင်ရာ နည်းပြလက်စွဲသင်ရိုးမှတ်စုအား လူမှုဝန်ထမ်းဦးစီးဌာနနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ရေးဆွဲပြုစုလျက်ရှိပါသည်။

**ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု**

၃၈။ အမျိုးသမီးများအား အကြမ်းဖက်မှု ပပျောက်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို စာသင်ကျောင်းများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများနှင့် ရပ်ကွက် ကျေးရွာအဆင့်အထိ သွားရောက်၍ ပညာပေးဟောပြောပွဲများနှင့် အုပ်စုငယ် ဆွေးနွေးပွဲများ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ ဆွေးနွေးပွဲများတွင် အကြမ်းဖက်မှုနှင့် ပတ်သက်၍ သိရှိ နားလည်သဘောပေါက်စေရန်နှင့် အကြမ်းဖက်မှုခံရပါက

ဥပဒေအရ အကူအညီပေးနိုင်သော နေရာများနှင့် အဖွဲ့အစည်းများသို့ အကူအညီ တောင်းခံ နိုင်ကြောင်း အသိပညာပေးဆောင်ရွက်လျက် ရှိပါသည်။

**ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှု**

၃၉။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီး များ၊ HIV/AIDS ရောဂါခံစားနေရသော ပြစ်ဒဏ်ကျအမျိုးသမီးများ၊ ကလေးသူငယ် ဥပဒေအရ ကာကွယ် စောင့်ရှောက်ရန်လိုအပ်သော အသက်(၁၈)အောက် အမျိုးသမီးငယ်များ၊ လူကုန်ကူး ခံရသူများအား မိဘရပ်ထံပြန်လည် အပ်နှံပြီးသည့်နောက် ပြန်လည်ထူထောင်ရေး အတွက် နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေးခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းလိုအပ်ချက်ရှိသူများအား ဝန်ဆောင်မှုပေးခြင်း၊ အကြမ်းဖက်မှုမခံရအောင် အသိပညာပေးခြင်း အမျိုးသမီးများ၏ ဒေသနှင့်ကိုက်ညီမှုရှိမည့် စီးပွါးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ငွေကြေးထောက်ပံ့ရေးလုပ်ငန်းများကို ဒေသအာဏာ ပိုင် များ၏ ကြီးကြပ်မှုဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

၄၀။ မြန်မာအမျိုးသမီးများအားလုံး အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးဥပဒေကို လူမှုဝန်ထမ်းဦးစီး ဌာနမှ ဦးဆောင်၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ နည်းပညာအကူအညီများဖြင့် ရေးဆွဲ လျက်ရှိပါသည်။

**နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍတွင် မြန်မာအမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု အခြေအနေ**

၄၁။ နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍတွင် အမျိုးသမီးများ တန်းတူညီမျှစွာ ပါဝင်နိုင်ရေး အတွက် နိုင်ငံတော်မှ ဦးစီးဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင်ကျား/မနှင့် လူမျိုးဘာသာမရွေး နိုင်ငံသားတိုင်း ဝင်ရောက်ရွေးကောက်ခံ ပိုင်ခွင့် ရှိသည်ဟု ဖော်ပြပါရှိပါသည်။

၄၂။ ၂၀၁၀ခုနှစ်နိုဝင်ဘာလ(၇)ရက်နေ့တွင်ကျင်းပပြုလုပ်သောရွေးကောက်ပွဲတွင်ယှဥ်ပြိုင် အရွေးခံသူ အမျိုးသမီးအမတ်လောင်းဦးရေ (၁၁၄)ဦးအနက် (၄၅)ဦးရွေးကောက်တင်မြှောက် ခံရပြီး အဆိုပါအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ် များတွင် ဝန်ကြီးများအဖြစ်လည်းကောင်း၊ ကော်မတီဝင်များအဖြစ်လည်းကောင်း၊ နိုင်ငံတော် ၏ နိုင်ငံရေးရာများတွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်လျက်ရှိကြပြီး ဝန်ကြီးဌာနများနှင့်

အစိုးရ မဟုတ်သောအဖွဲ့အစည်းများတွင်လည်း အဆင့်မြင့်တာဝန်များကို အမျိုးသားများ နည်းတူ တန်းတူ တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

၄၃။ မြန်မာအမျိုးသမီးများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အခြားအဆင့်မြင့်အရာရှိကြီးများအဆင့်ဖြစ်သော ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ် ရာထူးများနှင့် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ တရားရုံးချုပ် တရားသူကြီးများ အဖြစ် တာဝန်ထမ်း ဆောင်လျက်ရှိကြသည်။

၄၄။ ၂၀၀၆-၂၀၀၇ ထုတ်ပြန်သောစာရင်းများအရ အစိုးရဌာနအသီးသီး၌ အဆင့်မြင့် ရာထူး တာဝန် ထမ်းဆောင်နေသော အမျိုးသမီးများမှာ (၃၃.၃၇%) ဖြစ်ကြောင်း တွေ့ရသည်။ ၂၀၀၉-၂၀၁၀ စာရင်းများအရ ပညာရေးနယ်ပယ်တွင် ပါမောက္ခများ၊ တွဲဘက်ပါမောက္ခများ၊ ကထိကများ အနက် (၇၅.၂%) မှာ အမျိုးသမီးများဖြစ်ကြပြီး မြို့နယ်ပညာရေးမှူးများအနက် (၇၇.၄၅%)မှာအမျိုးသမီးများဖြစ်ကြသည်။သံတမန်ဆက်ဆံရေးကိစ္စများတွင်လည်းကမ္ဘာ့နိုင်ငံ အသီးသီးရှိ မြန်မာသံရုံးများတွင် မြန်မာအမျိုးသမီးများသည် သံအမတ်ကြီး/သံမှူးများအဖြစ် လည်းကောင်း၊ ကောင်စစ်ဝန်များ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ နိုင်ငံတကာအရေး ကိစ္စများတွင်လည်း အစိုးရအဖွဲ့အစည်းများသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အမျိုးသမီးများသည် အပြည်ပြည်ဆိုင်ရာအစည်းအဝေးများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်လျက်ရှိကြပါသည်။

၄၅။ မြန်မာ့စီးပွားရေးကဏ္ဍတွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်သည် တစ်နေ့တစ်ခြား တိုးတက်လာသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် အမျိုးသမီး ဦးဆောင်သော စီးပွားရေးလုပ်ငန်းများသည်အင်အားကြီးအစိတ်အပိုင်းတစ်ရပ်အဖြစ် ရပ်တည် နေပြီး တစ်နေ့တစ်ခြား တိုးတက်လာနေသော လုပ်ငန်းများလည်း ဖြစ်သည်။

၄၆။ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းသည် မြန်မာအမျိုးသမီး စီးပွား ရေး စွမ်းဆောင်ရှင်များ ပြည်ပသို့ ကုန်သွယ်ခြင်းလုပ်ငန်းများ၊ ပြည်ပစီးပွားရေး လုပ်ငန်းများ နှင့် ဆက်သွယ်ဆောင်ရွက်ရေးကိစ္စများ အဆင်ပြေချောမွေ့စေရေး၊ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အဓိကထား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင်နိုင်ငံခြားတိုင်းပြည်များသို့ လေ့လာရေး ခရီးသွားရောက်ခြင်းနှင့်ပညာတော်သင်စေလွှတ်ရေးကိစ္စများလည်း စီစဉ်ဆောင်ရွက် ပေးခြင်း

ဖြင့် အရည်အသွေးပြည့်ဝသော မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ မွေးထုတ်ပေး လျက်ရှိပါ သည်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု**

၄၇။ အာဆီယံအမျိုးသမီးများနှင့်ကလေးသူငယ်အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး နှင့် မြှင့်တင်မှုရေးကော်မရှင်နှင့် အာဆီယံအမျိုးသမီးရေးရာကော်မတီတွင် မြန်မာနိုင်ငံအနေ ဖြင့်အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်ပါဝင်ပြီးမြန်မာနိုင်ငံနှင့်ဒေသတွင်းနိုင်ငံများအတွင်း အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ တွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၄၈။ ၂၀၁၄ခုနှစ်၊အောက်တိုဘာလ(၁၃)ရက်နေ့မှ(၁၇)ရက်နေ့အထိ(၉)အာဆီယံအမျိုးသမီး များနှင့်ကလေးသူငယ်အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်မှုရေးကော်မရှင် အစည်းအဝေးနှင့် (၁၃)ကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလတွင် ကမ္ဘာ့ အမျိုးသမီးညီလာခံကိုမြန်မာနိုင်ငံတွင်အိမ်ရှင်နိုင်ငံ အဖြစ်ကျင်းပ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄၉။ နှစ်စဉ် မတ်လ(၈)ရက်နေ့ ရောက်တိုင်း အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

## အခန်း(၇)

## မသန်စွမ်းသူများစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

**နိဒါန်း**

၁။ အာရှပစိဖိတ်ဒေသတွင် သန်း ၆၅၀၊ အာဆီယံဒေသတွင် သန်း ၆၀ သောသူများသည် မသန်စွမ်းသူများဖြစ်၍ အခြေခံလူ့အခွင့်အရေးများနှင့် ခွဲခြားဆက်ဆံမှုများကင်းသော တန်းတူ အခွင့်အရေးများရရှိရန် ပံ့ပိုးမှုများလိုအပ်လျက်ရှိနေကြောင်း **အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်(၂၀၁၁-၂၀၂၀)**တွင် ဖော်ပြထားပါသည်။ မသန်စွမ်းသူများအတွက် ရွေ့လျားသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သင့်လျော်သည့် ပညာရေး၊ သတင်းနှင့်မီဒီယာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ အပါအဝင်အခြေခံ အခွင့်အရေးများ ရရှိမှုတွင် ကန့်သတ်မှုများကျန်ရှိနေဆဲပင်ဖြစ်သဖြင့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော တာဝန်ရှိသူ အားလုံးတို့သည် မသန်စွမ်းသူများ၏ ဘဝတစ်လျှောက်တွင်ဘဝ အရည်အသွေးမြင့်မားရေး၊ မိမိကိုယ်မိမိယုံကြည်မှုရှိရေးနှင့် ၎င်းတို့၏ စွမ်းရည်များအား အပြည့်အဝ အသုံးချရေးတို့အတွက် အထူးအလေးထား အခွင့်အရေးပေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မသန်စွမ်းသူ များဖွံ့ဖြိုးရေးလုပ်ငန်းတွင် မသန်စွမ်းသူများအား **ပြုစုစောင့်ရှောက်ခြင်း**ထက် **ပြန်လည်ထူထောင်မှု** ရရှိပြီးသည့် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုပြီး လူ့အသိုင်းအဝိုင်းတွင်း ပါဝင်ခွင့်ရရှိရန် ဆောင်ရွက်ခြင်း ဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်မည့် စွမ်းအားစုတစ်ရပ်အဖြစ် ပေါ်ထွန်းလာမည် ဖြစ်ပါသည်။

**မသန်စွမ်းသူ**

၂။ မသန်စွမ်းမှုနှင့် မသန်စွမ်းသူများအား အဓိပ္ပာယ်သတ်မှတ်မှုအား နိုင်ငံ၊ ဒေသအလိုက်၊ အဖွဲ့အစည်းအလိုက် အခြေအနေအမျိုးအမျိုးအလိုက် ကွဲပြားခြားနားစွာ အဓိပ္ပာယ် ဖွင့်ဆိုကြ ပါသည်။ မြန်မာနိုင်ငံတွင်လည်းတရားဝင် အဓိပ္ပာယ်သတ်မှတ်ချက်အဖြစ် ၁၉၅၈ခုနှစ်၊ မသန်စွမ်း ဖြစ်လာသူများ အလုပ်အကိုင်ရရှိရေး အက်ဥပဒေတွင် ဖွင့်ဆိုမှုရှိခဲ့သော်လည်း ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိသော အယူအဆ၊ အသုံးအနှုန်းများဖြစ်သဖြင့် ကုလသမဂ္ဂမ သန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်နှင့် လိုက်လျောညီထွေရှိသည့် မသန်စွမ်းမှုဆိုင်ရာ သဘောထား အမြင်သစ်အား အခြေခံသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်အား မသန်စွမ်းသူများ အခွင့်အရေးများ ဥပဒေမူကြမ်းတွင် ဖော်ပြခဲ့ပါသည်။ ယင်းအဓိပ္ပာယ် ဖွင့်ဆို

ချက်အရ **မသန်စွမ်းသူ**ဆိုသည်မှာ မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည် ခံစားနေရသူကိုဆိုသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မသန်စွမ်းသူများနှင့် ပတ်သက်၍ အောက်ပါအတိုင်း မသန်စွမ်းမှုအမျိုးအစား (၄)မျိုးခွဲခြား၍ ပြုစုစောင့်ရှောက်ခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း အပြည့်အဝဝင်ဆန့်နိုင်ရေး ဆောင်ရွက်ပေးပါသည်-

(က) ကိုယ်အင်္ဂါမသန်စွမ်း (Physical Impairment)

( ခ) မျက်မမြင်(Visual Impairment)

( ဂ) နားမကြား(Hearing Impairment)

(ဃ) ဉာဏ်ရည်မသန်စွမ်း( Mental Impairment)

**မြန်မာနိုင်ငံနှင့် မသန်စွမ်းသူများ**

၄။ ၂၀၀၈-၂၀၀၉ မသန်စွမ်းသူများဆိုင်ရာအခြေခံစစ်တမ်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၂.၃၂ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ပါသည်။ မြန်မာနိုင်ငံပြည်သူများသည် မသန်စွမ်းသူများ အား မိမိကိုယ်ကိုမိမိမစောင့်ရှောက်နိုင်သူများ၊ သနားဂရုဏာသက်မှု၊ စွန့်ကြဲပေးကမ်းမှု၊ စသည့်အကူ အညီ လိုအပ်နေသည့်သူများအဖြစ် လှူဒါန်းမှု (Charity based approach) ကိုသာ ရှုမြင်လျက် ရှိနေဆဲဖြစ်ပြီး နိုင်ငံတကာတွင် ပြောင်းလဲနေသည့် အခွင့်အရေးအား အခြေခံသောအမြင် (Rights based approached) ဖြင့် ပြောင်းလဲသိနားလည်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅။ ထို့ပြင် မသန်စွမ်းမှုအား လူမှုရေးပုံစံဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပြီး မသန်စွမ်းမှု ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိသူသည် ပတ်ဝန်းကျင်၏ အတား အဆီးများကြောင့် လူ့သိုင်းအဝိုင်းအတွင်း အများနှင့်တန်းတူ ပါဝင်ဆောင်ရွက်မှု မရှိနိုင်သည့် အခြေအနေကို မသန်စွမ်းမှုဟု သတ်မှတ်ခြင်းဖြစ်ပါသည်။ ချို့ယွင်းမှုရှိသော်လည်း အတားအဆီးများမရှိပါ က အများနှင့်တန်းတူ လူ့အသိုင်းအဝိုင်းအတွင်း ပါဝင်နိုင်မည်ဖြစ်ပြီး

အတားအဆီးများလျော့ချခြင်းဖြင့်မသန်စွမ်းသူများအများနှင့်တန်းတူလူ့အသိုင်းအဝိုင်း အတွင်း ပါဝင်ခွင့်တိုး တက်လာမည် ဖြစ်ပါသည်။

၆။ မသန်စွမ်းသူများသည် မြန်မာနိုင်ငံတစ်ဝန်း ပျံ့နှံ့နေထိုင်လျက်ရှိပြီး ၎င်းတို့အတွက် ဝန်ဆောင်မှုများ၊ လေ့ကျင့်သင်တန်းပေးမှုများသည် မြို့ကြီးများအထူးသဖြင့် ရန်ကုန်၊ မန္တလေး မြို့များတွင်သာ တည်ရှိပါသဖြင့် ကျေးလက်ဒေသ၊ မြို့နယ်၊ ခရိုင်အားလုံးတွင် မသန်စွမ်းမှုဆိုင် ရာ ဝန်ဆောင်မှုများရရှိရေးသည် ရပ်ရွာလူထုအခြေပြုလုပ်ငန်းများအဖြစ် ရေရှည်တည်တံ့ အောင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသဖြင့် ရပ်ရွာလူထုအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နိုင်ရန် အားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

**မသန်စွမ်းသူများ၏အခွင့်အရေးများ**

၇။ မသန်စွမ်းသူများသည်မှ ကမ္ဘာ့အဆင်းရဲဆုံးသူများတွင် အဆင်းရဲဆုံးစာရင်း၌ ပါဝင်ပြီး အဓိကအကြောင်းအရင်းမှာ လူသားတိုင်းခံစားခွင့်ရသော လူ့အခွင့်အရေးများကို တန်းတူ မရရှိခြင်း၊ ခွဲခြားဆက်ဆံမှုများ ဆိုးဝါးစွာခံစားရခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်များတွင်လည်း မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားမှုမရှိခြင်းများကြောင့် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အား ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ တွင် ကုလသမဂ္ဂမသန်စွမ်းသူများ၏အခွင့်အရေးများ ဆိုင်ရာသဘောတူစာချုပ်ကို ပြဌာန်းခဲ့ ပါသည်။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့် အရေးများဆိုင်ရာသဘောတူစာချုပ်ကို၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် အဖွဲ့ဝင် အဖြစ် အတည်ပြု လက်မှတ်ရေးထိုး ပါဝင်ခဲ့ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ သဘောတူ စာချုပ်တွင် အပိုဒ်ပေါင်း (၅၀) ပါဝင်ပြီး၊ ၎င်း၏ နောက်ဆက်တွဲ သဘောတူ စာချုပ်တွင် အပိုဒ် ပေါင်း (၁၈)ပိုဒ် ပါဝင်ပါသည်။

**ရည်ရွယ်ချက်**

၉။ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏အခွင့်အရေးများ အသေအချာရရှိစေရေးနှင့် အပြည့်အဝ ရရှိစေရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန် ။

**မူဝါဒချမှတ်ခြင်း**

၁၀။ အောက်ပါအတိုင်းမူဝါဒချမှတ်ပါမည်-

(က) ဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များနှင့် ဝန်ဆောင်မှုတိုင်းအား မသန်စွမ်းသူများပါ ရရှိခံစား သုံးစွဲနိုင်ရန် တစ်ပါတည်းထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်။

( ခ) မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုလုပ်ငန်းစဥ်များနှင့် အစီအစဥ်များတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့် ဆောင်ရွက်ရမည်။

( ဂ) နိုင်ငံတော်အဆင့် မသန်စွမ်းသူများဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစဥ်များ ချမှတ် ဆောင်ရွက်ရမည်။

(ဃ) မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်ခွင့်တိုးတက်စေရေးဆောင်ရွက်ရမည်။

( င) မသန်စွမ်းသူများ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသည့် သူများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည်။

( စ) မသန်စွမ်းမှုအား သဘောပေါက်နားလည်မှုနှင့် မသန်စွမ်းမှုဆိုင်ရာ အသိပညာ ဗဟုသုတများပြန့်ပွားရေးတိုးမြှင့် ဆောင်ရွက်ရမည်။

(ဆ) မသန်စွမ်းမှုနှင့်ပတ်သက်သည့် အရည်အသွေးပြည့်မီသော စာရင်းဇယား၊ အချက်အလက်များ ရရှိရေး ဆောင်ရွက်ရမည်။

( ဇ) မသန်စွမ်းမှုနှင့်သက်ဆိုင်သောသုတေသနလုပ်ငန်းများ၊ ဆန်းစစ်ချက် လုပ်ငန်း များ ဆောင်ရွက်ရမည်။

( ဈ) မသန်စွမ်းကလေးများသည် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများအရ သန်စွမ်းသူ ကလေးများနည်းတူ ပညာသင်ကြားခွင့်ရရှိရန် ဆောင်ရွက်ရမည်။

(ည) လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖွင့်လှစ်ထားသည့် မသန်စွမ်းအထူးကျောင်းများတွင် အခြေခံပညာ၊ အသက် မွေးဝမ်းကျောင်းပညာနှင့် အခြားလိုအပ်သော လေ့ကျင့်သင်ကြားမှုများအတွက် ကျွမ်းကျင် နည်းပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးရမည်။

(ဋ) လူမှုဝန်ထမ်းဦးစီးဌာန၏ မသန်စွမ်းသင်တန်းကျောင်းများသည် မသန်စွမ်း သူများ အား အမြဲတမ်းစောင့်ရှောက်ရန် မဖြစ်နိုင်သဖြင့် လေ့ကျင့်ရေးဌာနများ အဖြစ်သာ ဆောင်ရွက်ရမည်။ လူမှုဝန်ထမ်းဦးစီးဌာန မှ ဖွင့်လှစ်ထားသော

မသန်စွမ်းကျောင်းများသည် လေ့ကျင့်သင်ကြားပေးသည့်ကျောင်းများဖြစ်ပြီး မသန်စွမ်းသူများကိုတစ်သက်လုံး လက်ခံစောင့်ရှောက်ပေးသည့် ကျောင်းများ မဟုတ်ပါသဖြင့် ပညာသင်ကြားမှုပြီးဆုံးပါက မိဘအုပ်ထိန်းသူထံပြန်လည် အပ်နှံနိုင်ရန် အုပ်ထိန်းသူ၊ မိဘရှိသည့် မသန်စွမ်းသူများကိုသာ လက်ခံ လေ့ကျင့် ပေးမည်။

(ဌ) မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှအပလူမှုဝန်ထမ်းဦးစီးဌာန၏ မသန်စွမ်း ကျောင်းများသည် အသက်(၆)နှစ်မှ (၁၈) နှစ်အထိသာ လက်ခံလေ့ကျင့်ပေး ခြင်းဖြစ်၍အသက်(၁၈)ကျော်လွန်မှုလာရောက်အပ်နှံသည့်မသန်စွမ်း သင်တန်း သားများ လက်ခံလေ့ကျင့်ရန် ဦးစီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူရမည်။

(ဍ) မသန်စွမ်းအဖွဲ့အစည်းများ စနစ်တကျဖွံ့ဖြိုးရေး၊ လုပ်ငန်းများ အစဉ်ပြေ ချောမွေ့ရေးနှင့် မသန်စွမ်းအဖွဲ့အစည်းများ၏ စွမ်းရည်တိုးတက်ရေးအတွက် ပံ့ပိုးကူညီခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ရမည်။

(ဎ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာရေးထိုးထားသော မသန်စွမ်းသူ များအရေး ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပုံမှန် ဆက်သွယ်၍ လုပ်ငန်းစဉ်များပူးပေါင်းဆောင်ရွက်ရမည်။

(ဏ) မသန်စွမ်းသူများအတွက် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းများ အောင်မြင်ထိရောက်ရေး သုံးသပ်၊ ကြီးကြပ်၊ လမ်းညွှန်မှုများ ဆောင်ရွက်ရမည်။

(တ) ဆက်စပ်ဌာနဆိုင်ရာများအား အတားအဆီးကင်းသော ဝန်းကျင်ဖန်တီးခြင်းနှင့် ပတ်သက်၍ အသိပညာပေးမှုများ ဆောင်ရွက်ရမည်။

**လုပ်ငန်းစဉ်များ ချမှတ်ခြင်း**

၁၁။ မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ဘဝအရည်အသွေး မြင့်မားရေးအတွက် အောက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ရမည်-

(က) မသန်စွမ်းသူတို့၏ ရပိုင်ခွင့်အခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက် ခြင်း။

( ခ) အသိပညာပေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း။

( ဂ) အမြင်အာရုံချို့တဲ့သူများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း။

(ဃ) အကြားအာရုံချို့တဲ့သူများဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း။

( င) ကိုယ်အင်္ဂါမသန်စွမ်းသူများဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း။

( စ) ဥာဏ်ရည်မသန်စွမ်းသူများဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း။

(ဆ) ကိုယ့်အားကိုယ်ကိုးမသန်စွမ်းအဖွဲ့အစည်းများတိုးချဲ့ဖွဲ့စည်းရေးဆောင်ရွက်ခြင်း။

( ဇ) မသန်စွမ်းသူများဆိုင်ရာ အချက်အလက်များကောက်ယူခြင်း။

( ဈ) မသန်စွမ်းသူများဆိုင်ရာ နည်းဥပဒေ ပြုစုရေးသားခြင်းနှင့် ဥပဒေပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ည) မသန်စွမ်းသူများ ရပ်ရွာလူထုအခြေပြုအဖွဲ့များ ဖွဲ့စည်းနိုင်ရန် လိုအပ်သလို ပံ့ပိုး ခြင်း၊

( ဍ) မသန်စွမ်းသူများ၏အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်စေရေး ဆောင်ရွက်ခြင်း။

( ဌ) မသန်စွမ်းသူများအတွက် အစဉ်ပြေသင့်လျော်သောပတ်ဝန်းကျင်ဖန်တီးခြင်း။

**မသန်စွမ်းသူတို့၏ ရပိုင်ခွင့်အခွင့်အရေးများ အပြည့်အဝရရှိရေးဆောင်ရွက်ခြင်း**

၁၂။ မသန်စွမ်းသူများနှင့်သက်ဆိုင်သော ရပိုင်ခွင့် အခွင့်အရေးများ အပြည့်အဝ ရရှိရေးကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) တည်ဆဲဥပဒေများ၊ မူဝါဒများတွင် မသန်စွမ်းသူများအတွက် ခွဲခြားဆက်ဆံမှုများ၊ နှိမ့်ချမှုများဖြစ်နေသည့် အချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ ရရှိသည့် အချက်အလက်များအား သင့်လျော်သလိုပြုပြင်ရန် သက်ဆိုင်ရာသို့ အကြံပြု တင်ပြခြင်း။

(ခ) နိုင်ငံတကာလုပ်ငန်းစဉ်များအား အခြေခံသော မဟာဗျူဟာ၊ လုပ်ငန်း စီမံချက်များ ရေးဆွဲချမှတ်ခြင်း၊

(ဂ) မသန်စွမ်းမှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဃ) ပညာရေးဆိုင်ရာမူဝါဒများတွင် မသန်စွမ်းသူများပညာရေးအတွက် အကျုံးဝင်ပါဝင်ရန် ဆောင်ရွက်ခြင်း။

(င) ကျန်းမာရေးဆိုင်ရာ မူဝါဒများတွင် မသန်စွမ်းသူများအတွက် အကျုံးဝင်ပါဝင်စေ ရန် ဆောင်ရွက်ခြင်း။

**အသိပညာပေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း**

၁၃။ အောက်ဖော်ပြပါ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပါမည်-

(က) မသန်စွမ်းသူများအတွက် ရေဒီယိုအစီအစဉ် ထုတ်လွှင့်ခြင်း။

(ခ) အသိပညာပေးစာစောင်၊ စာအုပ်များပုံနှိပ်ထုတ်ဝေခြင်း။

(ဂ) အသိပညာပေးသင်တန်းများပြုလုပ်ခြင်း။

(ဃ) အသိပညာပေးဆွေးနွေးပွဲများ၊ ဟောပြောပွဲများကျင်းပပြုလုပ်ခြင်း။

(င) အသိပညာပေးဗီဒီယိုဇာတ်လမ်းတိုများ၊ ရုပ်မြင်သံကြားတွေ့ဆုံခန်းများပြုလုပ်ခြင်း။

(စ) ဝတ္ထု၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲများပြုလုပ်ခြင်း။

၁၄။ အောက်ပါ အကြောင်းအရာများအား အသိပညာပေးရန် ဆောင်ရွက်ပါမည်-

(က) မသန်စွမ်းမှုအမြင်သစ်

(ခ) မသန်စွမ်းသူများနှင့် ဆက်သွယ်ခြင်း

(ဂ) မသန်စွမ်းသူများ၏ အခွင့်အရေးများ

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေ

(င) မသန်စွမ်းသူများအတွက် အတားအဆီးကင်းသောပတ်ဝန်းကျင်

(စ) အကြားအာရုံချို့တဲ့သူများအတွက် လက်သင်္ကေတပြဘာသာစကား

(ဆ) မသန်စွမ်းသူ၏ စွမ်းရည်အား အသိအမှတ်ပြုခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ

(ဇ) ရပ်ရွာအခြေပြုပြန်လည်ထူထောင်ခြင်း၊

(ဈ) မိုင်းအန္တရာယ် ခံစားရသူများပြန်လည်ထူထောင်ခြင်း၊

(ည) မသန်စွမ်းသူများနှင့် သဘာဝဘေးအန္တရာယ်

(၄) ကိုယ့်အားကိုယ်ကိုးမသန်စွမ်းအဖွဲ့အစည်းများဖွဲ့စည်းခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း

(၅) အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ မဟာဗျူဟာစီမံချက်၊ လုပ်ငန်းစီမံချက်များ ရေးဆွဲချမှတ်ခြင်း၊

**အမြင်အာရုံချို့တဲ့သူများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း**

၁၅။ အမြင်အာရုံချို့တဲ့သူများအား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း နည်းလမ်း(၂)ခုဖြင့် ဆောင်ရွက်ပါမည်-

(က) သင်တန်းကျောင်းအခြေပြု ဆောင်ရွက်ခြင်း။

(ခ) ရပ်ရွာအခြေပြု ဆောင်ရွက်ခြင်း။

၁၆။ **သင်တန်းကျောင်းအခြေပြုဆောင်ရွက်ခြင်း။** သင်တန်းကျောင်းအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ပါမည်-

(က) လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့်ဖွင့်လှစ်ထားသော မျက်မမြင်ကျောင်းများအား စံပြ မျက်မမြင်ကျောင်းများ အဖြစ်ဆောင်ရွက်ရမည်။

(ခ) လူမှုရေးအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတည်ထောင်ဖွင့်လှစ်ထားသော မျက်မမြင်ကျောင်းများ၏ နည်းပညာဆိုင်ရာ လိုအပ်ချက်များပံ့ပိုးရမည်။ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရမည်။

(ဂ) မျက်မမြင်ကျောင်းများတွင် ပညာရေးနှင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ပြန်လည် ထူထောင်ရေးများဆောင်ရွက်ရမည်။

(ဃ) မျက်မမြင်ကျောင်းများတွင် ပညာရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် အောက်ပါ အတိုင်းဆောင်ရွက်ရမည်-

(၁) မူလတန်းအဆင့်အတွက် ကျောင်းတွင်းပညာရေးအဖြစ် မျက်မမြင်စာဖြင့် သင်ကြားရမည်။

(၂) အလယ်တန်းမှစ၍ လူတိုင်းအကျုံးဝင်ပညာရေးအဖြစ် ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ရန် ညှိနှိုင်းစီစဉ်ပေးရမည်။

(၃) တက္ကသိုလ်ဝင်တန်း စာမေးပွဲများအတွက် အကူစာရေးများရရှိရန် လိုအပ်သော ညှိနှိုင်းမှုများဆောင်ရွက်ပေးရမည်။

(၄) တက္ကသိုလ် ဝင်တန်းအောင်မြင်သောသူများ ပညာဆက်လက် သင်ကြား နိုင်ရန် လိုအပ်သော ညှိနှိုင်းမှု၊ ပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်။

(၅) ပညာရေးအတွက်လိုအပ်သော ဖတ်စာအုပ်များ၊ မှတ်စုများ မျက်မမြင်စာ ဖြင့် ထုတ်ဝေရေး ဆောင်ရွက်ရမည်။

(၆) မျက်မမြင်ကလေးများ တက်ရောက်နေသော ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများမှတာဝန်ရှိဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် မသန်စွမ်းမှုဆိုင်ရာ အခြေခံသဘောတရားများ အသိ ပညာပေးခြင်းကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

( င) မျက်မမြင်ကျောင်းသား၊ကျောင်းသူများဗဟုသုတမြင့်မားရေးအတွက် ကျောင်း တွင်း စာကြည့်တိုက်တည်ထောင်၍ မျက်မမြင်စာဖြင့် စာအုပ်များ ဖတ်ရှုနိုင်ရန် ဆောင်ရွက်ရမည်။

( စ) မျက်မမြင်ကျောင်းသားကျောင်းသူများ ကွန်ပျူတာ အသုံးပြုနိုင်ရန် လေ့ကျင့် သင်ကြားပေးရမည်။ အင်တာနက်၊ e-library များအသုံးပြုနိုင်ရန် လေ့ကျင့် သင်ကြားရမည်။

(ဆ) မျက်မမြင်ကျောင်းသားများ ကာယဖွံ့ဖြိုးရေးအတွက် နေ့စဉ်လေ့ကျင့်ခန်း အစီ အစဉ်များ၊ ဝါသနာနှင့်ကျွမ်းကျင်ရာ အားကစားနည်းများ လေ့ကျင့်နိုင်ရန်၊ ပြိုင်ပွဲ များ ဝင်ရောက်နိုင်ရန် လေ့ကျင့်ပေးရမည်။

( ဇ) အပန်းဖြေရန်နှင့် ကျွမ်းကျင်မှုအလိုက်ဝါသနာပါရာ ဂီတအနုပညာများ၊ လေ့ကျင့် ၊ သင်ယူ၊ ဖျော်ဖြေနိုင်ရန် ဆောင်ရွက်ရမည်။

( ဈ) နေ့စဉ်လှုပ်ရှားသွားလာမှုများအတွက် လေ့ကျင့်သင်ကြားရမည်။

(ည) မသန်စွမ်းသူများနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်နိုင်ရန် ဆက်သွယ်ပေးရမည်။

( ၄) အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) မျက်မမြင်များနှင့်သင့်လျော်သည့် အသက်မွေးဝမ်းကျောင်း ပညာများ လေ့ကျင့် သင်ကြားပေးရမည်။

(၂) မျက်မမြင်အကြောပြင်ပညာများ စနစ်တကျပြန့်ပွားရေး ဆောင်ရွက်ရမည်။

(၃) မျက်မမြင်အကြောပြင်သင်တန်းများအတွက် သင်တန်းကာလအလိုက် သင်ရိုးညွှန်းတမ်းများ စနစ်တကျ ပြုစု၍ လေ့ကျင့်သင်ကြားရမည်။

(၄) သင်တန်းသားများအလုပ်ခွင် လက်တွေ့သင်ကြားနိုင်ရန် စံနမူနာပြ အကြောပြင်ဆေးခန်းကို မျက်မမြင်ကျောင်းတွင်စနစ်တကျ တည်ထောင်ရမည်။

(၅) အကြောပြင်ပညာအပြင် စီးပွားရေး၊ လူမှုဆက်ဆံရေးနှင့် အလုပ်ခွင် စည်းကမ်း၊လုပ်ငန်းခွင်ဆိုင်ရာ အသိပညာများတိုးပွားရေး ဆောင်ရွက်ရမည်။

(၆) စာပေပညာမတတ်မြောက်သော မျက်မမြင်များအတွက် အခြေခံ၊ စာရေး စာဖတ် ပညာများသင်ကြားပေးရမည်။

( ၅) အသက်မွေးဝမ်းကျောင်းပညာ၊ အတန်းပညာပြီးဆုံးသူများ အလုပ်အကိုင် နေရာချထားရေး အတွက် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်။

( ၃) မျက်မမြင်ကျောင်းသား၊ ကျောင်းသူများအတွက် သဘာဝဘေး၊ ကျန်းမာရေး၊ မူးယစ် ဆေးဝါး အစရှိသော ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ အတွက် ဟောပြောပွဲ များ၊ ဆွေးနွေးပွဲများဆောင်ရွက်ရမည်။

၁၇။ **ရပ်ရွာအခြေပြုဆောင်ရွက်ခြင်း။** ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများတွင်မျက်မမြင်များအတွက်ထည့်သွင်း ဆောင်ရွက်ရန် နည်းပညာများပံ့ပိုးရမည်။

( ခ) ရပ်ရွာခြေပြုဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သည့်ဒေသများမှ ပညာသင်ကြားရန် အသက်အရွယ်ရှိသည့် မျက်မမြင်များအား မျက်မမြင်ကျောင်းများ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများသို့ ညွှန်းပို့ခြင်းဆောင်ရွက်ရမည်။

( ဂ) ရပ်ရွာအတွင်းမျက်မမြင်များ လှုပ်ရှားသွားလာမှု လွယ်ကူရန် နည်းပညာများ ပံ့ပိုးရမည်။

(ဃ) ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များအနက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရလုပ်ငန်းများအနက် မျက်မမြင်များနှင့် သင့်လျော်သည့် လုပ်ငန်းများ ရှာဖွေ ဖော်ထုတ်မှုတွင် ကူညီဆောင်ရွက်ရမည်။

( င) မျက်မမြင်များအတွက် ရည်ရှည်တည်တံ့သော ဖွံ့ဖြိုးရေး လုပ်ငန်းဖြစ်ရန် နည်းပညာ အရပံ့ပိုးရမည်။

( စ) ရပ်ရွာအလိုက်ဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုးအဖွဲ့များတွင် မျက်မမြင်များ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်ရန် ဆက်သွယ်စည်းရုံးဆောင်ရွက်ရမည်။

(ဆ) ရပ်ရွာဖွံ့ဖြိုးရေး၊ ရပ်ရွာအရေးကိစ္စများတွင် မျက်မမြင်များပါဝင် ဆောင်ရွက်နိုင်ရန် စည်းရုံးဆွေးနွေးရမည်။

၁၈။ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တို့ ကဲ့သို့သော အခမ်းအနားများတွင် မျက်မမြင်များ ပါဝင်နိုင်ရေး စည်းရုံးလှုံ့ဆော်ရမည်။

၁၉။ အမြင်အာရုံချို့တဲ့သူများအတွက် ဝန်ဆောင်မှုနှင့် လေ့ကျင့်မှုဆိုင်ရာကျွမ်းကျင်သူများ လေ့ကျင့်ပျိုးထောင်ရေး၊ လက်ရှိဆောင်ရွက်နေသူများ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

၂၀။ အမြင်အာရုံချို့တဲ့သူများအတွက် အသင့်တော်ဆုံးသော အလုပ်အကိုင်ဖြစ်သည့် အကြော ပြင်ပညာစနစ်တကျဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်။

**အကြားအာရုံချို့တဲ့သူများဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း**

၂၁။ အကြားအာရုံချို့တဲ့သူများအတွက်စံလက်သင်္ကေတပြဘာသာ စကားဖွံ့ဖြိုးရေး လုပ်ငန်းများ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လိုအပ်သည့် လက်သင်္ကေတစကားလုံးများ စနစ်တကျ ဖော်ထုတ်နိုင်ရန် ဆောင်ရွက်ရမည်။

( ခ) လက်သင်္ကေတ စကားလုံးဖော်ထုတ်ပုံနည်းစနစ်များဖြန့်ဝေရမည်။

( ဂ) လက်သင်္ကေတပြ ဘာသာစကားဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက် မည်။

(ဃ) နိုင်ငံတကာသုံးလက်သင်္ကေတပြဘာသာစကားပြန့်ပွားရေးဆောင်ရွက်မည်။

( င) ပြည်တွင်းလက်သင်္ကေတဆိုင်ရာနှီးနှောဖလှယ်ပွဲများ ပြုလုပ်မည်။

( စ) လက်သင်္ကေတစကားလုံးများ မှတ်တမ်းတင်ခြင်း၊ဖြန့်ဝေခြင်းများ စနစ်တကျ ဆောင် ရွက်မည်။

၂၂။ လက်သင်္ကေတပြဘာသာစကားပံ့ပိုးသူများ၊ဘာသာပြန်များအောက်ပါအတိုင်း လေ့ကျင့် မွေးထုတ်ပေးမည်-

(က) လက်သင်္ကေတပြဘာသာစကားပံ့ပိုးသူများ၊ ဘာသာပြန်များအတွက် သင်တန်း ကျောင်း တည်ထောင်မည်။

( ခ) သင်ရိုးညွှန်းတမ်းများ စနစ်တကျ ပြုစု ထုတ်ဝေမည်။

( ဂ) ပုံမှန်သင်တန်းများအပြင် စိတ်ပါဝင်စားသူများ၊ မိသားစုများအတွက် ဆွေးနွေးပွဲ များ ပုံမှန် ပြုလုပ်ပေးမည်။

(ဃ) သင်တန်းဆရာများ လေ့ကျင့်မွေးထုတ်မည်။

၂၃။ လက်သင်္ကေတပြဘာသာပြန် ဝန်ဆောင်မှုစနစ်ဖွံ့ဖြိုးရေးကို အောက်ပါအတိုင်း ဆောင်ရွက်မည်-

(က) လက်သင်္ကေတပြဘာသာပြန်ဝန်ဆောင်မှုစနစ်အား တိုင်းဒေသကြီးနှင့် ပြည်နယ် များသို့ တိုးချဲ့ ဆောင်ရွက်မည်။

(ခ) အကြားအာရုံချို့တဲ့သူများ လက်သင်္ကေတပြဘာသာပြန် ဝန်ဆောင်မှုစနစ်အား အသုံးပြုနိုင်ရန် လိုအပ်သလို ပံ့ပိုးမည်။

(ဂ) လက်သင်္ကေတပြဘာသာပြန်ဝန်ဆောင်မှုစနစ်အား တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ၏ အစီအစဉ်ဖြင့် ခရိုင်၊ မြို့နယ်အဆင့်အထိ တိုးချဲ့နိုင်ရန် စည်းရုံး ဆောင်ရွက်မည်။

၂၄။ အကြားအာရုံချို့တဲ့သူများအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် လက်ရှိဆောင်ရွက်နေသော စနစ်သည် ပုံမှန်ပညာရေးအား

အကြားအာရုံ ချို့တဲ့သူများမှ သင်ကြားနေရခြင်း ဖြစ်ပြီး ၎င်းတို့၏ လိုအပ်ချက်အလိုက် ဖြည့်ဆည်း သင်ကြားပေးသော ကိုယ်ပိုင်ပညာရေးဖြစ်သည့် Deaf Education ဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်ရမည်။

၂၅။ အကြားအာရုံချို့တဲ့သူ ကျောင်းသား၊ ကျောင်းသူများ ပညာရေးဝန်ကြီးဌာန၊ အခြေခံ ပညာကျောင်းများတွင် လူတိုင်းအကျုံးဝင်ပညာရေးဖြင့် သင်ကြားနိုင်ရန် လိုအပ်သော အသိပညာပေးခြင်း၊ ပညာရေးဆိုင်ရာ မူဝါဒများတွင် အကြားအာရုံအားနည်းသူများအတွက် ထည့်သွင်း ဆောင်ရွက်နိုင်ရန် ညှိနှိုင်းခြင်း၊ နည်းပညာဖြန့်ဝေခြင်းများ ဆောင်ရွက်ရမည်။

၂၆။ အကြားအာရုံချို့တဲ့သူများအား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အောက်ပါ အတိုင်းနည်းလမ်း(၂)ခုဖြင့် ဆောင်ရွက်ပါမည်-

(က) သင်တန်းကျောင်းအခြေပြု ဆောင်ရွက်ခြင်း။

(ခ) ရပ်ရွာအခြေပြု ဆောင်ရွက်ခြင်း။

၂၇။ **သင်တန်းကျောင်းအခြေပြုဆောင်ရွက်ခြင်း။** သင်တန်းကျောင်းအခြေပြုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော နားမကြားကျောင်းများအား စံပြ နားမကြားကျောင်းများ အဖြစ်ဆောင်ရွက်ရမည်။

(ခ) လူမှုရေးအဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တည်ထောင် ဖွင့်လှစ်ထားသော နားမကြားကျောင်းများအတွက် နည်းပညာဆိုင်ရာ လိုအပ်ချက်များပံ့ပိုးရမည်။ ပူးပေါင်းဆောင်ရွက်မှု များ မြှင့်တင်ရမည်။

(ဂ) နားမကြားကျောင်းများတွင် နေ့တက်စနစ်နှင့် ကျောင်းအိပ် ကျောင်းစားစနစ် နှစ်မျိုးလုံး ဆောင်ရွက်ရမည်။

(ဃ) နားမကြားကျောင်းများတွင် ပညာရေးနှင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးများဆောင်ရွက်ရမည်။

(င) နားမကြားကျောင်းများတွင် အဆောင်နေကလေးများအတွက် ကုန်ကျစရိတ် အား နိုင်ငံတော်မှ ကျခံရမည်။

( စ) နားမကြားကျောင်းများတွင် ပညာရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) အခြေခံပညာအဆင့်အား လက်သင်္ကေပြဘာသာစကားဖြင့် သင်ကြားရမည်။

(၂) ပညာရေးဝန်ကြီးဌာန၏ သတ်မှတ် သင်ရိုးညွှန်းတမ်း၊ စာစစ်ပုံစံများအတိုင်း သင်ကြားရမည်။ ပညာရေးဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရမည်။

(၃) လက်သင်္ကေတပြဘာသာစကားနှင့်အသံထွက်သင်ကြားနည်း နည်းစနစ်နှစ်မျိုးတွဲ၍ (Bilingual) သင်ကြားရမည်။

(၄) အတန်းအလိုက်၊ ဘာသာရပ်အလိုက် လက်သင်္ကေတများ လိုချက်ရှိပါက နည်းစနစ်မှန်ကန်စွာ ဖော်ထုတ်ရမည်။မှတ်တမ်းတင်ရမည်။ ဆက်စပ်သူများ သို့ ဖြန့်ဝေရမည်။

(၅) အကြားအာရုံချို့တဲ့မှုနှင့်အတူ အခြားမသန်စွမ်းမှုများပါ တွဲဖက် ခံစားနေရသူများအတွက် လိုအပ်သည့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ ရရှိနိုင် ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်။

(၆) အကြားအာရုံချို့တဲ့သူ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ မြင့်မားရေးအတွက် ဆောင်ရွက်ရမည်။

( င) နားမကြားကျောင်းများတွင်အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည် ထူထောင်ရေး အတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) အကြားအာရုံချို့တဲ့သူများနှင့် သင့်လျော်သည့် အသက်မွေးဝမ်းကျောင်းပညာများ ဖော်ထုတ်သင်ကြားပေးရမည်။

(၂) အသက်မွေးဝမ်းကျောင်း ပညာများအတွက် သင်ရိုးညွှန်းတမ်းများ စနစ်တကျ ရေးဆွဲ အသုံးပြုရမည်။

(၃) အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပြီးသူများအတွက် ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၈။ **ရပ်ရွာအခြေပြုဆောင်ရွက်ခြင်း။** ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာဒေသများတွင် အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်သည့် အသက်အရွယ်ရှိသူများအား နား မကြားကျောင်းများသို့ ညွှန်းပို့ခြင်းများ ဆောင်ရွက်ရမည်။

( ခ) ရပ်ရွာအတွင်းအကြားအာရုံချို့တဲ့သူများနှင့် ဆက်သွယ်ရန် နည်းပညာများအား ဖြန့်ဝေရမည်။

( ဂ) ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေး လုပ်ငန်းစဥ်များ၏ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရ လုပ်ငန်းများအနက် နားမကြားသူများနှင့် သင့်လျော်သည့် ဝင်ငွေရ လုပ်ငန်းများ ရှာဖွေဖော်ထုတ်မှုတွင် ကူညီဆောင်ရွက်ရမည်။

( ဃ) နားမကြားသူများအတွက် ရည်ရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်ရန် နည်းပညာအရ ပံ့ပိုးရမည်။

( င) ရပ်ရွာအလိုက်ဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုးအဖွဲ့များတွင် နားမကြားသူ များ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်ရန် ဆက်သွယ်စည်းရုံးဆောင်ရွက်ရမည်။

( စ) ရပ်ရွာဖွံ့ဖြိုးရေး၊ ရပ်ရွာအရေးကိစ္စများတွင် နားမကြားသူများ ပါဝင်ဆောင်ရွက် နိုင်ရန် စည်းရုံးဆွေးနွေးရမည်။

(ဆ) သက်ကြီးနားမကြားများ စံလက်သင်္ကေတပြဘာသာစကား ကျွမ်းကျင်စွာ တတ် မြောက်ရေးဆောင်ရွက်ရမည်။

( ဇ) သဘာဝဘေးအန္တရာယ်များအတွက် နားမကြားသူများအား အသိပညာပေး နိုင်ရန် နှင့် ကြိုတင်ကာကွယ်မှုအတွက် စနစ်တစ်ခုထူထောင်ရမည်။

**ကိုယ်အင်္ဂါမသန်စွမ်းသူများဖွံ့ဖြိုးရေးလုပ်ငန်း**

၂၉။ ကိုယ်အင်္ဂါမသန်စွမ်းသူများဖွံ့ဖြိုးရေးလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် လှုပ်ရှားသွားလာမှု လွယ်ကူစေရန် အတားအဆီးကင်းသော ပတ်ဝန်းကျင်ဖန်တီးခြင်း လုပ်ငန်းများအတွက် အသိပညာပေးခြင်း၊ စည်းရုံးခြင်း၊ နည်းပညာအရ အကူအညီပေးခြင်းများ ဆောင်ရွက်ရမည်။

( ခ) ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အထောက်အကူပြုပစ္စည်းများပံ့ပိုးခြင်း၊ တီထွင် ထုတ်လုပ်ခြင်း၊ ဒေသထွက်ပစ္စည်းများဖြင့် ဖန်တီးခြင်းများဆောင်ရွက်ရမည်။

( ဂ) ခြေလက်အင်္ဂါ မပြည့်စုံသူများ ခြေတု၊ လက်တုများတပ်ဆင်ရန်အတွက် အောက်ပါ အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ရမည်-

(၁) ICRC

(၂) လူမှုဖွံ့ဖြိုးရေးအသင်း

(၃) Letter Day St. Charity (LDSC)

(၄) The Leprosy Mission (Myanmar)

(၅) မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

(၆) ဒေသအလိုက် ဖွဲ့စည်းထားသည့် မသန်စွမ်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့အစည်းများ။

(ဃ) အကြောအဆစ် လေ့ကျင့်ခန်းများလေ့ကျင့်ရန် လိုအပ်သောသူများ အကြောအဆစ်ပညာရှင်များဖြင့် စနစ်တကျ လေ့ကျင့်ခွင့်ရရှိရန် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

၃၀။ ကိုယ်အင်္ဂါချို့တဲ့သူများအား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း နည်းလမ်း(၂)ခုဖြင့် ဆောင်ရွက်ပါမည်-

(က) သင်တန်းကျောင်းအခြေပြု ဆောင်ရွက်ခြင်း။

( ခ) ရပ်ရွာအခြေပြု ဆောင်ရွက်ခြင်း။

၃၁။ **သင်တန်းကျောင်း အခြေပြုဆောင်ရွက်ခြင်း။** သင်တန်းကျောင်း အခြေပြု ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရန် သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ရမည်။

( ခ) ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် သင့်လျော်သည့်အသက်မွေးဝမ်း ကျောင်းပညာများ သင်ကြားနိုင်ရန်ကျွမ်းကျင်သူများလေ့ကျင့်မွေးထုတ်ပေးရမည်။

(ဂ) သင်တန်းကျောင်းများတွင် အသက်မွေးဝမ်းကျောင်းပညာသာမက မသန်စွမ်းသူများလူ့အသိုင်းအဝိုင်းအတွင်းဝင်ဆန့်မှုဆိုင်ရာအသိပညာများပါ ဖြန့်ဝေရမည်။

(ဃ) ကိုယ်အင်္ဂါမသန်စွမ်းသူများ အားကစားကဏ္ဍဖွံ့ဖြိုးရေး ဆောင်ရွက်ရမည်။ အားကစားသမားများလေ့ကျင့်မွေးထုတ်၍ပြိုင်ပွဲများဝင်ရောက်နိုင်ရန်လေ့ကျင့်ပေးရမည်။

(င) ကိုယ်အင်္ဂါမသန်စွမ်းသူများအလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရေးဆောင်ရွက်ရမည်။

(စ) မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့ငယ်များတွင် ပါဝင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဆ) ကိုယ်အင်္ဂါမသန်စွမ်းသူများစိတ်ဓါတ်ခွန်အားမြင့်မားရေးအတွက် ဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးရမည်။

(ဇ) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန်လိုအပ်သော ပံ့ပိုးမှုများဆောင်ရွက်ပေးရမည်။

၃၂။ **ရပ်ရွာအခြေပြုဆောင်ရွက်ခြင်း။** ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) ရပ်ရွာထဲတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အတားအဆီးကင်းသောပတ်ဝန်းကျင် ဖန်တီးခြင်းများ ဆောင်ရွက်မည်။

(ခ) ကိုယ်အင်္ဂါမသန်စွမ်းကလေးများ ပညာသင်ကြားရေးအတွက် အောက်ဖော်ပြပါလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ရမည်-

(၁) မသန်စွမ်းကလေးများနှင့်သင့်လျော်သည့် ပတ်ဝန်းကျင် အခြေအနေဖြစ်ရန် ဖန်တီးခြင်းများဆောင်ရွက်ရမည်။(စာသင်ခန်း၊ စုဝေးခန်းမ၊ သန့်စင်ခန်း၊ မုန့်ဈေးတန်း၊ အားကစားကွင်း...စသည်)

(၂) မသန်စွမ်းကလေးများအား ကျောင်းသား၊ ကျောင်းသူအချင်း၊ ဆရာ၊ ဆရာမများမှ ခွဲခြားဆက်ဆံခြင်းမခံရစေရန် အသိပညာပေးခြင်းဆောင်ရွက်ရမည်။

**ဦးဏှောက်ရည်မသန်စွမ်းသူများဖွံ့ဖြိုးရေးလုပ်ငန်းများ**

၃၃။ ဦးဏှောက်ရည်မသန်စွမ်းမှုအဖြစ် အောက်ပါအမျိုးအစားများအား ယေဘုယျအားဖြင့် သတ်မှတ် ဆောင်ရွက်ရမည်-

(က) ဒေါင်းဆင်ဒရုန်း

( ခ) အော်တစ်ဇမ်

( ဂ) ဦးဏှောက်ရည်နိမ့်

(ဃ) ADHD

( င) အခြား

၃၄။ ဦးဏှောက်ရည် မသန်စွမ်းသူများအကြောင်း အသိပညာပေးမှုများအား အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဦးဏှောက်ရည်မသန်စွမ်းမှုအမျိုးအစားများအကြောင်း၊

( ခ) ဦးဏှောက်ရည်မသန်စွမ်းသူများ၏ စွမ်းရည်အလိုက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊

( ဂ) လေ့ကျင့်ပေးခြင်းဖြင့် ဖွံ့ဖြိုးနိုင်သည့် အခြေအနေများ၊

(ဃ) စောစီးစွာစစ်ဆေးသိရှိခြင်းအတွက် ဆောင်ရွက်သင့်သည့်အခြေအနေများ၊

၃၅။ ဦးဏှောက်ရည် မသန်စွမ်းသူများအတွက် အထူးပညာရေး ကျွမ်းကျင်သူများ လေ့ကျင့်ပျိုးထောင်ရန်ကြိုးပမ်းဆောင်ရွက်ရမည်။ ဦးဏှောက်ရည်မသန်စွမ်းသူများအားလေ့ကျင့်ပျိုးထောင်ပေးသည့် နည်းပညာများဖြစ်သည့် အလုပ်ပေးကုထုံး/အသေးစိတ်ကုထုံး Occupational Therapy (OT)၊ အရိုးအကြောကုထုံး Physiotherapy (PT)၊ ဆက်သွယ်ပြောဆိုမှုကုထုံး (Speech Therapy)၊ ရေကုထုံး (Hydro Therapy) နည်းစနစ်နှင့် ကျွမ်းကျင်သူတို့ကို လေ့ကျင့်ပျိုးထောင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်။

၃၆။ အခြေခံပညာ သင်ယူနိုင်သည့် ဦးဏှောက်ရည်မသန်စွမ်းသူများအတွက် လိုအပ်သော ပေါင်းစပ် ညှိနှိုင်းမှုများဆောင်ရွက်ရမည်။

၃၇။ ဦးဏှောက်ရည်မသန်စွမ်းသူများ ဖွံ့ဖြိုးရေးအတွက်အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) သင်တန်းကျောင်းအခြေပြု ဆောင်ရွက်ခြင်း

( ခ) ရပ်ရွာအခြေပြု ဆောင်ရွက်ခြင်း

၃၈။ **သင်တန်းကျောင်းအခြေပြု ဆောင်ရွက်ခြင်း။** အောက်ပါတို့ကို ဆောင်ရွက်မည်-

(က) မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများတွင် အသက်(၆)နှစ်မှ (၁၈)နှစ်အထိ ဉာဏ်ရည်မသန်စွမ်းကလေးများအား နေ့တက်စနစ်ဖြင့် လက်ခံလေ့ကျင့် ပေးရမည်။

(ခ) အသက် (၁၈)နှစ်ကျော်လွန်သော်လည်း ဉာဏ်သက် (Chronological Age) (၁၈)နှစ် မပြည့်မီသောသူများအား ဦးစီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူလက်ခံ လေ့ကျင့်ပေးရမည်။

(ဂ) အထူးပညာရေးအပြင် ဉာဏ်ရည် ပြည့်မီသောကလေးများအား အခြေခံပညာ မူလတန်းပညာ သင်ကြားပေးရမည်။

(ဃ) အခြေခံပညာမူလတန်း အောင်မြင်ပြီးသူများ လူတိုင်းအကျုံးဝင်ပညာရေးဖြင့် ပညာ ဆက်လက်သင်ယူခွင့်ရရှိရန် လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ပေးရမည်။

(င) ဉာဏ်ရည်မသန်စွမ်းသူများအတွက် နေ့စဉ် လှုပ်ရှားသွားလာမှုများ (Activities of Daily Living) လေ့ကျင့်ပေးမည်။

(စ) ဉာဏ်ရည် မသန်စွမ်းသူများအတွက် အိမ်တွင်းလုပ်ငန်း ကျွမ်းကျင်မှုများ (Domestic Skill) လေ့ကျင့်ပေးရမည်။

(ဆ) ဉာဏ်ရည်မသန်စွမ်းကလေးများ အားကစားပြိုင်ပွဲများ (Special Olympic Games) အတွက် လေ့ကျင့်မှုရန်၊ ပြိုင်ပွဲဝင်ရန်တို့အတွက် ဆောင်ရွက်ရမည်။

(ဇ) ဉာဏ်ရည်မသန်စွမ်းကလေးများအတွက် အကြို အသက်မွေးဝမ်းကျောင်းပညာ များ လေ့ကျင့်သင်ကြားပေးရမည်။

(ဈ) ဉာဏ်ရည် မသန်စွမ်းကလေးများ ဝါသနာပါရာ အနုပညာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားပေးရမည်။

(ည) ဉာဏ်ရည်မသန်စွမ်းကလေးများ၏မိဘများအားလိုအပ်သောအသိပညာပေးမှု၊ ညှိနှိုင်းဆွေးနွေးမှုများပုံမှန်ပြုလုပ်ရမည်။

(ဋ) ကျောင်းသားမိဘများ၊ ကျောင်းမှ တာဝန်ရှိသူများပါဝင်သည့် မိဘဆရာအသင်း အား စနစ်တကျဖွဲ့စည်းဆောင်ရွက်ရမည်။

၃၉။ **ရပ်ရွာအခြေပြု ဆောင်ရွက်ခြင်း။** ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် အောက်ပါ တို့ကို ဆောင်ရွက်မည်-

(က) ဉာဏ်ရည်မသန်စွမ်းကလေးများအား မှန်ကန်သော မသန်စွမ်းမှုဆိုင်ရာ အမြင်ဖြင့် ဆက်ဆံ၍ ၎င်းတို့၏ ဂုဏ်သိက္ခာအားလေးစားမှုရှိရန် ရပ်ရွာလူထုအား အသိပညာပေး စည်းရုံးရမည်။

(ခ) စေတနာ့ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပူးပေါင်း၍ မသန်စွမ်းကလေးများ အတွက် အထူးပညာရေးအပါဝင် လိုအပ်သောလေ့ကျင့်မှုများ လုပ်ဆောင်နိုင်ရန် လမ်းညွှန်ဆောင်ရွက်မည်။

(ဂ) သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးကူညီမည်။

(ဃ) မိမိတို့ရပ်ရွာဒေသတွင် လုပ်ကိုင်သည့် ဝင်ငွေရ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သော လေ့ကျင့်မှုများ ပြုလုပ်ပေးမည်။

**ကိုယ့်အားကိုယ်ကိုးမသန်စွမ်းအဖွဲ့အစည်းများတိုးချဲ့ဖွဲ့စည်းရေး ဆောင်ရွက်ခြင်း**

၄၀။ ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့အစည်းများ တိုးချဲ့ဖွဲ့စည်းရေးအတွက် အောက်ပါ အတိုင်း ဆောင်ရွက်ပါမည်-

(က) မသန်စွမ်းသူများမိမိတို့ရပ်ရွာဒေသအတွင်း ဘဝတူများစုစည်း၍ မသန်စွမ်းသူများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် လိုအပ်သော ပံ့ပိုးမှုများ၊ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရမည်။

(ခ) ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့ငယ်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် ဆက်စပ် ဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ မသန်စွမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပံ့ပိုးပေးနိုင်ရန် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရမည်။

( ဂ) အဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားရေးဆောင်ရွက်ရမည်။

(ဃ) ရပ်ရွာအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့များ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းမှု များ ဆောင်ရွက် ရမည်။

(င) ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့များသည် ၎င်းတို့ ရပ်ရွာဒေသအတွက် မသန်စွမ်းသူများအရေးဆိုင်ရာကိုယ်စားပြုအဖွဲ့အစည်းများအဖြစ် ရပ်တည်နိုင် ရန် ပံ့ပိုးမှုများ ဆောင်ရွက်ရမည်။

**မသန်စွမ်းသူများဆိုင်ရာ အချက်အလက်များကောက်ယူခြင်း**

၄၁။ မသန်စွမ်းသူများဆိုင်ရာ အချက်အလက်များကောက်ယူခြင်းကို အောက်ပါအတိုင်း ဆောင် ရွက်ပါမည်-

(က) မသန်စွမ်းသူများ၏ အခြေအနေ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များအား သိရှိနိုင်ရန် စာရင်းဇယား အချက်အလက်ကောက်ယူခြင်းများအား မသန်စွမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ အရေးဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပ အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းမှုဆိုင်ရာသုတေသနလုပ်ငန်းများဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရမည်။

(ဂ) မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များ ကောက်ယူမှုရလဒ်များ၊ သုတေသန ရလဒ်များအား စုစည်း၍ ထိရောက်စွာအသုံးချနိုင်ရန် ဆောင်ရွက်ရမည်။

**မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေအတွက် နည်းဥပဒေ ပြုစုရေးသားခြင်းနှင့် ဥပဒေပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

၄၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေအတွက် နည်းဥပဒေ ပြုစုရေးသားခြင်းနှင့် ဥပဒေပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက် ရမည်-

(က) မသန်စွမ်းသူများအခွင့်အရေးများဥပဒေ ပြဋ္ဌာန်းပြီးပါက နည်းဥပဒေအား သတ် မှတ် အချိန်ကာလ အတွင်းပြီးစီးရန် မသန်စွမ်းအဖွဲ့အစည်းများ၊ ကျွမ်းကျင် ပညာရှင် များ၊ ဆက်စပ်ဌာနဆိုင်ရာ များနှင့် ပူးပေါင်းဆောင်ရွက်မည်။

( ခ) မသန်စွမ်းသူများအခွင့်အရေးများပါ အကောင်အထည်ဖော်ရန်အချက်များအား ဆက်စပ် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသို့ အသိပညာ ပေးခြင်းများဆောင်ရွက်မည်။

( ဂ) ဥပဒေပါပြဋ္ဌာန်းချက်များအကောင်အထည်ဖော်နိုင်ရန် နည်းပညာလိုအပ်ချက် များ ဖြည့်ဆည်းနိုင်ရန် ပံ့ပိုးဆောင်ရွက်ရမည်။

(ဃ) ဥပဒေပါ ပြဋ္ဌာန်းချက်များအကောင်အထည်ဖော်မှုအား ပုံမှန်သုံးသပ်ခြင်းများ ဆောင်ရွက် ရမည်။

( င) ဥပဒေပါ မသန်စွမ်းသူများ၏ အခွင့်အရေးများအား မသန်စွမ်းသူများအပါအဝင် အများပြည်သူသို့ အသိပညာပေးခြင်းများဆောင်ရွက်ရမည်။

( စ) ဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရန် ဆက်စပ်ပတ်သက်သူများ နှင့် ပူးပေါင်းဆောင်ရွက်မည်။

**မသန်စွမ်းသူများ၏အလုပ်အကိုင်အခွင့်အလမ်းများတိုးမြင့်စေရေးဆောင်ရွက်ခြင်း**

၄၃။ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြင့်စေရေးဆောင်ရွက်ခြင်းကို အောက်ပါ အတိုင်း ဆောင်ရွက်ပါမည်-

(က) မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ အရည် အသွေးမြင့်မားရေး ဆောင်ရွက်ရမည်။

( ခ) မသန်စွမ်းသူများနှင့်အစဉ်ပြေသင့်လျော်သည့်လုပ်ငန်းခွင်ဖြစ်ရေး အသိပညာ ပေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

( ဂ) မသန်စွမ်းသူများဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောပံ့ပိုး၊ ထောက်ပံ့မှုများရရှိရေး အလှူရှင်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရ မဟုတ် သော အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) မသန်စွမ်းသူများအတွက်အလုပ်အကိုင်လမ်းညွှန်မှုသင်တန်း (job coaching) များ ဖွင့်လှစ်ဆောင်ရွက်ရမည်။

( င) အလုပ်အကိုင် ရရှိပြီးသော မသန်စွမ်းသူများအတွက် နောက်ဆက်တွဲ စောင့်ရှောက်မှုများ ဆောင်ရွက်ရမည်။

**မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သောပတ်ဝန်းကျင်ဖန်တီးခြင်း**

၄၄။ မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သောပတ်ဝန်းကျင်ဖန်တီးခြင်းကို အောက်ပါ အတိုင်း ဆောင်ရွက်ပါမည်-

(က) မသန်စွမ်းသူများအတွက် အဆင်ပြေ သင့်လျော်သော ပတ်ဝန်းကျင်ဖန်တီးရန် အသိပညာပေးမှုများ ဆောင်ရွက်ရမည်။

(ခ) နည်းပညာဆိုင်ရာ အကူအညီများပေးနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းစသည့် ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ရမည်။

(ဂ) ပို့ဆောင်ရေးကဏ္ဍတွင် မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်ရန် သက်ဆိုင်ရာဌာန၊ လုပ်ငန်း၊ အဖွဲ့အစည်းများအား အသိပညာပေးခြင်းများ ဆောင် ရွက်မည်။

(ဃ) သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် မသန်စွမ်းသူများ အသုံးပြုနိုင် ရန် အားပေး မြှင့်တင်မှုများ ဆောင်ရွက်မည်။

၄၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့် အရေးများဆိုင်ရာ ကွန်ဗင်းရှင်းအား ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံ အဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများ၏ အခွင့် အရေးများ အသေအချာ ရရှိစေရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်များအား ဖြည့်ဆည်း ပေးနိုင်ရေး ပိုမိုကြိုးပမ်း ဆောင်ရွက်ရန် လိုအပ်ကြောင်းသိရှိခဲ့ပါသည်။ အထူးသဖြင့် မသန်စွမ်းသူများအတွက် အတားအဆီးကင်း သောပတ်ဝန်းကျင် ဖန်တီးပေးရန်၊ သဘာဝဘေး အန္တရာယ်ခံစားရမှုမှ ကြိုတင်ကာကွယ်ပေးရန်၊ မသန်စွမ်းဖြစ်ပွားမှုနှုန်း လျော့ချရန်တို့အပြင် မသန်စွမ်းသူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန် တို့ကို ဦးတည်ဆောင်ရွက်ရမည်ဟု တွေ့ရှိခဲ့ရပါသည်။

၄၆။ ထို့အပြင် မသန်စွမ်းမှုသည် ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော စိန်ခေါ်မှုများစွာထဲမှ တစ်ခုဖြစ်ပါသည်။ မသန်စွမ်းသူများ၏ အရေးကိစ္စသည်လည်း နိုင်ငံတစ်ခု၏ စစ်မှန်သော ဖွံ့ဖြိုး တိုးတက်ခြင်း၊ သာတူညီမျှမှုရှိခြင်း၊ လူသားအားလုံး၏ အခွင့်အရေးများအား တန်းတူ

အသိအမှတ်ပြုခြင်း စသည်တို့ အမှန်တကယ် ပြည့်မြောက်ရရှိစေရေးအတွက် အလေးအနက်ထား ဖြေရှင်း ဆောင်ရွက်ရမည့် အကြောင်းအရာတစ်ခု ဖြစ်ပါသည်။

၄၇။ သို့ဖြစ်ပါ၍ လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်၏ ပြည်သူလူထုဗဟိုပြု၍ လူသားအားလုံးပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရာတွင် မသန်စွမ်းသူများသည်လည်း လူ့အသိုက်အဝန်းအတွင်း သက်ဆိုင်ရာကဏ္ဍအလိုက် ပိုမိုပေါင်းစည်း ဝင်ဆံ့လာနိုင်စေရန် အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အတူ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါ သည်။

# အခန်း(၈)

# လူမှုရေးအရ အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သူများ

**နိဒါန်း**

၁။ လူမှုကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သူများနှင့် လူမှုရေးအထူးကာကွယ် စောင့်ရှောက်ပေးရန် လိုအပ်သောသူများမှာ ကွဲပြားမှုရှိပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့နိုင်ငံ အခြေအနေပေါ်မူတည်၍ အထူးကာကွယ် စောင့်ရှောက်မှုလိုအပ်သူများနှင့် ပတ်သတ်၍ သတ်မှတ်ချက်ကို အမျိုးမျိုး အဓိပ္ပါယ်ဖွင့်ဆို ဆောင်ရွက်လျက်ရှိကြပါသည်။ မိမိတို့နိုင်ငံအတွင်း ကြုံတွေ့ခံစားနေရသော လူမှုရေးဒုက္ခ၊ ပြဿနာ အရပ်ရပ်ပေါ်မူတည်ကာ သီးခြားစီမံချက်များ ရေးဆွဲချမှတ်ကာ လူမှုဝန်ထမ်းနည်းစနစ်များနှင့်အညီ ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆန့်နိုင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ဖြေရှင်းလျက်ရှိပါသည်။

**လူမှုရေးအရ အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သူများ**

၂။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ

( ခ) အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများ

( ဂ) အထူး ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော သားကောင်ဘဝ ကျရောက်ခဲ့သူများ

(ဃ) အထူး ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော မသန်စွမ်းသူများ

( င) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ကြေးပေးခြင်း

**အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ**

၃။ မြန်မာနိုင်ငံအနေဖြင့် အထူးကာကွယ် စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များမှာ လျစ်လျူရှုခြင်းခံရသောကလေးများ၊ စွန့်ပစ်ခံရသော ကလေးသူငယ်များနှင့် လွဲမှားစွာပြုကျင့်ခြင်းခံရသောကလေးသူငယ်များတို့ဖြစ်သည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ၁၉၉၃ခုနှစ်၊ ကလေးသူငယ် ဥပဒေအရ ကာကွယ်စောင့်ရှောက်မှု လိုအပ်သောကလေးသူငယ်များနှင့် ပြစ်မှုကျူးလွန်သော ကလေးသူငယ်များကို သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု နည်းစနစ်များဖြင့် ကာကွယ် စောင့်ရှောက်ပေးလျက်ရှိပါသည်။

၄။ ၁၉၉၃ခုနှစ်၊ ကလေးသူငယ်ဥပဒေအရ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များဖြစ်သည့် မိဘမဲ့ကလေးများ၊ လမ်းပေါ်နေကလေးများ၊ အလွဲသုံးခံရသော ကလေးများ၊အလုပ်လုပ်သောကလေးသူငယ်များ၊မသန်စွမ်းသူကလေးများနှင့်ပတ်သက်၍လူမှုဝန်ထမ်းဦးစီးဌာနကလည်းကောင်း၊ပြစ်မှုကျူးလွန်သောကလေးသူငယ်များနှင့်ပတ်သက်၍သက်ဆိုင်ရာတရားရုံးကကလေးသူငယ်ဥပဒေ၊ကလေးသူငယ်နည်းဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုအနှစ်သာရများဆောင်ရွက်ပေးလျက်ရှိပါသည်။သင်တန်းကျောင်းသို့ရောက်ရှိလာသောကလေးသူငယ်များကို မိသားစုနှင့်ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းသည် သင်တန်းကျောင်း အခြေပြုလုပ်ငန်း စနစ်တွင် အလွန်အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ သင်တန်းကျောင်းတွင်စောင့်ရှောက်ထားသော ကလေးသူငယ်များနှင့်ပတ်သက်၍ ကလေးသူငယ် ကြီးကြပ်ရေးမှူးများက သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်များသို့ ကွင်းဆင်းကာ မိဘဆွေမျိုးများစုံစမ်းခြင်း၊ မိသားစု အခြေအနေ လေ့လာဆန်းစစ်ခြင်းများကို ဆောင်ရွက်ပေးပြီးမိဘဆွေမျိုးများထံပြန်လည်အပ်နှံ ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၅။ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များဖြစ်သည့် မိဘမဲ့ကလေးများ၊ စွန့်ပစ်ခံရသောကလေးသူငယ်များ၊ လမ်းပေါ်နေကလေးသူငယ်များ၊ အကျင့်စာရိတ္တ ပျက်ပြားသော ကလေးသူငယ်များနှင့်ပတ်သက်၍ သင်တန်းကျောင်းများတွင် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိရာ ယင်းကလေးသူငယ်များနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်း၊ အစားထိုးစောင့်ရှောက် ပေးခြင်း၊ သုတေသနလေ့လာဆန်းစစ်ချက်များ ပြုလုပ်ခြင်းစသည့် လုပ်ငန်းများစနစ်တကျဆောင်ရွက်သွားရန်လိုအပ်လျက်ရှိပါသည်။ ၎င်းအပြင် ဥပဒေနှင့် ရင်ဆိုင်နေရသော ကလေး သူငယ်များနှင့်ပတ်သက်၍လည်း သင်တန်းကျောင်းအခြေပြုစောင့်ရှောက်သည့်နည်းစနစ်များအပြင်ရပ်ရွာအခြေပြုစောင့်ရှောက်သည့် နည်းလမ်းများကိုတိုးချဲ့ ဆောင်ရွက်သွားရန်လိုအပ်လျက်ရှိပါသည်။ ၎င်းအပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အရ ကလေးသူငယ်များအားလျစ်လျူရှုခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ အသုံးချခြင်း၊ အကြမ်းဖက်ခြင်းနှင့်ခွဲခြားဆက်ဆံခြင်းတို့မှ ကာကွယ်ဆောင်ရွက် ပေးလျက်ရှိပါသည်။ ကလေးသူငယ်များ အလွဲသုံးစား ပြုခြင်းခံရမှုနှင့် အသုံးချခံရမှုပြဿနာမှာ အလွန်နည်းပါးသေးသော်လည်းယင်းကလေးသူငယ်များနှင့်ပတ်သက်၍ကြိုတင်ကာကွယ်ရေး၊ သုတေသနဆန်းစစ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရန်လိုအပ်လျက်ရှိပါသည်။

၆။ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ ကလေးများနှင့် လိုက်ဖက်သော ကမ္ဘာ့ A World Fit for Children အရလည်းကောင်း၊ ထောင်စုနှစ် ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက် (Millennium Development Goals)၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်၊ အာဆီယံ သဘောတူစာချုပ်များ အပေါ်အခြေခံ၍အကောင်အထည်ဖော်ရန်လည်းကောင်း၊မိမိနိုင်ငံတည်ဆဲဥပဒေ/ နည်းဥပဒေ များနှင့်အညီလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ကာကွယ် စောင့်ရှောက်မှု လုပ်ငန်းများ ပိုမို တိုးမြှင့်ဆောင်ရွက်သွားမည်သာ ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၇။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကလေးသူငယ်များအား လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်း၊ အသုံးချခြင်းနှင့် အကြမ်းဖက်မှုတို့မှ ကာကွယ်စောင့်ရှောက်ရန်၊

(ခ ) ကလေးသူငယ်များအားမိသားစုအတွင်းနှင့်လူမှုပတ်ဝန်းကျင်အတွင်း နည်းမျိုးစုံ ဖြင့် အကြမ်းဖက်မှုများအား လူမှုအဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊

(ဂ ) ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်များ ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးရန်

**မူဝါဒများ**

၈။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာမူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) ကလေးသူငယ်များကို လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်းနှင့် အကြမ်းဖက်ခြင်းတို့မှ ကာကွယ်စောင့်ရှောက်ရန်၊

( ခ) ကလေးသူငယ်များကို လက်နက်ကိုင် ပဋိပက္ခဖြစ်မှုဆိုးကျိုးဒဏ်မှ ကာကွယ် စောင့်ရှောက်ရန်၊

( ဂ) ကလေးသူငယ်များကိုလိင်မှုဆိုင်ရာအသုံးချခြင်းနှင့် လူကုန်ကူးခြင်းမှ ကာကွယ် စောင့်ရှောက်ရန်၊

(ဃ) အထူးခက်ခဲသောအခြေအနေတွင် ရင်ဆိုင်နေရသော ကလေးသူငယ်များဖြစ်သည့် မသန်စွမ်းသူများ၊ အလုပ်လုပ်နေသော ကလေးသူငယ်များ၊ လမ်းပေါ်နေကလေးများ၊ တရားဥပဒေနှင့်ရင်ဆိုင်နေရသောကလေးသူငယ်များ၊ HIV/ AIDS ခံစားရသော မိဘမဲ့ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှုပေးရန်၊

( င) ကလေးသူငယ်များအားမိသားစုအတွင်းနှင့်လူမှုပတ်ဝန်းကျင်အတွင်း နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုနှင့် ခရီးသွားလုပ်ငန်းမှတဆင့် လိင်မှုဆိုင်ရာ အလွဲသုံးမှုမျိုးကို ကာကွယ်တားဆီးရန်၊

( စ) အထူးအခြေအနေတွင်ရှိသော ကလေးသူငယ်များ၊ ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအား လူမှုအသိုင်းအဝန်းအတွင်း ပြန်လည်နေထိုင်ဝင်ဆန့်နိုင်ရေးအတွက် ပြန်လည်ထူထောင်ပေးရန်၊

**မဟာဗျူဟာလုပ်ငန်းစဥ်များ**

၉။ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာလုပ်ငန်းစဥ်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့် တောင့်တင်း ခိုင်မာစေရေး၊

(ခ ) ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေး၊

(ဂ ) ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊

(ဃ) ပြည်သူလူထုနှင့် တာဝန်ရှိသူများအား အသိပညာပေးရေး၊

(င ) GO, NGOs, INGOsများနှင့် ရပ်ရွာလူထုအတွင်း ကာကွယ်စောင့်ရှောက်မှုများကွန်ယက်တည်ဆောက်ရေး၊

(စ ) စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အညွှန်းကိန်းစနစ်များတည်ဆောက်ရေး၊

(ဆ) ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအစီအစဥ်များပြန်လည် သုံးသပ်ရေး၊

(ဇ ) လေ့လာဆန်းစစ်ချက်များဆောင်ရွက်ရေး၊

**ဆောင်ရွက်မည့်အစီအစဉ်များ**

၁၀။ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းအစီအစဉ်များမှာအောက်ပါ အတိုင်းဖြစ်ပါသည်-

(က) **ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်တောင့်တင်း ခိုင်မာစေရေး**

(၁) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့များ အဆင့်ဆင့် တိုးမြှင့်ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(၂) ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စာရင်း/ဇယားအချက်အလက်များ ရရှိရေး ဆောင်ရွက်ခြင်း၊

(၃) ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှုလုပ်ငန်းများ ကြီးကြပ်ဆန်းစစ်ခြင်း၊

(၄) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများတွင်အားပေးမြှင့်တင်ခြင်းနှင့်လုပ်ပိုင်ခွင့်များတိုးမြှင့်ပေးခြင်း၊

(ခ) **ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများစွမ်းဆောင်ရည်မြှင့်မားရေး**

(၁) ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်နေသည့် အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရန် ဆောင်ရွက်ခြင်း၊

(၂) လုပ်ငန်းအစီအစဉ်အရ NGOs ကဏ္ဍတွင် လိုအပ်သည့် ကျောင်း ဌာနငယ် များတိုးချဲ့ဖွဲ့စည်းခြင်း၊

(၃) ကလေးသူငယ်ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊

(ဂ) **ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး**

(၁) မိသားစုအတွင်း ထိန်းသိမ်း စောင့်ရှောက်မှုစနစ်နှင့် အလေ့အကျင့်ကောင်းများ ပိုမိုတိုးတက်ဖြစ်ပေါ်စေခြင်း၊

(၂) သင်တန်းကျောင်းအခြေပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၃) ရပ်ရွာအခြေပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၄) အစားထိုးစောင့်ရှောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၅) ကလေးသူငယ်ဗဟိုပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၆) ကလေးသူငယ်များအားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ခြင်း၊

(ဃ) **ပြည်သူလူထုနှင့်တာဝန်ရှိသူများအားအသိပညာပေးခြင်း**

(၁) လူထုဆက်သွယ်ရေးယန္တရားများအသုံးပြု၍ အသိပညာပေးခြင်း၊

(၂) ပညာပေးအထောက်အကူပစ္စည်းများထုတ်ဝေဖြန့်ချီခြင်း၊

(၃) ပြည်သူလူထုအသိပညာပေးလှုပ်ရှားမှုများဆောင်ရွက်ခြင်း၊

(င ) **GO,NGO,INGOsများနှင့် ရပ်ရွာလူထုအတွင်းကာကွယ် စောင့်ရှောက်မှုများ ကွန်ယက်တည်ဆောက်ရေး**

(၁) GO,NGO,INGOsများနှင့်ရပ်ရွာလူထုစုစည်းမှုရယူခြင်း၊

(၂) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း၊

(၃) ဒေသတွင်းလိုအပ်ချက်များပူးပေါင်းဖော်ထုတ်ခြင်း၊

(၄) ကာကွယ်စောင့်ရှောက်ရေးစီမံချက်များရေးဆွဲဆောင်ရွက်ခြင်း၊

(၅) ဖြစ်နိုင်သည့် ဖြေရှင်းဆောင်ရွက်မှုများ၊ ကာကွယ်စောင့်ရှောက်မှုများ ပူးပေါင်း ဆောင်ရွက်ခြင်း၊

(၆) သတင်းနှင့်အချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း၊

(၇) ကွန်ရက်စနစ်ခိုင်မာတောင့်တင်းစေခြင်း၊

(င ) **စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်အညွှန်းကိန်းစနစ်များတည်ဆောက်ရေး**

(၁) လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုမှတ်တမ်းတင်ခြင်း၊

(၂) လုပ်ငန်းဆောင်ရွက်ချက်များတိုးတက်မှုကိုအကဲဖြတ်ခြင်း၊

(၃) အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများ၊ အဟန့်အတားများ ဖော်ထုတ်ခြင်း၊

(၄) အကဲဖြတ်သုံးသပ်ရန်လေ့လာဆန်းစစ်ချက်များ၊ သုသေသနများ ပြုလုပ်ခြင်း၊

(၅) လုပ်ငန်းများကိုပြန်လည်သုံးသပ်ခြင်း၊

(၆) ဖြစ်နိုင်သည့်အညွှန်းကိန်းစနစ်များတည် ဆောက်ခြင်း၊

(စ) **ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ်များပြန်လည်သုံးသပ်ရေး**

(၁) လုပ်ငန်းအစီအစဉ်များပြန်လည်သုံးသပ်ခြင်း၊

(၂) လုပ်ငန်းစီစဉ်ဆောင်ရွက်ချက်များကြီးကြပ်ခြင်း၊ သုံးသပ်ခြင်း၊

(ဆ) **လေ့လာဆန်းစစ်ချက်များဆောင်ရွက်ရေး**

(၁) ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ခြင်း၊

(၂) ပြစ်မှုကျူးလွန်သော ကလေးသူငယ်များနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ခြင်း၊

(၃) မသန်စွမ်းကလေးသူငယ်များနှင့်ပတ်သက်၍ လေ့လာဆန်းစစ်ခြင်း၊

(၄) လက်ရှိလုပ်ငန်း ဆောင်ရွက်မှုအစီအစဉ်များ၊ ဥပဒေပြဋ္ဌာန်းချက်များ လေ့လာ ဆန်းစစ်ခြင်း၊

**စွမ်းအားစုလိုအပ်မှု**

၁၁။ နိုင်ငံတော်အစိုးရ ရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ ပြည်တွင်း/ ပြည်ပအလှူရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကို ရယူမြှင့်တင်၍ ကလေးသူငယ်များ၏ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းကိုအရင်းအနှီးများရယူ၍ ဆောင်ရွက်ပါမည်။

**နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု**

၁၂။ လုပ်ငန်းအစီအစဉ်များကိုနိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ အပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်း**

၁၃။ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအဆင့်ဆင့်က လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့်လည်းကောင်း လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်သွားပါမည်။

**ရရှိမည့်အကျိုးကျေးဇူးများ**

၁၄။ ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်နိုင်ခြင်းကြောင့်လွှမ်းခြုံမှုပိုမိုတိုးတက်ရရှိလာပြီး ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များအားစနစ်တကျပိုမိုကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ သင်တန်းကျောင်း

တွင် စောင့်ရှောက်ထားသော ကလေးသူငယ်များအား သင်တန်းကျောင်းတွင် စောင့်ရှောက်မှုအပြင် အခြားအစားထိုးစောင့်ရှောက်နည်းများဖြင့်လည်း ပိုမို ကာကွယ်စောင့် ရှောက်လာနိုင်မည် ဖြစ်ပါသည်။

၁၅။ ဥပဒေနှင့်ရင်ဆိုင်နေရသော ကလေးသူငယ်များနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်မှုကြောင့် ယင်းကလေးသူငယ်များ၏အရေအတွက်ကိုလျော့ချလာနိုင်မည်ဖြစ်ပါသည်။မသန်စွမ်းသူကလေးများ နှင့်ပတ်သက်၍ စောစီးစွာ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ လုပ်ငန်းစဥ်များ ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့်မသန်စွမ်းသူကလေးများအားစောစီးစွာ ကြိုတင်ကာကွယ်စောင့်ရှောက်လာနိုင် မည်ဖြစ်ပါသည်။ ကလေးသူငယ်များကာကွယ်စောင့်ရှောက်ရာတွင် အစိုးရ၊ ကျောင်း၊ ဌာနများအပြင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများကပါ ပိုမိုပူးပေါင်း ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

**နိဂုံး**

၁၆။ လုပ်ငန်းအစီအစဥ်ပါ ကလေးသူငယ်များ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ခွင့်ရရှိရေးနှင့်ပါဝင်ဆောင်ရွက် ခွင့်ရရှိရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်း အစီအစဥ်များကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်ကလေးများအတွက် လိုက်ဖက်သောကမ္ဘာနှင့်ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ပြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံကလေးသူငယ်ဥပဒေ၊နည်းဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများ**

၁၇။ စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများမှာ လူကုန်ကူးခံရသူအမျိုးသမီးများ၊ အမျိုးသမီးငယ်ရွယ်များ၊ လူမှုရေးဆိုင်ရာ ပြဿနာများနှင့်ကြုံတွေ့နေရသော အမျိုးသမီးများ၊ ပြစ်ဒဏ်ကျခံဆဲအမျိုးသမီးများ၊ HIV/AIDS ရောဂါပိုးရှိသည့် အကျဥ်းထောင်များတွင် ပြစ်ဒဏ်ကျခံ နေရသော အမျိုးသမီးများဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၁၈။ လူကုန်ကူးခံရသူ အမျိုးသမီး၊ အမျိုးသမီးငယ်ရွယ်များအား ပြန်လည် လက်ခံခြင်း၊ ပြန်လည် ဝင်ဆန့်ပေါင်းစည်းခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ၎င်းတို့ရသင့် ရထိုက်သည့် အခွင့်အရေးများရရှိစေရန် ဖြစ်ပါသည်။

**မူဝါဒချမှတ်ခြင်း**

၁၉။ အောက်ပါအတိုင်း မူဝါဒများ ချမှတ်ပါမည်-

(က) လူကုန်ကူးမခံရအောင်ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်ပေးရပါမည်။

( ခ) လူကုန်ကူးခံရသူများအားပြန်လည်လက်ခံခြင်း၊ ပြန်လည်ဝင်ဆန့်ပေါင်းစည်းပေးခြင်းနှင့်ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကိုစံပြုထားသော လုပ်ငန်းစဥ်များ အတိုင်း ဆောင်ရွက်ပေးရမည်။

**လုပ်ငန်းစဥ်ချမှတ်ခြင်း**

၂၀။ အောက်ပါအတိုင်း လုပ်ငန်းစဥ် ချမှတ်ပါမည်-

(က) လူကုန်ကူးမခံရအောင် ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းအား သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။

( ခ) အခြားနိုင်ငံများမှ ပြန်လည်လက်ခံပြီးသော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရာတွင် စံပြုထားသော လုပ်ငန်းစဥ်များအတိုင်း ဆောင်ရွက်ရမည်။

( ဂ) ပြန်လည်ဝင်ဆန့် ပေါင်းစည်းခြင်းကို အပြည်ပြည်ဆိုင်ရာ စံနှုန်းအတိုင်း ဆောင်ရွက် ပေးရမည် ။

(ဃ) ပြန်လည်ထူထောင်ခြင်းလုပ်ငန်းကိုလူ့အသိုက်အဝန်းအတွင်း ဝင်ဆန့်နိုင်သည် အထိ ဆောင်ရွက်ပေးရမည်။

**ဆောင်ရွက်ရမည့်နည်းလမ်းများ**

၂၁။ ပြည်ပနိုင်ငံများသို့ လူကုန်ကူးခံရသူများကို ပြန်လည် လက်ခံရေးလုပ်ငန်းများအား အောက်ဖော်ပြပါ လုပ်ငန်းစဥ်များအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) လူကုန်ကူးခံရသူများ၏ ကိုယ်ရေးအချက်အလက်များကို ပြည်ပနိုင်ငံ/ အဖွဲ့အစည်း များထံမှ လက်ခံရရှိခြင်း၊

( ခ) သက်ဆိုင်ရာနိုင်ငံအစိုးရထံမှ လက်ခံခြင်း။

( ဂ) သံရုံးများမှ တဆင့်လက်ခံရရှိခြင်း။

(ဃ) မြန်မာနိုင်ငံသား မှန်/မမှန် စိစစ်ပေးပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဝန်ကြီးရုံးမှတဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ အကြောင်းကြားခြင်း။

( င) တပြိုင်တည်းတွင် သက်ဆိုင်ရာလူမှုဝန်ထမ်းရုံးများ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ INGOs ၊ NGOs အဖွဲ့အစည်းများမှ မိသားစုအခြေအနေ (Family Tracing ) သိရှိအောင် ဆောင်ရွက်ခြင်း။

( စ) မြန်မာနိုင်ငံသားမှန်ပါကလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှတဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ပြန်လည်ခေါ်ယူခွင့်ပြုချက်ရယူခြင်း။

(ဆ) ပြန်လည်လက်ခံရေးအတွက်သက်ဆိုင်ရာနိုင်ငံ၊ အဖွဲ့အစည်းများသို့ အကြောင်းပြန်ကြားခြင်းနှင့် လက်ခံမည့်နေရာနှင့် ရက်၊ အချိန် ညှိနှိုင်း သတ်မှတ်ခြင်း။

( ဇ) သက်ဆိုင်ရာအစိုးရအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့များ၊ UN Agencies ၊ INGOs နှင့်ဆက်စပ်သည့်ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့များမှနယ်စပ်ဒေသ/ လေဆိပ်တွင် လွှဲပြောင်းလက်ခံခြင်း။

(ဈ) သက်ဆိုင်ရာ လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေး ဂေဟာများသို့ ခေါ်ဆောင်၍ ယာယီစောင့်ရှောက်ပေးခြင်း ။

(ည) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လူပွဲစားများအား အရေးယူနိုင်ရေး လိုအပ်သည်များ မေးမြန်းခြင်း။

( ဋ) လူကုန်ကူးမှုဖြစ်စဥ်သည် မိမိနိုင်ငံအတွင်းမှ ဖြစ်ပါက တားဆီးနှိမ်နင်းရေးအဖွဲ့ ဖြစ်သောမြန်မာနိုင်ငံရဲတပ်ဖွဲ့မှညှိနှိုင်းအပ်နှံသည်ကိုလက်ခံပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း။

( ဌ) လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများမှ ဖြစ်စဥ်များ မေးမြန်းခြင်း။ လူမှုရေးဆိုင်ရာနှစ်သိမ့်ဆွေးနွေးပညာပေးခြင်း။ မိဘအုပ်ထိန်းသူများနှင့် ဆက်သွယ်ပေး

ခြင်း။ ၎င်းတို့နှင့်ပါလာသောရွှေငွေအစရှိသည့် ပစ္စည်းများ ၊ လျော်ကြေးငွေများ အား စနစ်တကျ ထိန်းသိမ်းခြင်း၊ ထုတ်ပေးခြင်း။

( ဍ) လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မှတ်ပုံတင်စစ်ဆေး ခြင်း၊ မှတ်ပုံတင်မပါ /ပျောက်ဆုံးသွားသူများအတွက် ယာယီထောက်ခံချက် ပြုလုပ် ပေးခြင်း။

( ဎ) ကျန်းမာရေးဦးစီးဌာနမှဆေးကုသပေးခြင်းနှင့်ကာယကံရှင်၏ သဘောတူညီ ချက် အရ HIV/AIDS ရောဂါ ရှိ/မရှိ စစ်ဆေးပေးခြင်း။

(ဏ) အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ မှတ်တမ်းတင်ခြင်း၊ ၎င်း၏ ကျွမ်းကျင်မှုပေါ် မူတည်၍ အလုပ်အကိုင်ရှာဖွေပေးခြင်း၊

(တ) အမျိုးသမီးရေးရာအဖွဲ့မှ နှစ်သိမ့်ဆွေးနွေးပေးခြင်း။

(ထ) သက်ဆိုင်ရာ INGOs များမှ ထောက်ပံ့မှုများ ပေးအပ်ခြင်း။

( ဒ) လူကုန်ကူးခြင်းနှင့်ပတ်သက်၍ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက် ခြင်းနှင့်သတင်းအချက်အလက်များပေးနိုင်ရန်၊ လူမှုရေးဆိုင်ရာအကူအညီ ပေးနိုင်ရန်အတွက် သတင်းအချက်အလက်မျှဝေရာစင်တာ တစ်ခုကိုလည်း ဖွင့်လှစ်ထားခြင်း။

( ဓ) လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး ဆိုင်ရာ နိုင်ငံတော်အဆင့် လုပ်ငန်းလမ်းညွှန်စာအုပ် (၂၀၁၂ခုနှစ်)ပါအတိုင်း ဆောင်ရွက်ခြင်း။

( န) မြန်မာ-ထိုင်းနှစ်နိုင်ငံလူကုန်ကူးခံရသူများအားပြန်လည်ပို့ဆောင်ရေး၊မိဘရပ်ထံ ပြန်လည်အပ်နှံရေးနှင့် မိသားစုပေါင်းစည်းရေးဆိုင်ရာ အစည်းအဝေးများ တစ်နှစ် (၂)ကြိမ် နှစ်နိုင်ငံ အပြန်အလှန် ကျင်းပခြင်း၊

(ပ) မြန်မာ-ထိုင်းနှစ်နိုင်ငံလူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေးဆိုင်ရာ စံလုပ်ငန်း ဆောင်ရွက်မှုအစီအစဉ်(SOP)ကို နှစ်နိုင်ငံ ရေးဆွဲအတည်ပြုခြင်း။

## ပြန်လည်ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်း

၂၂။ ပြန်လည်ဝင်ဆန့်ပေါင်းစည်းရေးလုပ်ငန်းများအား အောက်ဖော်ပြပါ လုပ်ငန်းစဥ်များအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) မိဘအုပ်ထိန်းသူထံအမြန်ဆုံးပြန်လည်အပ်နှံရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာန ၊ NGOs၊ UN Agencies တို့ ပူးပေါင်း၍ ဆောင်ရွက်ပေး ခြင်း။

( ခ) မိဘအုပ်ထိန်းသူမရှိသူများ/မိဘလက်မခံသူများအား လူမှုဝန်ထမ်းဦးစီးဌာန လက် အောက်ရှိ သင်တန်းကျောင်းများ၌ လက်ခံစောင့်ရှောက်ပေးခြင်း။

## ပြန်လည်ထူထောင်ရေးလုပ်ငန်း

၂၃။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အောက်ဖော်ပြပါ လုပ်ငန်းစဥ်များအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) မိသားစုထံရောက်ရှိပြီးသွားသူများကိုပြန်လည်ထူထောင်ပေးရန် နောက်ဆက်တွဲ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခြင်း။

( ခ) ထိုသို့ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ ၊ အမျိုးသမီး ရေးရာအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ရွာအထောက်အကူပြုအဖွဲ့၊ မိဘများ၊ အုပ်ထိန်းသူများပူးပေါင်း၍ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေး၊အလုပ်အကိုင်ရရှိရေး၊လူ့အသိုက်အဝန်းအတွင်းဂုဏ်သိက္ခာ ရှိရှိ ရပ်တည်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခြင်း။

( ဂ) အသက်မွေးဝမ်းကျောင်းပညာသင်ကြားလိုသူများကို သင်ကြားနိုင်ရေးအတွက် ငွေကြေးမှအစ ကူညီပေးခြင်း။

(ဃ) အလုပ်အကိုင်လုပ်နိုင်အောင် အရင်းအနှီး မတည်ပေးခြင်း။

## ပြန်လည်လက်ခံသည့်နေရာများ

၂၄။ ပြန်လည်လက်ခံသည့်နေရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ထိုင်းနိုင်ငံအတွက် တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း- ရနောင်း၊

( ခ) တရုတ်နိုင်ငံအတွက် မူဆယ်-ရွှေလီ၊

( ဂ) အခြားနိုင်ငံများအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊

**ယာယီစောင့်ရှောက်ရေးဂေဟာများ**

၂၅။ ယာယီစောင့်ရှောက်ရေးဂေဟာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရန်ကုန်၊ မန္တလေး၊ မူဆယ် ၊ကော့သောင်း

( ခ) မြဝတီ၊ တာချီလိတ်တွင် ထပ်မံဖွင့်လှစ်ပါမည်။

( ဂ) ရန်ကုန်တွင် အမျိုးသားများအတွက် ဂေဟာရှိပါသည်။

**အထူး ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော သားကောင်ဘဝကျရောက်ခဲ့သူများ**

၂၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်သည် ယနေ့ တစ်ကမ္ဘာလုံးရှိလူသားအားလုံးရင်ဆိုင်ကြုံတွေ့နေရသောသိမ်မွေ့နက်နဲသည့် ပြဿနာတစ်ရပ် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင်နျူကလီးယားလက်နက်ကဲ့သို့စွမ်းအားကြီးမားပြီး လူသားအားလုံး ကိုခြိမ်းခြောက်လျက်လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုဆိုးကျိုးပေးနိုင်စွမ်းသောအရာ ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအား အန္တရာယ်ပြုဖျက်ဆီးရာတွင် အစွမ်းထက်သကဲ့သို့ တွန်းလှန် ဖယ်ရှားရန်အတွက်လည်း သိမ့်မွေ့နက်နဲခက်ခဲပါသည်။ မူးယစ်ဆေးဝါးသည် တဖြည်းဖြည်း တငွေ့ငွေ့ လှိုက်စားလောင်ကျွမ်း၍ လူသားတစ်ရပ်လုံးအား ဖျက်ဆီးခြင်းမှအစ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည်အထိ ဒုက္ခပေးလာနိုင်ပါသည်။

၂၇။ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံး၊ နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲ ချမ်းသာမရွေး၊ကမ္ဘာ့နိုင်ငံအသီးသီးရှိလူသားများ၏ကျန်းမာရေးနှင့်လုံခြုံရေးကိုခြိမ်းခြောက်နေ သည့်အန္တရာယ်ကြီးမားလှသောခြိမ်းခြောက်မှုကြီးဖြစ်နေပါသည်။ယခုကဲ့သို့အန္တရာယ်ကြီးမား သည့် ခြိမ်းခြောက်မှုကြီးကို ကာကွယ်တားဆီးနိုင်ရန်အတွက် တစ်နိုင်ငံလုံး ပူးပေါင်းဆောင် ရွက်ရပါမည်။

၂၈။ မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတစ်ခုတည်းတွင်သာမက ကမ္ဘာ့တစ်ဝှမ်းလုံး ရင်ဆိုင်ဖြေရှင်းနေရသောပြဿနာဖြစ်ပြီးကမ္ဘာ့လူဦးရေ၏အရွယ်ရောက်သူ သန်း၂၃၀ကျော်မှာ မူးယစ်ဆေးဝါးကို တစ်ကြိမ်သုံးစွဲခဲ့ဘူးသူများဖြစ်ပြီး ၂၇သန်းခန့်မှာ မူးယစ်ဆေးစွဲလျက်ရှိကြ ကြောင်း၊ နှစ်စဥ် ၀.၂သန်းခန့်မှာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သေဆုံးကြကြောင်း ၂၀၁၂ ခုနှစ် ကမ္ဘာ့မူးယစ် ဆေးဝါးဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

၂၉။ ဆေးဝါးသုံးစွဲသူသည်ဆေးကုသမှုခံယူပြီးသော်လည်း အများစုမှာဆေးပြန်လည်သုံးစွဲ သည်ကိုတွေ့ရပါသည်။ထိုသို့ဖြစ်ရသည်မှာခိုင်မာသောစိတ်ဆုံးဖြတ်ချက်မရှိခြင်း၊ ပတ်ဝန်းကျင်

နှင့် မိသားစု ယုံကြည်အားပေးနွေးထွေးမှုမရှိခြင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းကြံ့ခိုင်မှုမရှိသေးခြင်းနှင့် ပတ်ဝန်း ကျင်အခြေအနေတို့ကြောင့်ဖြစ်ပါသည်။

၃၀။ ထိုသို့သောပြဿနာများ ဖြေရှင်းကျော်လွှားနိုင်ရန် ဆေးကုသမှုခံယူပြီးနောက် ပြန်လည် ထူထောင်မှုခံယူနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်၍ ရုပ်ပိုင်း၊ စိတ်ပိုင်းပြန်လည်ထူထောင်ပေးခြင်း၊ လူမှုပတ်ဝန်းကျင်နှင့် မိသားစုအသိုင်း အဝန်းအတွင်း ပြန်လည်ဝန်ဆံ့ရန် ကူညီပေးသည့်အပြင် ပြန်လည်ထူထောင်မှုခံယူပြီးနောက် သင်တန်းဆင်းသွားသူများအား ရပ်ရွာအခြေပြု စေတနာ့ဝန်ထမ်းကြီးကြပ်ရေးမှူးများမှတဆင့် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၃၁။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးအတွက်(၁၉၉၉-၂၀၀၀)ခုနှစ်မှ (၂၀၁၃-၂၀၁၄) ခုနှစ်အထိ (၁၅)နှစ် စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ပြီးစတုတ္ထ(၅)နှစ်စီမံကိန်း(၂၀၁၄-၂၀၁၅)မှ (၂၀၁၈ -၂၀၁၉)ခုနှစ်အထိကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအားမူးယစ်ဆေးဝါးပပျောက်ရေးနယ်မြေအဖြစ်ရောက်ရှိစေရန် စေတနာ့ ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများနှင့်ပူးပေါင်း၍နောက်ဆက်တွဲစောင့်ရှောက်ခြင်းလုပ်ငန်းများဆောင် ရွက်ခြင်း၊ အသိပညာပေးခြင်းများ တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃၂။ မူးယစ်ဆေးဖြတ်ပြီးသူများအား မူးယစ်ဆေးဝါးသုံးစွဲမှုကင်းရှင်းပြီး လူ့အဖွဲ့အစည်းအတွင်း စိတ်သစ်လူသစ်ဖြင့် ပြန်လည်ဝင်ဆန့်နေထိုင်နိုင်စေရန်အတွက် လူမှုရေးအရပြန်လည် ထူထောင် ပေးရန်။

## မူဝါဒချမှတ်ခြင်း

၃၃။ အောက်ပါအတိုင်းမူဝါဒချမှတ်ပါမည်-

(က) မူးယစ်ဆေးဝါးကင်းစင်ပြီး လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆန့်လာနိုင် စေရန် ဆေးကုသမှုခံယူစေခြင်း၊ လူမှုရေးအရပြန်လည် ထူထောင်မှုခံယူစေခြင်း တို့ကို မူဝါဒအဖြစ်သတ်မှတ် ဆောင်ရွက်ရန်။

( ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများအပေါ်အခြေခံ၍ ပြန်လည် ထူထောင်မှုလုပ်ငန်း ကို ဆောင်ရွက်ပေးရန်။

( ဂ) စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းများဖွင့်လှစ်ဆောင်ရွက်ရန်။

(ဃ) ဒေသဆိုင်ရာပြည်သူလူထုနှင့် ပူးပေါင်း၍ ရပ်ရွာအခြေပြုပြန်လည် ထူထောင်ရေး သင်တန်းများဖွင့်လှစ်ဆောင်ရွက်ရန်။

( င) စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများ လေ့ကျင့်မွေးထုတ်ရန်။

( စ) မူးယစ်ဆေးစွဲသူများသည် မူးယစ်ဆေးဖြတ်ပြီးနောက် ပြန်လည်ထူထောင်ရေး စခန်းများတွင် ပြန်လည်ထူထောင်မှုခံယူရန်လိုအပ်ကြောင်းအသိပညာပေးရန်။

(ဆ) မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးအတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟို အဖွဲ့မှ ဦးစီးဆောင်ရွက်သော စတုတ္ထ(၅)နှစ် စီမံကိန်း(၂၀၁၄-၂၀၁၅ မှ ၂၀၁၈ -၂၀၁၉ ခုနှစ်အထိ) တွင် ပြန်လည်ထူထောင်ရေးအဖွဲ့နှင့် သက်ဆိုင်သော လုပ်ငန်းများ ဆောင်ရွက်ရန် ၊

(ဇ ) အခါအားလျော်စွာဝန်ကြီးဌာနမှ ချမှတ်သောမူဝါဒများကို လိုက်နာဆောင်ရွက် ရန်၊

(ဈ) အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီလိုက်နာဆောင်ရွက်ရန်။

**လုပ်ငန်းစဥ်ချမှတ်ခြင်း**

၃၄။ အောက်ပါလုပ်ငန်းစဥ်များဖြင့် ဆောင်ရွက်ပါမည်-

(က) မူးယစ်ဆေးရုံများမှ မူးယစ်ဆေးဖြတ်ပြီးသူများအားစခန်းအခြေပြုဖြင့် ပြန်လည် ထူထောင်ရေးဆောင်ရွက်ရမည်။

(ခ) ရပ်ရွာများတွင် မိမိအစီအစဥ်ဖြင့် မူးယစ်ဆေးဖြတ်ပြီးသူများအား စည်းရုံး၍ စခန်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ရပ်ရွာများတွင် ဆေးစွဲသူများအားဆေးဖြတ်ခြင်းအပါအဝင် ပြန်လည်ထူထောင် ရေးလုပ်ငန်းများအားဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရပ်ရွာ အခြေပြု ပြန်လည်ထူထောင်ရေးအဖြစ် ဆောင်ရွက်ရမည်။

(ဃ) လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်သောစခန်းများတွင် သင်တန်းကာလ(၅)ပတ် ဆောင်ရွက်ရမည်။

(င) မူးယစ်ဗဟိုမှ တိုက်ရိုက်ကြီးကြပ်ဖွင့်လှစ်သော စခန်းများမှာရင်းတို့ သတ်မှတ် သည့် သင်တန်းကာလအတိုင်း ဆောင်ရွက်ရမည်။

(စ) စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများမှ မူးယစ်ပြန်လည်ထူထောင်ရေး စခန်းများမှ ပြန်လည်ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက် ရေးလုပ်ငန်း (၁)နှစ်ဆောင်ရွက်ပေးရမည်။

**စခန်းအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း**

၃၅။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဆောင်ရွက်မည်-

(က) **ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်း**

(၁) အားကစားလှုပ်ရှားမှုများ၊

(၂) ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခြင်း၊

(၃) ကျန်းမာရေးစောင့်ရှောက်မှု။

(ခ) **စိတ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးခြင်း**

(၁) တစ်ဦးချင်း၊ အုပ်စုလိုက်၊ မိသားစုဝင်များနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊

(၂) စိတ်တည်ငြိမ်အေးချမ်းမှုကျင့်စဥ်ဖြင့်ထူထောင်ခြင်း၊

(၃) အသိပညာပေးသင်တန်းများဆွေးနွေးခြင်း၊

(၄) အလုပ်ပေးကုထုံး၊ ဘာသာရေးကုထုံးဖြင့်ထူထောင်ခြင်း။

(ဂ) **အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း**

(၁) သင်တန်းပြီးဆုံးပါက ဘဝရပ်တည်နိုင်ရေး၊ လူမှုဘဝပြန်လည်ဝင်ဆံ့ အောင်အလုပ်အကိုင်ရရှိရေးအတွက်အသက်မွေးဝမ်းကျောင်း ပညာရပ် များ အား စာတွေ့/လက်တွေ့ သင်ကြားပေးပါမည်၊

(၂) အသက်မွေးဝမ်းကျောင်းပညာသင်ကြားရာတွင်ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကိုသင်ကြားပေးပါ မည်။

(ဃ) **နောက်ဆက်တွဲစောင့်ရှောက်မှုလုပ်ငန်း**

(၁) နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းအား စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများကဆောင်ရွက်မည်။

(၂) သင်တန်းသားများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ မိသားစုဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း၊ လူမှုရေးပြဿနာများရှိပါက ညှိနှိုင်းဖြေရှင်းပေးခြင်းနှင့်

မူးယစ်ဆေးဝါးပြန်လည် မသုံးစွဲရေးအတွက် စဉ်ဆက်မပြတ်ကူညီ ဆောင်ရွက်ပေးမည်။

**စခန်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း**

၃၆။ စခန်းရှိဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများ ပူးပေါင်း၍ ရပ်ရွာထဲမှ မူးယစ်ဆေးစွဲသူများအားစည်းရုံးပြီး မူးယစ်ဆေးရုံများတွင် ဆေးဖြတ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါမည်။ ထို့နောက် ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးစခန်း များတွင် ပြန်လည်ထူထောင် မှု ၏လုပ်ငန်းများ ဆောင်ရွက်ပေးပါမည်။

**ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်း**

၃၇။ မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်မည့် ခရီးစရိတ်သက်သာစေရန်၊ မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန် ဆောင်ရွက် နိုင်စေရန် နှင့် မိမိတို့ဒေသ၌သာ ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းခံယူစေရန်၊ ရပ်ရွာမူးယစ် ဆေးစွဲရောဂါကုသရေးစခန်းများ ဖွင့်လှစ်ပြီးဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စေတနာ့ ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများ၏ အကူအညီဖြင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးမည်။ ရပ်ရွာပြည်သူလူထုမှ လူအင်အား၊ ငွေအင်အား ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုထိရောက် အောင်မြင်နိုင်မည် ဖြစ်ပါသဖြင့် ဒေသခံများအား စည်းရုံး ဆောင်ရွက်မည်။

**စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးများမွေးထုတ်ပေးခြင်း**

၃၈။ မူးယစ်ပြန်လည်ထူထောင် ရေးစခန်းများမှ သင်တန်းဆင်းပြီးသူများအား မူးယစ်ဆေးဝါး ပြန်မသုံးစွဲရန်အတွက် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများမှ နောက်ဆက်တွဲ စောင့်ရှောက်ခြင်းလုပ်ငန်းကိုဆောင်ရွက်ပေးသဖြင့် စေတနာ့ဝန်ထမ်းမူးယစ် ကြီးကြပ်ရေးမှူး များကိုနှစ်စဉ်တိုင်းဒေသကြီးပြည်နယ်များတွင် လေ့ကျင့်မွေးထုတ်မည်။ ခရိုင်နှင့် မြို့နယ်အဆင့် များအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်။

## ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၃၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟို၊ ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ဆောင်ရွက်ပါသည်-

(က) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများသုံးစွဲသူများအားဥပဒေနှင့်အညီမှတ်ပုံတင်ရန်နှင့်ဆေးကုသဌာနနှင့်ဆေးကုဂေဟာများသို့ ဆေးကုသရန်လာရောက်ရေးအတွက်စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊

(ခ) ပြန်လည်ထူထောင်ရေးစခန်းများ၏ လုပ်ငန်းများကို ကြပ်မတ်ကွပ်ကဲခြင်း၊

(ဂ) ဆေးကုသမှုခံယူပြီးသူများအား ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် ပြန်လည်ထူထောင်ပေးခြင်း၊ လိုအပ်သောအသက်မွေးဝမ်းကျောင်း ပညာရပ်များအားသင်ကြားပေးခြင်း၊ ပြန်လည်နေရာချထားပေးခြင်းနှင့် ဆက်လက်စောင့်ရှောက်ခြင်း၊

(ဃ) ဆေးဝါးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ကျွမ်းကျင်မှုသင်တန်းများပေးခြင်း၊

(င) ဆေးဝါးသုံးစွဲသူများအား ဆေးဝါးကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင်စေတနာ့ဝန်ထမ်းကူညီဆောင်ရွက်မည့်အဖွဲ့အစည်းများအား ရပ်ကွက်/ကျေး ရွာ အုပ်စုအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်ပေးခြင်း၊

(စ) နှစ်စဉ်ဇွန်လ(၂၆)ရက်နေ့တွင်ကျရောက်မည့်အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား တွင် ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓါတ်ပုံများ ပြသခြင်း။

**ဆောင်ရွက်ရမည့် လုပ်ငန်းများ**

၄၀။ စတုတ္ထ(၅)နှစ်စီမံကိန်း (၂၀၁၄-၂၀၁၅)ခုနှစ်မှ (၂၀၁၈-၂၀၁၉)ခုနှစ်အထိ ပြန်လည်ထူထောင်ရေးအဖွဲ့၏ ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) ဆေးကုသပြီးသူများအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေး ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

( ခ) ဆေးကုသပြီးသူများအားအသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးရန်၊

( ဂ) ဆေးစွဲသူဘဝသို့ ပြန်လည်မရောက်ရှိစေရန် နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်း (After Care Service) ကို (၁)နှစ်ကြာ ဆောင်ရွက်ပေးရန်၊

(ဃ) မူလပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိပြီး ပြည်သူများအတွင်း အေးချမ်းစွာ အသက်မွေးမြူရပ်တည်နိုင်ရေး (Social Reintegration) ဆောင်ရွက်ပေးရန်၊

( င) ရွှေပြည်အေးနှင့်ရွှေပြည်သာလူငယ်များပြုစုပျိုးထောင်ရေးဌာန(၂)ခုတွင် စခန်းအခြေပြုသင်တန်းသားများရရှိရန် မူးယစ်ဗဟိုအဖွဲ့နှင့်ဆောင်ရွက်ရန်၊

( စ) ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးဌာန ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မူးယစ်ဗဟိုအဖွဲ့နှင့်ဆောင်ရွက်ရန်၊

(ဆ) လားရှိုး၊ ကျိုင်းတုံနှင့်တာချီလိတ်စခန်းများအားသင်တန်းသားရရှိရန် ဆောင်ရွက်ခြင်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဇ) လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊

(ဈ) စေတနာ့ဝန်ထမ်းမူးယစ်ကြိုးကြပ်ရေးမှူး သင်တန်းများ ခေါ်ယူလေ့ကျင့်ပေးရန်။

(ည) ပြည်သူလူထု၊ ကျောင်းသား၊ လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်၊ (HIV/AIDS)နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်၊

( ဋ) ပြန်လည်ထူထောင်ရေးစခန်းအသီးသီးမှသင်တန်းဆင်းသူများနှင့် မူးယစ်ဆေးရုံမှ (Social Counselling) ပြုလုပ်ပြီးသူများအား ရန်ကုန် ၊ မန္တလေး တာချီလိတ်၊

လားရှိုး၊ မြစ်ကြီးနားနှင့် ကျိုင်းတုံတို့တွင် နောက်ဆက်တွဲစောင့်ရှောက်ရေး လုပ်ငန်း များ ဆောင်ရွက်ပေးရန်။

**နိဂုံး**

၄၁။ ယနေ့ကမ္ဘာတွင် လူသန်း(၁၅၀)နှင့်(၂၀၀)ကြားသည် မူးယစ်ဆေးဝါးတစ်မျိုးမဟုတ် တစ်မျိုး သုံးစွဲလျက်ရှိသည် မူးယစ်ဆေးဝါးဆိုရာတွင် ဆေးလိပ်၊ အရက်၊ ဘိန်း၊ ဘိန်းဖြူ ဆေးခြောက်၊ စိတ်ကြွ ရူးသွပ်ဆေးပြားများအားလုံး ပါဝင်ပေသည်။ မူးယစ်ဆေးဝါးသည် လူသားအားလုံးကို ဘက်ပေါင်းစုံမှ အန္တရာယ်ပြုလျက်ရှိပြီး စီးပွားပျက်၊ ဘဝပျက်သည်အထိ ဆိုးကျိုးများနှင့်ရင်ဆိုင်ကြရသည်။ ယနေ့လူငယ်များသည် အနာဂတ်၏ ကြယ်ပွင့်လေး များ ဖြစ်ရာ တန်ဖိုးရှိလှသော လူငယ်များဘဝ မပျက်စီး မဆုံးရှုံးစေရန်၊ မူးယစ်ဆေးဝါး၏ သားကောင် မဖြစ်စေရန်၊ ဖြားယောင်းသွေးဆောင်မှုကို နားမယောင် ရန်၊ လမ်းမှားသို့ မရောက်ရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ပေးရမည် ဖြစ်ပါသည်။

**အထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သော မသန်စွမ်းသူများ**

၄၂။ အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သောမသန်စွမ်းသူများမှာ မသန်စွမ်းမှု ပြင်းထန်သူ များ၊ ခိုကိုးရာမဲ့မသန်စွမ်းသူများဖြစ်ပြီး သီးခြားထုတ်နုတ်၍ စောင့်ရှောက်ပေးရန် လိုအပ်မည် ဖြစ်ပါ သည်။

**ရည်ရွယ်ချက်**

၄၃။ မြန်မာနိုင်ငံအတွင်းရှိ အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သော မသန်စွမ်းသူ များ၏ အခွင့်အရေးများနှင့် ဘဝအရည်အသွေးမြင့်မားရေးတိုးမြှင့်ဆောင်ရွက်ရန်

**အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သောမသန်စွမ်းသူများ**

၄၄။ အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သောမသန်စွမ်းသူများအဖြစ် အောက်ပါတို့ကို သတ်မှတ်မည်-

(က) မသန်စွမ်းမှုပြင်းထန်သူများ၊

( ခ) ခိုကိုးရာမဲ့ မသန်စွမ်းသူများ။

**ခိုကိုးရာမဲ့မသန်စွမ်းသူများ**

၄၅။ ခိုကိုးရာမဲ့မသန်စွမ်းသူများအဖြစ် အောက်ပါတို့အား သတ်မှတ်မည်-

(က) စောင့်ရှောက်မည့် မိဘ၊ ဆွေမျိုးသားချင်းများမရှိသည့် မသန်စွမ်းသူများ၊

( ခ) ရပ်ရွာမှ စောင့်ရှောက်ပေးနိုင်ခြင်းမရှိသည့် မသန်စွမ်းမှုပြင်းထန်သူများ၊

( ဂ) ငယ်စဉ်မှ မိဘမဲ့၊ စွန့်ပစ်ခံမသန်စွမ်းသူများ၊

(ဃ) လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုရေးဌာနများနှင့် သင်တန်းကျောင်းများမှ ကလေးသူငယ်ဥပဒေအရစောင့်ရှောက်ထားသည့် ကလေးသူငယ်များအနက်မှ မသန်စွမ်းသည့် ကလေးသူငယ်များ။

**မူဝါဒချမှတ်ခြင်း**

၄၆။ မူဝါဒချမှတ်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတွင် လူမှု ဝန်ထမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကလေးပြုစုရေးဌာနများနှင့် သင်တန်းကျောင်းများမှ ကလေးသူငယ်ဥပဒေအရ စောင့်ရှောက်ထားသည့် ကလေးသူငယ်များအနက်မှ မသန်စွမ်းသည့် ကလေးသူငယ်များအား လက်ခံစောင့်ရှောက်ရ မည်။

(ခ) ခိုကိုးရာမဲ့ မသန်စွမ်းသူများအတွက် အလုပ်ရုံဂေဟာများ တည်ထောင် စောင့် ရှောက်ရမည်။

(ဂ) မသန်စွမ်းမှုပြင်းထန်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ် များကဲ့သို့သောလိုအပ်သည့်ပံ့ပိုးမှုထောက်ပံ့မှုများပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက် ရမည်။

**လုပ်ငန်းစဉ် ချမှတ်ခြင်း**

၄၇။ ခိုကိုးရာမဲ့မသန်စွမ်းသူများအတွက် အောက်ပါလုပ်ငန်းစဉ်များဖြင့် စောင့်ရှောက်ရ မည်-

(က) မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာ တည်ထောင်စောင့်ရှောက် ခြင်း။

( ခ) မသန်စွမ်းသူများအတွက် အလုပ်ရုံဂေဟာ တည်ထောင်စောင့်ရှောက်ခြင်း။

( ဂ) ရပ်ရွာအတွင်းမသန်စွမ်းသူများအားစောင့်ရှောက်နိုင်ရန်လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ခြင်း။

(ဃ) မသန်စွမ်းမှုပြင်းထန်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး အထောက်အပံ့များရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(င) လူမှုရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသောဂေဟာနှင့် သင်တန်းကျောင်းများတွင် မသန်စွမ်းသူများ လက်ခံစောင့်ရှောက်နိုင်ရန် လိုအပ်သော နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်။

**ဆောင်ရွက်ရမည့် နည်းလမ်းများ**

၄၈။ လူမှုဝန်ထမ်းဦးစီးဌာနမှ တည်ထောင်ဖွင့်လှစ်ထားသော မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာနှင့်အလုပ်ရုံဂေဟာများတွင်အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ပါ မည်-

(က) မသန်စွမ်းမှုအမျိုးအစားအလိုက်လိုအပ်သောလေ့ကျင့်မှု၊ ပြုစုမှုများ ဆောင်ရွက်ပေး မည်။

(ခ) တစ်နေ့တာတစ်ကိုယ်ရည်လှုပ်ရှားဆောင်ရွက်မှုများ ကိုယ်တိုင်ဆောင်ရွက်နိုင်ရန် ပြုစုလေ့ကျင့်ပေးမည်။

(ဂ) ဥာဏ်ရည်အပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးပြီး ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နိုင်ရန် လေ့ကျင့်ပေးမည်။

(ဃ) လူမှုအသိုင်းအဝိုင်းအတွင်းရှိ အားကစားလှုပ်ရှားမှု၊ သာရေး၊ နာရေးစသည့်ရပ်ရွာလူမှုရေးလုပ်ငန်းစဥ်များတွင်ဝင်ဆန့်နိုင်ရန်လေ့ကျင့်ဆောင်ရွက်ပေးမည်။

(င) အတန်းပညာသင်ယူနိုင်မည့်သူများအားပညာရေးတိုးတက်ရန် ဆောင်ရွက်မည်။

(စ) ကျန်းမာရေးအတွက် စဥ်ဆက်မပြတ်စောင့်ရှောက်ရန် လိုအပ်သူများအတွက် လိုအပ်သော စောင့်ရှောက်မှုများရရှိရန် ဆောင်ရွက်မည်။

(ဆ) ဝန်ထမ်းများစွမ်းရည်မြှင့်တင်ခြင်း၊ လုံလောက်သော အပန်းဖြေနားနေနိုင်ရန် စနစ်တကျ ဆောင်ရွက်မည်။

(ဇ) တစ်နေ့တာလုပ်ငန်းများအမှီအခိုကင်းစွာဆောင်ရွက်နိုင်ပြီးအများနှင့်နေထိုင်နိုင်သည်အထိလေ့ကျင့်ပြီးသောကလေးများအား သင့်တော်ရာ လူမှုဝန်ထမ်းဦးစီးဌာနအထူးကာကွယ်စောင့်ရှောက်ရန်လိုအပ်သောမသန်စွမ်းသူများ သင်တန်းကျောင်း များသို့ ပို့အပ်မည်။

**စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ခြင်း**

၄၉။ ခေတ်အဆက်ဆက်ယွင်းမပျက်ခဲ့သောလူမှုဝန်ထမ်းလုပ်ငန်းများသည် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖန်တီးကြိုးပမ်းမှုများကြောင့် မြန်မာ့မြေပေါ်တွင် ယနေ့ထက်ထိအောင် ရှင်သန်ဖွံ့ဖြိုးလျက်ရှိသည်။ မျက်မှောက်ခေတ်တွင် လူမှုဝန်ထမ်းလုပ်ငန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူမှုဝန်ထမ်းဆိုင်ရာ မူဝါဒများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိရာစေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကလည်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြပေသည်။

၅၀။ ၁၉၅၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ခွင့်ပြု သတ်မှတ်ထားသည့်အတိုင်း ပြည်သူလူထုအတွက် လူမှုဝန်ထမ်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး ရည်ရွယ်ချက်နှင့်အညီ စေတနာ့ဝန်ထမ်း လူမှုဝန်ထမ်းအဖွဲ့အစည်းများအား ကြီးကြပ်၍ ထောက်ပံ့ ကြေးများပေးရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ထိုစဉ်က လူမှုဝန်ထမ်း လုပ်ငန်းကို စိတ်ပါဝင်စားကြသော စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်အချို့က ဆင်းရဲ၍ အတိဒုက္ခရောက်နေကြသော မိဘမဲ့ကလေးများ၊ မသန်စွမ်းသူများ၊ ခိုကိုးရာမဲ့ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများကို ကျွေးမွေးစောင့်ရှောက်ရန် အသင်းအဖွဲ့များ ဖွဲ့စည်း၍ ဂေဟာများတည်ထောင်ထားကြသည်။ထိုဂေဟာများမှာစေတနာသဒ္ဒါအလျောက် လှူဒါန်းသောအလှူငွေများကိုသာအားထားနေရသည်ဖြစ်၍မှီခိုနေသူများ၏စားဝတ်နေရေးမှာ ဆင်းရဲ ကြပ်တည်း လျက်ရှိကြသည်။

၅၁။ ထို့ကြောင့် အဆိုပါ စေတနာ့ဝန်ထမ်း အသင်းအဖွဲ့ဂေဟာများရှိ မှီခိုသူဦးရေအလိုက် စားစရိတ်နှင့် ဝတ်စရိတ်များကို လူမှုဝန်ထမ်းဌာနမှ နှစ်စဉ်ထောက်ပံ့ခဲ့သည်။ ၁၉၅၃ - ၅၄ ခုနှစ်၊လူငယ်များဂေဟာစောင့်ရှောက်ရေးအဖွဲ့နှင့်နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့တို့အား အဆောက်အအုံအသစ်များ ဆောက်လုပ်ရန် ငွေ(၃)သိန်းစီ ထောက်ပံ့ခဲ့သည်။ မသန်စွမ်းသော စစ်မှုထမ်းဟောင်းများ ပြန်လည်ထူထောင်ရေးအတွက် ငွေ(၃)သိန်း ထောက်ပံ့ခဲ့သည်။ အထက်မြန်မာပြည်မန္တလေးအမျိုးသမီးများစောင့်ရှောက်ရေးဂေဟာတစ်ခု ဖွင့်လှစ်ရန်အတွက် ငွေ (၁၈၉၈၅၀/-)ကို လူမှုဝန်ထမ်းကောင်စီမှ ထောက်ပံ့ခဲ့သည်။

၅၂။ နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်းဌာနမှ ၁၉၅၃-၅၄ ဘဏ္ဍာရေးနှစ်မှစ၍ ထောက်ပံ့ကြေး ပေးအပ်ခဲ့ပါသည်။

**ထောက်ပံ့ပေးမှုအဆင့်**

၅၃။ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ရာတွင် အောက်ပါအတိုင်း အဆင့် ခွဲခြား ၍ ဆောင်ရွက်ခဲ့ပါသည် -

(က) ပထမအဆင့်တွင် စားသုံးရန်ဆန်များ ထောက်ပံ့သည်။

(ခ) ဒုတိယအဆင့်တွင် ဆန်နှင့်စားစရိတ်၊ ဝတ်စရိတ်များ ထောက်ပံ့သည်။

(ဂ) တတိယအဆင့်တွင် ဆန်၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာများ ထောက် ပံ့သည်။

**စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်နှင့် ထောက်ပံ့မှု အခြေအနေ**

၅၄။ လူမှုဝန်ထမ်းဦးစီးဌာနသည် သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်သည့် စေတနာ့ ဝန်ထမ်းအဖွဲ့အစည်းများအားယခုအချိန်တွင်အောက်ပါနှုန်းထားများဖြင့် ထောက်ပံ့ပေး လျက်ရှိ ပါသည် -

| | | |
|---|---|---|
| (က) | ပထမအဆင့် | ဆန်ဘိုးငွေထောက်ပံ့ခြင်း |
| | | (၁)ဦး၊ (၁)နှစ်၊ ၃၀၀၀ဝိ/- |
| ( ခ) | ဒုတိယအဆင့် | ဆန်ဘိုးငွေ+စားစရိတ်+ဝတ်စရိတ် |
| | | စားစရိတ်(၁)ဦး၊ (၁)နှစ်၊ ၃၀၀၀ဝိ/- |
| | | ဝတ်စရိတ်(၁)ဦး၊ (၁)နှစ်၊ ၁၃၀၀ဝိ/- |
| ( ဂ) | တတိယအဆင့် | ဆန်ဘိုးငွေ+စားစရိတ်+ဝတ်စရိတ်+ဂေဟာမှူးလစာ |
| | | ဂေဟာမှူး(၁)ဦး၊ (၁)လ ၊ ၃၀၀၀ဝိ/- |
| | | (၁)နှစ် ၃၆၀၀၀ဝိ/- |

၅၅။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဂေဟာများ တည်ထောင်ဖွင့်လှစ်လိုပါက သတ်မှတ်ချက်များအတိုင်း ပြည့်စုံညီညွတ်သည့်စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများမှတဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ အသိအမှတ်ပြု လျှောက်ထားကြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်နှင့် ပြည့်စုံညီညွတ်သည့်

စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသည့် ပရဟိတဂေဟာများကို အထက်ပါနှုန်းထားများ အတိုင်း သတ်မှတ်အဆင့်အလိုက် ထောက်ပံ့ကြေးပေးလျက် ရှိပါသည်။

**ဂေဟာတည်ထောင်ခွင့်ပြုရန်လျှောက်ထားမှုစနစ်**

၅၆။ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသည်ဂေဟာဖွဲ့စည်းတည်ထောင်လိုလျှင်လူမှုဝန်ထမ်း ဦးစီးဌာနသို့ကလေးသူငယ်နည်းဥပဒေ(၅၁)ပုံစံ(၁၈)ဖြင့်လျှောက်ထားရမည်။ ညွှန်ကြားရေးမှူး ချုပ်သည်လျှောက်လွှာအချက်များကိုစိစစ်ပြီးနောက်ခွင့်ပြုမိန့်ကိုပုံစံ(၁၉)ဖြင့်ထုတ်ပေးပါသည်။

၅၇။ တည်ထောင်ဖွင့်လှစ်ထားသော ဂေဟာများသည် သာမန်အားဖြင့် လူဦးရေ(၂၀)ရှိခြင်း၊ အခြေခံကောင်းသောလစဥ်/နှစ်စဥ်ဝင်ငွေရှိခြင်း၊အဆောက်အဦ၊ မြေနေရာနှင့်ဝန်ထမ်း ပြည့်စုံခြင်း၊ ရေရှည်တည်တံ့နိုင်ခြင်း၊ သက်ဆိုင်ရာသို့ အာဏာပိုင်အဖွဲ့မှ သိရှိထောက်ခံထားခြင်း ရှိရပါမည်။

**အသိအမှတ်ပြုပေးမှုစနစ်**

၅၈။ အပိုဒ်(၃)နှင့် ညီညွတ်သောဂေဟာများသည် အသိအမှတ်ပြုနိုင်ရန် အောက်ပါ အထောက်အထားများနှင့်တကွ လူမှုဝန်ထမ်းဦးစီးဌာနသို့ လျှောက်ထားရပါမည် -

(က) လူဦးရေစာရင်း

(ခ) ကြီးကြပ်မှုကော်မတီစာရင်း

(ဂ) အဆောက်အဦစာရင်း၊ အဆောက်အဦဓာတ်ပုံ

(ဃ) ဂေဟာပိုင်မြေ၏ မြေပုံနှင့်မြေပိုင်ဆိုင်မှုအထောက်အထား

(င) ဂေဟာပိုင်ရန်ပုံငွေစာရင်းနှင့် ဘဏ်ငွေစုစာအုပ်

(စ) ဂေဟာပိုင်ပစ္စည်းစာရင်း

(ဆ) အသင်းအဖွဲ့ဖွဲ့စည်းခွင့် လျှောက်ထားပြီးကြောင်း ပုံစံ(ခ)မိတ္တူ

(ဇ) သက်ဆိုင်ရာ ဂေဟာ၏ အသိအမှတ်ပြုလျှောက်လွှာ

(ဈ) သက်ဆိုင်ရာလူမှုဝန်ထမ်းဦးစီးမှူး၏ ထောက်ခံချက်

(ည) ဂေဟာဆိုင်းဘုတ်နောက်ခံနှင့် ကလေး/ဘိုးဘွား ဓါတ်ပုံ

၅၉။ သတ်မှတ်ချက်နှင့်ညီညွတ်၍ အသိအမှတ်ပြုပြီးပါက ပထမအဆင့်ထောက်ပံ့မှုပြုပေးပါသည်။ ဒုတိယအဆင့်သို့ တိုးမြှင့်လျှောက်ထားသော ဂေဟာသည် အောက်ပါအချက်များဖြင့် ပြည့်စုံရပါမည် -

(က) ဂေဟာနေ လူဦးရေ အနည်းဆုံး (၃၀)ဦး ရှိရမည်။ ဘိုဘွားရိပ်သာများသည် လူဦးရေ အနည်းဆုံး (၂၀)ဦး ရရှိရမည်။

( ခ) ဂေဟာသည်လက်ခံစောင့်ရှောက်ထားသူများကို ကောင်းစွာစောင့်ရှောက်နိုင်သည့် အခြေခံကောင်းသော လစဥ်(သို့) နှစ်စဥ် ဝင်ငွေလိုအပ်သော ဂေဟာပိုင် မြေနေရာနှင့်အဆောက်အဦ၊ လုပ်ငန်းဆိုင်ရာပစ္စည်းများ ဂေဟာ၏ အခြေအနေနှင့် လျော်ညီ သော လိုအပ်သည့် ဂေဟာဝန်ထမ်းများ ရရှိရမည်။

( ဂ) စောင့်ရှောက်ထားသူများအား ကြီးကြပ်ကွပ်ကဲရန် စေတနာ့ဝန်ထမ်းဂေဟာ အုပ်ချုပ်ရေးမှူးရှိရမည်။

(ဃ) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ စေတနာ့ဝန်ထမ်း အမျိုးသမီးသက်မွေးပညာ သင်ကျောင်း၊ ကိုယ်လက်အင်္ဂါမသန်စွမ်းကျောင်း၊ နားမကြားကျောင်းများနှင့် မျက်မမြင်ဂေဟာများတွင် စာပေသင်ကြားရေးနှင့် အသက်မွေးဝမ်းကြောင်း ပညာသင်ကြားရေး အစီအစဥ်များရှိရမည်။

( င) စောင့်ရှောက်ထားသူများ၏ စားဝတ်နေရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဖျော်ဖြေရေး၊ စာရိတ္တမြှင့်တင်ရေး၊စိတ်ဓာတ်ကောင်းမွန်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စသည့် အစီအစဥ်များရှိရမည်။

( စ) ဂေဟာ၏ လုပ်ငန်းအရပ်ရပ်တိုးတက်မှုရှိရမည်။

(ဆ) ပထမဆင့်တွင် (၃)နှစ်ရှိပြီးဖြစ်ရမည်။

၆၀။ တတိယအဆင့်သို့ တိုးမြှင့်လျှောက်ထားသောဂေဟာသည် အောက်ပါအချက်များဖြင့် ပြည့်စုံ ရမည် -

(က) ဒုတိယအဆင့်တွင် အနည်းဆုံး (၅)နှစ်ပြည့်ပြီးဖြစ်ရမည်။

( ခ) သက်ဆိုင်ရာဂေဟာတွင်အသင်းအဖွဲ့ဖွဲ့စည်းခွင့်ပြုမိန့် ရရှိထားသောဂေဟာဖြစ်ရမည်။

(ဂ) ဂေဟာမှူးလစာရရှိရန်အတွက် ဂေဟာမှူးသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ် သော ကျွမ်းကျင်မှုနည်းပညာပေးသည့် Care Giver သင်တန်းသို့ တက်ရောက် ထားသူဖြစ်ရမည်။

(ဃ) ဂေဟာ၏ လုပ်ငန်းအရပ်ရပ်တိုးတက်မှုရှိရမည်။

**ထောက်ပံ့ကြေးအသုံးစရိတ်ငွေစာရင်းခေါင်းစဉ်များနှင့်ထောက်ပံ့ပေးမှုအခြေအနေ**

၆၁။ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအားထောက်ပံ့မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **မိဘမဲ့ကလေးများနှင့်လူငယ်စောင့်ရှောက်ရေး။** ကာကွယ်စောင့်ရှောက်မှု လိုအပ်သောကလေးများအား စောင့်ရှောက်ရန်အတွက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများကိုတည်ထောင်ကာကလေးများအား ပြုစုစောင့်ရှောက်ပေး လျက်ရှိ သော ဂေဟာများအား ထောက်ပံ့ခြင်း ဖြစ်ပါသည်။

(ခ) **မျက်မမြင်၊ နားမကြား၊ ဆွံ့အသူများ။** မျက်မမြင်ကလေးများ၊ နားမကြား သော ကလေးများ၊ ကိုယ်အင်္ဂါမသန်စွမ်းသော ကလေးများကို စေတနာဝန်ထမ်း အသင်းအဖွဲ့များကမသန်စွမ်းဂေဟာများဖွင့်လှစ်၍ လက်ခံစောင့်ရှောက်ပေး လျက်ရှိပါသည်။

(ဂ) **ဘိုးဘွားရိပ်သာများ။** သားထောက်သမီးခံ၊ ဆွေမျိုးသားချင်း စောင့်ရှောက် မည့်သူမရှိသောအသက်(၆၀)အထက်သက်ကြီးရွယ်အိုများကို စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများက ဘိုးဘွားရိပ်သာများ တည်ထောင်ကာ ပြည်သူလူထု၏ အကူအညီဖြင့် စောင့်ရှောက်ပေးလျက်ရှိပါသည်။

(ဃ) **စေတနာ့ဝန်ထမ်းအမျိုးသမီးသက်မွေးသင်တန်းကျောင်း။** မိဘမဲ့နှင့်ခိုကိုးရာမဲ့အမျိုးသမီးကလေးများကိုစောင့်ရှောက်ပေးပြီး ကျောင်းပညာ၊ အသက် မွေးဝမ်းကျောင်းပညာများ သင်ကြားပေးလျက်ရှိပါသည်။

(င) **သုံးမွှာပူးနှင့်အထက်မွေးသောကလေးများ။** တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှသုံးမြွှာပူးနှင့်အထက် မွေးသောမိခင်များအား မိခင်ဆု တစ်ကြိမ် တည်း ၅၀၀၀၀၀ိ/- နှုန်း ဖြင့် ထောက်ပံ့ပေးလျက်ရှိပါသည်။

( စ) **ဆန်များကုသိုလ်ဖြစ်ပေးကမ်းခြင်း။** အသိအမှတ်ပြုထားသည့်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအားလုံးသို့ ဆန်ဘိုးငွေ ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။ (တစ်ဦးလျှင် တစ်နှစ် ၃၀၀၀၀ိ/-နှုန်း)

( ဆ) **ကိုယ်အားကိုယ်ကိုးမူလတန်းကြိုကျောင်း။** ပြည်နယ်/ တိုင်းဒေသကြီးများမှ ကိုယ်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများရှိ တာဝန်ခံဆရာမနှင့် စာသင်ဆရာမတို့အတွက်ထောက်ပံ့ကြေးပေးခြင်းဖြစ်ပါသည်။(တာဝန်ခံဆရာမ တစ်ဦးလျှင် ၁လ ၃၀၀၀၀ိ/- နှင့် စာသင်ဆရာမတစ်ဦးလျှင် တစ်လ ၂၀၀၀၀ိ/- နှုန်းဖြင့် တစ်ကျောင်းလျှင်(၁)နှစ် ၆၀၀၀၀၀ိ/-)

( ဇ) **လူငယ်လုပ်ငန်းနှင့်ကလေးသူငယ်စောင့်ရှောက်ရေး။** အကြောင်းအမျိုးမျိုးကြောင့်နေ့ဘက်တွင်စာမသင်နိုင်သောကလေးများအတွက် စေတနာမူလတန်းညကျောင်းများကို ရပ်ရွာလူထုက တည်ထောင်ထားပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆရာဂုဏ်ပြုစရိတ်၊ လျှပ်စစ်မီတာခ၊ စာရေးကိရိယာ၊ ပရိဘောဂများထောက်ပံ့ပါသည်။ လူငယ်များလေလွင့်မှုမှကာကွယ်ရေးအတွက် လူငယ်ရိပ်သာများကို ပြည်သူလူထုကတည်ထောင်ထားပါသည်။ ပရိဘောဂ ထောက်ပံ့ကြေးနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးပါသည်။

(ဈ) **ကိုယ်ရေပြားရောဂါသည်များအားစောင့်ရှောက်ရေး။** လူမှုဂရုဏာစောင့်ရှောက်ရေးလုပ်ငန်းဖြစ်ပါသည်။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်ရှိ မရမ်းချောင်းပရဟိတဂေဟာမှ ကိုယ်ရေပြားရောဂါသည်များအား ကျွေးမွေးရန် အတွက် တစ်ဦး တစ်နေ့လျှင် ၃၀၀ိ/-နှုန်းဖြင့် နှစ်စဉ်ထောက်ပံ့ပေးပါသည်။

၆၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် စေတနာ့ဝန်ထမ်း လူမှုဝန်ထမ်းလုပ်ငန်းများကို တိုးမြှင့်ထောက်ပံ့အားပေးလျက်ရှိသည်နှင့် လျှော်ညီစွာ ပြည်သူလူထုကလည်း အသင်းအဖွဲ့အနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ လူမှုရေးလုပ်ငန်းများကို ပိုမိုစိတ်အားထက်သန်စွာ ပူပေါင်းပါဝင်ဆောင်ရွက် လျက်ရှိပါသည်။

**လူမှုဂရုဏာစောင့်ရှောက်ရေးလုပ်ငန်း**

၆၃။ အောက်ဖော်ပြပါလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) **မရမ်းချောင်းကျေးရွာပရဟိတဂေဟာ။** အနာကြီးရောဂါကြောင့် လူ့အခွင့်အရေးကို အပြည့်အဝ မခံစားရသော အိမ်ထောင်စုပေါင်း (၇၄၁)ခု၊ လူဦးရေ (၂၆၆၅)ဦးကို ထောက်ကြန့်မြို့၊ ဆေးရုံအနီးမှ လှည်းကူးမြို့နယ်၊ မရမ်းချောင်ကျေးရွာသို့ (၄.၄.၁၉၈၉)နေ့တွင် ပြောင်းရွှေ့နေရာချထားခဲ့သည်။ ၎င်းတို့အနက်မှ ကိုယ်အင်္ဂါ မသန်စွမ်းသူ၊ သားသမီးကျောထောက် နောက်ခံ မရှိသူနှင့် ကိုယ်တိုင်လုပ်ကိုင် စားသောက်ခြင်း မပြုနိုင်သူများကို ကျွေးမွေး စောင့်ရှောက်ရန် ကျွေးမွေးစရိတ် ထောက်ပံ့ပေးခဲ့ပြီး၊ ကျန်းမာရေးနှင့် လူမှုရေး တိုးတက်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့သည်။(၂၀၁၁-၂၀၁၂)ခု၊ ဘဏ္ဍာရေး နှစ် အတွက် ၁၁၆၈၀၀၀ိ/- ထောက်ပံ့ပေး ခဲ့ပါသည်။

( ခ) **လူမှုစောင့်ရှောက်ရေးဌာန( ဝါးနက်ချောင်း )**။ (၁.၁၂.၂၀၀၃)နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ စတင်လက်ခံစဉ်ကကျား(၇)ဦး၊ မ(၄)ဦး၊ စုစုပေါင်း (၁၁)ဦး ဖြစ်ပါသည်။ ရန်ကုန်မြို့တော်အတွင်း အိမ်ခြေရာခြေဖြင့် အတည်တကျ နေထိုင်ခြင်းမရှိသူများ၊သက်ကြီးရွယ်အိုများ၊မသန်စွမ်းသူများနှင့် စောင့်ရှောက် ရန်လိုအပ်သူများအားလက်ခံစောင့်ရှောက်ပေးပါသည်။ရန်ကုန်မြို့တော်စည်ပင် သာယာရေးရဲတပ်ဖွဲ့နှင့် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့မှတာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီးလူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေး စောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာပိုင်းကိုသာ ပါဝင် ဆောင်ရွက်ပေးပါသည်။

# အခန်း(၉)

## ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေး

**နိဒါန်း**

၁။ အောင်မြင်ထိရောက်သော လူမှုဝန်ထမ်းလုပ်ငန်းများဆောင်ရွက်ရာ၌ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်သည် လွန်စွာအရေးကြီးသော အချက်တစ်ခုဖြစ်ပါသည်။ ထို့အပြင် ရပ်ရွာအတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးသည်လည်း အလားတူအရေးကြီးသော အချက်တစ်ခု ဖြစ်ပါသည်။ ထိုအချက်များအားဦးစီးဌာန၏ အရေးကြီးလုပ်ငန်းများအဖြစ် နှလုံးသွင်းခံယူလျက် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအား စီမံကိန်းချ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ဦးစီးဌာနသည် ဝန်ထမ်းများအား ဌာနတွင်းသင်တန်းပေးခြင်း၊ ပြည်တွင်းအခြားလိုအပ်သော သင်တန်းများအား တက်ရောက်စေခြင်း၊ ပြည်ပသင်တန်းနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်းစသည့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီဖြင့်လည်း ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တင်ခြင်းများ လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

**ရည်ရွယ်ချက်**

၂။ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်တင့်ရေးလုပ်ငန်းများအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပါသည်-

(က) လူမှုဝန်ထမ်းလုပ်ငန်းများဆောင်ရွက်ရာ၌ လူမှုဝန်ထမ်းနည်းစနစ်များ အသုံးပြု၍ စနစ်တကျ ဆောင်ရွက်နိုင်စေရန်၊

(ခ) ရပ်ရွာအတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်၊

(ဂ) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် စဉ်ဆက်မပြတ် သင်ယူမှုအလေ့အကျင့်အားပြုစုပျိုးထောင်ပေးရန်။

**မူဝါဒချမှတ်ခြင်း**

၃။ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တင်နိုင်ရေး အတွက် အောက်ဖော်ပြပါ မူဝါဒများဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တင်ရေးအတွက် ဦးစီးဌာနရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းအား စွမ်းဆောင်ရည်မြှင့်တင်ပေးရာဌာနအဖြစ် ထားရှိဆောင်ရွက်ခြင်း၊

(ခ) ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်ပလေ့လာရေးခရီးစဉ်များနှင့် သင်တန်းများအားတက်ရောက်စေခြင်း၊

**လုပ်ငန်းစဉ်ချမှတ်ခြင်း**

၄။ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တင်နိုင်ရေး အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ဦးစီးဌာနရှိလူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၏ ဘဏ္ဍာရေးနှစ်အလိုက် ဖွင့်လှစ်မည့် သင်တန်းများအားဦးစီးဌာန၏ လိုအပ်ချက်များနှင့်၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများအားအခြေခံစဉ်းစား၍ ဖွင့်လှစ်ပို့ချသွားမည့် သင်တန်းများအားဆုံးဖြတ်ခြင်း၊

( ခ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနတို့ ပူးပေါင်း ဖွင့်လှစ်လျက်ရှိသော လူမှုရေးပညာဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ ဦးစီးဌာနမှ သင့်တော်သည့် အရာထမ်း၊ အမှုထမ်းများအားတက်ရောက်စေခြင်း၊

( ဂ) ပြည်ပနိုင်ငံများသို့ ပညာသင်များစေလွှတ်ခြင်း၊

(ဃ) ပြည်တွင်းရှိသင့်တော်ရာ အခြားသင်တန်းများသို့ သင်တန်းသားများ စေလွှတ် ခြင်း၊

( င) ဦးစီးဌာနရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်လိုအပ်ချက်အား အစဉ်အကဲဖြတ် ဆန်းစစ်ခြင်း၊

(စ) ဦးစီးဌာန၏ အနာဂါတ်စီမံကိန်းများအား မျှော်တွေး၍ လိုအပ်မည့်သင်တန်းများအား ကြိုတင်ပြင်ဆင်ထားခြင်း၊

(ဆ) ရပ်ရွာအတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် လိုအပ်ချက်များအား အစဉ်အကဲဖြတ်ဆန်းစစ်၍ လိုအပ်ချက်ပေါ် မူတည်၍ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများဖွင့်လှစ်ပေးခြင်း။

**ဆောင်ရွက်ရမည့်နည်းလမ်းများ**

၅။ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် အောက်ဖော်ပြပါ နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) သင်တန်းပေးခြင်း၊

(ခ) အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးခြင်း၊

(ဂ) စွမ်းဆောင်ရည် အကဲဖြတ်ဆန်းစစ်ခြင်း၊

(ဃ) လုပ်ငန်းခွင်တွဲဖက် လေ့ကျင့်ပေးခြင်း၊

(င) ပညာသင်စေလွှတ်ခြင်း၊

## အခန်း(၁၀)

## စီမံကိန်း၊ သုတေသနနှင့် စာရင်းအင်းမှတ်တမ်းပြုစုခြင်း

### နိဒါန်း

၁။ လူမှုဝန်ထမ်းလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရာ၌ တိကျသော သတင်းအချက်အလက်များနှင့် ကိန်းဂဏန်းများရရှိရေးသည် အဓိကကျသော အချက်တစ်ခုဖြစ်ပါသည်။ တိကျခိုင်မာသော သတင်းအချက်အလက်များအား အခြေခံသော မူဝါဒများနှင့်လုပ်ငန်းအစီအစဉ်များအားအကောင်အထည်ဖော်ခြင်းဖြင့်သာ အောင်မြင်ထိရောက်သော ရလဒ်များပေါ်ထွက်နိုင်မည်ဖြစ်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဦးစီးဌာန၏ အဓိကလုပ်ငန်းများဖြစ်သော လုပ်ငန်းကြီး(၈)ရပ်နှင့် အခြားသော ဆက်စပ်လုပ်ငန်းများအား မူဝါဒချမှတ် ခြင်းနှင့် လုပ်ငန်းစဉ်များချမှတ်ရာ၌ ထည့်သွင်းစဉ်းစားရမည်ဖြစ်သော သတင်းအချက်အလက်များနှင့် ကိန်းဂဏန်းများရရှိရေးအတွက် စာရင်းအင်း မှတ်တမ်းပြုစုခြင်း၊ သုတေသန ဆောင်ရွက် ခြင်းများဖြင့်ရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ စာရင်းအင်းမှတ်တမ်းပြုစုခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာန၏စုဖွဲ့မှုပုံစံအား ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါက ပြင်ဆင်ဆောင်ရွက် သွားရမည်ဖြစ်ပြီး၊ ရန်ပုံငွေရရှိရေးအတွက်လည်း နှစ်စဉ် အဆိုပြုတောင်းခံရမည်ဖြစ်ပါသည်။

### ရည်ရွယ်ချက်

၂။ စီမံကိန်း၊ သုတေသနနှင့် စာရင်းအင်းမှတ်တမ်းပြုစုခြင်း လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) မိမိလူ့အဖွဲ့အစည်း၏ လူမှုရေးဆိုင်ရာအခြေအနေနှင့် အချက်အလက်များအား တိကျစွာ သိရှိနိုင်စေရန်၊

( ခ) မူဝါဒ၊ လုပ်ငန်းစဉ်နှင့် မဟာဗျူဟာများချမှတ်ရာအထောက်အကူပြုနိုင်စေရန်၊

### လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်မှု

၃။ သုတေသနပြုလုပ်ခြင်းနှင့် စာရင်းအင်းမှတ်တမ်းပြုစုခြင်းတို့မှ ရရှိလာမည်ဖြစ်သော တွေ့ရှိချက်များနှင့် ကိန်းဂဏန်းအချက်အလက်များအား မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းစသည့် လုပ်ငန်းစဉ် အဆင့်အသီးသီး၌ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

**စီမံကိန်းရေးဆွဲခြင်းနည်းလမ်းများ**

၄။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဦးစီးဌာန၏ ရည်ရွယ်ချက်များအား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ နှစ်အလိုက် စီမံကိန်းများ၊ ကာလလတ်နှင့် ကာလရှည်စီမံကိန်းများအား ရေးဆွဲချမှတ် သွားရမည် ဖြစ်ပါသည်။ ထိုသို့ကာလ အပိုင်းအခြားအလိုက် စီမံကိန်းများရေးဆွဲရာ၌ နှစ်အလိုက်စီမံကိန်းများသည် ကာလလတ်စီမံကိန်းများနှင့် ချိတ်ဆက်မှုရှိရမည်ဖြစ်သကဲ့သို့ ကာလလတ် စီမံကိန်းများသည်လည်း ကာလရှည် စီမံကိန်းနှင့်ချိတ်ဆက်မှုရှိရမည်ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်းရေးဆွဲရာ၌ ထည့်သွင်းစဥ်းစား အသုံးပြုသော ကိန်းဂဏန်းအချက်အလက်များသည် ခိုင်မာသေချာမှုရှိရေး အလေးထား ဆောင်ရွက်သွားရ မည်ဖြစ်ပါသည်။

**သုတေသနပြုလုပ်ခြင်းနည်းလမ်းများ**

၅။ ဦးစီးဌာနအနေဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာ၌ အောက်ဖော်ပြပါ သုတေသန နည်းလမ်းများအား အသုံးပြုသွားရမည် ဖြစ်ပါသည်-

(က) Quantitative Research Methodology

( ခ) Qualitative Research Methodology

( ဂ) Mixed Method

(ဃ) ပြောင်းလဲလာသော အပြည်ပြည်ဆိုင်ရာ နည်းပညာများနှင့် စိန်ခေါ်မှုများအား လေ့လာ စောင့်ကြည့်ခြင်း

**စာရင်းအင်းမှတ်တမ်းပြုစုခြင်းနည်းလမ်းများ**

၆။ စာရင်းအင်းမှတ်တမ်း ခိုင်မာတိကျစေရေးအတွက် ဦးစီးဌာနအနေဖြင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Information Management System) တစ်ရပ်တည်ထောင်ရမည် ဖြစ်ပါသည်။

**စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း**

၇။ ဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီးဖြစ်သော လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များအား ဖော်ထုတ်နိုင်ရေးအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း စနစ်တစ်ရပ် (Monitoring and Evaluation System) တည်ဆောက်ထားရမည်ဖြစ်ပါသည်။

ထိုစောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်း အစီအစဥ်တစ်ရပ် စတင်ရေးဆွဲစဥ်ကတည်းကပင် ထည့်သွင်းစဥ်းစားသွားရမည် ဖြစ်ပါသည်။ ထို့အပြင် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အညွှန်းကိန်း များ (Monitoring and Evaluation Indicators)အား လုပ်ငန်းတစ်ခုခြင်းစီအလိုက် တည်ဆောက် ထားရန်လိုအပ်မည် ဖြစ်ပါသည်။ ဦးစီးဌာနအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီ အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းစနစ် (Monitoring and Evaluation System)တည်ဆောက်ရမည်ဖြစ်သကဲ့သို့ဦးစီးဌာနတစ်ခုလုံး၏ ရည်ရွယ်ချက် များ အောင်မြင်ခြင်းရှိ/မရှိ သိရှိနိုင်ရေးအတွက် လည်းစောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းဆိုင်ရာ အညွှန်းကိန်းများ (Monitoring and Evaluation Indicators)အား တည်ဆောက်ထားရမည် ဖြစ်ပါသည်။ ထို့အပြင် ပြောင်းလဲလာသော အပြည်ပြည်ဆိုင်ရာ နည်းပညာရပ်များနှင့် စိန်ခေါ်မှုများအား စဥ်ဆက်မပြတ် စောင့်ကြည့်လေ့လာ၍ မိမိ ဆောင်ရွက်နေသော လုပ်ငန်းစဥ်နှင့် နှိုင်းယှဥ်သုံးသပ်ကာ အကောင်အထည်ဖော်နိုင်ရမည် ဖြစ်ပါသည်။

## အခန်း(၁၁)

## ဦးစီးဌာန ရုံးချုပ်မှ ဆောင်ရွက်ရန်အချက်များ

**စီမံရေးရာဌာနခွဲ**

၁။ **စီမံဌာနစု။** အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရပါမည်-

(က) အဆောက်အဦ၊ ပရိဘောဂ၊ ရေမီးမိလ္လာ ကိစ္စရပ်များဆောင်ရွက်ခြင်း၊

( ခ) ရုံးနှင့် ဝန်ထမ်းအိမ်ရာများ စနစ်တကျရှိရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဂ) ဦးစီးဌာနပိုင် မြေဂရန်များ ရရှိရေးဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများဖွင့်လှစ်နိုင်ရေးအတွက် မြေနေရာရရှိရေး၊ အဆောက်အဦများ ဆောက်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊

( င) ဆက်သွယ်ရေးဆိုင်ရာ Telephone, Fax, e-mail ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

( စ) စီမံညှိနှိုင်းအစည်းအဝေးမှတ်တမ်းတင်ခြင်း၊ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ အစည်းအဝေးမှတ်တမ်းတင်ခြင်း၊

(ဆ) ဝန်ထမ်းများ ခရီးသွားလာခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်း၊

( ဇ) တိုင်းဒေသကြီး/ပြည်နယ်များ၏ လစဉ်ပြန်တမ်းများအား ကြီးကြပ်စစ်ဆေးခြင်း၊

( ဈ) အစည်းအဝေးနှင့် အခမ်းအနားများအတွက် အခမ်းအနားပြင်ဆင်ရေးကိစ္စရပ်များအား ဆောင်ရွက်ခြင်း။

၂။ **ဝန်ထမ်းရေးရာဌာနစု။** အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရပါမည်-

(က) အရာထမ်း၊ အမှုထမ်းများ ခန့်ထားနိုင်ရေးအတွက် ဝန်ကြီးရုံးသို့တင်ပြခြင်း၊ ရသုံး မှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံရေး ဦးစီးဌာနတို့၏ သဘောထားမှတ်ချက်ရယူနိုင်ရေး ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်ဖြင့် ခန့်ထားဆောင်ရွက်ခြင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ခ) အရာထမ်းများ၏ အစမ်းခန့်ကာလ ခန့်ထားမှု အတည်ပြုခြင်း၊ ဝန်ထမ်းများ၏ နှစ်တိုးခံစားခြင်း၊ ခွင့်ခံစားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ နုတ်ထွက်ခြင်း၊ သေဆုံးခြင်းစသောကိစ္စရပ်များဆောင်ရွက်ခြင်း၊

(ဂ) သတ်မှတ်လုပ်သက်ပြည့်မီသော ဦးစီးဌာနဝန်ထမ်းများအတွက် ဘွဲ့တံဆိပ်များ ရရှိရေးဆောင်ရွက်ပေးခြင်း၊

(ဃ) အမှုထမ်းသက်မှတ်တမ်းစာအုပ်များ၊ ကိုယ်ရေးမှတ်တမ်းများ၊ ဝန်ထမ်းစိစစ်ရေး ကတ်များ စနစ်တကျ စိစစ်ပြုလုပ်ပေးခြင်းနှင့် ထိမ်းသိမ်းထားရှိခြင်း၊

(င) ဦးစီးဌာနဝန်ထမ်းများ၏ အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စများဖြစ်သည့် လုပ်သက် ဆုငွေ၊ ပင်စင်ထုတ်ယူခွင့်ရရှိရေး၊ မိသားစုပင်စင်၊ နှစ်လွန်ပင်စင်ကိစ္စရပ်များကို ဆောင်ရွက် ပေးခြင်း၊

(စ) ဝန်ထမ်းအင်အား လချုပ်စာရင်းများအား ဝန်ကြီးရုံးသို့ပေးပို့ခြင်း၊ အမိန့် ကြော်ငြာစာ၊ ရုံးအမိန့်များထုတ်ပြန်ခြင်း၊

(ဆ) ဌာနကူးပြောင်းတာဝန်ထမ်းဆောင်သည့် ကိစ္စများအား ဝန်ကြီးရုံးသို့ တင်ပြ၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) လုပ်သက်ဆက်စပ်ခွင့်ကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊

(ဈ) လိုအပ်ပါက ဦးစီးဌာနတစ်ခုလုံး(သို့) ဦးစီးဌာနလက်အောက်ရှိ လုပ်ငန်းဌာန အသီးသီးတို့၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲခြင်း၊

(ည) ဝန်ထမ်းများ၏ ပြစ်ဒဏ်မှတ်တမ်းများအား ပြုစုထိန်းသိမ်းခြင်း။

၃။ **ညွှန်ကြားရေးမှူးချုပ်ရုံးခန်း။** အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရပါမည်-

(က) ဝန်ကြီးဌာန၏လမ်းညွှန်ချက်၊ ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်များကို မှတ်သား၍ သက်ဆိုင်ရာဌာနများသို့ အသိပေးခြင်း၊

(ခ) ညွှန်ကြားရေးမှူးချုပ်မှ တိုက်ရိုက်ပေးအပ်သော တာဝန်များကိုဆောင်ရွက်ခြင်း၊

(ဂ) ဦးစီးဌာန၏ မှတ်တမ်းများ၊ တည်မြဲအမိန့်များ၊ ညွှန်ကြားချက်များကို စုစည်း ထိန်းသိမ်းခြင်း၊

(ဃ) ညွှန်ကြားရေးမှူးချုပ်ခရီးစဉ်များကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းလိုအပ်ချက်များအား ဌာနခွဲများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ညွှန်ကြားရေးမှူးချုပ်၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များအား အစီရင်ခံ ခြင်းနှင့် မှတ်တမ်းထားရှိခြင်း။

၄။ **ကွန်ပျူတာဌာနစု။** အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရပါမည်-

(က) ဦးစီးဌာန၏ ကွန်ပျူတာနည်းပညာ တိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

( ခ) e-Government လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ဝန်ကြီးဌာနသို့ တင်ပြ ဆောင်ရွက်ခြင်း။

( ဂ) ဦးစီးဌာန Website တွင် ဌာနလုပ်ငန်းဆောင်ရွက်ချက်များ အချိန်နှင့် တပြေးညီ တင်ပြနိုင်ရေး ဆောင်ရွက်ခြင်း။

(ဃ) ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျရှိရေး ကြပ်မတ်ဆောင်ရွက်ခြင်း။

( င) ဌာနတွင် အသုံးပြုလျက်ရှိသည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပေါ့ဆမှု ကြောင့် ပျက်စီးချို့ယွင်းမှုမရှိစေရေးဆောင်ရွက်ခြင်း။

( စ) ကွန်ပျူတာနှင့် အင်တာနက်ဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ တိကျစွာလိုက်နာ ဆောင်ရွက်ရန် ကြီးကြပ်ခြင်း။

၅။ **အဆောက်အဦပြင်ဆင်ထိန်းသိမ်းရေးဌာနစု။** အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရပါမည် -

(က) ဦးစီးဌာန(ရုံးချုပ်)၊ ရုံး(၂၃)နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦများ၏ ရေမီး၊ မိလ္လာ၊ အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းရေးကိစ္စများအား ဆောင်ရွက်ခြင်း။

( ခ) နေပြည်တော်ကောင်စီဦးစီးမှုးရုံး၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ ဌာနငယ်/ သင်တန်းကျောင်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများ၊ ဝန်ထမ်းအိမ်ရာများ ပြင်ဆင်ထိန်းသိမ်းရေးကိစ္စများအား ဆောင်ရွက်ခြင်း။

(ဂ) ဦးစီးဌာန(ရုံးချုပ်)၏ ဝန်ထမ်းအိမ်ရာနေထိုင်ခွင့်ကိစ္စရပ်များအား ဆောင်ရွက်ခြင်း။

(ဃ) ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ ဌာနငယ်/သင်တန်းကျောင်းများ၏ မြေပိုင်ဆိုင်မှု အထောက်အထားများအား ဦးစီးဌာန(ရုံးချုပ်)မှ စုစည်းထိန်းသိမ်းထားနိုင်ရေး ဆောင်ရွက်ခြင်း။

၆။ **ပစ္စည်းဌာနစု**။ အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ပါမည် -

(က) ဘဏ္ဍာနှစ်အလိုက် ခွဲဝေရရှိသောငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်များဖြင့် ပစ္စည်းများ ဝယ်ယူခြင်းနှင့် ထုတ်ပေးခြင်းကို စီမံကြီးကြပ် ရမည်။

( ခ) ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းရရှိသောပစ္စည်းများ၊ UNICEFနှင့် အခြားသော အဖွဲ့ အစည်းများမှ ထောက်ပံ့သောပစ္စည်းများကို စနစ်တကျထိန်းသိမ်းခြင်းနှင့် ခွဲဝေ ထုတ်ပေးခြင်းများကို စီမံကြီးကြပ် ရမည်။

( ဂ) ဌာနစုလုပ်ငန်းရပ်အသီးသီး၏ ငွေစာရင်းလယ်ဂျာများ၊ ပစ္စည်းအဝင်အထွက် လယ်ဂျာများ၊ ရရှိ/ထုတ်ပေးပြေစာများနှင့် ဘင်းကတ်များ စနစ်တကျရေးသွင်း ဆောင်ရွက်ရေးကို စီမံကြီးကြပ်ရမည်။

(ဃ) ဌာနပိုင်စတိုပစ္စည်းများ စနစ်တကျ သိုလှောင်ထိန်းသိမ်း ဖြည့်တင်းရေး၊ ဖြန့်ဖြူးရေး နှင့် လုံခြုံရေးကို ကြပ်မတ်စစ်ဆေးရမည်။

( င ) ရုံးချုပ်နှင့် ဌာနငယ်အသီးသီးရှိ စက်ကိရိယာ၊ ပရိဘောဂနှင့် ရုံးသုံးယာဉ်များ စသည့် ပုံသေပိုင်ပစ္စည်းစာရင်းများကို ပြုစုထားရှိ ရမည်။

( စ) နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးတိုင်း မြေပြင်လက်ကျန် စာရင်းများ ကို အဖွဲ့ဖြင့် စနစ်တကျ ကောက်ယူပြုစုရမည်။

(ဆ) ဌာနစုလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်ရေး၊ ဝန်ထမ်းများ တာဝန်ခွဲဝေရေး၊ ဝန်ထမ်းအချင်းချင်းစည်းလုံးညီညွတ်ရေးနှင့် ဝန်ထမ်း သက်သာချောင်ချိရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်။

( ဇ) ပစ္စည်းသိုလှောင်ရုံသီးခြားထားရှိပြီး စနစ်တကျထိန်းသိမ်းထားရှိရမည်။

(ဈ) အထက်အကြီးအကဲများမှ အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်း ဆောင်ရမည်။

၇။ **မော်တော်ယာဉ်ဌာနစု။** အောက်ပါလုပ်ငန်းတာဂန်များကိုဆောင်ရွက်ရပါမည်-

(က) မော်တော်ယာဉ်များ စက်သုံးဆီခွဲတမ်းအချိန်မီ ရရှိရေးစီစဉ်ဆောင်ရွက်ခြင်း၊

( ခ) မော်တော်ယာဉ်များ ကြံ့ခိုင်ရေးဆောင်ရွက်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်းနှင့်အညီ သွားလာမှုရှိစေရေး ကြီးကြပ်ခြင်း၊

(ဂ) ကညနသို့မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ အချိန်မီလိုင်စင်ရရှိရေး ဆောင်ရွက်ခြင်း၊

(ဃ) ECC သို့ (၃)လတစ်ကြိမ် မော်တော်ယာဉ်နှင့် ဆိုင်ကယ်ပြန်တမ်းပေးပို့ခြင်း၊

(င) မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအတွက် အသုံးပြုရန် အင်ဂျင်ဝိုင်နှင့် ဘရိတ်ဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(စ) မော်တော်ယာဉ်၊ ဆိုင်ကယ်များ ပြင်ဆင်စရိတ်ကို LOG BOOK မှတ်ပုံတင်စာအုပ်များတွင် စာရင်းရေးသွင်းခြင်း၊

(ဆ) ယာဉ်မောင်းများအား ယာဉ်လမ်းကြောင်းနှင့် အလုပ်ဝတ္တရားပြ မှတ်တမ်းရေးသားစေခြင်း၊

(ဇ) စနစ်တကျစာရင်းစစ်ဆေးခံနိုင်ရေးအတွက် လိုအပ်သော လယ်ဂျာ၊ ပြန်တမ်း၊ မှတ်တမ်းများ၊ ပြေစာ၊ အထောက်အထားများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

**ဘဏ္ဍာရေးဌာနခွဲ**

၈။ **ရသုံးမှန်းခြေငွေစာရင်းဌာနစု။** အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရပါမည်-

(က) ဝန်ကြီးဌာန၏လမ်းညွှန်ချက်၊ညွှန်ကြားရေးမှူးချုပ်၊ဒုတိယညွှန်ကြားရေးမှူးချုပ်တို့၏ ညွှန်ကြားချက်များကို မှတ်သားလိုက်နာဆောင်ရွက်ခြင်း။

(ခ) ဌာနခွဲ၏နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ အစီရင်ခံစာများအား အချိန်မီပြုစု တင်ပြခြင်း။

(ဂ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ ပေးပို့ရမည့်လချုပ်များ ပြုစုခြင်း။

(ဃ) ပိုလျှံငွေအပ်နှံခြင်းကိစ္စများဆောင်ရွက်ရခြင်း။

(င) ဌာနဆိုင်ရာငွေထုတ်စာရင်း (Drawing Account)၊ ရန်ပုံငွေလွှဲအပ်စာရင်း (Letter of Credit)၊ မူလခွင့်ပြုငွေ(Budget Estimate) (BE)နှင့် ဖြည့်စွက်ခွင့်ပြုငွေ(Revise Estimate) (RE)တင်ပြခြင်း၊ ဦးစီးဌာန စာရင်းပြုငွေစာရင်းများ ပြုစုရာတွင် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ခြင်း။

(စ) ရသုံးလချုပ်စာရင်းများ၊ ရသုံးမှန်းခြေငွေစာရင်းများ၊ နှစ်ချုပ်၊ လချုပ်စာရင်းများ ဆောင်ရွက်ခြင်း။

( ဆ) ရန်ပုံငွေလွှဲအပ်စာရင်း(Letter of Credit) ဖွင့်လှစ်ရန် ဆောင်ရွက်ခြင်း။

( ဇ ) ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဈ) ဦးစီးဌာနမှတင်ပြသည့် ရသုံးနှင့်စီမံကိန်းဆိုင်ရာစာရင်းများ၊ မူလခွင့်ပြုငွေ၊ ဖြည့်စွက် ခွင့်ပြုငွေတင်ပြခြင်းနှင့် နိုင်ငံခြားငွေသုံးစွဲမှုလိုအပ်သော လုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ရာတွင် တာဝန်ယူဆောင်ရွက်ခြင်း။

(ည) သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်များ၏ မူလခွင့်ပြုငွေ၊ ဖြည့်စွက် ခွင့်ပြုငွေများ ပြုစုတင်ပြနိုင်ရန် တာဝန်ယူဆောင်ရွက်ခြင်း။

( ဋ) ရန်ပုံငွေလွှဲအပ်စာရင်း(Letter of Credit)ဖွင့်လှစ်ခြင်း၊ ရန်ပုံငွေလွှဲအပ်စာရင်း ပေးပို့ခြင်းနှင့် ချက်လက်မှတ်စာအုပ်များ လုံခြုံစွာ သိမ်းဆည်းရန်အတွက် ဆောင်ရွက်ခြင်း။

( ဌ) ရသုံးလချုပ်၊ နှစ်ချုပ်၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများသို့ ရန်ပုံငွေခွဲဝေချထားခြင်း (Drawing Limit) ပေးပို့ရန်အတွက် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခြင်း။

( ဍ) မိမိဌာနခွဲ၏လုပ်ငန်းများအား မူဝါဒ၊ စည်းမျဉ်းစည်းကမ်း ဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်အောင် စိစစ်တင်ပြခြင်း။

၉။ **ဌာနဆိုင်ရာငွေစာရင်းနှင့် ဦးစီးစာရင်းပြုဌာနစု။** အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါမည်-

(က) ဝန်ကြီးဌာန၏လမ်းညွှန်ချက်၊ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် တို့၏ ညွှန်ကြားချက်များကို မှတ်သားလိုက်နာဆောင်ရွက်ခြင်း။

( ခ) ဌာနခွဲ၏ နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ အစီရင်ခံစာများအား အချိန်မီပြုစုတင်ပြ ခြင်း။

( ဂ) ရုံးချုပ်ငွေသွင်း/ငွေထုတ်စာရင်းများ၊ ရုံးချုပ်ဝန်ထမ်းလစာအား တာဝန်ယူ၍ အသုံးစရိတ်များ စိစစ်ခြင်း။

(ဃ) အရာထမ်းများဝင်ငွေခွန်ပေးသွင်းရေးအား စနစ်တကျစိစစ်တင်ပြပေးခြင်း။

( င) ရုံးချုပ်ဝန်ထမ်းများ၏လစာ၊ ဝင်ငွေခွန်၊ ခရီးစရိတ်နှင့် နေ့တွက်စရိတ်၊ နေပြည်တော်ကောင်စီဦးစီးမှူးရုံး၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ ဌာနငယ်

သင်တန်းကျောင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ်ဦးစီးမှူးရုံးများရှိ ဦးစီးအရာရှိနှင့်အထက် အရာထမ်းများ၏ ခရီးစရိတ်များ၊ နေ့တွက်စရိတ်များ တွက်ချက်ရာတွင် အဆင့်ဆင့်တာဝန်ယူ ဆောင်ရွက်ခြင်း။

( စ) ကြွေးမြီနှင့်အပ်ငွေစာရင်းအတွက် အပေါင်းအနုတ်စာရင်းဇယားနှင့် အပ်ငွေ မှတ်ပုံတင်စာအုပ်များ ရေးသွင်းဆောင်ရွက်ခြင်း။

(ဆ) ဘဏ်ငွေသွင်း၊ ငွေထုတ်စာရင်းများအား တာဝန်ယူဆောင်ရွက်ခြင်း၊ စာရင်း စစ်ဆေးမှု အစီရင်ခံစာများအား ပြန်ကြားခြင်း၊ စာရင်းစစ်ဆေးခြင်း ကိစ္စရပ်များ အား တာဝန်ယူ ဆောင်ရွက်ပေးခြင်း။

( ဇ) မိမိဌာနခွဲ၏လုပ်ငန်းများကို မူဝါဒများ၊ စည်းမျဉ်း စည်းကမ်းဥပဒေများ၊ နည်း ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်တင်ပြခြင်း။

( ဈ) ဌာနဆိုင်ရာငွေစာရင်းများအား ငွေစာရင်းစာအုပ်၊ ငွေစာရင်းစာအုပ် လက်ကျန် ရှင်းတမ်း၊ ဘဏ်ရငွေစာရင်းစာအုပ်၊ ဘဏ်ပေးငွေစာရင်းစာအုပ်၊ ငွေစာရင်း ခေါင်းစဉ်အလိုက်အခြေပြစာရင်းများဖြင့်ရေးသွင်းခြင်းအား ဆောင်ရွက်ရ ခြင်း။

(ည) လစဉ်ငွေစာရင်းရှင်းတမ်းများ၊ ဘဏ်နှင့် လစဉ်စာရင်းညှိနှိုင်းမှု ဇယားများ အား မှန်ကန်မှုရှိ/မရှိ စိစစ်ပေးခြင်း။

၁၀။ **ပင်စင်လစာနှင့် စာရင်းစစ်ဌာနစု**။ အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရ ပါမည်-

(က) လစဉ် အရာထမ်း၊ အမှုထမ်းများ၏ လစာငွေထုတ်ယူရရှိရန်အတွက် လစာ Bill များ ပြင်ဆင်ရေးဆွဲခြင်း၊ ခွင့်ယူသည့်ဝန်ထမ်းများ၏ ခွင့်လစာများတွက်ချက် ခြင်း၊ ဖြတ်တောက်ခြင်း။

( ခ) လစဉ်လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်အရာရှိကြီးများက Current Account လစာချက်များကို လတစ်လ၏ လစာထုတ်ပေးသည့်ရက်မတိုင်မီ ဘဏ်များသို့ တစ်ပတ်ကြိုတင်ပေးပို့ရခြင်းနှင့် ငွေထုတ်ယူမှုစာရင်းများကို လစဉ်လဆန်း (၂) ရက်နေ့အရောက် ဝန်ကြီးရုံးသို့ ပေးပို့ရခြင်း။

( ဂ) လစဉ် အရာထမ်း၊ အမှုထမ်းများ၏ လစာငွေများကို လစာထုတ်ပေးသည့် နေ့တွင် ဘဏ်သို့သွားရောက်ထုတ်ယူခြင်း၊ ပြန်လည်ပေးဝေခြင်း။

(ဃ) လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)မှ အခြားဌာနများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြသည့်ဝန်ထမ်းများ၏ နောက်ဆုံးထုတ်လစာလက်မှတ်များကို ပြောင်းရွှေ့တာဝန် ထမ်းဆောင်သည့် ဌာနများသို့ ပေးပို့ရခြင်း

(င) သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ မိသားစုပင်စင် ခံစားမည့် ဝန်ထမ်းများ၏ ပင်စင်နှင့် ဆုငွေများ ရရှိရန်အတွက် ပင်စင်ပုံစံများ ဖြည့်စွက်ခြင်း၊ ပင်စင်နှင့် ဆုငွေတွက်ချက်ပေးခြင်း၊ ပင်စင်အမှုတွဲများ ပြည့်စုံပြီးဖြစ်ပါက အမှုတွဲကို ပင်စင်ဦးစီးဌာနသို့ ပေးပို့ရခြင်း။

( စ) ပင်စင်ခံစားပြီး ကွယ်လွန်သွားသော ဝန်ထမ်း၏ မိသားစုများ၊ မိသားစုပင်စင် ဆက်လက်ခံစားရရှိနိုင်ရေးအတွက် ပင်စင်အမှုတွဲအား ပင်စင်ဦးစီးဌာနသို့ ပေးပို့ ရခြင်း။

(ဆ) ပင်စင်ခံစားနေသည့် ဝန်ထမ်းသည် အကြောင်းအမျိုးမျိုးကြောင့် ပင်စင် ထုတ်ယူရန်(၁)နှစ်ထက်ကျော်လွန်သော နှစ်လွန်ပင်စင်ကိစ္စများအတွက် ပင်စင်ဦးစီးဌာနမှ အကြောင်းကြားပေးခြင်းကို ပင်စင်ဆက်လက်ထုတ်ယူ ခံစားရရှိနိုင်ရေး အတွက် ဆောင်ရွက်ပေးရခြင်း။

( ဇ) လစဉ်အသစ်ထပ်မံတိုးတက်လာသော ပင်စင်စားအင်အားနှင့် ပင်စင်အသုံးစရိတ် စာရင်းများကို လစဉ်လဆန်း (၃)ရက်နေ့အရောက် ပင်စင်ဦးစီးဌာနသို့ ပေးပို့ရခြင်း။

( ဈ) လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)မှ အရာထမ်း၊ အမှုထမ်းများ၏ တာဝန်ဖြင့် ခရီးသွားခြင်းများအတွက် ခရီးစရိတ် Bill များ ရေးဆွဲပေးရပြီး ခရီးစရိတ်ငွေများ ပြန်လည်ထုတ်ပေးရခြင်း။

(ည) ပြည်နယ်/တိုင်း ဌာနငယ်များမှ ဦးစီးအရာရှိနှင့် အထက်အရာထမ်းများ၏ ပေးပို့လာသော ခရီးစရိတ် တောင်းခံလွှာများကို စစ်ဆေးခြင်း၊ စစ်ဆေးခွင့်ပြုပြီးသော ခရီးစရိတ်တောင်းခံလွှာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ ဌာနငယ်များသို့ ပြန်လည်ပေးပို့ရခြင်း။

( ဋ) ပြည်နယ်နှင့် တိုင်းများမှ ဖွင့်လှစ်သော သင်တန်းများ၏ အသုံးစရိတ် ရှင်းတမ်းများ ပေးပို့လာခြင်းကို စိစစ်ပြီး ပြန်လည်ပေးပို့ရခြင်း။

(ဌ) ပြည်နယ်/တိုင်း၊ ဌာနငယ်များ၏ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ဆောင်ရွက်သည့် လုပ်ငန်းနှင့် ငွေစာရင်းကိစ္စများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ်များမှ စာရင်းစစ်များ၏ စစ်ဆေးတွေ့ရှိချက်များ၊ အကြံပြုချက်များပါရှိသည့် စာရင်းစစ် အစီရင်ခံစာမိတ္တူများ ပေးပို့လာခြင်းအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရုံးချုပ်သို့ ပြန်ကြားရန်အတွက် ပြည်နယ်/ တိုင်း၊ ဌာနငယ်များသို့ အကြောင်းကြားစာများ ပေးပို့ရခြင်း။

(ဍ) အချို့ ပြည်နယ်/တိုင်း၊ ဌာနငယ်များမှ ဆောင်ရွက်ပြီးစီးမှု မရှိသည့် လုပ်ငန်းများနှင့် စပ်လျဥ်းပြီး စာရင်းစစ်ချုပ်ရုံးမှ ထပ်မံမေးမြန်းလာမှုအပေါ် ရှင်းလင်းဖြေကြား ဆောင်ရွက်ပေးရခြင်း။

(ပ) အခါအားလျော်စွာ အထက်အကြီးအကဲများ၏ တာဝန်ပေးချက်အရ ပြည်နယ်/တိုင်း၊ ဌာနငယ်၊ သင်တန်းကျောင်းများသို့ သွားရောက်စာရင်းစစ်ဆေး ပေးရခြင်း။

၁၁။ **သက်သာဌာန။** အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါမည် -

(က) လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ဌာနငယ်နှင့် သင်တန်းကျောင်းများမှ လှူဒါန်းရရှိသော နိုင်ငံခြားငွေများကို အဖွဲ့ဖြင့်လက်ခံခြင်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ အပ်နှံခြင်းကိစ္စများကို ဆောင်ရွက်ရမည်။

( ခ ) သက်သာဌာနစုမှတင်ပြလာသော အမှုတွဲများအပေါ် အရေးယူ ဆောင်ရွက်၍ ဆက်လက်တင်ပြရမည်။

(ဂ ) ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့၏ သက်သာဌာနစုနှင့် ပတ်သက်သည့် အထွေထွေညွှန်ကြားချက်များအပေါ် လိုက်နာ ဆောင်ရွက်ရမည်။

(ဃ) သက်သာဌာနစုသို့ ပေးသွင်းငွေများ (သက်သာ/အလှူ) လက်ခံခြင်း နှင့် ဒုတိယ ညွှန်ကြားရေးမှူး (စီမံ)ထံအပ်နှံရမည်။

( င ) ဒုတိယညွှန်ကြားရေးမှူး(စီမံ)ထံမှ ခွင့်ပြုမိန့်ကျပြီးသော အသုံးစရိတ်များကို ထုတ်ယူ ပေးဝေရမည်။

(စ ) သက်သာရန်ပုံငွေ၊ အလှူရန်ပုံငွေတို့၏ လစဥ်ငွေစာရင်းရှင်းတမ်းနှင့် ငွေစာရင်းနှစ်ချုပ် များရေးဆွဲတင်ပြရမည်။

(ဆ) ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် (လူမှု/ကယ်ဆယ်)၏ ကိစ္စရပ်များ ဆောင်ရွက်ရမည်။

(ဇ) အကြီးအကဲမှ အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း(၁၂)

## တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများမှ ဆောင်ရွက်ရန်အချက်များ

၁။ **တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများမှ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်ရန်အချက်များ။**

တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရပါမည်-

(က) နှစ်စဉ် မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ငွေစာရင်းခေါင်းစဉ်များအလိုက် အသေးစိတ်တွက်ချက်ပြီး သက်ဆိုင်ရာအစိုးရ အဖွဲ့များနှင့် ညှိနှိုင်းတိုင်ပင်၍ ဦးစီးဌာန(ရုံးချုပ်)သို့ သတ်မှတ်ရက်အတွင်း ပေးပို့ တင်ပြနိုင်ရေးဆောင်ရွက်ရန်၊

( ခ) သာမန်အသုံးစရိတ်များကို ငွေစာရင်းခေါင်းစဉ်ကလေးများအလိုက် သုံးစွဲနိုင် မည့် စာရင်းအား လစဉ်၊ သုံးလပတ်၊ ခြောက်လပတ်၊ တစ်နှစ်လုံးလျာထား စာရင်းများဖြင့် တွက်ချက်၍ပေးပို့ဆောင်ရွက်ရန်၊

( ဂ) ငွေလုံးငွေရင်းအသုံးစရိတ်များနှင့်ပတ်သက်၍ မိမိဒေသအတွင်းရှိ တိုင်းဒေသ ကြီး/ ပြည်နယ်များအပြင် ခရိုင်/မြို့နယ်ရုံးများအတွက်ကိုပါ စဉ်းစား၍ ရုံးသုံး ပစ္စည်း၊ ယာဉ်၊ အဆောက်အဦများ "မြေစည်ပင်စရိတ်၊ မြေပေးလျော်စရိတ်၊ မြေခွန်၊ မြေခ" တွက်ချက်တင်ပြ ဆောင်ရွက်ရန်၊

(ဃ) နှစ်စဉ်တင်ပြရသည့် မူလခန့်မှန်းခြေ(BE)၊ ဖြည့်စွက်ခွင့်ပြုငွေ(SG)တင်ပြမည့် သာမန်၊ ငွေလုံးငွေရင်းများ၏ ရငွေ၊ သုံးငွေ လျာထားစာရင်းများကို သတ်မှတ် ရက် အတွင်း ဦးစီးဌာန(ရုံးချုပ်)သို့ အချိန်မီ ပေးပို့နိုင်ရေး စီမံဆောင်ရွက်ရန်၊

( င) ပေးပို့ထားသည့် လျာထားချက်စာရင်းများပေါ်တွင် လအလိုက် အမှန်တကယ် သုံးစွဲနိုင်မှု ရှိ/မရှိ၊ လစဉ် အမှန်သုံးစာရင်းများနှင့်နှိုင်းယှဉ်၍ လျာထားချက် ထက် ပိုမိုသုံးစွဲရခြင်း၊ လျော့နည်းရခြင်းများအတွက် အကြောင်းပြချက်နှင့်တကွ လစဉ်၊ သုံးလပတ်အလိုက် ပြန်လည်ရှင်းလင်းသုံးသပ် တင်ပြဆောင်ရွက်ရန်၊

( စ) ရငွေများကိုလည်း နှစ်စဉ်ရရှိသည့် အမှန်ရငွေများပေါ်မူတည်၍ လျာထားချက် စာရင်းများ တွက်ချက်ပေးပို့ဆောင်ရွက်ရန်၊

(ဆ) လစဉ်ပေးပို့ရမည့် ရငွေ/အသုံးစရိတ်များနှင့်ပတ်သက်၍ ရုံးချုပ်မှပေးပို့ရန် ညွှန်ကြားထားသည့် သတ်မှတ်ရက်အတိုင်း အချိန်မီပေးပို့နိုင်ရေး ဆောင်ရွက်ရန်၊

(ဇ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ဌာနငယ်/သင်တန်းကျောင်းများအလိုက် ခွဲဝေသတ်မှတ်ပေးထားသော ဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများ၊ ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အထိရောက်ဆုံး ဖြစ်စေရေးအတွက် ခြိုးခြံချွေတာစိစစ်သုံးစွဲရန်။

၂။ **တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးမှ အဆောက်အဦများနှင့် ရုံးသုံးကိရိယာများဆိုင်ရာ ဆောင်ရွက်ရန်အချက်များ။** တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးရုံးများအနေဖြင့် အဆောက်အဦဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အောက်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရပါမည်-

(က) တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ဦးစီးမှူးရုံးများတွင် ဆောက်လုပ်မည့် အဆောက်အဦများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်အား ဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန်၊

(ခ) ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ ကျပ်(၃)သိန်းအထက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား အဖွဲ့စနစ်ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်၊

(ဂ) ရုံးသုံးပစ္စည်းများ၊ အဆောက်အဦများနှင့် မြေနေရာရရှိရေးကိစ္စများအား လစဉ်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရန်၊

(ဃ) ဌာနမှဝယ်ယူပေး၍ဖြစ်စေ၊ UN, INGO, NGOအဖွဲ့အစည်းများမှ ထောက်ပံ့သဖြင့် ရရှိ၍ဖြစ်စေ အသစ်ရရှိသောရုံးသုံးပစ္စည်းများအား လယ်ဂျာစာအုပ်တွင် စာရင်းရေးသွင်းရန်နှင့် ရုံးချုပ်သို့ ပေးပို့သည့် လစဉ်ပြန်တမ်းတွင် မှတ်ချက်ဖြင့် ထည့်သွင်း ဖော်ပြရန်၊

(င) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ် ဦးစီးမှူးရုံး မြေနေရာရရှိရေးနှင့် ဌာနငယ် သင်တန်းကျောင်းများအတွက် မြေနေရာရရှိရေး သက်ဆိုင်ရာ အစိုးရအဖွဲ့သို့ တင်ပြ ဆောင်ရွက်ခြင်း၊

၃။ **တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးမှ ယာဉ်နှင့်စက်ကိရိယာများဆိုင်ရာ ဆောင်ရွက်ရန် အချက်များ။** တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများအနေဖြင့် ယာဉ်နှင့် စက်ကိရိယာကိစ္စရပ်များနှင့်ပတ်သက်၍ အောက်ပါအချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရပါမည်-

(က) တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ဦးစီးမှူးရုံးများရှိ ယာဉ်နှင့်စက်ကိရိယာများ၏ ပြန်တမ်းများအား ဦးစီးဌာန(ရုံးချုပ်)သို့ လစဉ်လ၏ပထမပတ်အတွင်း ယာဉ်၊ ဆိုင်ကယ်၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းနှင့် ရုံးသုံးစက်ပစ္စည်း ပုံစံများအတိုင်း ပြုစုပေးပို့သွားရန်၊

( ခ) ယာဉ်နှင့်စက်ကိရိယာများ ကြံ့ခိုင်မှုရှိစေရန်အတွက် အနည်းဆုံး တစ်လ(၁)ကြိမ် စစ်ဆေး ကြီးကြပ်သွားရန်၊

( ဂ) ယာဉ်နှင့်စက်ကိရိယာများ ပြုပြင်ရန်လိုအပ်ပါက ပြင်ဆင်မည့် အစိတ်အပိုင်းနှင့် ကုန်ကျမှုများဖော်ပြ၍ ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြခွင့်ပြုချက်ရယူ၍ ခွင့်ပြုချက်ရရှိ မှသာ ပြင်ဆင်ဆောင်ရွက်သွားရန်၊

(ဃ) ဌာနလုပ်ငန်းများအတွက် ယာဉ်သုံးစွဲပါက (Work Ticket)ဖြင့် စနစ်တကျသုံးစွဲသွားရန်၊

( င) ယာဉ်ပြင်ဆင်စရိတ်များနှင့်ပတ်သက်၍ မှတ်တမ်းစာအုပ်ပြုစုထားရှိရန်၊

( စ) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဦးစီးမှူးများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည် ဆိုပါက ယာဉ်နှင့် စက်ကိရိယာများအား စနစ်တကျလွှဲပြောင်းသွားရန်၊

(ဆ) ဝန်ထမ်းများကွန်ပျူတာကျွမ်းကျင်မှုကို လေ့ကျင့်ပေးရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းကြီး (၈) ရပ်အား လေ့လာထားစေရန်၊

၄။ **တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းရေးရာကိစ္စရပ်များ နှင့်ပတ်သက်၍ ဆောင်ရွက် ရန်အချက်များ။** တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများအနေဖြင့် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အောက်ပါအချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရပါမည်-

(က) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ဝန်ထမ်းများ၏ အကဲဖြတ်အခြေအနေများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးများမှ

စိစစ် အကဲဖြတ် ဆောင်ရွက်ထားရှိရန်ဖြစ်ပြီး ဦးစီးမှူးများ တာဝန်ပြောင်းလဲထမ်းဆောင် ပါက စနစ်တကျ လွှဲပြောင်း/လက်ခံ ဆောင်ရွက်ထားရန်၊

( ခ) ဝန်ထမ်းများအနေဖြင့် လုပ်သက်ခွင့် တင်ပြတောင်းခံပါက ရက်သတ္တ(၁)ပတ်ကြိုတင်တောင်းခံပြီးမှ ခွင့်ခံစားရန်၊

( ဂ) လစဉ် ပြန်တမ်းများအား သတ်မှတ်ရက်အတွင်း အရောက်ပေးပို့နိုင်ရေး ဆောင်ရွက် ထားရှိရန်၊

(ဃ) ဝန်ထမ်းသစ်များခန့်အပ်ပြီးပါက ၎င်းဝန်ထမ်း၏ ကိုယ်ရေးမှတ်တမ်းများအား ရက်သတ္တ(၁)ပတ်အတွင်း ရုံးချုပ်သို့ အရောက်ပေးရန်၊

( င) ဝန်ထမ်းသစ်များ ခန့်အပ်ပြီးပါက အမှုထမ်း(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရေး ဝန်ခံကတိ လက်မှတ်ရေးထိုးထားစေရန်၊

( စ) ဝန်ထမ်းသစ်များကို ရုံးလုပ်ငန်းဆိုင်ရာနှင့် ဘာသာရပ်ဆိုင်ရာများအတွက် မိမိရုံးတွင်ပင် သင်တန်းချိန်သတ်မှတ်၍ လေ့ကျင့်သင်တန်းပေးရန်၊

(ဆ) ဦးစီးဌာနမှစေလွှတ်သည့် နိုင်ငံခြားခရီးစဉ်များတွင် ကောင်းစွာပြောဆိုဆွေးနွေးနိုင်ရေးအတွက် ဝန်ထမ်းများ၏ ဘာသာရပ်ဆိုင်ရာစွမ်းဆောင်ရည်နှင့် ဘာသာစကား ဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်ရေးဆောင်ရွက်ရန်၊

၅။ **တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးရုံးများမှ မိမိဦးစီးဌာနနှင့် MoUရေးထိုးထားသည့် အဖွဲ့အစည်းများနှင့် ပတ်သက်၍ဆောင်ရွက်ရန်အချက်များ။** တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများအနေဖြင့် မိမိဦးစီးဌာနနှင့် MoUရေးထိုး ထားသည့် အဖွဲ့အစည်းများနှင့် ပတ်သက်၍ အောက်ပါအချက်များအတိုင်း ဆောင်ရွက်ရပါမည်-

(က) MoUလက်မှတ်ရေးထိုးမည့်ကိစ္စရပ်များအတွက် ဝန်ကြီးဌာနမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ သဘောထားမှတ်ချက်တောင်းခံမှုများ မြန်ဆန်စွာရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ခ) MoU ရေးထိုးထားသော အဖွဲ့များ၏ ခရီးစဉ်များတွင် လိုက်ပါဆောင်ရွက်ရန်၊

( ဂ) မိမိတို့၏သက်ဆိုင်ရာနယ်မြေအတွင်း UN, INGO, NGOအဖွဲ့များ (MoUအဖွဲ့များ အပါအဝင်)၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိစေရေးဆောင်ရွက်ရန်နှင့် လိုအပ် သောညှိနှိုင်း ပူးပေါင်း ဆောင်ရွက်မှုများပြုလုပ်ပေးရန်၊

(ဃ) MoU အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ထိရောက်မှုမရှိသည်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးမှုများကို မလိုက်နာမှုများ၊ ပူးပေါင်းဆောင်ရွက်ရာတွင် အားနည်းမှုများရှိပါက ရုံးချုပ်သို့တင်ပြရန်၊

(င) MoU အဖွဲ့အစည်းများ၊ အခြားပူးပေါင်းဆောင်ရွက်နေသောအဖွဲ့အစည်းများနှင့် (၃)လ တစ်ကြိမ် အစည်းအဝေးများ ပြုလုပ်၍ အစီရင်ခံစာအား ရုံးချုပ်သို့ တင်ပြရန်၊

## အခန်း(၁၃)

## အထွေထွေ

## တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများလာရောက်စစ်ဆေးသည့်အခါ၌ တင်ပြရန်အချက်များ

၁။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများ လာရောက်ကြည့်ရှုစစ်ဆေးသည့်အခါတွင် ပါဝါပွိုင့်ဖြင့် အောက်ပါအချက် များကို ရှင်းလင်း တင်ပြရမည်ဖြစ်ပါသည်-

(က) **နိဒါန်း**

(ခ) **ရည်ရွယ်ချက်**

(ဂ) **ဖွဲ့စည်းပုံ**

(ဃ) **လုပ်ငန်းဆောင်ရွက်ချက်**

(၁) ပြည်နယ်/တိုင်းဒေသကြီးရုံးမှာ - လုပ်ငန်းကြီး (၈) ရပ်နှင့် ဗဟိုချက် လုပ်ငန်းများ

(၂) ဌာနငယ်/သင်တန်းကျောင်း - မိမိလုပ်ငန်းများ

(င) **ဘတ်ဂျက်ရန်ပုံငွေ**

(၁) ရရှိမှု

(၂) သုံးစွဲမှု

(၃) လက်ကျန်

(စ) **ရန်ပုံငွေ (၃) မျိုး**

(၁) အလှူရန်ပုံငွေ

(၂) သက်သာရန်ပုံငွေ

(၃) ငွေပဒေသာပင်

(ဆ) **တည်ဆောက်ရေးလုပ်ငန်းများ**

(၁) အသစ်တည်ဆောက်မှု

(၂) ပြုပြင်ထိန်းသိမ်းမှု

(ဇ) **အထွေထွေ**

(ဈ) **သုံးသပ်ချက်**

(ည) **ရှေ့လုပ်ငန်းစဥ်များ**

(ဋ) **နိဂုံး**

**တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများတွင် သိသာမြင်သာမှုရှိစေရန်ထားရှိရမည့် အချက်များ**

၃။ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်ဦးစီးမှူးရုံးများတွင် အောက်ပါအကြောင်းအရာများကို သိသာမြင်သာစေရန် စီစဥ်ထားရှိရပါမည်-

(က) နိုင်ငံတော်သမ္မတ၏ဓါတ်ပုံ

( ခ) ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းတာဝန်

( ဂ) မိမိတိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၏ မြေပုံ

(ဃ) ဝန်ထမ်းဖွဲ့စည်းပုံ

**နိဂုံး**

၄။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးရုံးများသည် နိုင်ငံတော်၏ ရည်မှန်းချက် ပန်းတိုင်နှင့် ဦးစီးဌာန၏ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဝန်ကြီး ဌာန၏ ကြီးကြပ်မှု၊ ဌာနတွင်း စည်းလုံးညီညွတ်မှုတို့ဖြင့် တစ်ဦးချင်းစီသည် မိမိတို့၏ ရာထူးတာဝန် နှင့်ဆီလျော်သည့် တာဝန်သိမှု၊ တာဝန်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိ၏ စွမ်းဆောင်ရည် တိုးတက်မှုနှင့်အတူ ဌာန၏အောင်မြင်မှုကိုရရှိအောင် ဆောင်ရွက်သွားကြရ မည် ဖြစ်ပါသည်။